ချစ်နိုင် (စိတ်ပညာ)

# အနှစ်သုံးဆယ်

# မာတိကာ


အမှာစာ — က

၁။ အမည်နှင့်တန်ဘိုး — ၁

၂။ နှုညှိပါစေ — ၇

၃။ သက်တမ်းရှည်လိုပါသလား ဒို . . . မင်းသား — ၁၂

၄။ ဘိုးဘက်ကြီးပျော်ခြင်း၏ လျှို့ဝှက်သောနည်းတစ်ခု — ၁၉

၅။ ဘာရေးရင်မသိ — ၂၅

၆။ မသေချာမသေချာ တို့စေ့ကွက်များ — ၃၀

၇။ သားစဉ်မွေးမြူရာ ဒီကြားမေး — ၃၈

၈။ နိုကြားဘဲ့အမျိုးသားဘောင်ပွဲနေ့ — ၄၅

၉။ ပညာအရောင်ထွန်းလင်းပြောင် — ၅၁

၁၀။ တရားမှုတ လွတ်လပ်ခြင်းနှင့်မနေသူ — ၅၉

၁၁။ ဘာသာပြန်စာပေကျန်းမာပါစေ — ၆၄

၁၂။ မြေကြီးကိုချစ်ဖို့လိုတယ် — ၇၁

၁၃။ အောင်မြင်မှု၏ အန္တရာယ်နှစ်သွယ် — ၇၉

၁၄။ ပန်းပေါ်သို့ကျရောက်လာသော — ၈၄

၁၅။ စာရေးချင်သလား — ၉၀

၁၆။ အသိမြင့်ရှိအကျွတ်ကောင်းဘောင် ဆီကိုပန်းကို ဖြစ်စေတောင် — ၉၅

၁၇။ မက်လွှန်းရွာသို့ ဒုတိယအကြိမ် — ၉၉

၁၈။ ဂါရဝ ကန်တော့ပန်း ၁၀၆

၁၉။ စိတ်ဖြူ နှုတ်ဖြူ အလုပ်ဖြူ ၁၁၂

၂၀။ လွှမ်းလွှမ်းလေးရယ် ၁၁၇

၂၁။ မညစ်ညမ်းသော ရေထု လေထု ၁၂၃

၂၂။ ရည်ရွယ်ချက်ဆီကို ၁၂၈

၂၃။ မန္တလေးတော်ဝင်ပွဲ၌ စာအုပ်ပြပွဲနှင့်
ရေနွေးဓော်တော်၏ပျော်ဖွယ်ရာကောင်းပုံ ၁၃၆

၂၄။ နည်းမှန် လမ်းမှန် အစခြိမ် ၁၄၃

၂၅။ မိတ်ဆွေတစ်ဦး၏ ပုံရိပ်လွှာ ၁၄၉

၂၆။ စစ်တွေတာဝေခရီး ၁၅၃

၂၇။ စိတ်ကြွရွှင်ပျစေသည့်ယာမ ၁၆၃

၂၈။ ပြည်သူ၏ရင်နှစ်သည်းခြာ ၁၆၉

၂၉။ လူတစ်ယောက်ရဲ့တန်ဖိုး ၁၇၅

၃၀။ ချစ်လက်ဆောင် ၁၇၉

၃၁။ ခေါင်းဆောင်မှုအကြောင်းသိကောင်းစရာ ၁၈၅

၃၂။ ချစ်သောမေမြို့ကရှားကလေးတွေ ၁၉၀

၃၃။ သမင်လေး ကျားလေး ၁၉၅

၃၄။ အလုပ်ခွင်မှာပျော်ရွှင်ပါစေ ၂၀၀

၃၅။ ယှဉ်ပြိုင်မှု ရှင်သန်မည် ၂၀၆

၃၆။ သင်ပါကြိုက်ပါ ၂၁၃

၃၇။ ခေါင်းဆောင်မှာရှိအပ်သော အရည်အချင်း ၂၁၈

၃၈။ လက်ဆင့်ကမ်းတာဝန် ၂၂၄

# စာရေးသူ
# ချစ်နိုင်(စိတ်ပညာ)၏
# အမှာစာ

ပိုက်ဆံပေး၍ ဝယ်ယူရရှိနိုင်သော အရာဝတ္ထုများ လူ့လောကတွင်များစွာရှိပါ၏။ ဥပမာ- အဝတ်အစား၊ လက်ဝတ်ရတနာ၊ တိုက်တာ၊ ကား၊ မြေ၊ အဆောက်အအုံ။ သို့ရာတွင် ငွေကြေးပေး၍ဝယ်ယူမရရှိနိုင်သော အရာအချို့လည်း ရှိသေး၏။ ယင်းတို့အနက် အဖိုးတန်သောအရာတစ်ခုမှာ " **အတွေ့အကြုံ** " ဖြစ်လေသည်။

အတွေ့အကြုံဟုဆိုရာတွင် နှစ်မျိုးရှိပေသည်။

ကိုယ်တွေ့အတွေ့အကြုံနှင့် စာတွေ့အတွေ့အကြုံတို့ဖြစ်ကြ၏။ ကိုယ်တွေ့အတွေ့အကြုံမှ ဆည်းပူးသင်ယူမည်ဆိုပါက အသိပညာများသည် ကုန်နိုင်ဘွယ်ရာမရှိချေ။

စာတွေ့အတွေ့အကြုံဖြင့်လေ့လာမှတ်သားပါက ယခုဘဝမှာပင် လက်တွေ့အသုံးချ၍ ရနိုင်အောင်အကျိုးများလေသည်။ မိုက်အ သူများက မိမိကိုယ်တွေ့ဘဝအတွေ့အကြုံမှ ပညာဆည်းပူးသင်ယူကြ၍ ကျွန်ုပ်ကမူ အခြားသူများ၏ အတွေ့အကြုံကိုလေ့လာပြီး ပညာယူခြင်းကို ပိုမိုနှစ်သက်သဘောကျသည်ဟု ဘစ်စ်မတ် ဆိုသူပုဂ္ဂိုလ်တစ်ဦးက ပြောဖူး၏။ အမှတ်ထင်ဘဝ မှန်ကန်သောဆုံးဖြတ်ချက်များ၊ မှားယွင်းသောဆုံးဖြတ်ချက်များ၊ အကျိုးရှိသော အယူအဆများ၊ အကျိုးမဲ့သော အမြင်သဘောထားများ၊ အောင်မြင်မှုများ၊ ဆုံးရှုံးမှုများ၊ ပျော်ရွှင်မှုများ၊ နာကျင်မှုများ၊ ချိုမြိန်မှုများ၊ ခါးသီးမှုများကို စာရေးသူသည် နှစ်ပေါင်းသုံးဆယ်ကိုကို ဖြတ်သန်း

ခဲ့ရသည့်ဘဝအတွေ့အကြုံရရှိခဲ့ပါ၏။

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း) တွင် အရာရှိငယ် တပ်ခွဲမှူးအဖြစ်မှ စတင်အမှုထမ်းခဲ့၏။ ဆယ်စုနှစ်သုံးခုပြည့်သောအခါ မိမိသည် ပြန်ကြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းအဖွဲ့အစည်းတစ်ခု၏ အကြီးအကဲအဖြစ်တာဝန်ထမ်းဆောင်နေကြောင်းတွေ့ရှိရ၏။

ထိုအတွေ့အကြုံများထဲမှ အခွံကိုခွာ၊ အကာကိုပယ်၊ အနှစ်ကိုထုတ်၍ စာအုပ်တစ်အုပ်ရေးထားသည်။ မလိုသောအရာများကိုပယ်၍ လိုသောအရာများကို စုလိုက်သည်။

အသီအနှစ်တို့ကို " **အနှစ်သုံးဆယ်** " ဟုအမည်ပေး၍ အရာရှိကောင်းဖြစ်လိုသူများ၊ အရာရှိလောင်းဖြစ်လိုသူလူငယ်များအား လက်ဆောင်ကမ်းအမွေအဖြစ်ပေးဝေပါ၏။

ဖတ်ကြည့်လျှင် စာရေးသူ၏ စေတနာကို ရိပ်မိပါလိမ့်မည်။ သို့သော်၍အရေးကြီးတာ အမိကမဟုတ်ပါ။ စာဖတ်သူ၏ ဘဝအတွက် နင်းဟုံးတစ်ခုအဖြစ်သော်လည်းကောင်း၊ တံချူတစ်ချောင်းအဖြစ်သော်လည်းကောင်း၊ လက်တွေ့ကျကျအသုံးချ၍ ရစေရန်သာလိုရင်းဆန္ဒဖြစ်သည်။ အနှစ်သုံးဆယ် ထမင်းကျွေးခဲ့သော ကျေးဇူးရှင်နိုင်ငံတော်ကိုတုန့်ပြန်သည့် အသုံးကျသော စာအုပ်တစ်အုပ်ဖြစ်ပါစေဟု အမလေး အနက်ဆန္ဒပြုပါသည်။

ချစ်နိုင်(စိတ်ပညာ)

၉.၉.၂၀၀၁

# ချစ်နိုင် (စိတ်ပညာ)

မကွေးတိုင်း၊ ချောက်မြို့နယ်၊ ကြီးနီရွာတွင် အဖ ကျောင်းဆရာ ဦးမောင်တင်၊ အမိဒေါ်အေးသတို့က ၁၃၁၀ ခု နတ်တော်လမှာ မွေးဖွားသည်။ အမည်ရင်း ဦးချစ်နိုင်ဖြစ်သည်။

ကြီးနီရွာ အစိုးရအလယ်တန်းကျောင်း၊ ချောက်မြို့အမှတ်(၁) အထက်တန်းကျောင်းတို့တွင် အခြေခံပညာသင်ယူသည်။ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် (၄)နှစ်ပညာသင်၍ စိတ်ပညာအထူးပြု ဝိဇ္ဇာဘွဲ့ရသည်။ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် မှ ဘွဲ့လွန်အသုံးချစိတ်ပညာ(စိတ်စမ်းဆေးရေး) သင်တန်းအောင်မြင်ခဲ့သည်။

တပ်မတော်တွင် (၂၇)နှစ်စစ်မှုထမ်းခဲ့သည်။ ဒုတိယဗိုလ်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၂၀၀၀ပြည့်နှစ်၊ လွတ်လပ်ရေးနေ့တွင် စီမံထူးချွန်တံဆိပ်(ပထမဆင့်) ချီးမြှင့်ခြင်း ခံရသည်။

၁၃၃၄ ခုနှစ်တွင်စတင်၍ ရှုမဝ၊ မိုးဝေ၊ စံပယ်ဖြူ၊ ကြီးပွားရေး၊ မြတ်လေး၊ လုံမလေး၊ အတွေးအမြင်၊ ရုပ်ရှင်အောင်လံ၊ အာရောဂျံ၊ အပျိုမ စသည့် မဂ္ဂဇင်း များတွင် ဆောင်းပါးများရေးသားခဲ့သည်။ ၁၃၅၈ ခုနှစ်တွင် " ချစ်လို့ပြောတာမှတ်ပါ " ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။ ၁၃၅၈ခုနှစ်မှစ၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်၊ တွဲဘက်အတွင်းရေးမှူး(၁)တာဝန်ထမ်း ဆောင်နေသည်။ စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားနေသည်။ လုံးချင်းစာအုပ်ဆောင်းပါးပေါင်းချုပ် (၂၆)အုပ်ရေးသား ထုတ်ဝေခဲ့သည်။

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁။ ထိပ်ဆုံးဆီသို့

၂။ လူတိုင်း၏ခေါင်းပေါ်တွင်ကောင်းကင်ရှိသည်

၃။ ခေါင်းဆောင်ကွပ်ကဲသူနှင့်

၄။ အစေမှုကြေးစည်သံ

# အမည်နှင့်တန်ဘိုး

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

စာရေးဆရာများကို အမျိုးအစားခွဲရင် လွယ်လွယ်နဲ့ကွဲပြားတာ ကတော့ စကားပြေရေးတဲ့ဆရာနဲ့ ကဗျာရေးတဲ့ဆရာ ကဗျာဆရာဆိုတာ ကဗျာတွေရေးတဲ့သူပေါ့ရှင်းပါတယ်။ စကားပြေမှာတော့ ထပ်ခွဲလို့ရပြန်သေးတယ်။ ဝတ္ထုရေးဆရာ၊ ပြဇာတ်ရေးဆရာ၊ ဆောင်းပါးရေးဆရာ၊ စာတမ်း/အက်ဆေးရေးဆရာ ဒီဝတ္ထုရေးဆရာတွေမှာ တစ်ခါထပ်ပြီး ဝတ္ထုတိုရေးဆရာ၊ ဝတ္ထုရှည်ရေး ဆရာနဲ့ ဘာသာပြန်ဆရာစသည်ဖြင့် စိတ်ဖြာနိုင်ပါသေးရဲ့။

ကဗျာလည်းရေးတယ် ဆောင်းပါးလည်းရေးတယ်ဆိုတဲ့ လူလည်းရှိတာပဲ။

ဝတ္ထုတိုလည်းရေးတယ် ဝတ္ထုရှည်လည်းရေးတယ်ဆိုတဲ့ လူလည်းရေးတယ်ဆိုတဲ့ လူလည်းရှိမှာပဲ။

ဝတ္ထုရေးရင် ကဗျာမရေးရဘူးလို့ တားမြစ်ပိတ်ပင်လို့ရတာမှမဟုတ်ဘဲ ဝတ္ထုလဲ ရေးချင်ရေးပေမှာပေါ့။ ကဗျာလဲ သူရေးချင်ရေးမှာပေါ့။

ဝတ္ထုနဲ့ကဗျာရေးတဲ့လူတွေဟာ စာရေးဆရာတဲ့။ သူတို့ဟာ ဖန်တီးတီထွင်မှုပါလို့တဲ့။ ဆောင်းပါးရေးတဲ့သူတွေကိုတော့ စာရေးဆရာလို့ မခေါ်နိုင်ဘူးလိုလို ပြောသံကြားဖူးတယ်၊ ဦးဦးဟာ ဆောင်းပါးပေါင်းတစ်ထောင်လောက် ရေးခဲ့ပြီးပါပြီ၊ ပေါင်းချုပ်စာအုပ် ၂၅အုပ် ထုတ်ဝေပြီးပါပြီ။ သို့သော ဝတ္ထုနဲ့ ကဗျာမရေး တတ်လို့ စာရေးဆရာမှ ဖြစ်သေးရဲ့လားဆိုတာတော့ မပြောတတ်ပါ။ဘာပဲဖြစ်နေနေ ဆောင်းပါးရှင် သို့မဟုတ်ဆောင်းပါးရေးဆရာလို့ ခေါ်လည်း ကျေနပ်တာပါပဲ။

နှင်းဆီတဲ့ အမည်အားဖြင့် နှင်းဆီလို့ခေါ်တဲ့ပန်းတစ်ပွင့်ဆိုပါစို့။ သူဟာ သဘာဝအရ နှင်းဆီရနံ့လေးမွှေးပြန့်တယ်။ နှင်းဆီလို့ အမည်မတပ်ဘဲ တစ်ခြားနာမည်တစ်ခုခုပေးကြည့်ပါတဲ့။ သူ့ရဲမွှေးမြတဲ့ သင်းရနံ့ကတော့ ကွယ်ပျောက်မသွားပါဘူးလို့ဆိုတယ်။

အမည်သညာဆိုတာဟာ အဓိကအရေးကြီးလှတာတော့ မဟုတ်ပါဘူး။ ဦးဦးဟာ စာရေးဆရာဖြစ်ဖြစ်၊ မဖြစ်ဖြစ် ရေးနိုင်သမျှရေးနေမှာပဲ။ ရေးတတ်သမျှကို ရေးနေမှာပဲ။ စာရေးဆရာလို့ မခေါ်နိုင်ဘူးဆိုရင်လည်း ဘာမှပြဿနာမရှိပါဘူး။ ကဗျာ၊ ပြဇာတ်၊ ဝတ္ထုတို့ကို မရေးတတ်သေးတာကတော့ အမှန်ပဲ။ စကားပြေ၊ ဆောင်းပါး မျှသာရေးတတ်လို့ ဂုဏ်ငယ်တယ်လဲမထင်ပါဘူး။ စာတည်းမှူးချုပ် သုံးနှစ်လုပ်ခဲ့ဘူးပါတယ်။ ဦးဦးအလုပ်လုပ်ခဲ့စဉ်ကာလမှာ မဂ္ဂဇင်း၊ ဂျာနယ်တွေ အရည်အသွေးနဲ့ စောင်ရေ တက်သလား၊ ကျသလား အကဲခတ်ကြည့်ပေါ့။ ဦးဦးဟာ ထုတ်ဝေသူလည်းလုပ်ခဲ့ဘူးပါတယ်။ ထုတ်ဝေသူဘဝမှာ စာအုပ်အမျိုးပေါင်း၅၀ လုံးချင်းတွေထုတ်ဝေခဲ့တယ်။ အကျိုးပြုမှု အရည်အသွေးနဲ့ အရေအတွက်ကို လေ့လာအကဲဖြတ်ကြည့် နိုင်ပါတယ်။ အခုအခါမှာ ဌာနတစ်ခုမှာ ရာထူးတာဝန်တစ်ခုကို ထမ်းဆောင်နေပါတယ်။ စာတည်းချုပ်အလုပ်မျိုး၊ ထုတ်ဝေသူတာဝန် မျိုး၊ ပန်းချီနဲ့ ဓာတ်ပုံပညာရပ်ဆိုင်ရာအလုပ်မျိုးနဲ့ စာကြည့်တိုက်များ ထွန်းကားရေးတာဝန်တွေကို ဆောင်ရွက်ရပါတယ်။ ဒါပေမယ့် အယ်ဒီတာ လို့ မခေါ်

လည်းရပါတယ်။ ထုတ်ဝေသူလို့ အသိအမှတ်မပြုလည်းဖြစ်ပါတယ်။

အမည်၊ နာမ၊ အခေါ်၊ သညာထက် လုပ်ဆောင်ချက်၊ စွမ်းဆောင်မှု၊ ထိရောက်မှု၊ အကျိုးသက်ရောက်စေမှုကို ပိုပြီး အလေးအနက်ထားပါတယ်။ ဒါကတော့ မှန်တယ်၊ မှားတယ် မဆိုလိုဘူး။ မိမိတစ်ဦးချင်းရဲ့ အယူအဆပေါ့ကွယ်။

ဦးဦးအနေနဲ့ အခြေခံနှစ်ချက်ပြည့်စုံအောင် အမြဲကြိုးစားအားထုတ်နေပါတယ်။

၁။ လုပ်ချင်ကိုင်ချင်စိတ်(will) ထက်သန်ရမယ်။ဆန္ဒာဓိပတိ

၂။ လုပ်တတ်ကိုင်တတ် ကျွမ်းကျင်နိုင်နင်းမှု(skill)ရှိအောင် သင်ယူ လေ့ကျင့်နေမယ်။ ပညာဓိပတိ

လုပ်ချင်ကိုင်ချင်စိတ်မှ မရှိလို့ကတော့ ဘာမှမဖြစ်မြောက်နိုင်ဘူး လက်မလျှော့ စိတ်မပျက်သူအတွက်သာလျှင် အောင်မြင်မှုကရှိနိုင်တာ။ စိတ်ပျက်တတ်၊ လက်လျှော့တတ်သူဆီ အောင်မြင်မှုကမရောက်လာဘူး။ အောင်မြင်သူတွေဟာ စိတ်မပျက်၊ လက်မလျှော့သူတွေပဲဖြစ်ပါတယ်။ ဆန္ဒာထက်သန် ပြင်းပြနေရမယ်။

မှန်တာပြောရရင် ဦးဦးဟာ ကြံတိုင်းအောင်ခဲ့တယ်။ ဆောင်တိုင်းမြောက်ခဲ့တယ်။ ရှစ်တန်းကျောင်းသားအရွယ် (အသက် ၁၃နှစ် ၁၄နှစ်)မှာ စစ်ဗိုလ်ဖြစ်ချင်တယ်။ ၁၉၆၂ခုနှစ်ပေါ့။ နောက်ဆယ် နှစ်ကြာတော့ တပ်မတော်(ကြည်း)မှာ တပ်မတော်အရာရှိ ဖြစ်လာတယ်။ အဲ့ဒါစစ်ဗိုလ်ပေါ့။ ၁၉၇၂ခုနှစ်မတ်လမှာ ဒုဗိုလ်ဖြစ် လာခဲ့ပြီ။

အထက်တန်းကျောင်းသားဘဝ စာအုပ်တွေကို ချစ်ခင်မြတ်နိုးစွာနဲ့ စာရေးဆရာဖြစ်ချင်တယ်။ ဗန်းမော်တင်အောင်၊ အောင်လင်း၊ မင်းကျော်၊ နတ်နွယ်၊ ရွှေဥဒေါင်း၊ ရန်ကုန်ဘဆွေ၊ တက္ကသိုလ်ဘုန်းနိုင်၊ ဇဝန၊ ကြပ်ကလေး၊ စာရေးဆရာမျိုးစုံရဲ့ စာအုပ်မျိုးစုံကို ဝါးစားသလိုဖတ်တယ်။ စာရူးရူးတယ်၊ ကဗျာရူးရူးတယ်၊ စာရေးဆရာဖြစ်ချင်တယ်။

စာရေးဆရာဖြစ်အောင်လုပ်မယ်။ စာအုပ်တွေကို ဖတ်ကာ၊ ကူးကာ၊ မှတ်စုတွေရေးကာနဲ့ တက္ကသိုလ်ကျောင်းသားဘ၀(၁၉၆၆)မှစတင်ပြီး ကျားကုတ်ကျားခဲ အဆက်မပြတ်လေ့လာဆည်းပူးပြီး အားထုတ်ခဲ့တာဟာ ၁၉၉၆ခုနှစ်ရောက်မှ "ချစ်လို့ပြောတာမှတ်ပါ" ဆိုတဲ့ စာအုပ်တစ်အုပ် စတင်ထုတ်နိုင်ရဲ့ လွယ်လွယ်တော့မဟုတ်ဘူးနော်။

စာရေးသူတစ်ဦးဆိုပြီး စာဖတ်ပရိသတ်က လက်ခံအသိအမှတ်ပြုအောင် ၁၉၆၆မှ ၁၉၉၆ခုနှစ်အထိ "နှစ်ပေါင်း သုံးဆယ်"ကို မနေမနားကြိုးပမ်းရှာမှီးဖြည့်ဆည်းပြီးမှ ခရီးရောက်ပါတယ် တူမောင်။ နှစ်ပေါင်း၃၀တိတိကြိုးစားခဲ့ရတယ်နော်။ ထိုစာအုပ်အတွက် အမျိုးသားစာပေဆု(လူငယ်ဆိုင်ရာစာပေ) ချီးမြှင့် ခြင်းခံခဲ့ရတာ တူမောင်အသိပါ။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အသိအမှတ်ပြု ချီးမြှောက်တာခံရတယ်။ စာဖတ်ပရိသတ်ကလည်း အားပေးလို့ ဒီစာအုပ်ကိုထပ်ခါထပ်ခါ ရိုက်နှိပ်ရပါတယ်။ စောင်ရေ သုံးသောင်းကျော်ခဲ့ပြီ။

သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတို့မှာ ဦးဦးက ဆောင်းပါးတွေရေးနေပါတယ်။ ဦးဦးရေးတဲ့ဆောင်းပါးတွေမှာ အခြေခံနှစ်ချက်လောက်တော့ အနည်းဆုံးပြည့်စုံအောင် အားထုတ်ပါတယ်။

၁။ စိတ်ကောင်းစေတနာကောင်းရှိရမယ်။ အကျိုးပြုလိုတဲ့ စေတနာထက်သန်ရမယ်။ စေတနာမှန်ကန်ရမယ်။

၂။ အကြောင်းအရာ တိကျခိုင်မာရမယ်။ အချက်အလက်၊ အဆက်အစပ်ကောင်းရမယ်။ ရေးဖွဲ့မှုမှာ စွဲဆောင်နိုင်အောင် အတတ်ပညာကို အသုံးပြုရမယ်။

အခြားအချက်တွေကတော့ မိမိဦးတည်တဲ့ ပရိသတ် အသက်အရွယ်၊ အရည်အဆင့် စသည်ဖြင့် အသေးစိတ်အခြေအနေပေါ်မူတည်ပြီး ပြုစုရေးသားတာပေါ့ကွယ်။

စာရေးရာမှာ ဖတ်ချင်စဖွယ်ရှိအောင် ရေးရမယ်ဆိုတာ ဆရာသော်တာဆွေ မကြာခဏရေးသားခဲ့လို့ ဦးဦးဟာ အဲ့ဒီအဆုံးအမကို

မှတ်သားနာယူပါတယ်။ စာဖတ်ပရိသတ်က အချိန်ပေးပြီး ဖတ်ရှုရတာကွယ့်။ အနည်းဆုံး သူ့ရဲ့အချိန်တစ်စိတ်တစ်ဒေသကိုပေးရတာ မဟုတ်လား။ သူ့အတွက် အကျိုးတရားတစ်ခုခုတော့ပြုပေးရမှာပေါ့။ စာရေးသူရဲ့တာဝန်ပေါ့။

ဒီတော့ဖတ်ချင်စဖွယ်ဆွဲဆောင်မှုလေးတော့ အားထုတ်ပြီး လုပ်ရပေမှာပဲ။ စာအုပ်ဖတ်သူဟာ ငွေးပဲငွေးဖတ်ဖတ်၊ ဝယ်ပြီးတော့ပဲဖတ်ဖတ်၊ ပိုက်ဆံက ပေးရပြန်သေးတယ်။ အခမဲ့ဖတ်ခွင့်ရတာလဲ ရှိကောင်းရှိမှာ ပေါ့ကွယ်။ ပြန်ကြားရေးစာကြည့်တိုက်တွေက အခမဲ့ ငှားရမ်းနိုင်တာကိုး။ ဒါမျိုးက နည်းပါတယ်။ ကုန်ကျရတဲ့ပိုက်ဆံနဲ့ ထိုက်တန်အောင် ရသဖြစ် စေ၊ သုတဖြစ်စေ ပေးသင့်တယ်မဟုတ်လား။ စာရေးသူက တုံ့ပြန်ရ မယ့် ဝတ္တရားလေ။

ဒါကြောင့် ဆောင်းပါးရေးရာမှာ စကားပြေနဲ့ ရေးရေး၊ စကားပြောဟန်နဲ့ ရေးရေး ယဉ်ယဉ်ကျေးကျေး ချိုချိုသာသာနဲ့ ရေးပါတယ်။ စာဖတ်တဲ့လူကို အရေးအသားသိမ်မွေ့တဲ့စာ ဖတ်ရခြင်းအားဖြင့် စိတ်ကြည်သာစေတာပေါ့။ သွယ်ဝိုက်သောအားဖြင့် စိတ်ကြည်သာစေတာပေါ့။ အချို့စာတွေရှိတတ်တယ်။ ဒေါနဲ့ မောနဲ့ ဝင့်ဝါမောက်မာပြီး ခက်ထန်တဲ့စာမျိုးတွေ အထူးသဖြင့် ဝေဖန်ရေးအမည်ခံပြီး ပုတ်ခတ်ချိုးနှိမ်တဲ့ဆောင်းပါးမျိုးတွေ၊ တစ်ဦးကိုတစ်ဦး ရိုင်းရိုင်းစိုင်းစိုင်း ထိုးနှက်နေတာမျိုးတွေရှိဖူးတယ်။ စာဖတ်ပရိသတ်မှာ ဘေးကနေဖတ်ပြီး အလိုလိုစိတ်ဆင်းရဲခဲ့ရတယ်။

ဗန်းမော်ဆရာတော်နဲ့ သီလရှင် မယ်ကင်းပဲဖြစ်ဖြစ်၊ စလေဆရာဦးပုညနဲ့ အချုပ်တန်းဆရာဖေပဲဖြစ်ဖြစ်၊ သူ့ဘာသာသူ တော်ချင်တော်မယ်၊ ကျော်ချင်ကျော်မယ်။ အံ့သြချီးမွမ်းဆရာအရည်အစွမ်းတွေရှိကြပါရဲ့၊ သူတစ်ပါးကို ရှုတ်ချပုတ်ခတ်ချိုးနှိမ်ပြီး မကောင်းတဲ့စိတ်ပုတ်စိတ်ယုတ်နဲ့ ရေးတာဟူသမျှကတော့ မလှပပါဘူး။ မတင့်တယ်ပါဘူး။

အမည်တပ်ပြီး သာကေဆောင်လို့ လူပုဂ္ဂိုလ်စာဆိုကို ဆိုလို

ခြင်းမဟုတ်ဘူးနော်။ စိတ်-စေတသိတ်အထိ အကုသိုလ်ဇောရဲ့ မချစ်ခင်မနှစ်သက်ဖွယ်ရာဖြစ်တာကို အရင်းအမြစ်အနေနဲ့ ပြောလိုခြင်းဖြစ်ပါတယ်။

ဘယ်လောက်ပင်လှပတဲ့မင်းသမီးတစ်ဦးဖြစ်ပါစေ၊ မျက်လုံးပြူး၊ သွားဖြဲ၊ မဲ့ရွဲ့ပြီး ရူးကြောင်ကြောင်လုပ်ပြရင်တော့ စွဲမက်စရာ၊ ချစ်ခင်စရာမဖြစ်နိုင်ပါဘူး။

စိတ်ကောင်းရှိရမယ်။ စိတ်ရင်းကောင်းအခြေခံရမယ်။ စိတ်ကောင်းနှလုံးကောင်းနဲ့ စာကိုရေးမှ စာကောင်းဖြစ်နိုင်ပါတယ်။ ဒါဟာ စာဖတ်သက် နှစ်ပေါင်း ၄၀ရှိခဲ့တဲ့ စာပေဝါသနာရှင်တစ်ဦးရဲ့ ခြုံငုံသုံးသပ် ဖော်ထုတ်ချက်ပဲ။

စာရေးသူတစ်ယောက်အနေနဲ့ကတော့ ကောင်းသည်ထက်ကောင်းအောင် အစဉ်မပြတ်ကြိုးစားနေမယ်။ တစ်ရက်ကြာခံတဲ့ စာမျိုးလည်းရှိတယ်။ နောက်တစ်နေ့မှာ ငပိ၊ ငရုပ်၊ ကြက်သွန်ထုပ်ရုံပဲ။ စက္ကူစုတ်၊ တစ်ပတ်ကြာခံတဲ့စာမျိုးလည်းရှိတယ်။ တစ်လကြာခံတဲ့စာမျိုး၊ တစ်နှစ်ကြာခံတဲ့စာမျိုး၊ တစ်ခေတ်စာခံတဲ့စာမျိုး၊ ရာသက်ပန်ခိုင်မာတဲ့ ဂန္ထဝင်စာပေအမျိုးအစား စသည်ဖြင့် ရှိကြတယ်။ တန်ဖိုးမတူဘူး။ အရည်အသွေးအဆင့်အတန်းအမျိုးမျိုးရှိကြတယ်။

ဘယ်လိုစာမျိုးရေးမှာလဲ။ မိမိဘာသာစဉ်းစားရွေးချယ်ရပေမယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

သုတစွယ်စုံမဂ္ဂဇင်း
ဧပြီလ၊ ၂၀၀၁ခုနှစ်

# နှုးညှံ့ပါစေ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

“ အတွေ့အကြုံနည်းမှုသည် သည်းမခံနိုင်မှုများကို ဖြစ်ပေါ်စေပါသည်။ သည်းခံနိုင်မှုဆိုသည်မှာ နားလည်မှုရှိမှသာ ဖြစ်ပေါ်လာတတ်ပြီး အတွေ့အကြုံမဲ့လျှင်လည်း နားလည်မှုမဖြစ်လာနိုင်ပါ။ ထို့ကြောင့် ဘဝထောင့်စုံမှ ရနိုင်သမျှ အတွေ့အကြုံများများ ကျယ်ကျယ်ပြန့်ပြန့်ရအောင် လုပ်နိုင်လေ ကောင်းလေဖြစ်ပါသည်။ အထူးသဖြင့် ခရီးများများသွားဖို့ လိုပါသည်။ ”

ကော၊ သီရိ၊ ဓမ္မနန္ဒ

**( How to overcome your difficulties )**

လွန်ခဲ့တဲ့ရှစ်နှစ်ဆီက ဦးဦးဟာ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တော် စစ်ဦးစီးတက္ကသိုလ်မှာ တစ်နှစ်တာ ပညာသင်ယူဆည်းပူးဖို့ သွားရောက်နေထိုင်ခဲ့ဖူးပါတယ်။ မာလာယု(ခ)မလေးလူမျိုးများ အများစုနေထိုင်တဲ့ တိုင်းပြည်ပါ။ အများစုက မိုဟာမေဒင် (ခ) မွတ်ဆလင်

ဘာသာဝင်တွေ ဖြစ်ကြပါတယ်။ သို့ပေမယ့် ကွာလာလမ်ပူမှာ ဗုဒ္ဓဘာသာကျောင်းတွေလည်း ရှိကြပါတယ်။ ဘရိတ်ဖီး (Break Field) ရပ်ကွက်မှာရှိတဲ့ သီဟိုဠ်ဆရာတော်ဘုရားအရှင် သီရိဓမ္မနန္ဒကျောင်းထိုင်တဲ့ ထေရဝါဒဗုဒ္ဓဘာသာကျောင်းတော်ကြီးကတော့ အထင်အရှားအကြီးမားဆုံးဖြစ်မယ်ထင်ပါတယ်။ ဝါတွင်းကာလဥပုသ်နေ့များနဲ့ကဆုန်လပြည့်(ဗုဒ္ဓနေ့)၊ နယုန်လပြည့်(မဟာသမယနေ့)စတဲ့ အခါကြီးရက်ကြီးများမှာ ဒါနအမှု သီလအမှု ပြုလုပ်ချင်ရင် အဲဒီကျောင်းကို သွားရောက်လေ့ရှိပါတယ်။ ဦးဦးနဲ့ သွားအတူ လာအတူ အတွဲဖြစ်ကြတဲ့ ထိုင်းနိုင်ငံမှ ဒုတိယဗိုလ်မှူးကြီး ကန်နစ်(လေတပ်)၊ ဒုတိယဗိုလ်မှူးကြီး ဝမ်လော(သံချပ်ကာတပ်)တို့နဲ့ ဘရိတ်ဖီးလ်ရှိ သီရိလင်္ကာဗုဒ္ဓဘာသာကျောင်းမှာ သီလယူ၊ တရားနာ၊ ကောင်းမှုများ ပြုလေ့ရှိခဲ့ပါတယ်။

ဆရာတော်ဘုရားကြီးဟာ တရားဟောလည်း ကောင်းပါတယ်။ ရှင်းရှင်းလင်းလင်းနဲ့ လူတိုင်းနားလည်အောင် အင်္ဂလိပ်လို ဟောတတ်ပါတယ်။ စာရေးလည်းကောင်းပါတယ်။ ဆရာတော်ရေးသားတဲ့ ကျမ်းစာများဟာ ပြည်တွင်းပြည်ပ နှစ်ဌာနမှာ လူကြိုက်များပါတယ်။ ဆရာတော်ကြီးရဲ့ ကျမ်းစာအချို့ကို ဒေါက်တာမင်းတင်မွန်၊ ဒေါက်တာသိန်းလွင်စတဲ့ တက္ကသိုလ်ပါမောက္ခ အငြိမ်းစားဆရာကြီးများက မြန်မာဘာသာသို့ ပြန်ဆိုထုတ်ဝေထားတာ ၄-၅-၆အုပ်မက ဖတ်ရှုရပါတယ်။

အထက်ပါ ကောက်နုတ်ချက်စာပိုဒ်ကတော့ ဒေါက်တာသိန်းလွင် ဘာသာပြန်တဲ့ “ အခက်အခဲကျော်နိုင်ရေးနည်းလမ်းကောင်းများ” ဆိုတဲ့စာအုပ်ထဲက စာပိုဒ်အမှတ် (၁၉)မှ ကူးယူဖော်ပြခဲ့တာ ဖြစ်ပါတယ်။ (ဆု စာအုပ်တိုက်၊ ဒုတိယအကြိမ်ရိုက်၊ ၁၉၉၈ခုနှစ်၊ ဇန်နဝါရီလ)

ဆရာတော်က ခရီးများများသွားဖို့လိုပါတယ်လို့ ညွှန်ပြတော်မူပါတယ်။ လူတွေဟာ ခရီးများများသွားလာတဲ့အခါ မိမိအပါအဝင်

သူတစ်ပါးရဲ့ အခက်အခဲတွေကို မြင်ရတွေ့ကြရတာပေါ့ကွယ်။ အခက်အခဲအမျိုးမျိုးကို ကိုယ်တွေ့မြင်ရတွေ့ရတော့ ဘဝထောင့်စုံက အတွေ့အကြုံတွေရလာနိုင်တာပေါ့။ အတွေ့အကြုံ ကျယ်ကျယ်ပြန့်ပြန့်ရလျှင် သူတစ်ပါးအပေါ် နားလည်နိုင်တယ်။ သူတစ်ပါးရဲ့အခြေအနေကို စာနာနိုင်တယ်။ လူတစ်ဖက်သားရဲ့ဘက်က ရှိနေနိုင်တဲ့ အခက်အခဲတွေ ပြဿနာတွေကို နားလည်စာနာတတ်တယ်ဆိုတာနဲ့ မိမိဘက်က ခွင့်လွှတ်သည်းခံနိုင်တော့တာပေါ့။

ခွင့်လွှတ်တယ်။ သည်းခံနိုင်တယ်ဆိုတာနဲ့ တစ်ဦးနဲ့တစ်ဦး ရင်ဆိုင်ရတဲ့ တင်းမာမှုတွေ၊ ခက်ထန်မှုတွေ၊ မုန်းတီးမှုတွေ၊ အကျိုးဖျက်ဆီးမှုတွေ၊ ရန်လိုတိုက်ခိုက်မှုတွေ လျော့ပါးစေတာပဲ မဟုတ်လား။

တကယ်တော့ ဘဝဆိုတာ တိုတိုလေးပါ။

ဘယ်သူနဲ့ ဘယ်သူတွေ့ဆုံကြတာ ကြာတယ်ပဲပြောပြော၊ အနှစ် ၁၀၀တော့ မရှိနိုင်ပါဘူး။ အနှစ် ၅၀ ကော တွေ့ဆုံယှဉ်တွဲနိုင်ပါသလား။ မဖြစ်နိုင်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြ၊ ကြုံကြရတယ်ဆိုတာ ဘဝတစ်ကွေ့ ခဏတွေ့ကြရတာပါပဲ။

သူလည်း သူ့လမ်းကို သွားရမှာ။

ကိုယ်လည်း ကိုယ့်လမ်းကို သွားရတာ။

အချို့ပြဿနာတွေဟာ သည်းခံလိုက်ရင် အလိုလိုပြီးပါတယ်။ အချို့အခက်အခဲတွေဟာ ခွင့်လွှတ်လိုက်ရင် ကျော်လွှားလွန်မြောက်သွားပါတယ်။

ခန္တီပရမ်လာဘံ။ သည်းခံခြင်းဟာ မြင့်မြတ်တဲ့ လာဘ်တစ်ခုပါပဲလို့ ဆိုတယ်။

မှုခင်းစာစောင်တစ်ခုကို ဖတ်ကြည့်လိုက်ပါ။ နမူနာအဖြစ်နဲ့ တွေ့ရာကြုံရာ မှုခင်းဂျာနယ်တစ်စောင်လောက်ကို ကောက်ကိုင်ကြည့်လိုက်ပါ။ အဲဒီထဲမှာပါတဲ့ ရိုက်မှု၊ ထိုးမှု၊ ဓားခုတ်မှု၊ လူသတ်မှုအစရှိတဲ့

အမှုအခင်းတွေကို အကြောင်းရင်းရှာကြည့်လိုက်စမ်းပါ။ အကယ်၍သာ သည်းခံခြင်းတရား လက်ကိုင်ထားမိသော် အဲဒီရာဇဝတ်မှုတွေဟာ ဖြစ်လာပါ့မလား။ မဖြစ်ပါဘူး။ သည်းမခံဘဲ ဒေါသခဲတွေမီးလိုလောင်မြိုက်ပြီး ထိုးဟ၊ ခုတ်ဟ၊ သတ်ဟ၊ ဖြတ်ဟ ဖြစ်ကြရတာပါ။

ဦးဦးဒီစာကို ရေးနေရင်းမှာပင် ၄-၅အိမ်ကျော်လောက်က လမ်းပေါ်မှာ အိမ်နီးချင်းနှစ်ဦး ရန်ဖြစ်စကားများပြီး အပြန်အလှန် အော်ဟစ်ဆဲဆိုကြလေရဲ့။ ဆယ့်ငါးမိနစ်လောက်ကြာတော့ နီးရာရဲစခန်းမှ ဒုရဲအုပ်တစ်ယောက်နဲ့ ရဲတပ်သား ၄-၅ယောက်ပေါက်ချလာပြီး ဆူပူအချင်းများနေကြတဲ့ လူနှစ်ယောက်ကို ဆွဲခေါ်သွားလေရဲ့။ ရဲကအချိန်မီရောက်လာပြီး ကြိုတင်ကာကွယ်လိုက်ပေလို့ သာပဲ။ တစ်ယောက်ကို တစ်ယောက် ပုတ်ခဲဆဲဆိုနေကြရင်း ဒေါသအရှိန် မြင့်မြင့်လာပြီး ဒေါသမွှန်လာကြပြီ၊ ဓားဆွဲ၊ တုတ်ဆွဲဖြစ်လာပြီ။ လူရိုက် မှု၊ ဓားခုတ်မှု ဖြစ်ဖို့ရာ တာစူနေလေပြီလေ။

ပြဿနာမဖြစ်ခင် ကြိုကြိုတင်တင် ထိန်းသိမ်းနိုင်တဲ့ မြန်မာ့ရဲတပ်ဖွဲ့ကို ကျေးဇူးတင်ရမှာပဲ။ လေးစားစရာပဲ။ ရပ်ကွက်ထဲကအခြေအနေကို ချက်ချင်းသိကြတယ်။ တော်ပါတယ်။

ဘေးဒုက္ခအန္တရာယ်ဆိုတာ မဖြစ်ခင်မှာ ကြိုတင်ကာကွယ်တားဆီးခြင်းဟာ အထိရောက်ဆုံးပါပဲ။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရဟာ လုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကို သေသေချာချာ လေးလေးနက်နက် လုပ်ဆောင်တာဖြစ်တယ်။

တကယ်တော့ လူလူချင်းဟာ ကျွန်းတစ်ကျွန်းပမာလို အချို့စာတွေမှာဆိုတယ်။ အချင်းချင်းအပြန်အလှန်အမှီပြုပြီး နေကြရတဲ့ သဘောပါ။ လူတစ်ယောက်ဟာ မိမိအပါအဝင် လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။

မိမိက ကောင်းမှုကောင်းကျိုးပြုရင် လူ့ဘောင်တစ်ခုလုံးကို

ကောင်းကျိုးမျှဝေပေးနေတာပဲဖြစ်ပါတယ်။

မိမိက ဆိုးညစ်ယုတ်မာအပြစ်ပြုရင် မိမိပါဝင်တဲ့ လူ့အဖွဲ့အစည်းကို ပျက်စီးယိုယွင်းအောင် ဖျက်ဆီးတာနဲ့ အတူတူပါပဲ။

ဒီတော့ မိမိရဲ့အပြုအမူဟာ ကိုယ်တစ်ယောက်တည်းကိုသာ ဆိုးကျိုးကောင်းကျိုးဖြစ်စေတာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ရိုက်ခတ်ပျံ့နှံ့စေပါတယ်။

အတွေ့အကြုံနည်းပါးရင် သည်းမခံနိုင်မှုများကို ဖြစ်ပွားစေပါသတဲ့။ အတွေ့အကြုံဆိုတာကတော့ စာတွေ့ရော၊ ကိုယ်တွေ့ရောပါမှာပေါ့။ ပြောရင်ဒေါသနဲ့ လုပ်လျှင်မာနနဲ့။ ခက်ထန်တင်းမာတဲ့ လက္ခဏာတွေများနေရင်တော့ အမှားနွံထဲမှာ ဝဲလည်နေတတ်တယ်။

" သောဝစဿတာ။ ဆုံးမတဲ့ဟာကို နာယူလွယ်ခြင်း "

" မုဒု အနတိမာနိ။ မာန်မာနနည်းပြီး နူးညံ့သိမ်မွေ့ခြင်း "

ရင့်ကျက်တည်ငြိမ်တဲ့ သဘောလက္ခဏာတွေရှိရင် တူမောင်တို့ ဦးဦးတို့ ယခုထက်ပိုမိုပြီး အခက်အခဲ အတားအဆီးတွေကို ရှောရှောရှူရှူချောချောမွေ့မွေ့ ကျော်လွှားနိုင်ကြမယ် ထင်ပါတယ်။

ဒေါသဟာ ကျရှုံးစေပြီး မေတ္တာဟာအောင်မြင်စေတယ်ဆိုတဲ့ သဘောသဘာဝကို လက်တွေ့သာဓကေ များစွာလေ့လာသုံးသပ်ပြီး မိမိဘဝအတွက် အသုံးချတတ်ပါစေကွယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

မှူခင်းရှုထောင့် ရသစုံမဂ္ဂဇင်း
နိုဝင်ဘာလ၊ ၂၀၀၀ပြည့်နှစ်

☸ ☸ ☸ ☸

# သက်တမ်းရှည်လိုပါသလား....အို့မင်းသား

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

သူ့သဘာဝကိုတော့ ဘာမှအပြစ်ပြောဆိုနေသင့်တယ်လို့ မထင်ပါဘူးကွယ်။ ဒါဟာ တန်းတူအခွင့်အရေးဆုံးရှုံးတယ်လို့လည်း မဆိုနိုင်ပါဘူး။ ရုပ်ရှင်လောကရဲ့ ရေပန်းစားခြင်းသဘောသဘာဝကို ပြောတာပါ။

တူမောင် ဂျိမ်းစ်ဘွန်းဇာတ်ကားတွေကြည့်ဘူးသလား။ အဲဒီဇာတ်ကားထဲက မင်းသားအမည်မှတ်မိသလား။ မင်းသားအမည်ပြောပါဆိုရင် ပြောနိုင်တယ်ပေါ့။ မင်းသမီးတွေအမည်တွေကော မှတ်မိလား။ မင်းသမီးအမည်တွေကို တစ်ချို့မေ့ပြီပေါ့။ ဒါဟာတူမောင်ရဲ့အပြစ် မဟုတ်ပါဘူး။

ဟောလိဝုဒ်ရုပ်ရှင်လောကတစ်ခုလုံးမှာ မင်းသားရဲ့အမည်ကို ဦးစားပေးကြော်ငြာလေ့ရှိတာကိုး။ ဆိုဖိယာလောရင့်လို အယ်လီဇဘက်တေလာတို့လို မာရီယယ်စထိ(ပ်)တို့လို အင်မတန် ထင်ရှားတဲ့ မင်းသမီးတစ်ချို့သာပဲ မင်းသားနဲ့ယှဉ်ပြီး အမည်စာရင်းအထိုးခံရတာပါ။ သူတို့နဲ့

သိပ်ပြီးမထူးလှပါဘူး။ ဂျပန်ကား၊ ဟောင်ကောင်တရုတ်ကားတွေ မှာလည်း မင်းသားတွေဟာ ထိပ်ကနေရာယူကြတာပါပဲ။ တိုရှိယိုမိဖွန်းနေး၊ ဆန်နီချီဘာ၊ ဂျက်လီ၊ ချောင်ယွမ်ဖတ်။

သူတို့ကိုမဆိုထားနဲ့ မြန်မာဇာတ်သဘင်ဟာလည်းပဲ မင်းသားအမည်ထိပ်စည်းတင်ပြီး ထင်ရှားကျော်ကြားကြတာပဲ။ ဦးဖိုးစိန်၊ ဦးစိန်ကတုံး၊ အောင်မောင်း၊ စိန်အောင်မင်း၊ ရွှေမန်းတင်မောင်မှသည် မြို့တော်သိန်းအောင်၊ သိန်းဇော်၊ နန်းဝင်း၊ ချမ်းသာတို့အထိ။

မင်းသမီးတွေဟာ ထိုက်သင့်သလောက် ထင်ပေါ်ကျော်ကြားမှု မရရှာကြဘူးဆိုကြမှာပါပဲ။

မြန်မာထရုပ်ရှင်ရာဇဝင်မှာတော့. . မင်းသားမင်းသမီးတွေဟာ ကြော်ငြာထဲမှာ မင်းသားနဲ့တန်းတူဖော်ပြခံကြရပါတယ်။ မနှိမ်ပါဘူး။ ဥပမာ-ကျော်ဆွေ၊ ခင်ယုမေ။ ဒါမျိုးပေ့ါ။ ဇေယျ၊ မေသစ်။ မောင်သင်၊ တင်တင်မူ။ ရွှေဘ၊ ကြည်ကြည်ဌေး။ ဝင်းဦး၊ ဝါဝါဝင်းရွှေ။ ညွန့်ဝင်း၊ ခင်သန်းနု။ ကျော်ဟိန်း၊ ဆွေဇင်ထိုက်။

မင်းသားရတာနဲ့ မင်းသမီးရတာနဲ့တော့မတူခဲ့ဘူး။ ထိပ်တန်းမင်းသားဟာ မင်းသမီးထက် သရုပ်ဆောင်ခ ပိုပြီးပေးရလေ့ရှိတယ်။ ယေဘုယျပြောတာပေ့ါကွယ်။ မင်းသားအသစ် တင်ရိုက်ရာမှာ လက်တွဲခေါ်ပေးမယ့် ဝါရင့်မင်းသမီးကြီးကို ပိုပေးရတာ တစ်ကားတစ်လေတော့ ရှိချင်ရှိမှာပေ့ါ။ ဒါမျိုးကခြွင်းချက်ပါ။

ဇော်လင်းတို့ထွန်းထွန်းဝင်းတို့ မင်းသားသစ်အနေနဲ့ ပွဲထုတ်တဲ့အခါ ခင်သန်းနုက အကယ်ဒမီဆုတောင် ရပြီးပြီထင်ပါရဲ့။ ဝါရင့်နိုင်ငံကျော်မင်းသမီးဖြစ်နေပြီလေ။ မင်းသမီးလောက် မင်းသားတွေကို သရုပ်ဆောင်ခ ဘယ်ပေးဦးမလဲ။ ကျော်ကြားသွားပြီဆိုရင်တော့ မင်းသမီးထက် ပိုရသွားကြတာပေ့ါ။

ဝင်းဦး မင်းသားဖြစ်စက တင်တင်မူတို့ ခင်သန်းနုတို့က စတင်တွဲခေါ်ခဲ့ရတာပေ့ါ။ လျှမ်းလျှမ်းတောက် ဝင်းဦးမှ ဝင်းဦးအောင်မြင်သွား

ပြီဆိုတဲ့အခါမှာတော့ မင်းသားရဲ့သရုပ်ဆောင်ခဟာ မင်းသမီးသရုပ်ဆောင်ခထက် နှစ်ဆ သုံးဆစျေးတက်သွားတာပေါ့။ မြန်မာရုပ်ရှင်ကြည့်ပရိသတ်က မင်းသားကို အဓိကထားပြီး ရွေးချယ်ကြည့်ရှုတာ များတယ်။

ဘယ်မင်းသမီးဖြစ်ဖြစ် တော်ရုံတန်ရုံဆိုလက်ခံတယ်။ မင်းသမီး ကိုသိပ်ပြီး ဇီဇာမရွေးဘူး။

ဒါရိုက်တာလည်း သိပ်ပြီးရွေးမနေပါဘူး။ မင်းသားဘယ်သူလဲ။ အဲဒါ အဓိကထားတယ်။ ပရိသတ်အပေါ်မင်းသားက အများကြီးလွှမ်းမိုးနေတယ်။

မင်းသားဟာ ပရိသတ်နဲ့သိပ်ပြီး အပေးအယူတည့်ဖို့ သိပ်ပြီးအရေးကြီးတယ်။

အမည်နဲ့ ဂုဏ်သတင်းဟာ တစ်ဦးချင်းနဲ့ ဆိုင်တာမို့ သီးသန့်သဘောလို့ပဲ ပြောကြပါစို့ကွယ်။ အကယ်ဒမီ ၃-၄ကြိမ်ရတဲ့ မင်းသမီးမျိုးကို ရုပ်ရှင်တစ်ကားနှစ်ကားနဲ့ မြုပ်သွားတဲ့ မင်းသားက ဘယ်မှာယှဉ်နိုင်ပါ့မလဲ။ ဒါကြောင့်မင်းသားနဲ့ မင်းသမီးရဲ့အောင်မြင်မှုနဲ့ ကျော်ကြားခြင်းကို ယေဘုယျအမြင်နဲ့တင်ကောက်ချက်တွေ ဆွဲလို့မရပါဘူး။ မှန်ကန်တဲ့ အဖြေတွေရနိုင်ဖွယ်မရှိပါဘူး။ သို့မို့ကြောင့်မနှိုင်းယှဉ်ပါဘူး။ သို့သော် ကိန်းဂဏန်းအားဖြင့် တိတိကျကျရေတွက်နှိုင်းယှဉ်လို့ရတဲ့ သရုပ်ဆောင်ခ။ ငွေကြေးမှာတော့ သိသိသာသာဖော်ပြသုံးသပ်လို့ ရနိုင်တယ်။ အနီး စပ်ဆုံးအခြေအနေအထိ ဆိုပါတော့။ ဥပမာ သာဓကကြည့်ကြရအောင်။

ကျော်ဟိန်းရုပ်ရှင်တစ်ကား ၃သိန်းမှ ၅သိန်းအထိ သရုပ်ဆောင်ခယူတဲ့အချိန်ကာလမှာ အမြင့်ဆုံးယူတဲ့ မင်းသမီးဟာ ၂သိန်း၊ ၂သိန်းခွဲပေါ့။ အများစုက တစ်သိန်းလောက်ပါပဲ။

ရုပ်ရှင်၊ ဗီဒီယိုတစ်ကား သရုပ်ဆောင်ခ ဒွေးက ၇သိန်း၊ ၈သိန်း စသည်ဖြင့်ရနေတဲ့အချိန်မှာ အမြင့်ဆုံးရတဲ့မင်းသမီးသရုပ်ဆောင်ခက ၅သိန်းတဲ့။ တစ်ဆင့်စကားတွေကြားတာဖြစ်တဲ့အတွက်

ဦးဦးဖော်ပြတဲ့ ဒီကိန်းဂဏန်းဟာ အမှန်ပေါက်ဈေးထက် နည်းချင်လည်း နည်းမယ်။ များချင်လည်းများမယ်။ ဘယ်လိုပဲပြောပြော ၁၉၉၀-၂၀၀၀ ဆယ်စုနှစ်ကာလရဲ့ မင်းသားသရုပ်ဆောင်ခနဲ့ မင်းသမီးသရုပ်ဆောင်ခ ဟာ မြန်မာရုပ်ရှင်ပေါ်ဦးစ လွန်ခဲ့တဲ့ ၇၅နှစ်ကာလကဲ့သို့ပင် မင်းသားက ကြေးသာနေဆဲပဲ။

မြန်မာဇာတ်သဘင်ကဲ့သို့ပင် မင်းသားကညကြေးပိုများတဲ့ သဘောသဘာဝအတိုင်း ရှိနေဆဲပါပဲ။ မင်းသားကဝေစုအများဆုံး ယူတယ်။ မင်းသမီးယူတယ်။ ပြီးတော့ လူရွှင်တော်၊ ဇာတ်ရံ၊ ဇာတ်ပို့၊ ယိမ်းသမ စသဖြင့်. . .။

ဟင်း . . . ဦးဦးကလည်း ဟောလိဝုဒ်မှာလည်း မင်းသားတွေ က အထက်စီး၊ အရှေ့တိုင်းရုပ်ရှင်တွေမှာလည်း မင်းသားကအပေါ်တန်း၊ မြန်မာ့ဇာတ်သဘင်၊ မြန်မာရုပ်ရှင်ရာဇဝင်တစ်လျှောက်လုံးမှာလည်း မင်းသားက ကြေးပိုများခဲ့တယ်။ ဘာများထူးဆန်းလို့စကားထဲထည့်ပြော နေရတာလဲ။

တူမောင်ကစိတ်မရှည်တော့ဝင်ပြီးမေးချင်ရော့မယ်။ အရေး ကြီးတဲ့အချက်ကအခုမှစပါတယ်။ရှေ့ကဖော်ပြခဲ့တာတွေက နောက်ခံ ကားမြင်ကွင်းကျယ်ခင်းပြတာ။ရှင်းရှင်းလင်းလင်း မြင်စေချင် လို့ပါ။

ကျော်ဆွေဆိုတဲ့မင်းသား။

ရွှေဘဆိုတဲ့ မင်းသား။

ကောလိပ်ဂျင်နေဝင်း။

ဝင်းဦး၊ ညွန့်ဝင်းစတဲ့ သူခေတ်နဲ့သူ စန်းအလွန်တက်တဲ့ ရုပ်ရှင် မင်းသားတွေရှိခဲ့ကြတယ်။ သူတို့ဟာ ကာလအလျောက် အနိမ့်အမြင့်၊ အတက်အကျလှိုင်းအိကလေးတွေ ရှိခဲ့ကြပေမယ့် ဆယ်နှစ်၊ အနှစ် နှစ်ဆယ်၊ အနှစ်သုံးဆယ်ရှည်ကြာခဲ့တယ်တူမောင်။ ဦးညွန့်ဝင်း ကလွဲလို့ ကွယ်လွန်ကုန်ကြပါပြီ။ သို့သော်နာမည်ရှင်သန်နေဆဲပါ။ နော် . .။

လူပင်သေသော်လည်း နာမည်ကမသေဘူးကွယ့်။

၁၉၉၀ မှ ၂၀၀၀ဆိုတဲ့ ဆယ်စုနှစ်ရဲ့ ရုပ်ရှင်နဲ့ဗီဒီယိုလောက အခြေအနေကိုကြည့်လိုက်စမ်း၊ မင်းသားတွေဟာ " ဝုန်း " ဆိုထပြီး ပေါက်။ မင်းသားဈေးမိုးထိရောက်အောင် ရောက်။ တစ်နှစ်၊ နှစ်နှစ်။ အဲဒီ ထိပ်ဆုံးရောက်တဲ့ မင်းသားဟာပြုန်းဆိုထိုးကျ။ ကယ်လို့မရ၊ ဆယ်လို့မရ။ အဲဒီမင်းသားဟာတစ်နှစ်လုံးနေလို့မှ ရုပ်ရှင်ရယ်လို့ တစ်ကားမှ မရိုက်ရ၊ ဗီဒီယိုတစ်ကားမှ မရိုက်ရ။

ဟ. . . အမည်ဖော်ပြရင် သူတို့ရဲ့သိက္ခာကိုမလေးစားရာကျမှာစိုးလို့မထုတ်ဖော်လိုဘူး။ တူမောင်ရဲ့မျက်စိအောက်တွင်မို့ မျက်မြင်ပဲပေါ့ကွယ်။

ပေါက်ပြီဆိုပြီးအောင်မြင်ပြီ၊ ကျော်ကြားပြီ၊ လူကြိုက်များပြီ၊ ပရိသတ်အားပေးလက်ခံနေပြီဆိုတဲ့ မင်းသားတစ်ယောက်ဟာ နောက်တစ်နှစ်မှာ သူ့ကိုငှားသူ၊ ရိုက်သူလုံးလုံးမရှိတော့အောင် ဘာကြောင့် ခွေးကျ၊ ဝက်ကျပစ်ပြီး ကျရသလဲ။

ကောလိပ်ဂျင်နေဝင်း၊ ဝင်းဦး၊ ညွန့်ဝင်းတို့တုန်းက ပရိသတ်ကြိုက်ပြီဆိုရင် မင်းသားတစ်လက်ဟာ အနှစ် ၂၀-၃၀ကြာရှည်စားနေရပေမယ့် ခုခေတ်မင်းသားတွေ ဟုန်းဆိုတက်ပြီး နောက်တစ်နေ့ ဖုတ်ဆိုပြုတ်ကျနေကြတာ ဘာကြောင့်လဲ။ ပြဿနာပဲ။

အရပ်ရပ်အထွေထွေ၊ အခြေအနေအကြောင်းကြောင်းတွေတော့ ရှိပေလိမ့်မယ်။ ဦးဦးကျွမ်းကျင်တဲ့နယ်ပယ်မဟုတ်လို့ မှတ်ချက် မပေးချင်ဘူး။ များစွာသော ယှက်နွယ်ဆက်စပ်နေသောအကြောင်းပေါင်း များစွာအနက်မှာ တစ်ချက်လောက်တော့ စေတနာနဲ့ထောက်ပြပါရစေကွယ်။

မာနနဲ့လောဘလွန်ကဲကြရင် ကျဆုံးတာမြန်တယ်။ စိတ်ကနိမ့်ကျတာကိုး။

မင်းသမီးရိုက်ကူးခ မင်းသားလောက်မရရှိပေမယ့်ကိစ္စမရှိလှ။ မင်းသားကိုဘာမှ မထိခိုက်ပေ။ မင်းသား(၁၀)သိန်းရတဲ့ ကားတစ်ကားမှာ ဇာတ်ပို့ကတစ်သောင်း၊ တစ်သောင်းအောက်၊ အဆတစ်ရာကွာခြား

တဲ့အခြေအနေဟာ မင်းသားကို (အောင်မြင်ချိန်) အသက်တိုစေခဲ့တာပဲ။ ဒါဟာ အမှန်ပါပဲ။

ဘာဖြစ်လဲဗျာ။ ကျူပ်နာမည်ကျော်လို့ ကျူပ်ရတာပဲ။ သူတို့ ကငိုပြ၊ ရယ်ပြ ခဏလေး ဝင်ပို့ပေးရတာ ဒီဇာတ်ကိုသယ်ရတာက ကျူပ်ပဲ။

ဩော်. . . ဟုတ်တယ်။ ဟုတ်တယ်။ သူ့အနေနဲ့မှန်ပေတယ်ဗျ။ သူများများငွေရချင်တော့ သူတစ်ပါးနည်းနေကြတာဟာ သူနဲ့ မဆိုင်ဘူးလို့ သူထင်နေရှာတာကိုး။

ထုတ်လုပ်သူနဲ့ ဒါရိုက်တာကလည်း မင်းသားသရုပ်ဆောင်ခ လျှော့ယူလို့ ပိုထွက်လာတဲ့ငွေကို ဇာတ်ပို့ ဇာတ်ရံများဆီသို့ မျှဝေပေးမယ်လို့အာမမခံဘဲကိုး။ သူတို့အိတ်ထဲထည့်လိုက်မှာဘဲမဟုတ်လား။ ဒီနည်းထက် ထိရောက်အောင်လုပ်ရမှာပေါ့။

မင်းသားဟာ ဇာတ်ကားကို ကောင်းအောင်ကူညီမှ မိမိ နာမည်ကြာရှည်တည်တံ့မယ်ဆိုတာ သဘောပေါက်ရင်ဇာတ်ပို့၊ ဇာတ်ဆောင်တွေကို ရဲဘော်ရဲဘက် လုပ်ဖော်ကိုင်ဖက်အနေနဲ့ သဘောထားသင့်တယ်။ ရှင်ဘုရင်နဲ့ ဆင်းရဲသားလို ဝေးဝေးကွာကွာမခွဲ ခြားသင့်ဘူး။ သူ့စည်းနဲ့သူတော့ထားပေ့ါ။ ရှေ့မှာ ဥပမာ သာဓကတွေရှိ နေပါတယ်။

၁။ ရွှေဘဟာ သမတလူကြမ်းအဖွဲ့၊ လှဖေ၊ မုတ်ဆိတ်၊ ချီးဘူး၊ ရွှေညာ စတဲ့ဇာတ်ပို့တွေကို ဘယ်လိုထောက်ပံ့ကြည့်ရှုခဲ့ကြသလဲ။

၂။ ကျော်ဆွေဟာ သိန်းဟန်ကြီး၊ ဌေးဝင်း၊ စံတင် စတဲ့သရုပ်ဆောင်တွေကို ဘယ်လိုဆက်ဆံခဲ့သလဲ။

၃။ ဝင်းဦးဟာ ဖိုးပါကြီး၊ ကျော်ဖေ၊ ဦးစံမတူ၊ ဦပလာတာ၊ ဦးသော်တာ စတဲ့ပုဂ္ဂိုလ်တွေကို ဘယ်လိုနေရာပေးခဲ့သလဲ။ မင်းသားသက်ရှည်ချင်ရင်အတုယူဖို့ပါ။

၄။ ရွှေမန်းတင်မောင်အောင်မြင်ထင်ရှားခြင်းဟာ အမယ်ကြီးအို ဦးအောင်စိန်၊ ဦးခာတ်ရှင်၊ အောင်သန်းတင်၊ စိန်လှ

ကြည်၊ အောင်ငွေ၊ မိုးညို၊ ဖျောက်စိတ် အစရှိတဲ့အဖွဲ့
ကောင်းလို့ အုံကောင်းလို့ အကြောင်းတစ်ချက် ဖြစ်ခဲ့ပါတယ်။

အဖွဲ့အစည်းအနေနဲ့ စုပေါင်းကြရတဲ့ အနုပညာအလုပ်မျိုးမှာ ရှေ့ဆောင်ဦးစီးလုပ်ရတဲ့ မင်းသားဟာ ငါ(၇၀၀၀၀၀)ရတာပဲ။ ငါ (၁၀၀၀၀၀) ရပြီးပဲရယ်လို့ တစ်ကိုယ်ကောင်း ရောင့်ရဲကျေနပ်နေပြီး လက်တွဲဖော် လုပ်ဖော်ကိုင် ဖက်တွေ နေစရာမရှိ၊ စားစရာမရှိ၊ အတိဒုက္ခ အမျိုးမျိုးနဲ့ ညှိုးငယ် နွမ်းပါးနေကြရှာတာကို စာနာမှုကင်းစွာ အသည်းမာ မာနဲ့ ကြည့်ရက်ခဲ့သူ တွေဟာ အခုဆယ်နှစ်ကာလအတွင်း ဟောတစ် ယောက်၊ ဟောတစ် ယောက်။ ရုပ်ရှင်ပိတ်ကားနဲ့ ဗီဒီယိုဖန်သားပြင် ပေါ်က ကျွမ်းပြန်ပြီးထိုး ကျသွားကြရှာတယ်။ ပေါ်မလာကြတော့ဘူး။ သွားရှာပြီ။

သနားစရာတော့ကောင်းပါတယ်။ ဒါပေမယ့် ဘယ်သူမပြု မိမိမှုပါကွယ်။ ဘေးလူ ဘယ်သူကမှ ဝင်ကယ်လို့မရတော့ပါဘူး။ အောင်မြင်ချိန်မှာ မာနနဲ့ လောဘကို အတောမသတ်နိုင်ကြရင်ဖြင့် လူမသေခင် နာမည်သေကြရမှာပဲ။ ကျလုလုတည်းတည်းတွေလည်း မြင်နေရရဲ့။ ဖြေဆေးမရှိဘူးလား။ ဖြေဆေးလေးတစ်ခုခုအကြံပေးပါ ဦးလို့ တူမောင်ကမေတ္တာရပ်ခံတော့ အေး(မေတ္တာအရင်းခံနဲ့)ပြောရတာ ပေါ့။

လုပ်ဖော်ကိုင်ဖက်တွေကို စာနာစိတ်ထားရှိပါ။ ဒီစကားတစ်ခွန်းပါပဲ။ ဒါဆိုရင် ကျော်ကြားချိန် အသက်မတိုဘူးပေါ့ကွယ်။လက်တွေ့လုပ်ကြည့်ရင် ထိရောက်တာတွေ့ရပါလိမ့်မယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

အပျိုမ မဂ္ဂဇင်း၊ မတ်လ၊ ၂၀၀၀ပြည့်နှစ်၊

☸ ☸ ☸ ☸

# တိုးတက်ကြီးပွားခြင်း၏ လျှို့ဝှက်သော နည်းတစ်ခု

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

လွန်ခဲ့တဲ့ဆယ်စုနှစ် အနည်းငယ်အတွင်းမှာ အမှန်တကယ် ဖြစ်ပေါ်ခဲ့တဲ့ ဖြစ်ရပ်မှန်တစ်ခုနဲ့ သာဓကဆောင်ပြီး ဦးစွာပထမပြောပြ ချင်ပါတယ်။

လူတစ်ယောက်ရှိတယ်။

ဒီပုဂ္ဂိုလ်ကလုပ်ငန်းပိုင်ရှင်၊ အုပ်ချုပ်ရေးမှူးကြီးတစ်ဦးပါ။ သူ ဟာဝန်ထမ်းလုပ်သား အလွှာအမျိုးမျိုး၊ ဌာနအစားစားကွဲပြားတဲ့ အလုပ် ခွင်ထဲကလူလေးသောင်းခွဲခန့် အရေအတွက်ကို အုပ်ချုပ်စီမံနေရတဲ့သူ ဖြစ်တယ်။ အခုလို လူလေးသောင်းကျော်ကို နိုင်နိုင်နင်းနင်းစီမံအုပ်ချုပ် နိုင်တဲ့ဘဝရောက်အောင် ဘယ်လိုစတင်ခဲ့ပါသလဲလို့ သူ့ကိုမေးတဲ့အခါ-

" ကျွန်တော်အလုပ်ဝင်စတွင် အလုပ်တိုက်မှာ လူငယ်(၁၂၀)

ယောက် ရှိပါတယ်။ ရုံးပိတ်ရက်ဆိုရင် အားလုံးရုံးမတက်ကြပါဘူး။ ကျွန်တော် ကတော့ရုံးပိတ်ရက်ဖြစ်ပေမယ့်လည်း ရုံးမှာပြီးစီးအောင်လုပ်ဆောင်ရ မယ့် အလုပ်ရှိရင် မိမိဖာသာလာလုပ်လေ့ရှိပါတယ်။ တစ်နေ့သောအခါမှာ ရုံးပိတ်ရက်တစ်ခု၌ ကျွန်တော်အလုပ်လုပ် နေစဉ်အလုပ်ရှင်က ကျွန်တော့် ကိုမြင်သွားပါတယ်။ ဒါနဲ့ နောက်တစ်ပတ်အကြာမှာ ကျွန်တော့်ကို ရာထူးတိုးပေးလိုက်ပါတယ်။ ဒါဟာကျွန်တော့်ဘဝတိုးတက်လမ်းရဲ့ အစပါပဲ။ အစဉ်တစိုက်ကျွန်တော်ဟာ အလုပ်ကိုချစ်ခင်မြတ်နိုးစွာနဲ့ ပျော်ရွှင်လေးစားစွာ ကြိုးစားပြီးလုပ်ပါတယ်။" လို့ဖြေပါတယ်။

"အလုပ်အပိုတွေလုပ်မနေနဲ့"

"သိပ်မကြိုးစားပါနဲ့ကွာ။ မရှိလို့လုပ်စားတာပဲ။"

"မင်းဒါလောက်ပိုလုပ်ပေမယ့်လခကတော့ တစ်ပြားမှ ပိုမတိုးပါဘူးကွ။ ဟား. . ဟား . . ဟား" စသည်ဖြင့် အလုပ်တစ်ခုခုကို အာရုံစူးစိုက်ပြီးသေသေချာချာအားတက်သရောလုပ်ကိုင်နေပြီဆိုရင် လှောင်ကြ၊ ပြောင်ကြ၊ ရှုတ်ချကြ၊ တားမြစ်ကြတဲ့ လူစားကများများပဲ။ "လုပ်မနေပါနဲ့ကွာ၊ အပိုအလုပ်တွေများ" ဆိုပြီးကန့်ကွက်တဲ့လူပဲ များများ တွေ့ရပါလိမ့်မယ်။

"ဟုတ်ပြီဟေ့၊ လုပ်ပေတော့ အဲဒါဟာ တိုးတက်ကြီးပွားခြင်းရဲ့လျှို့ဝှက်တဲ့နည်းတစ်ခုပဲကွာ။ ဒီအတိုင်းသာဆက်ကြိုးစား" လို့ပြောမယ့်သူကတော့နည်းပါးလိမ့်မယ်။ နည်းပင်နည်းငြားသော်လည်းပဲ အဲဒီအထဲမှာ ဦးဦးပါတယ်မောင်။ သိလား။ အဲလိုကြိုးစားမှ အောက်တန်းနောက်တန်းဘဝမှ တက်ကြမယ်။

မောင်ရင့်ကို သူတစ်ပါးကခိုင်းစေသမျှလေးသာလုပ်နေရင် မတိုးတက်ဘူးဗျ။ ကိုယ့်အစွမ်းကိုယ့်အစကို တကယ်ပြနိုင်အောင်နည်းနည်းလေးဖြစ်စေတိုးပြီးကြိုးစားအလုပ်လုပ်ရပါတယ်။ ဒါဆိုရင် တူမောင်

ဗေဒင်မမေးနဲ့။ သေချာပေါက် ကံဇာတာတက်လာပြီ။ အနည်းငယ်ပို ကောင်းအောင်လုပ်ရင် အနည်းငယ်တိုးတက်မှာပဲ။ အများကြီးပိုကောင်း အောင်လုပ်နိုင်ရင် အများကြီးတူမောင်ကြီးပွားမှာမုချပဲ။ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းဆိုတာ အလုပ်ကိုရိုသေခြင်း၊ မိမိအလုပ်ကိုခင်တွယ်မြတ်နိုးခြင်းအပေါ်ကပဲ ရနိုင်တယ်။

လူတော်တော်များများကအောင်မြင်ချင်တယ်။

အလုပ်ကိုတော့ ကောင်းကောင်းမလုပ်ချင်ဘူး။

လူအားလုံးဟာ ပျော်ရွှင်ချင်ကြသူချည်းပဲ။

ပျော်ရွှင်ခြင်းဟာ အလုပ်ကိုပိုကောင်းအောင် လုပ်ခြင်းရဲ့နောက်မှာ ကပ်လျက်ရှိတယ်ဆိုတာ သိတဲ့လူကခပ်ရှားရှားပါ။ အလုပ်ကိုသာ တကယ်ခုံခုံမင်မင်နဲ့လေးစားရိုသေသူမှန်ရင် ထိုက်တန်တဲ့ရာထူး၊ ရာခံ၊ ဌာနန္တရတွေရလာတာချည်းပဲ။

"သင်၏အလုပ်ကို ပထမတန်းဖြစ်အောင်လုပ်ခြင်းဖြင့် သင့်အလုပ်ကသင့်အားပထမတန်းဘဝသို့ပို့ဆောင်ပေးအံ့" "ကမ္ဘာပေါ်ရှိတည်ထွင်ကြံစည်ကြသူများ၊ ဖန်တီးသူများအားလုံးက ဤတရားမှန်ကန်ကြောင်းထောက်ခံကြ၏" တဲ့။ ဟားဘတ်၊ အင်န်၊ ကာဆင် Herbert. N. Casson က SUCCESS AND HAPPINESS ဆိုတဲ့ စာအုပ်ထဲမှာ ရေးသားခဲ့ဖူးလေရဲ့။

ဦးဦးဟာ စစ်မှုထမ်းဘဝနဲ့ နှစ်ပေါင်း(၂၀)ကျော်မျှဖြတ်သန်းခဲ့ရာမှ လက်အောက်ငယ်သားများစွာကို ရာထူးတိုးမြှင့်ပေးခဲ့ဖူးပါတယ်။ တပ်သားမှ ဒုတပ်ကြပ်၊ ဒုတပ်ကြပ်တွေထဲက တပ်ကြပ်သို့ စသည်ဖြင့်ပေါ့ကွယ်။ သူနဲ့ငါဘယ်လောက်ချစ်ခင်ရင်းနှီးသလဲဆိုတာနဲ့ မတိုင်းတာပါဘူး။ သူနဲ့မြှင့်တင်ပေးလိုက်တဲ့ရာထူးနဲ့ ထိုက်တန်ရဲ့လား ?

(၁) သူဟာတာဝန်ယူလိုစိတ်၊ အလုပ်ကိုပိုတိုးပြီးကြိုးစားလုပ်လိုတဲ့စိတ်ရှိရဲ့လား။ (လုပ်ချင်ကိုင်ချင်စိတ်)

(၂) သူဟာပိုမိုကြီးမားလာမယ့်တာဝန်အလုပ်ကို နိုင်နိုင်နင်းနင်းချောချောမောမောလုပ်တတ်ပါ့မလား။ (လုပ်တတ်ကိုင်တတ်ရှိမရှိ) အတိုချုပ်က ဒါပါပဲ။

ဒါကိုကြည့်ပြီး အကဲဖြတ်ခဲ့တာပဲ။

ဒီတော့ရာထူးတိုးချင်ရင် တာဝန်တိုးယူလိုပါတယ်။ တာဝန်တိုးပြီးယူနိုင်ပါတယ်ဆိုတာ ပြသနေရမယ်။ ရှင်းပြီနော်။

အချို့က ခိုင်းသမျှကိုကျေပွန်အောင်မလုပ်ချင်ဘူး။ အလုပ်ဆိုရင်ရှောင်ဖယ်ရှောင်ဖယ်လွှဲချချင်တယ်။ အလုပ်ကိုပြီးစလွယ်၊ ပစ်စလက်ခတ် လုပ်တတ်တယ်။ ဒီလိုလူစားကို အလုပ်တာဝန်ပိုမိုကြီးမားတာမျိုးရာထူးတိုးပေးလို့ ရပ့်ါမလား။ မရနိုင်ပါဘူး။

လက်ရှိလုပ်နေတဲ့အလုပ်တာဝန်ကို ပိုမိုပြီးတိုးတက်အောင်၊ ကောင်းအောင်လုပ်နေရမယ်။ အခွင့်အခါဆိုတာ အလိုလိုဆိုက်ရောက်လာတာပဲ။ ကြိုတင်ပြီးမမြင်သာဘူး။

မြဝတီစာပေတိုက်မှာ ဦးဦးဟာ အမှုဆောင်အရာရှိချုပ်နဲ့ စာတည်းမှူးချုပ်အဖြစ် (၃)နှစ်အလုပ်လုပ်ခဲ့ပါတယ်။ လူ(၃၀၀)လောက်ကိုအုပ်ချုပ်ရတယ်။ လူ(၁၀၀)ကျော်ရာထူးတိုးပေးခဲ့တယ်။ ပြန်ကြားရေးဌာန တစ်ခုမှာ ဦးဦးပြောင်းရွှေ့အလုပ်လုပ်ရပြန်ပါတယ်။ ဌာနတစ်ခုရဲ့ အကြီးအကဲတာဝန်ပါပဲ။ လူ(၃၀၀၀)လောက်ကို စီမံကွပ်ကဲရတယ်။ (၃)နှစ်ကာလအတွင်းမှာ လူ(၃၀၀)လောက်ကို ရာထူးတိုးမြှင့်ပေးခဲ့ပါတယ်။ ဝန်ထမ်းခန့်ထားတာလဲမနည်းဘူး (အငြိမ်းစားယူတာ၊ ထွက်တာ၊ ကွယ်လွန်တာရှိနေတာကိုး အစားဖြည့်ရတာပေါ့)

တရွေ့ရွေ့နဲ့၊ တဖြည်းဖြည်းချင်းတိုးတက်ပြောင်းလဲနေတဲ့ ဖြစ်စဉ်ကြီးမှာ မိမိကျရာနေရာ မိမိတာဝန်ကျတဲ့အလုပ်ကို (ဖိနပ်တိုက်ရတာပဲဖြစ်ပါစေ) သေသေချာချာပြောင်ပြောင်လက်လက်ဖြစ်အောင်လုပ်ဆောင်ရမယ်။ ဒါဟာမိမိရဲ့ဂုဏ်သိက္ခာပဲ။

ဟုတ်တယ်။ အလုပ်ဟာမိမိရဲ့ ဂုဏ်ပုဒ်ပါပဲ။

" မည်သူမဆို သင့်အားတစ်မိုင်သွားစေလျှင်သင်ကနှစ်မိုင်သွားပြလိုက်ပါ " တဲ့ သမ္မာကျမ်းစာတွေထဲမှာ ပါတယ်လို့ကြားဖူးတယ်။ အထက်လူကြီးခိုင်းတာထက် ပိုပြီးကောင်းအောင် (သင့်အစွမ်းအစနဲ့ ကြိုးစားပမ်းစား) အလုပ်လုပ်ပြလိုက်စမ်းပါတူမောင်။ ဘယ်သူမဆိုမိမိ အလုပ်လုပ်တဲ့ စွမ်းဆောင်မှုနဲ့ သပ်ရပ်မှု၊ စနစ်ကျမှု၊ ကောင်းမွန်မှုကို သူ့အလုပ်ရှင်ထံမှ လေးစားခြင်း၊ ချီးကျူးခြင်းကိုရရှိနိုင်ပါတယ်။ ကြိမ်ဖန်များစွာလည်း ရခဲ့ကြပါတယ်။ တွေ့ဖူးမြင်ဖူးတယ်မဟုတ်လား။

တာဝန်ဝတ္တရားကိုရှောင်ဖယ်နေသူတွေ ကြီးပွားကြတာ တွေ့ဖူးသလား။ အလုပ်ကိုညည်းညူစိတ်ပျက်နေသူတွေ အောင်မြင်သွားတာရှိဖူးသလား။ နာရီကိုစောင့်ကြည့်နေသူများ၊ ပြက္ခဒိန်ကိုမော့ကြည့်နေသူမား၊ အလုပ်ကိုငြင်းပယ်ရှောင်ဖယ်ချင်သူများ၊ အချိန်ကိုဖြုန်းတီးနေသူများဟာ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းတို့နဲ့ ဝေးလေစွ။

အလုပ်ထုတ်ခံရခြင်း၊ အပြစ်ပေးခံရခြင်း၊ လစာလျော့ရာထူးချခံရခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်ညစ်ခြင်းတို့နဲ့ လုံးချာလည်လိုက်နေကြတာ တွေ့ရမှာပေါ့။ အလုပ်ကိုမချစ်ဘဲကိုး။

တူမောင်-

အလုပ်တိုက်ကြီးတစ်ခုရုံးဆင်း၊ ပိတ်တဲ့အချိန်လောက်မှာ ရုံးတံခါးရှေ့ကသွားရပ်ကြည့်လိုက်ပါ။ ထွက်လာသူတွေကို သေသေချာချာ တူမောင်အကဲခတ်လိုက်စမ်းပါ။ ဘယ်သူတွေဟာ အလုပ်မှထုတ်ပစ်သင့်တဲ့ငနဲတွေလဲ။ အလုပ်ခွင်ထဲက သူရဲတစ္ဆေလိုက်လာတာလိုပဲ ပြေးဆင်းလာကြတဲ့လူတွေပေါ့။

ရာထူးတိုးပေးသင့်တဲ့လူတွေလဲ တွေ့ရမယ်။ တံခါးမပိတ်မီ မိမိအလုပ်ကို သေသေချာချာ သပ်သပ်ရပ်ရပ် ကလနားသတ်ပြီး စာအုပ်နေရာစာအုပ်၊ ဖိုင်နေရာဖိုင်၊ ခဲတံနေရာခဲတံ စစ်ဆေးအဆုံးသတ်တဲ့

ပုဂ္ဂိုလ်။ နက်ဖြန်အလုပ်ကို ပိုကောင်းအောင်လုပ်ဦးမယ်ဆိုတဲ့ စိတ်ကူးကိုသူမျက်နှာပေါ်တဲ့သူမျိုး။ ဟုတ်တယ်မဟုတ်လား။ နိဂုံးချုပ်ပါပြီ။

တိုးတက်ချင်သလား။ ကြီးပွားချင်သလား။ လျှို့ဝှက်တဲ့နည်းလမ်းတစ်ခု (လူအများစုက အသုံးပြုကောင်းမှန်းမသိကြပါဘူး) တူမောင် ကိုလက်တို့ပြီးပြောပြလိုက်ပြီ။ အလုပ်ကောင်းရင် ကံကောင်းတာပဲကွယ် မှတ်ထား။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

ပို့ဆောင်ရေးမဂ္ဂဇင်း
စက်တင်ဘာလ၊ ၂၀၀၁ခုနှစ်

# စာရေးလိုသော်

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

တူမောင်က ကားမောင်းတဲ့ကားဆရာဖြစ်ချင်တယ်လို့ပြော လာခဲ့ရင် ဦးဦးကဘယ်လိုကားမျိုးမောင်းမှာလဲ၊ ဘယ်လိုမောင်းမှာလဲ၊ ဘယ်ကို ပို့ပေးမှာလဲလို့မေးခွန်းတွေ ဆက်တိုက်မေးလိုက်ချင်ပါတယ် ကွယ်။

ဘယ်လိုကားမျိုးမောင်းမှာလဲ ဆိုတာက ဆလွန်းကားလား၊ ဘတ်စ်ကားလား၊ ကွန်တိန်နာကြီးတွေတင်တဲ့ ဆယ်ဘီးကား၊ တန်(၆၀) ကားမျိုးမောင်းမှာလား၊ အဝေးပြေးခရီးသည်တင်ကားမျိုးလား။ ဒီ သဘောပြောတာပါ။ ကားအားလုံးအကုန်မောင်းမှာပဲလို့ ဆိုချင်လဲရပါ တယ်။

တူမောင်ကစာရေးဆရာဖြစ်ချင်တယ်ဟုတ်လား။ ဘာရေးတဲ့ စာရေးဆရာဖြစ်ချင်တာလဲ။ မိမိကိုယ်မိမိပြန်ပြီးမေးနော်။ ရေရေရာရာ တိတိကျကျဖြေနိုင်ရမယ်။ဘာဖြစ်ချင်ပါတယ်။ ညာဖြစ်ချင်ပါတယ်ဆိုပြီး လက်တွေ့မှာ တကယ်ဘာမှမဖြစ်လာခဲ့သူတွေအများကြီးပဲ။ သူကစိတ်

သာကူးတာ တိတိကျကျရည်မှန်းချက်သတ်မှတ်တာမှမဟုတ်ပဲကိုး။ ဘဝမှာ ဒီလိုမရဘူး။ မိမိရဲ့ဦးတည်ချက်ကို တိတိကျကျချမှတ်ရမယ်။ ဒါမှ မဖြစ်မနေမရောက်ရောက်အောင် ချီတက်မယ်ဆိုပြီး တစ်လှမ်းချင်း၊ တစ်ထစ်ချင်း ချီတက်ချဉ်းကပ်ရတာ ဖြစ်ပါတယ်။ အဆက်မပြတ်အား ထုတ်ရတယ်။ ပန်းတိုင်ကိုမျက်ခြည်မပြတ် တရွေ့ရွေ့နဲ့ရှေ့ကို တိုးရ တယ်။ ဒါမှပန်းတိုင်ဦးတည်ချက်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပါ တယ်။

အနီးဆုံးပြစရာဦးဦးကိုပဲကြည့်ပါ။ ဦးဦးဟာရှစ်တန်းကျောင်း သားလောက်မှာ စာရေးဆရာကြပ်ကလေးနဲ့ ဇဝနရဲ့ဝတ္ထုတွေဖတ်မိပြီး အင်မတန်သဘောကျမိတယ်။ စာရေးဆရာဖြစ်ရရင် သိပ်ကောင်းမှာပဲ။ စာရေးဆရာဖြစ်ချင်လာတယ်။ စာအုပ်အငှားဆိုင်ကမဂ္ဂဇင်း၊ ဝတ္ထုတွေ အဆက်မပြတ်ငှားငှားဖတ်နေရင်းနဲ့ စာဖတ်သက်ရင့်လာတာနဲ့အမျှ စာ ပေမှာလည်း အမျိုးအစား၊ အဆင့်အတန်းတွေ အကွဲကွဲအပြားပြားရှိပါ သေးလားဆိုတာ နားလည်သဘောပေါက်လာတယ်။

" စာပေ၊ ဝတ္ထုများထဲတွင် 'ကာလဇယီ' စာပေဝတ္ထုများရှိ သည်။ 'ကာယဇယီ'ဟူသည်မှာ အခွန့်ရှည်စွာစာပေသမိုင်းဝင်ဖြစ်သွား သော စာပေဝတ္ထုများဖြစ်သည်။ ' ကာလဇယီ' ဝတ္ထုဖြစ်ဖို့အတွက် အင်္ဂါ စုံဖို့လိုအပ်သည်။ မည်သည့်အမြင်ဖြင့် ကြည့်ကြည့်ဘက်စုံရမည်။ အင်္ဂါ ရပ်စုံလင်ရမည် "

အထက်ပါအတိုင်းစာရေးဆရာကြီးပါရဂူက ရေးသားဖူးပါ တယ်။ တချို့စာပေက တစ်လနှစ်လပဲခံတယ်။ တချို့စာပေက တစ်နှစ်၊ နှစ်နှစ်ခံတယ်။ တချို့စာပေက ဆယ်နှစ်၊ အနှစ်နှစ်ဆယ် ခေတ်တစ် ခေတ်ခံတယ်။ ကာလဇယီစာပေဝတ္ထုဆိုတာမျိုးက ခေတ်အဆက်ဆက် နှစ်သက်လက်ခံအောင် ဘက်ပေါင်းစုံကကောင်းမွန်တာမျိုး၊ အချိန်ကာလ အကန့်အသတ်ကို လွန်မြောက်ဖြတ်သန်းပြီး တည်တံ့နိုင်တဲ့ စွမ်းရည် သတ္တိရှိတာမျိုးဖြစ်ပါတယ်။

ဦးဦးအထက်တန်းကျောင်းသားအရွယ်မှာ လက္ခဏာဆရာ စံမင်းရေးတဲ့လစဉ်ပင်တိုင်ဆောင်းပါးတွေကို ဖတ်မိပါတယ်။ အဲဒီအခါ ဦးဦးဟာ ခနုရာသီဖွားဖြစ်ကြောင်းသိလာရတယ်။ စာရေးဆရာ အော်စကာဝိုင်းလ် OSCAR WILDE (၁၈၅၄-၁၉၀၀) ဟာ ဒီဇင်ဘာ လ၆ရက်ဖွားသူလို့ သိရပြန်တယ်။ သူကဒပ်ဘလင်မြို့မှာမွေးတဲ့ အိုင်း ရစ်လူမျိုး၊ ကမ္ဘာကျော်စာရေးဆရာ၊ ကဗျာ၊ ဝတ္ထု၊ ပြဇာတ်တွေအရေး ကောင်းလို့ဂန္ထဝင်တွင်ခဲ့သတဲ့။ ဒီဇင်ဘာ၆ရက်နေ့မှာပဲမွေးဖွားတဲ့ ခနုဖွား ငါလဲစာရေးဆရာမလွဲမသွေဖြစ်ရပေမှာပေါ့။အသက် ၁၅နှစ်လောက်မှာ အကြိမ်ပေါင်းတစ်သောင်းတစ်သိန်းရှိအောင်ကျုံးဝါးခဲ့တာလေ။ ဟော နောက်အနှစ် ၂၀လောက်ကြာလာတဲ့အခါ မဂ္ဂဇင်းတွေထဲမှာဦးဦးရဲ့ ဆောင်းပါးတွေ အပြွတ်လိုက်၊ အပြွတ်လိုက်ပါလာတော့တာပေါ့ကွယ်။ အဲဒီနှစ်ပေါင်း ၂၀လုံးလုံးရေးလိုက်၊ ဖတ်လိုက်၊ မှတ်စုတွေထုတ်လိုက် နဲ့ အဆက်မပြတ်ကြိုးစားနေတာကိုး။ ဇွဲရှိရှိလုပ်ဆောင်ရပါတယ်။

ဦးဦးဟာတူမောင်လိုပဲ ကားမောင်းသူတစ်ဦးဖြစ်ချင်သူဆိုပါ တော့။ သို့သော်ကားမောင်းရရင်ပြီးရော ဆိုတာမျိုးမဟုတ်ဘူးကွယ်။

အမှိုက်ကားမမောင်းချင်ဘူး။

အသုဘကားမမောင်းချင်ဘူး။

သမ္မတရဲ့ကား၊ ဝန်ကြီးချုပ်ရဲ့ကားမျိုးကို မောင်းချင်တာလဲ မဟုတ်ဘူး။

ခရီးသည်တွေကို ဘုရားဖူးသွားတာမျိုးကို ပို့ချင်တဲ့ ဒရိုင်ဘာ မျိုးဖြစ်ချင်တာပါ။

ဦးဦးဘာတွေရေးနေသလဲကြည့်ပေတော့ပေါ့။ ဦးဦးက ကဗျာ မရေးဘူး။ မရေးတတ်လို့။ ဦးဦးက ဝတ္ထုမရေးဘူး။ ဝတ္ထုဖန်တီးနိုင်တဲ့ အတွေးအခေါ်မရှိသေးဘူး။

ဖတ်သမျှ၊ မှတ်သမျှ တိတိကျကျခိုင်ခိုင်မာမာရှိကြတဲ့ အသိ ပညာဗဟုသုတကို လက်ဆင့်ကမ်းဖြန့်ဝေတယ်။ ဆောင်းပါးအနေနဲ့ ရေး

တယ်။ ဖတ်ချင်စဖွယ်ဖြစ်အောင် တန်ဆာဆင်ဖွဲ့နွဲ့ပြီး အားထုတ်ပါ တယ်။ အဆိပ်အတောက်မပါအောင်တော့ သေသေချာချာ မိမိစာကို စိစစ်ပါတယ်။

အော်စကာဝိုင်းလ်လို ကမ္ဘာကျော်စာဆိုတော်ကြီးမဖြစ်ရင် တောင်မှ ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို တစ်စုံတစ်ရာအကျိုးပြုပေးနိုင်စွမ်းတဲ့ ကလောင်တစ်ချောင်းဖြစ်အောင်တော့ သေသေချာချာ ကြိုးစားနေပါ တယ် တူမောင်။

ဦးဦးကိုယ်တိုင်ချီတက်နေဆဲ ခရီးသည်တစ်ဦးဘဝမှာ တူမောင် ကိုမေတ္တာနဲ့ လက်တွဲဖေးကူခြင်းဖြစ်ပါတယ်။ ဆရာဝင်လုပ်တာမဟုတ် ပါဘူး။ ဘဝတူ၊ လမ်းတူ ခရီးသည်ချင်းလေ။

ဦးဦးလိုက်နာတဲ့ ကျင့်ဝတ်တစ်ခုရှိတယ်။ သူတစ်ပါးကို ထိပါး နစ်နာစေမှာမျိုးကို မပြောဘူး။ မရေးဘူး။ ဒါဟာအလေးအနက်ပဲ။

ဒီသဘောမျိုး ဆရာကြီးပါရဂူက ရေးခဲ့ဖူးပါတယ်။ ၂၉-၂-၂၀၀၀ ရက်စွဲနဲ့ ထုတ်ဝေခဲ့တဲ့ ရွှေပြည်တန်ဂျာနယ်၊ အတွဲ(၁)၊ အမှတ်(၃၄)မှာ-

စာရေးဆရာများသည် မိမိအာဃာတထားသော မိမိမကျေ မချမ်းဖြစ်နေသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား မိမိရေးသောဝတ္ထု၏ ဇာတ်ကောင်နေရာ၌ထားလျက် အလဲထိုးမသတ်သင့်ပေ။ မိမိအာဃာ တ ထားသော၊ မိမိမကျေမချမ်းဖြစ်နေသောပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သည်မိမိကဲ့သို့ ကလောင်လက်နက်ပိုင်ရှင်တစ်ဦးမဟုတ်လျှင် ထိုပုဂ္ဂိုလ် အားမိမိဝတ္ထုထဲတွင် တစ်ဖက်သတ်၊ တစ်ဖက်အမြင်ဖြင့် ရစရာမရှိ အောင် ပြောဆိုရေးသားခြင်းသည် လက်နက်မဲ့တစ်ယောက်အား ကြိုး တုပ်ပြီး လက်နက်နှင့်ခြိမ်းခြောက်သူနှင့် ဘာမှမခြားပေ။

၁၉၆၇ခုနှစ်ကဦးဦးဟာ မိမိရဲ့ဇာတိရွာမှာ ပြဇာတ်ဒါရိုက်တာ၊ ပြဇာတ်မင်းသားလုပ်ပြီး " သည်းညှာနု မခိုင့်တခိုင် " ဆိုတဲ့ စင်တင်ပြ ဇာတ်တစ်ခုကပြခဲ့တယ်။ ဦးဦးမကျေနပ်တဲ့ မိန်းကလေးတစ်ယောက်ကို ဝတ္ထုဖွဲ့ထားတာ၊ သူ့ကို(ရန်တွေ့)ပြောချင်တဲ့ စကားတွေ ဇာတ်ကောင်

တွေရဲ့ပါးစပ်ထဲ ထည့်ပေးထားတာ။ အသက် (၁၉)နှစ်လူငယ်တစ်ယောက်ရဲ့ အမှား။

ပြဇာတ်ကပြပြီးလို့ နာရီပိုင်းအတွင်းမှာပဲ ငါ အကြီးအကျယ်မှားပြီ။ ဒါဟာ ခုခံပိုင်ခွင့်၊ ချေပပိုင်ခွင့် ဘာမှမရှိတဲ့ လူသားတစ်ယောက်အပေါ် အနုပညာဖန်တီးနိုင်တယ်ဆိုတဲ့ လက်နက်နဲ့ တမင်အနိုင်ကျင့်ညှဉ်းဆဲမိရာ ရောက်သွားပြီလို့ သိတယ်။ နောက်ကျသွားပြီ။

“ ပြောပါ မင်း ပြောချင်သလိုပြောပါ။ မင်း ကျေနပ်သည်ထိအောင်ပြောပါ။ မေက ခွင့်လွှတ်ပြီးသားပါ ” လို့ ခံရသူက ခွင့်လွှတ်ခဲ့ပေမယ့် ဦးဦးနောင်တရလို့မဆုံးဘူး။ ဒီဘဝတစ်သက်မှာ အနုပညာနဲ့ သူတစ်ပါးကို မနစ်နာစေရပါဘူးလို့ ဦးဦး ရာသက်ပန်ဆုံးဖြတ်ပြီး ဒီသီလကို ဆောက်တည်ခဲ့ပါတယ်။

ဦးဦးရဲ့ ချစ်သူဟောင်းတစ်ဦးက ရုပ်ရှင်မဂ္ဂဇင်းစာအုပ်ထဲမှာ ၁၉၆၈ခုနှစ်ဆီက ရင်ဖွင့်တဲ့အချစ်ဝတ္ထုတစ်ပုဒ်ရေးတယ်။ သူရေးတာဟာ အဖြစ်မှန်ကို အခြေခံပါတယ်။ အကြောင်းသိတွေက ကိုယ်တို့ဇာတ်လမ်းပဲဆိုတာ အားလုံးရိပ်မိလောက်ပါရဲ့။ မင်းသမီးက သနားစရာကောင်းအောင်လွမ်းပြီး မင်းသားက လူကြမ်းလူဆိုးဖြစ်သွားတာပေ့ါ။ ရှိစေတော့။ သူ့ဘက်က ဖွဲ့တာကို ဘာမှ ပြန်လည်မချေပလိုတော့ဘူး။

“ အနုပညာရှင်တွေဟာ သာသာနဲ့နာနာ နှက်တတ်ကြတယ်။ အလွန်တရာအထိနာစေတယ်။

(၁) မြသန်းတင့်ရဲ့ မေတ္တာအသေခံ၍

(၂) အောင်လင်းရဲ့ ဗေဒါ

(၃) အောင်လင်းရဲ့ မောင့်မမငြိမ်း

ဒါတွေဟာ တကယ့်ဖြစ်ရပ်မှန်တွေကနေပြီး ပေါက်ဖွားလာတာတွေပဲ။ အာဃာတမစင်လျှင် ဖြူစင်တဲ့ အနုပညာပစ္စည်းတစ်ခုမဖြစ်လာနိုင်ဘူး။ သင်ခန်းစာယူရမှာဖြစ်ပါတယ်။

အနုပညာကို လက်နက်အဖြစ် သူတစ်ပါးကို ပုတ်ခတ်တိုက်

ခတ်ဖို့ ရှုံ့ချကဲ့ရဲ့ဖို့ အသုံးမချမိပါစေနဲ့။ ရှေ့ကလူတွေ မှားပြီး နောင်တရခဲ့ကြပြီးပါပြီ။

ဘာရည်ရွယ်ချက်နဲ့ ရေးရမှာလဲ။

လူသားကောင်းစားရေး၊ လူအများဖွံ့ဖြိုးတိုးတက်ရေး၊ လူ့ဘောင်သာယာအေးချမ်းရေး၊ လူတွေပျော်ရွှင်ချမ်းမြေ့စေရေး စတဲ့ မေတ္တာရှေ့ရှုတဲ့စိတ်နဲ့ရေးရပါမယ်။

စိတ်ကောင်းထားမှ စာကောင်းထွက်ပါတယ်။ စိတ်ယုတ်စိတ်ပုတ်နဲ့ရေးရင် စာပေဟာပုတ်သိုးပြီး လူရာမဝင်နိုင်ပါဘူး။

စာကောင်းရေးချင်ရင်စိတ်ကောင်းအရင်မွေးမြူရမယ်။ ပြီးမှရေးရပါမယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

သတင်းစုံဂျာနယ်
အတွဲ(၃)၊ အမှတ်(၃၄)

☸ ☸ ☸ ☸

# အေးချမ်းသာယာ–ထို့နောက်မှာ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ. . .

ဇွန်လဆန်းထဲမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအဖွဲ့တစ်ဖွဲ့ဟာ မြန်မာနိုင်ငံသို့ လေ့လာရေးနဲ့ ချစ်ကြည်ရေးခရီး ရောက်ရှိလာခဲ့ပါတယ်။ ခုဖေ့တယ်ဆိုသူကခေါင်းဆောင်ပြီး ပြဇာတ်ရေး ဆရာကြီး ဝမ်ခိုင်၊ ကျန်စုပြည်နယ်မှ စာပေအနုပညာပါမောက္ခ ဝမ်ချင်ကျုံး၊ တရုတ်-ဂျပန် ဘာသာပြန်ဆရာ ချိုင်ရှိလူ၊ တရုတ်-အင်္ဂလိပ် စကားပြန် ဝမ်လီ(အမျိုးသမီး)တို့ ပါဝင်တဲ့ (၅)ယောက်ဖြစ်ပါတယ်။

တရုတ်စာရေးဆရာအဖွဲ့က မန္တလေး၊ ပုဂံ စတဲ့ မြန်မာပြည်ရဲ့ ရောက်သင့်ရောက်ထိုက်တဲ့နေရာတွေကို လှည့်လည်ကြည့်ရှုခဲ့ပြီး ပြန်ကာနီးတစ်ရက်မှာ မြန်မာနိုင်ငံစာရေးဆရာများနဲ့ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာတွေကို ဆွေးနွေးပြောဆိုခဲ့ကြပါတယ်။ ဦးဦးနဲ့စကားလက်ဆုံကျတဲ့ စာရေးဆရာအချို့က အသိပညာအတတ်ပညာကို ပြန့်ပွားအောင်လုပ်ဆောင်ကြရာမှာစာရေးဆရာဆိုတဲ့ပုဂ္ဂိုလ်များဟာ အရေးပါ ကြောင်း၊

တိုင်းကျိုးပြည်ပြုတာဝန်ကို ပခုံးထမ်းထားကြရသူများ ဖြစ်ကြောင်း၊ အဲ့ဒီအခန်းကဏ္ဍဟာ လေးနက်ကျယ်ဝန်းကြောင်း၊ အပြန်အလှန် ဆွေးနွေးဖြစ်ကြပါတယ်။

မြန်မာနိုင်ငံမှာ ဘယ်ဘာသာကို အများစုကကိုးကွယ်ကြပါသလဲ။ ဘာသာမရှိသူ ဘယ်ရာခိုင်နှုန်းလောက်ရှိမလဲ သူတို့ကမေးမြန်းပါတယ်။ ဦးဦးကလည်း တရုတ်ပြည်မှာကော ဘာသာတရားကိုးကွယ်မှုမရှိသူ ဘယ်နှရာခိုင်နှုန်းလောက်ရှိပါသလဲ။ စာရေးဆရာအနေနဲ့ကော ဘယ်ဘာသာတွေကိုးကွယ်ကြတာများသလဲ။ ဘာသာမဲ့သူ ဘယ်အချိုးလောက်ရှိသလဲ စသည်ဖြင့် စိတ်ဝင်စားတာတွေ မေးမြန်းစူးစမ်းမိပါသည်။

ဦးဦးကမေးမိတယ်။ မြန်မာပြည်မလာခင်က မြန်မာပြည်အကြောင်း ထူးထူးခြားခြား ဘာများကြားသိထားသလဲ။ တကယ်ရောက်တော့ တွေ့ရမြင်ရတာ ဘာများ လက်တွေ့ ဘယ်လိုခံစားရ ပါသလဲမေးတဲ့အခါ တစ်ယောက်ကဖြေပါတယ်။ (သူတို့ငါးဦးစလုံး ယခင်က မြန်မာပြည်ကိုမရောက်ဖူးကြပါဘူး)

မြန်မာပြည်သို့မလာမီ ကြိုတင်ပြီးတော့ မြန်မာပြည်အကြောင်းရေးထားတဲ့ ဆောင်းပါးတွေ၊ စွယ်စုံကျမ်းတွေ၊ သမိုင်းမှတ်တမ်းတွေကို လက်လှမ်းမီ သမျှ လေ့လာဖတ်ရှုပါတယ်တဲ့။ ဒီအထဲက သတိပြုမိတာတစ်ခုက မြန်မာပြည်သို့လေ့လာရေးခရီးရောက်ခဲ့ဘူးတဲ့ ဟန်ရှောင်ဝေ့ဆိုတဲ့ စာရေးဆရာတစ်ဦးရေးသားထားတဲ့အထဲမှာ မြန်မာပြည်ဟာ ကျေးငှက်သာရကာတွေနဲ့ သဘာဝတောတိရစ္ဆာန်တွေ အုံ့သြရလောက်အောင်ပေါများလှတဲ့တိုင်းပြည်၊ ငြိမ်းချမ်းသာယာမှု အပြည့်အဝရှိလှတဲ့နယ်မြေအဖြစ် ရေးသားထားတာကို တွေ့ရှိခဲ့ရပါတယ်တဲ့။

ကဲဗျာ တကယ်ခင်ဗျားရောက်လာတော့ မြင်ရတွေ့ရတဲ့အခါ သူရေးသားခဲ့တာ ဟုတ်သလားလို့မေးတဲ့အခါ ဆောင်းပါးရှင် ဟန်ရှောင်ဝေ့

ရေးသားထားတဲ့အတိုင်းပဲ အံ့သြရလောက်အောင် ကျေးငှက်သာရကာတွေပေါများတာ၊ သဘာဝသစ်ပင်သစ်တောတွေ များပြားတာ မြင်ရပါတယ်တဲ့။

ဦးဦးက တရုတ်ပြည်ကို ဆယ့်ငါးရက်လောက်လျှောက်ပြီး ကြည့်ရှုလေ့လာခဲ့ဖူးပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်လောက်ကပါ။ ခွေမင့် (ကူမင်း)၊ ပီကင်း(ဘေဂျင်)၊ ရှန်ဟဲ(ရှန်ဟိုင်း)၊ ရှန်ကျားကန်၊ ဆူကျိုစတဲ့မြို့တွေ ရောက်ခဲ့ဖူးပါတယ်။ နံနက်လင်းတာနဲ့ ဦးဦးတို့ပတ်ဝန်းကျင်မှာ စာသံ၊ ကျေးငှက်သာရကာသံ၊ ချိုးသံ၊ ဥသြငှက်သံ၊ ဇရက်၊ ပန်းတိမ်ဖိုငှက်သံ စသည်ဖြင့် ကြားကြရတယ်မဟုတ်လား။ အနည်းဆုံး ကျီးကန်းသံဖြစ်ဖြစ် ကြားရမယ်။ ဦးဦးတို့ အိမ်ရှေ့ကွင်းပြင်မှာ နံနက်ခင်းမျက်နှာသစ်ပြီးတာနဲ့ ဆန်ကွဲစေ့လေး တစ်ပုံး၊ တစ်ပုံးခွဲလောက်ကို နေ့စဉ် ပက်ကျဲပြီး ကျီးစာ၊ ခိုစာ၊ စာကလေးများအစာစားဖို့ ကျွေးနေကြမို့လည်းဖြစ်ပါလိမ့်မယ်။မိုးလင်းရင် ငှက်ကလေးတွေချစ်စရာ ကြားကြရတာ ထုံးစံပဲပေါ့ကွယ်။

တူမောင်ရေ . . .

ဟိုမှာတော့ ဘာငှက်သံမှမကြားခဲ့ရဘူးကွဲ့။ ဆောင်းပါးတစ်ခုထဲမှာဖတ်ဖူးတာကတော့ စာကလေးတွေက စပါးစေ့တွေစားလို့၊ ကြွက်တူရွေးတွေက လူစားမယ့်အစာကိုစားလို့ဆိုပြီး ငှက်သုတ်သင်ရေးကို ခုနှစ်အတွင်း အပြတ်ရှင်းစီမံချက်နဲ့ တောင်ပြည်နယ်တစ်ခုလုံး လူထုလှုပ်ရှားမှုနဲ့ လုပ်ကြဖူးတယ်ဆိုပဲ။ ကြွက်တွေ၊ ခွေးတွေကိုလည်း အဲဒီလိုပဲ ပြတ်ပြတ်သားသားရှင်းပစ်တာပဲတဲ့။ ဒီသတင်းကတော့ ဟုတ်ချင်ဟုတ်မယ်။ လုပ်ကြံပြောတာ၊ ချဲ့ကားပြောတာလည်း ဖြစ်ကောင်းဖြစ်ပါမယ်။ ငှက်သံ၊ ခွေးသံမကြားခဲ့မိတာတော့ ကိုယ်တွေ့ အမှန်ပဲ။ ၂၀-၆-၁၉၉၉ နေ့ စီစီတီဗီသတင်းဌာနအဆိုအရ တရုတ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေး အုပ်ချုပ်မှုအဖွဲ့ရဲ့ ၁၉၉၉နှစ်ပတ်လည်အစီရင်ခံစာမှာ

တရုတ် နိုင်ငံတစ်ဝှမ်းမှာ သစ်ပင်မျိုးစိတ်ပေါင်း ၁၀၀၀ကျော်နဲ့ တိရစ္ဆာန်မျိုးစိတ်ပေါင်းရာနဲ့ချီပြီး မျိုးတုံး ပျောက်ကွယ်မယ့် အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်တဲ့။

မြန်မာပြည်မှာအညာဒေသဆိုရင် ချိုးကူသံကြားရမှာ သေချာတာပေါ့။ ချိုးကလေးတွေကူတာ၊ ဘုတ်ကလေးတွေအီတာ၊ ကျေးငှက်သာရကာတွေရဲ့သဘာဝတေးသံတွေဟာ ဧည့်သည်စာရေးဆရာတွေရဲ့အမြင်မှာ အလွန်တရာကြည်နူးစရာကောင်းအောင် လှပနေတော့တာကိုးကွယ်။

ကြည့်စမ်း။

မိမိနိုင်ငံ၊ မိမိလူမျိုးတို့ဟာ သဘာဝသစ်တောကြီးတွေကိုမြေဧရိယာရဲ့ ၅၀ရာခိုင်နှုန်းအပြည့်အဝ တောဖုံးနေအောင် ကာကွယ်စောင့်ရှောက်ထားနိုင်သေးတာ။ တိရစ္ဆာန်အမျိုးမျိုး၊ ကျေးငှက်အမျိုးမျိုးတို့ကို သဘာဝအတိုင်းထိန်းသိမ်းထားနိုင်ခဲ့တာ၊ ဘယ်လောက်ကျက်သရေရှိလိုက်တဲ့ဂုဏ်ပါလဲ။

ရန်ကုန်နဲ့ မန္တလေးလိုမြို့တော်ကြီးတွေမှာကော လမ်းတစ်လျှောက် သူတို့ရောက်ခဲ့တဲ့ ပုဂံ၊ ပုပ္ပား၊ ကျောက်ပန်းတောင်း စတဲ့ဒေသတွေမှာကော မြန်မာပြည်ရဲ့ပတ်ဝန်းကျင်ကို ထိမ်းသိန်းထားမှုဟာဖြင့်မချီးကျူးပဲမနေနိုင်ကြပါဘူးလို့ တရုတ်စာရေးဆရာအဖွဲ့က ဆိုကြတယ်။

ပုဂံနဲ့ ပုပ္ပါးအကြား၊ ကားလမ်းဘေးကထန်းတောတစ်ခုမှာကားရပ်ပြီး ထန်းရည်ချိုတောင်းသောက်တယ်။ ထန်းရွက်တဲလေးတစ်တဲက အညာသား မြေလတ်သားမိသားစုက ထန်းလျက်ခြင်းကလေးတွေလည်း လက်ဆောင်ပေးသေးတယ်။ ထန်းရည်ချိုလည်း တိုက်ကျွေးကြတယ်။ ပိုက်ဆံပေးတာမယူဘူး။ အခမဲ့ပေးတာ။ စေတနာနဲ့ဧည့်ခံတာပါလို့ ပြောတယ်။ သူတို့သိပ်အံ့သြတယ်။ ကမ္ဘာပေါ်မှာ တစ်ခြားတိုင်းပြည်တွေ ဒီလိုမရှိနိုင်ပါဘူးတဲ့။

သနပ်ခါးပါးကွက်ကြားနဲ့ကလေးမလေးတွေကို သူတို့တွေ့ခဲ့တယ်။ အပြစ်ကင်းစင်တဲ့အပြုံးကိုယ်စီနဲ့ ပျော်ရွှင်လန်းဆန်းနေကြတယ်။ ကျေးလက်တောရွာတွေမှာ ဆင်းရဲကြပုံပေါက်တယ်။ ဒါပေမယ့် လွတ်လပ်အေးချမ်းမှုအပြည့်အဝရှိကြတာလည်း မြင်ခဲ့ရတယ်တဲ့။

မြန်မာပြည်ရဲ့အေးချမ်းသာယာမှုကတော့ အားကျစရာကောင်းလှပါတယ်လို့ သူတို့ကပြောတယ်။ ဧည့်သည်မို့ အိမ်ရှင်ကျေနပ်အောင်တမင်မြှောက်ပြောနေတာမဟုတ်ဘူးတူမောင်။ သူတို့ကအားမနာတတ်ဘူး။ မကြိုက်တာရှိရင် ပွင့်ပွင့်လင်းလင်းမကြိုက်ဘူး၊ သဘောမကျဘူးလို့ ပြောတတ်ကြတာပါ။

ဥရောပနဲ့ အနောက်တိုင်းနိုင်ငံတွေကိုသာ မရောက်ဖူးတာပါ။ အရှေ့တောင်အာရှနိုင်ငံတော်တော်များများကို ဦးဦးရောက်ဖူးပါတယ်။ သဘာဝပတ်ဝန်းကျင် မပျက်စီး၊ မယိုယွင်းရလေအောင် ဘယ်လောက်အရေးကြီးနေတယ်ဆိုတာကို ဦးဦးသဘောပေါက်ပါတယ်။ မြန်မာနိုင်ငံပြည်သူတွေနဲ့ နိုင်ငံတော်အစိုးရကလည်း ကောင်းစွာနားလည်ထားကြပါတယ်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်သစ်တော၊ ရေမြေ၊ သယံဇာတတွေကို ကာကွယ်စောင့်ရှောက်ရေးကို အထူးအလေးပေးပြီး ဆောင်ရွက်နေကြတာပါပဲ။

မှန်တာပြောရရင် မအေးချမ်းခင်ကာလမှာတော့ နယ်စပ်ခြံစည်းရိုးကလည်း မလုံခဲ့ဘူးမဟုတ်လားကွယ်။ နွားတွေခိုးထုတ်၊ သစ်တွေခိုးထုတ်၊ သစ်တွေခိုးခုတ်၊ ကျောက်သံပတ္တမြား၊ သတ္တုကုန်ကြမ်း၊ ရာဘာကုန်ကြမ်း၊ သား၊ ငါး၊ ပုစွန်ဟာ. . . ကုန်းသယံဇာတ၊ ရေသယံဇာတအားလုံးနီပါးပဲပြောပါတော့ကွယ်။ ကုန်ချင်တိုင်းကုန်ပြီး၊ ဆုံးချင်တိုင်းဆုံးခဲ့ရဖူးပါရဲ့။

အခုတော့ သောင်းကျန်းဆူပူမှုတွေလည်း လုံးဝနိဂုံးချုပ်သွား

ပါပြီ။ အပြီးအပိုင်ချုပ်ငြိမ်းသွားခဲ့ပြီ။ လက်နက်ကိုင်အဖွဲ့အစည်းတွေ ကလည်း ဒို့တာဝန်အရေးသုံးပါးကို လက်တွဲဆောင်ရွက်ပြီး ငြိမ်းချမ်းရေး ကို တည်ဆောက်နေပြီ။ တစ်ဖွဲ့တစ်လေကျန်သေးပေမယ့် တစ်ဖက် နိုင်ငံမှာပဲ သူတို့အခြေပြုရတာပါ။ တို့မြေ၊ တို့နယ်ထဲမှာ အခိုင်အမာ တပ်စွဲနိုင်တာရယ်လို့တော့ မရှိတော့ပါဘူး။

ရေမြေသယံဇာတတွေကို ရှေးကထက်ပိုမိုလုံခြုံအောင် ကာ ကွယ်နိုင်တဲ့စွမ်းအား ပြည့်ဝလာပြီလေ။ အထူးသဖြင့် ရေပြင်ပိုင်နက် ထဲကို ရှေးကဆိုရင် ငါးခိုးသင်္ဘောတွေ နေ့နေ့ညညလာပြီးဖမ်းသွား တာပဲ။ မမြင်ပေမယ့် သိနေတယ်လေ။ အေး. . . သိပေမယ့် သူတို့ငါး ခိုးလှေလောက် စက်အင်အားကြီးမားတဲ့ သင်္ဘောမျိုးမှမရှိခဲ့ဘဲ။ လိုက်လို့ မှမမီဘဲ။ သိသိနဲ့ ငုံ့ခံခဲ့ရတာတွေရှိဖူးတာပေါ့။ အခုတော့ တပ်မတော် (လေ)က အသံထက်မြန်တဲ့ဂျက်တိုက်လေယာဉ်က ဝေဟင်ကိုပိုင်စိုးသလို ဦးဦးတို့ရဲ့တပ်မတော်(ရေ)ကလည်း ရေပြင်ပိုင်နက်ကို ယခင်ကာလများ ထက် ပိုမိုထိန်းချုပ်စိုးမိုးနိုင်တဲ့ အင်အားတွေရှိလာခဲ့ပေပြီ။

အိမ်နီးနားချင်းတွေက လေးစားလာရပြီ။

ငါးခိုးလှေတွေ၊ ပုစွန်ခိုးဖမ်းတဲ့သင်္ဘောတွေ မဝင်ရဲတော့ပြီ။ ခေတ်မီတဲ့မြန်မာ့တပ်မတော်(ရေ)ရဲ့ စွမ်းပကားကိုလည်း သိနေကြပြီ။ အခုမှပြောပြရမှာပဲ။ ဟိုတုန်းတစ်ချိန်ကဆိုရင် ဝေဟင်ပိုင်နက်မှာ လေယာဉ်တွေက ဖြတ်ချင်တိုင်းဖြတ်၊ ပျံချင်တိုင်းပျံနေတာ တူမောင်။ အင်းပေါ့လေ သိပေမယ့် ပစ်ချနိုင်တဲ့ခေတ်မီလက်နက်လည်း မရှိခဲ့ဘူး။ လိုက်ပစ်နိုင်တဲ့ ခေတ်မီနောက်ဆုံးပေါ်လေယာဉ်တွေလည်း မရှိ သေး ဘူး။ ဟောဗျ။ အခုကျတော့ တပ်မတော်ကြီးတွေခေတ်မီလာမှန်း သိ တော့လေးစားတယ်။ (ခွဲညားကြပါတယ်) ဝေဟင်ပိုင်နက်ထဲ ဖြတ်ပါရ စေ။ မြန်မာ့ဝေဟင်ပိုင်နက်ကို ဘယ်ကဝင်၍ ဘယ်သို့ပြန်သန်း ပါရစေ။ ကြိုတင်ခွင့်တောင်းပြီးမှ နေ့စဉ် ကောင်းကင်ယံက ဖြတ်သန်း သွားနေကြ ပါပြီ။ ကဲ. . . ဒါကိုကြည့်ပေတော့။

အေးချမ်းပြီ၊ လုံခြုံပြီ၊ ကာကွယ်နိုင်ပြီ၊ သာယာပြီဆိုတော့ သူတစ်ပါးက ရှေးကထက်ပိုပြီး လေးစားခံ့ညားလာရတာပဲပေါ့။ ရှေးဆက်ပြီးသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြဖို့ရှိတာပဲ။ ချမ်းသာကြွယ်ဝအောင်၊ ဖွံ့ဖြိုးတိုးတက်လာအောင်လုပ်ဖို့လိုတာ၊ အခုလိုအေးချမ်းသာယာဖို့လိုတာမဟုတ်လား။ ဒီလိုတည်ငြိမ်ဖို့ရာ နှစ်ပေါင်း များစွာ ဦးဦးတို့ကြိုးစားခဲ့ရတာ။

တူမောင်တို့ ဆက်ပြီး လက်ဆင့်ကမ်းတာဝန်တွေကျေပွန်ကြပါစေနော် -

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
၁၉-၆-၉၉

☸ ☸ ☸ ☸

# သားလိမ္မာများသို့သိကြားစေ–

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ . . .

သကြၤန်တွင်းမှာ ဦးဦးဟာ ကမ္ဘာအေးဘုရားလမ်း၊ ချော်တွင်းကုန်းရပ်မှာရှိတဲ့ ချမ်းမြေ့ရိပ်သာကျောင်းမှာ သက်နိုးဝတ်၍ ကောင်းမှုကုသိုလ်များ ဖြည့်ကျင်းဆည်းပူးပါတယ်။ အသက်အရွယ်၅၀ကျော်ပြီ။ ပညာလည်းရှာခဲ့ပြီးပြီ၊ ဥစ္စာလည်းရှာခဲ့ပြီးပြီ။ မကြာမီရောက်ရှိလာတော့မယ့် အိုခြင်းတရားနဲ့ သေခြင်းတရားတို့ကို ပြုံးပြုံးရွှင်ရွှင်နဲ့ ရင်ဆိုင်ဖြတ်သန်း နိုင်ဖို့ရာအတွက် ဒါန၊ သီလမျိုးစေ့များအပြင် ဘာဝနာရိက္ခာကိုလည်း စုဆောင်းရပါတယ်။

ဧပြီလနွေရာသီဟာ မြန်မာပြည်မှာ အပူပြင်းဆုံးအချိန်ကာလမဟုတ်လား။ တရားလာပြီးအားထုတ်နေတဲ့ကိုရီးယားရဟန်း၂ပါး၊ ဂျပန်နိုင်ငံမှယောဂီ စတဲ့အအေးပိုင်းတိုင်းပြည်ကလူတွေဆိုရင် ကြောကော့နေတာပေါ့။ သို့သော် တရားရှုမှတ်အားထုတ်တဲ့နေရာမှာ သူတို့ကဝီရိယမှာ အလွန်တရာသာလွန်တာကို တွေ့ရှိရပါတယ်။ နိုင်ငံနဲ့လူမျိုးကို

ချီပြီးပြောရင်တော့ မသင့်တော်ဘူးထင်ရဲ့။ မြင်ရတဲ့ဆရာတော်ဦးဇင်း ၂ပါးချ နှိုင်းယှဉ်ရတာတော့ဖြင့် ကိုရီးယားဘုန်းကြီးနှစ်ပါးက ဖွဲ့ လုံ့လ အလွန်ကောင်းကြတာ(၁၂)ရက်ကာလ ကိုယ်တွေ့မြင်ရခဲ့ပါတယ်။

သူတစ်ပါးနိုင်ငံသားသံဃာတော်များရှေ့မှာ မိမိလည်း မေ့လျော့၊ ပေ့ါဆ၊ မပျင်းရိရအောင် အထူးပဲကြိုးစားအားစိုက်ပြီး ရှုမှတ်ပါတယ်။ နံက်၃နာရီခွဲထကြရပြီး ည၁၀နာရီအထိ ဝိပဿနာကမ္မဋ္ဌာန်းတရားများ ကြိုးစားဆောင်ရွက်ရတာကိုး။ နိုင်ငံခြားသား၊ နိုင်ငံတကာရဲ့ အလယ်မှာ မြန်မာဆိုတာ ခပ်ညံ့ညံ့၊ ခပ်ချာချာ၊ ခပ်ပျော့ပျော့အမျိုးအစားလို့ ထင်မှတ်သွားမှာ စိုးရိမ်မိတယ်မောင်။ ကိုယ်တစ်ဦးကိုမြင်တာနဲ့ လူမျိုးပါအထင်မသေးရအောင်တော့ ကြိုးစားရတယ်ဗျ။

ရဟန်းဘောင်ကထွက်လို့ လူဝတ်ကြောင်ဖြစ်စမှာ ဆော့သ်ဝေးလ်(ယူကေ)မှ မြန်မာသင်္ဘောသားတစ်ယောက်ဆီက ပေးစာတစ်စောင်ရရှိသည်။ သူက ဦးဦးရဲ့ဆောင်းပါးတွေကိုဖတ်ရှုနေတဲ့ စာဖတ်ပရိသတ်တစ်ဦးလို့ သိရပါတယ်။ သူက ဒေါက်တာရဲနိုင်၊ သောင်းဝေဦးတို့ရဲ့စာအုပ်များကိုလည်း ဖတ်ပါတယ်၊ ကြိုက်ပါတယ်လို့ ရေးထားတယ်။ သူတို့အလုပ်လုပ်တာ မြောက်ပင်လယ်ထဲမှာတဲ့။

မြောက်ပင်လယ်ရေနံတွင်းတွေမှာ သင်္ဘောနဲ့ရေနံတွင်းတူးစင်တွေကို လှည့်လည်ကူညီဆောင်ရွက်ရတဲ့ လုပ်ငန်းမျိုးတွေလို့ဆိုပါတယ်။ အဲဒီသင်္ဘောတစ်စီးလုံးက မြန်မာတွေတဲ့။ အင်ဂျင်နီယာချုပ်ကစ အောက်ခြေကဝန်ထမ်းအထိ သင်္ဘောပေါ်ပါသမျှဟာ မြန်မာချည်းပဲလို့ ဆိုပါတယ်။ ကမ္ဘာ့ရေကြောင်းမှာ သင်္ဘောမောင်းနှင်နေတဲ့ မြန်မာအင်ဂျင်နီယာတွေ၊ မြန်မာပညာရှင်တွေ၊ မြန်မာသင်္ဘောသားတွေ သက်သက်အလုပ်လုပ်တဲ့ သင်္ဘောကြီးရှိတယ်ဆိုတာ ဦးဦးဖြင့် ယခင်စိတ်ကူးယဉ် (ဖြစ်ချင်တာ) လို့ပဲထင်တာ။ ဟောဗျာ ယခုတော့လက်တွေ့မျက်မြင်တကယ်ရှိနေပါကောလား။ ဝမ်းသာစရာ၊ ဂုဏ်ယူစရာကောင်းလိုက်တာ

နော်။ ပျော်စရာသတင်းကောင်းတစ်ခုမဟုတ်လား။

အမိမြန်မာပြည်ဂုဏ်တက်စေဘို့အတွက် ကျွန်တော်တို့ဗမာတွေဟာ အမြဲတမ်းလိုလို ရာသီဥတုဆိုးရွားတဲ့ ဥရောပမြောက်ပင်လယ်မှာ အထူးပဲကြိုးကြိုးစားစား အလုပ်လုပ်ကြတယ်လို့ဆိုပါတယ်။ ကောင်းတာပေ့ါကွယ်။

သူကမြန်မာပြည်ကိုပြန်ချင်တယ်။ ခွင့်ရရင် ခွင့်ရတဲ့၂လအတွင်း မြန်မာပြည်ကိုပြန်လာပြီး ရေနွေးကြမ်းသောက်ချင်တယ်။ ငါးပိချက်တို့စရာနဲ့စားချင်တယ်။ ဆေးပေ့ါလိပ်ဖွာချင်တယ်တဲ့။ သူရေးတာ အထူးသဖြင့် နိုင်ငံတော်အစိုးရရဲ့ တည်ဆောက်ပြုပြင်အောင်မြင်မှုတွေကို မြင်ချင်ကြည့်ချင်တယ်တဲ့။ အဲ့ဒီအောင်မြင်မှုတွေကို မျှဝေခံစားပြီး ကြည်နူးချင်ပါတယ်တဲ့။

သို့ပေမယ့်. . .

သို့ပေမယ့် သူတို့ရတဲ့သတင်းတချို့က သတင်းမှားတွေ၊ ပုံပျက်ယိုယွင်းအောင် လိုရာဆွဲထားတဲ့ သတင်းတွေက များနေပုံရတယ်။ ဥရောပမှတစ်ဆင့်ရရှိတဲ့ အဲဒီကမီဒီယာတွေက ထုတ်လွှင့်တဲ့သတင်းတွေအရ -

(၁) မြန်မာပြည်ပြန်ရင် သင်တန်းတွေတက်ရမယ်။
(အဲဒါမှန်ပါတယ်)

(၂) သင်တန်းတွေက အချိန်သိပ်ကြာကြတယ်။
အဲဒါမဟုတ်ပါဘူး

(၃) စာရွက်စာတမ်းကိစ္စတွေလုပ်ရမယ်။
(ဒါလည်းမှန်တယ်ပဲလို့ပြောကြပါစို့)

(၄) အဲဒီစာရွက်စာတမ်းလုပ်ရတာ၊သင်တန်းတက်ရတာတွေဟာအနည်းဆုံး၆လလောက်ကြာတတ်တယ်လို့ ကြားသိရတယ်။

(အဲဒါမဟုတ်ဘူး။ သက်သက်လုပ်ကြံတဲ့ မဟုတ်မမှန် သတင်းညှပ်ထည့်လိုက်ခြင်းပါ။)

' တိုတိုပြောရရင် အထက်ပါ(၄)ချက်ကို သူကြားသိရတော့ စိတ်ပျက်မိတယ်။ ခွင့်မယူရဲဘူး။ ခွင့်၂လအမီ မြန်မာပြည်ထဲ ပြန်မဝင်ရဲဘူး။ သူ့လိုပဲ ကြားသိနေတဲ့သင်္ဘောသားတစ်ချို့ဟာလည်း ဘန်ကောက်တစ်ချို့ စကာ်ပူတစ်ချို့ လည်ပတ်ပြီး အလုပ်ခွင်ရှိရာ ပြန်ပြေးလာကြသတဲ့။ ကြားကသတင်းမှားညှပ်ထည့်တဲ့ အနောက်တိုင်း မီဒီယာရဲ့ အဖျက်စကားဟာ ကြောက်စရာပဲ။

ကောလဟာလတွေကို နားယောင်နေတဲ့ ဥရောပရှိအလုပ်လုပ်နေကြတဲ့သူတွေဟာ မြန်မာပြည်ကိုမပြန်ရဲကြပါဘူး။ မြန်မာပြည်မှာ သုံးစွဲရမယ့်နိုင်ငံခြားငွေကို၊ စကာ်ပူတို့ ဘန်ကောက်တို့မှာ သုံးဖြုန်းပြီး ပြန်သွားကြပါသတဲ့။ အမိမြန်မာပြည်နစ်နာပါတယ်တဲ့ သူကစာရေးပါတယ်။

သူမြန်မာပြည်ကို ခွင့်ပြန်လာချင်တယ်
သူတို့သင်္ဘောက ၂လပဲခွင့်ပေးတာ

၂လအတွင်း အလုပ်ခွင်ပြန်မဝင်ရင် အလုပ်မှလက်မခံတော့ဘူး။ ခွင့်လွန်ပျက်ကွက်အနေနဲ့ ပြန်မခန့်တော့ဘူး။ မြန်မာပြည်ကို ခွင့်နဲ့သူလာခဲ့ရင် ၂လအတွင်းပြန်ထွက်လို့ရပါမလား။ စုံစမ်းပေးစေလိုပါတယ်။ သူ့လိုပဲ မြန်မာပြည်ကိုခွင့်ပြန်လာချင်တဲ့ သင်္ဘောသားတွေ အများကြီးရှိပါတယ်တဲ့။

အထူးသဖြင့် ရှေ့တန်းနယ်စွန်နယ်စပ်ဒေသတွေမှာ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ရှုပ်ရှုပ်ချွံချွံထမ်းဆောင်နေကြတဲ့ တပ်မတော်သားတွေကို ကျွန်တော်တို့ တက်နိုင်သလောက် လှူဒါန်းချင်ပါတယ်တဲ့။ သူရဲ့ စာထဲမှာ ရေးထားတယ်။

တူမောင်

ဦးဦးစိတ်မကောင်းဘူး။ ဒါနဲ့ရေရေရာရာ တိတိကျကျသိရှိရအောင် သက်ဆိုင်ရာကိုစုံစမ်းမေးမြန်းပါတယ်။ မြန်မာနိုင်ငံမှ နိုင်ငံခြားသင်္ဘောသားများ သင်္ဘောတက်ရောက်မှုနှင့်စပ်လျဉ်းလို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးဦးအောင်ကြိုင်ထံ မေးမြန်တဲ့အခါ -

(၁) ၁၉၉၈ခုနှစ်မတိုင်မီက သင်္ဘောသားတစ်ဦး မြန်မာနိုင်ငံပြန်ရောက်ပြီး ၁လခန့်အတွင်း သင်္ဘောပြန်တက်ရန်ခက်ခဲခဲ့ကြောင်း။

ဘာကြောင့်လဲဆိုတော့ - ထားတော့

(၂) ၁၉၉၈ခု၊ ဧပြီလမှစ၍နိုင်ငံခြားသားသင်္ဘောသားတစ်ဦးရန်ကုန်လေဆိပ်သို့ ပြန်လည်ဝင်ရောက်လာရင် သူ့ရဲ့ Citizen Pass Port ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ အပ်နှံစရာမလိုတော့ဘူး။

(၃) မိမိကိုယ်တိုင် သိမ်းခွင့် ကိုင်ခွင့်ရှိပြီ။

(၄) ထို့ကြောင့် Citizenb Pass Port အတွက် ပြန်ရဖို့ရာစောင့်ဖို့ မလိုတော့ဘူး။ ထို့ကြောင့် ဒီအတွက်ဘာမျှကြန့်ကြာစရာမရှိတော့ဘူး။

(၅) အောက်ပါသက်မှတ်ချက် (စာရွက်စာတမ်းတွေလည်းကိုက်ညီဖို့တော့လိုတယ် -

(က) Up grading Course သင်တန်း၁ပတ်တက်ပြီးရမယ်။ တက်ပြီးရင် ၅နှစ်ကင်းလွတ်ခွင့်ပြုတယ်။ သင်တန်းကိုဒေါပုံသင်္ဘောကျောင်းမှာ ဖွင့်လှစ်ပို့ချနေတယ်။ အပတ်စဉ်ဖွင့်လို့ အချိန်မကြာပါ။

(ခ) နိုင်ငံခြားမှာသွားလုပ်တဲ့ သင်္ဘောသားဟာ အခွန်ဆောင်ပြီး/မပြီးစိစစ်ခံရပါမယ်။

(ဂ) Certificate မှာခွင့်ပြုထားသည့် သက်တမ်းကုန်ဆုံးခြင်းရှိ/မရှိ စိစစ်ပါလိမ့်မယ်။

(ဃ) မြန်မာနိုင်ငံကိုရောက်ရောက်ခြင်း အခွန်ဆောင်ရတာရှိမယ်။ အခွန်မဆောင်ရင် ဒဏ်ငွေပေးဆောင်ရပါမယ်။

(င) နောက်တစ်ကြိမ် သင်္ဘောပြန်တက်ရန် ကာယကံရှင်က မြန်ချင်သလို နိုင်ငံတော်ကလည်း မြန်မြန်ပဲ ပြန်တက်စေချင်လို့ အပြည့်အဝကူညီဆောင်ရွက်ပေးနေကြပါတယ်။

ဘာကြောင့်လည်းဆိုတော့ မြန်မာနိုင်ငံမှာ သင်္ဘောသားတွေနိုင်ငံခြားမှာအလုပ်လုပ်နေကြတဲ့အတွက် နိုင်ငံတော်မှာ သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးလုပ်ငန်းမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၄သန်းကျော် ရနေကာမို့ပါ။ ဒီလုပ်ငန်း မြန်ဆန်သွက်လက်အောင်လုပ်ဆောင်နေပါသတဲ့။ မြန်မာသင်္ဘောသားများရဲ့ အရည်အသွေးပြည့်ဝမှု၊ ကြိုးစားမှု၊ ပါးနပ်လိမ္မာမှု၊ လုပ်ငန်းကျွမ်းကျင်မှုတွေကြောင့် နိုင်ငံတကာမှာ မျက်နှာပန်းလှနေပါတယ်တဲ့။

တူမောင်

ဘေးပြောတာကိုမယုံနဲ့၊ သွေးပြောတာကိုယုံပါ။

အနောက်တိုင်းမီဒီယာအချို့က သတင်းမှန်ကို ရွဲ့စောင်းပုံပျက်သွားအောင် လုပ်ကြံသတင်း၊ ကောလဟာလညှပ်ထည့်တဲ့သတင်းမှားတွေကိုမယုံပါလေနဲ့။ သင်္ဘောသားများခွင့်ပြန်လာရင် အမိမြန်မာနိုင်ငံရဲ့ ရင်ခွင်ကို ပြန်လာပါ။ ၂လအတွင်း ပြန်ထွက်နိုင်စေရန် သက်ဆိုင်ရာမှ

စီမံဆောင်ရွက်ထားကြတာတွေ့ရှိရကြောင်း သတင်းကောင်းပြန်ကြား လိုက်ပါတယ်။

(U.K မှာ အလုပ်လုပ်နေသော. . . . . . . . သို့)

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
၁၈-၅-၂၀၀၁

☸ ☸ ☸ ☸

# နှိုးကြားတဲ့ အမျိုးသားအောင်ပွဲနေ့

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ. . .

လွန်ခဲ့တဲ့(၄)နှစ်ကာလ ယခုလို စာဆိုတော်ရာသီချိန်အခါမှာ မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က သူတို့မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အို စာဆိုပုဂ္ဂိုလ်၊ စာရေးဆရာကြီးများကို ပူဇော်ကန်တော့ပွဲတစ်ရပ် ပြုလုပ်ခဲ့တယ်။ ဦးဦးတက်ရောက်ပြီး ဝမ်းမြောက်နုမော်သာစုခေါ်ခဲ့တယ်။ အဲ့ဒီပွဲမှာ ဦးစိုးညွန့်(ဒုတိယဝန်ကြီး) နဲ့ လက္ခဏာဆရာဦးစံတင်အောင် တို့လည်း အားပေးတက်ရောက်တာ တွေ့ကြရတယ်။ သူတို့ဟာ ဦးဦးရဲ့ရှေ့မှာပဲ 'ဒါမျိုးဟာ အင်မတန်ကြည်နူးစရာကောင်းတယ်။ အခါအခွင့်သင့်တဲ့အခါ ကျွန်တော်တို့ကြိုးစားပြီး ဒီလိုပူဇော်ဂုဏ်ပြုမှုကို အတုယူပြီး လုပ်ကြရအောင်လို့ သဘောတူဆွေးနွေးကြတာကိုကြားခဲ့ပါတယ်။ ဘေးကနေဝမ်းသာလိုက်မိရဲ့။

မနှစ်ကတော့ စတင်အကောင်အထည်ဖော်ခဲ့ပြီ။ ယဉ်ကျေးမှု ဒုတိယဝန်ကြီး ဦးစိုးညွန့် (ကဗျာဆရာကြီးထီလာစစ်သူ)

နဲ့လက္ခဏာဆရာကြီးဦးစံတင်အောင်တို့ရဲ့ကျေးဇူးသစ္စာ မြတ်ပဏ္ဍာ ရံပုံငွေအဖွဲ့ ဟာ ၁၉၉၉ခုနှစ် ပထမအကြိမ်ဂုဏ်ပြုချီးမြှင့်ငွေ (၆)သိန်းကို စတင်မတည်ထူထောင်ပြီး လူပုဂ္ဂိုလ်(၆)ဦးကို ဂုဏ်ပြုခဲ့လေပြီ

(၁) ဆရာကြီးဦးသုခ(ဦးသိန်းမောင်)
(၂) ပခုက္ကူဦးအုံးဖေ
(၃) နုယဉ်
(၄) သုတေသီ ရာမညကိုကိုနိုင်
(၅) ဆရာချယ်
(၆) ဦးလှမောင်(အငြိမ်းစားသံအမတ်ကြီး)

၂၀၀၀ပြည့်နှစ် ၁၉-၁၁-၂၀၀၀ပြည့်နှစ်မှာ ယခုနှစ်အတွက် ဂုဏ်ပြုချီးမြှင့်ငွေ (၉)သိန်းကို လူပုဂ္ဂိုလ်(၇)ဦးနဲ့ ကျောင်းရုံး(၂)နေရာကို ဂုဏ်ပြုလှူဒါန်းပြန်ပါပြီ။ အဲ့ဒါတွေကတော့

(၁) ဘိုကလေးတင့်အောင်
(၂) ဂီတလုလင်မောင်ကိုကို
(၃) ကိုကိုမောင်(ဦးချစ်လှိုင်)
(၄) ဗိုလ်ဘုန်းအောင်
(၅) ကိုသန်း(ကြည့်မြင်တိုင်)
(၆) နောင်( မောင်မောင်လတ်)
(၇) ယုဝတီခင်စိန်လှိုင်( ဒေါ်ခင်ခင်စိန်)
(၈) အထက(၂)ရွှေဘို
(၉) တပ်မတော်မှတ်တမ်းရုံး

ကျပ်တစ်သိန်းစီ ငွေပဒေသာပင် စိုက်ထူမတည်ပြီး ရရှိတဲ့ အတိုးအပွားကို နှစ်စဉ်ပူဇော်မှာဖြစ်ပါတယ်။ မြို့မကျောင်းလမ်း၊ အမျိုးသားဇာတ်ရုံမှာကျင်းပတဲ့ ဒီဂုဏ်ပြုပူဇော်ပွဲမှာ ဆရာဗိုလ်ကလေး တင့်အောင်က သူတို့ဌာနေ ကျိုက်လတ်မြို့ကို တစ်ည အိပ်ခရီးအတူ

လိုက်ခဲ့ပါလားလို့ ဦးဦးကို ဖိတ်ခေါ်တယ်။ ရေလမ်းခရီး သွားရခဲ့တဲ့ ဦးဦးလည်း ချက်ချင်းပဲ လိုက်ပါမယ်ဆရာလို့ ဝန်ခံလိုက်ပါရဲ့ (ခေါ်ရ ခက်လိုက်တာနော်)

ရန်ကုန်မှာရှိတဲ့ ကျိုက်လတ်မြို့နယ်အသင်းဟာ အားကျစရာ ကောင်းအောင် အင်အားတောင့်တင်းပြီး စည်းလုံးညီညွတ်ပေတာပဲ။ ဥက္ကဌ ဗိုလ်မှူးကြီး ဇော်မင်း (အငြိမ်းစား)ခေါင်းဆောင်တဲ့ ပုဂ္ဂိုလ်များ အမှုဆောင်များနဲ့ အဖွဲ့ဝင်အားလုံးဟာ တက်ညီလက်ညီ ထောင့်စေ့ အောင် ပူးပေါင်းဆောင်ရွက်ကြပုံများဟာ အထူးအားရစရာကောင်းတာ ပဲကွယ်။

ရန်ကုန်မှ ကျိုက်လတ်သို့ တစ်ရက်တစ်ညအိပ်သင်္ဘောကြီးနဲ့ အသွားအပြန်သွားရောက်ကြတဲ့ခရီးရဲ့ ရည်ရွယ်ချက်တွေကတော့ အလွန်မွန်မြတ်တယ်ကွဲ့။

(၁) အမျိုးသားအောင်ပွဲနေ့ အကြောင်းအထကကျောင်းမှာ ဟောပြောရန်၊
(၂) အထကကျောင်းမှာ အာစရိယပူဇော်ပွဲကျင်းပရန်၊
(၃) မဟာသဒ္ဒမ္မဇောတိကဓဇဘွဲ့ရဆရာကြီး ဒေါက်တာသုခ (ဦးသိန်းမောင်)အားတပည့်တပန်းသားမြေးများက စုပေါင်းဂုဏ်ပြုပူဇော်ရန်၊
(၄) ညဦးမှာ စာပေဟောပြောပွဲပြုလုပ်ရန်၊
(၅) ညပိုင်းမှာ ဆိုကြမယ်ပျော်ကြမယ်သီချင်းဆိုလေ့ကျင့် ကြခြင်းနဲ့ ဆုပေးခြင်းတို့ဖြင့် ဂီတပညာရှင်များ မွေးထုတ် ပေးခြင်း အားပေးခြင်းကို ဆောင်ရွက်ရန် စတဲ့ အချက် များဖြစ်ပါတယ်ဗျား။

ဒီခရီးမှာ ဆရာကြီး ဦးသုခတို့ဇနီးမောင်နှံ၊ ဗိုလ်ကလေး တင့် အောင်တို့ ဇနီးမောင်နှံ၊ ဂီတလုလင်ဦးကိုကို၊ အဆိုတော်စန္ဒယားချစ်

ဆွေ၊ ကိုမောင်မောင်လတ်၊ ကိုမောင်မောင်ကြီး၊ စောင်းဦးသိန်းဟန်ကြီးနဲ့ ခင်စိုးဝင်း၊ ရုပ်ရှင်မင်းသမီးဆွေဇင်ထိုက် အစရှိတဲ့ အနုပညာရှင်တွေ ပါဝင်ကြတယ်။ မနည်းဘူးဗျ။

အိမ်တိုင်းစေ့ လမ်းတံတားမှာ နိုင်ငံတော်အလံကို တလူလူ လွှင့်ထားကြလို့ လမ်းတိုင်းလမ်းတိုင်းမှာ အလံတွေရဲရဲနီ၊ အိမ်ပေါက်စေ့ နိုင်ငံတော်အလံတွေထူထားတာမို့ လေအလွင့်မှာ တစ်မြို့လုံးရဲရဲနီစွေး၊ ဩော် ဇာတိသွေးဇာတိမာန်ထက်သန်နိုးကြားစေတဲ့ မြင်ကွင်းပါပဲ တူမောင်။ အတုယူချင်စရာပါ။

အထက(၁)မှာ ဆရာကန်တော့ပွဲလုပ်တယ်။ အသက်(၅၀) ကျော်ဆရာဆရာမတွေဟာ အသက်(၇၀-၈၀)ကျော် သူတို့ရဲ့ ဆရာ ဆရာမကြီးတွေရှေ့မှာ ကလေးတွေပြန်ဖြစ်ပြီးပျော်လို့။ တစ်ယောက်ကို တစ်ယောက်လက်ဆွဲ၊ ပခုံးဖက်ပြီး ဆံရစ်ဝိုင်းနဲ့ သျှောင်ပေစူးဘဝလို့ အောက်မေ့နေသလားပဲ။ စကားပြောလိုက်ကြတာ သောသောညံ။ မြင်ရတာကြည်နူးစရာ လွမ်းစရာကြီးကွယ်။ ရင်ထဲမှာ တစ်ဆို့ဆို့ ခံစားပြီး မျက်ရည်ဝဲမိတယ်။

အထက(၂)မှာ အမျိုးသားအောင်ပွဲနေ့အကြောင်း၊ ဂီတစာဆို ဗိုလ်ကလေးတင့်အောင်က ကျောင်းသူကျောင်းသားတွေကို ဟောပြောတယ်။ အော်ဂင်စန္ဒယားနဲ့ ဘုံနဲ့၊ (ခါးပြတ်တီးဝိုင်းဆိုပါစို့)။ အမျိုးသား ရေးနှိုးကြားစေခဲ့တဲ့ ခေတ်ဆန်းချိန်၊ နဂါးနီအစရှိတဲ့ တေးများကို ကို မောင်မောင်ကြီး၊ ကိုမောင်မောင်လတ်၊ ထား အစရှိတဲ့ အဆိုတော်များနဲ့ သီဆိုတီးမှုတ်ပြီး ဟောပြောခဲ့တယ်။ ကောင်းလိုက်တာ။

ဂီတစွမ်းအား လက်နက်ဟာ အင်မတန်ထက်မြက်တယ်မဟုတ်လား။ ကြားရသူတိုင်း လက်သီးလက်မောင်းတန်းပြီး ထ-ဟစ်အော်ချင်လောက်အောင် နိုးကြွစေတာပေ့ါ။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို မြှင့်တင်ရေးဆိုတာ ဒီလိုဆောင်

ရွက်ချက်တွေပေါ့။ ဘယ်သူကမှ ပိုက်ဆံတစ်ပြားတစ်ကျပ်ပေးတာလဲ မဟုတ်ဘဲနဲ့ အသက် (၇၆)နှစ်အရွယ် ဗိုလ်ကလေးတင့်အောင်ဟာ သူ့မြို့သူ့ရွာကို အမျိုးသားအောင်ပွဲနေ့မှာ အခမဲ့လာရောက်ဟောပြော တင်ပြနေတာ တူမောင်စဉ်းစားကြည့်။ မြေးအရွယ်မြစ်အရွယ် မျိုးဆက်သစ်လူငယ်တွေကို ချစ်လို့ ပြောတာမှတ်ပါ။ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းတက်ကြဖို့ နှိုးဆော်တာ။

ညချမ်းအခါမှာ ကျိုက်လတ်မြို့တော်ခန်းမဇာတ်ရုံကြီးမှာ ရုံပြည့်ရုံလျှံ အားပေးကြတာ ပရိသတ်ပေါင်း ထောင်နဲ့ချီလို့ပေါ့။

ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာသုခ(ဦး သိန်းမောင်)ကို တပည့်တပန်း ကျိုက်လတ်မြို့သူမြို့သားများက ပူဇော်ကန်တော့ကြတယ်။ ဆရာကြီးက “ မွေးဇာတိမြို့က ပူဇော်ကြတာမို့ အမှန်ပဲ စိတ်လှုပ်ရှားမိပါတယ်။ သတိနဲ့ လောကဓံတရားရဲ့ ရိုက်ခတ်မှုကို ထိန်းသိမ်းရပါတယ် ” တဲ့။

ဆရာချစ်ဦးညိုဟောပြောပါတယ်။

ရာဇဝင်ဖြစ်စဉ်တွေ၊ ဇာတ်ကွက်တွေကို စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်ဟောပြောပါတယ်။ မိနစ် ၄၀လောက်နဲ့ အဆုံးသပ်ပါတယ်။ လူငယ်တွေက ဆိုကြမယ် ပျော်ကျမယ်ကဏ္ဍကို မျှော်လင့်နေကြတာကိုး။

ဦးဦး စင်ပေါ်တက်တယ်။ လူငယ်များအတွက် ကြီးပွားချမ်းသာကြောင်း သမ္ဗဒါတရား(၂)ချက်ကို နာရီဝက်လောက်ဟောပြောတယ်။ ရယ်စရာလေး(၂)ခုလောက် ညှပ်ထည့်ပြီး စင်ပေါ်က ဆင်းခဲ့တယ်။ ပရိသတ်ကတော့ မျက်ရည်ထွက်ကျလောက်အောင် ရယ်မောပြီး တသောသောကျန်ခဲ့လေရဲ့။

ပြီးတော့ ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်တဲ့ ဆိုကြမယ် ပျော်ကြမယ်အဆိုပြိုင်ပွဲပေါ့။

လူငယ်ပေါင်း(၁၀၀)ကျော်အနက်မှ လက်ရွေးစင်(၃၀)ကို

ယနေ့ညစင်မြင့်ပေါ်မှာ အော်ဂင်တီးဝိုင်း၊ မြန်မာ့ဆိုင်းဝိုင်း၊ သို့မဟုတ် စီဒီကာရာအိုကေ ဓာတ်ပြား သူနှစ်သက်ရာနဲ့ သီဆိုယှဉ်ပြိုင်စေပါတယ်။

လူငယ် ၃၀ ရဲ့စပ်ကြားမှာထား၊ စန္ဒရားချစ်ဆွေတို့ရဲ့ မေတ္တာလက်ဆောင်သရုပ်ပြသီဆိုခြင်းများလည်း ပါဝင်ပါတယ်။ အရသာရှိလိုက်တဲ့ ဂီတညချမ်း။ ကျိုက်လတ်မြို့သူမြို့သားများ မအိပ်တမ်း နားဆင်ပြီး ကြည်နူးကျေနပ်ရတဲ့ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်၊ အမှတ်တရ ညပါတကား။

ည (၂) နာရီခွဲ သန်းခေါင်ကျော်ချိန်မှာ ပွဲသိမ်းပြီး (၂)ထပ်သင်္ဘောနဲ့ ကျိုက်လတ်ဆိပ်ကမ်းမှ (၃)နာရီကျော်ကျော် ခွာခဲ့ကြတယ်။ လွမ်းလောက်စရာအမှတ်တရ ခရီးတစ်ခုပါပဲကွယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

သတင်းစုံဂျာနယ်
အတွဲ(၄)၊ အမှတ်(၁၃)

☸ ☸ ☸ ☸

# ပညာအရောင် ထွန်းလင်းပြောင်

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ. . .

အတွေးအခေါ်မှန်ကန်ရေးနဲ့စိတ်ဓာတ်မြင့်မားရေးဆိုတဲ့ ခေါင်းစဉ်နဲ့ ၁၉၉၈ခုနှစ်၊ ဇွန်လ ၂၄ရက်နေ့မှာ မြန်မာနိုင်ငံစာပေနဲ့စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံမှာ ဦးဦးဖတ်ကြားတင်သွင်းခဲ့တယ်ပြောတော့ တူမောင်က စိတ်ဝင်စားစရာကောင်းလိုက်တာ။ ဘာတွေပါသလဲ ကျွန်တော်တို့ကို ပြန်ပြောပြပါဦးဆိုလို့ ဒီစာမှာ မှတ်မိသမျှကို အကျဉ်းချုပ် ပြန်ပြီး ရေးလိုက်မယ်နော်။

ဦးဦးဟာ ဒီစာတမ်းကို ပြုစုစဉ်က သာမန်စာပေနဲ့ စာနယ်ဇင်းအဖွဲ့ဝင်ဆောင်းပါးရှင်တစ်ယောက်ပဲဖြစ်ပါသေးတယ်။ အဲဒီဒုတိယအကြိမ် မြန်မာနိုင်ငံစာပေနဲ့စာနယ်ဇင်းအဖွဲ့ညီလာခံကမှ ဗဟိုအလုပ်အမှုဆောင်အဖြစ်နဲ့ အတွင်းရေးမှူး(၁)အဖြစ် အတည်ပြုခန့်အပ်ခြင်းကို ခံခဲ့ရတာဖြစ်ပါတယ်။ အဲဒီတုန်းက စာတန်းဖတ်ကြားကြတာ အခြားလေးစောင်ရှိပါသေးတယ်-

(၁) နိုင်ငံတကာသို့ မြန်မာစာပေဖြန့်ချိရေး

(၂) အမျိုးသားရေးလက္ခဏာထိန်းသိမ်းရေး

(၃) မြန်မာကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး

(၄) မြန်မာအမျိုးသမီးများ၏ လူမှုရေးစွမ်းဆောင်မှုဖြစ်စဉ်

စာတမ်းတွေကို အဖွဲ့များခွဲကာ အဖွဲ့ငယ်များတိုင်ပင်စုဝေးပြီး ရေးသားပြုစုခဲ့ကြတာဖြစ်ပါတယ်။ တစ်ဦးကောင်းတစ်ယောက်ကောင်းအနေနဲ့ ရေးခဲ့ကြတာမဟုတ်ပါဘူး။ စာပေညီအစ်ကိုမောင်နှမတစ်တွေ ညီညီညွတ်ညွတ်နဲ့ စိတ်တူသဘောတူ စုဆောင်းရှာဖွေပြီး ရေးသားပြုစုခဲ့ကြတာမို့ အကြောင်းအရာ၊ အချက်အလက်တွေ တော်တော်ကောင်းပါတယ်။

အတွေးအခေါ် မှန်ကန်ရေးနဲ့ စိတ်ဓာတ်မြင့်မားရေးကို ဦးဦးကတင်သွင်းဖတ်ကြားရပေမယ့်စုပေါင်းရေးသားခဲ့ကြတာက ဦးကျော်ဇေယျ၊ ဦးကျော်မြင့်၊ ကြိုးသဲညွှန့်နိုင်စတဲ့ ပုဂ္ဂိုလ်တွေပါဝင်ပါတယ်။ ဒီစာတမ်းမှာ အပိုင်း(၃)ပိုင်းပါဝင်ပါတယ်။

(၁) မြန်မာတို့ရဲ့ ရိုးရာအစဉ်အလာ

(၂) မျက်မှောက်ကာလ လူမှုအခြေအနေနဲ့

(၃) လုပ်ဆောင်ကြရမယ့်တာဝန်ဆိုတဲ့ အပိုင်းကဏ္ဍများဖြစ်ကြပါတယ်။ စာပေညီလာခံတက်ရောက်လာကြတဲ့ စာပေပညာရှင် ၃၀၀-၄၀၀ကို တင်ပြရမှာဆိုတော့ ခန့်ခန့်ညားညား၊ လှလှပပနဲ့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ရေးကြရပါတယ်။ အသေးစိတ်တော့ ဦးဦးမမှတ်မိတော့ဘူး။ ဒါပေမယ့် ညီလာခံတက်ရောက်ကြတဲ့ စာပေမိတ်ဆွေတွေကတော့ ဦးဦးဖတ်တဲ့(အဖွဲ့နဲ့ စုပေါင်းပြုစုရေးသားခဲ့တဲ့)စာတန်းဟာနားထောင်ချင်စဖွယ်ရှိပါတယ်လို့ ပြောကြတာပဲ။

အဲသည်လောက် အားပေးခံရရင်ပဲ မဆိုးလှပါဘူး။ ကျေနပ်စရာပါပဲကွယ်။ ကြိုးစားပြုစုကြရတဲ့ လူတွေအပင်ပန်းခံရကျိုးနပ်ပါ

တယ်လေ။

မြန်မာ့ရိုးရာအစဉ်အလာမှာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ အပြုအမူသုံးမျိုးရှိတယ်မဟုတ်လား။

(၁) ကာယကံ၊ ကိုယ်အပြုအမူ

(၂) ဝစီကံ၊ နှုတ်အပြောအဆို

(၃) မနောကံ၊ စိတ်ကြံစည်တွေးခေါ်မှု၊ စိတ်ကူး

ဒီကံသုံးပါးအနက်မှာ စိတ်ကူးစိတ်သန်း၊ အတွေးက ရှေးဦးစွာဖြစ်ပေါ်တာမဟုတ်လား။ ခံစားချက်ပဲဖြစ်ဖြစ်၊ ယူဆချက်ပဲဖြစ်ဖြစ်၊ အတွေးအခေါ်ကအရင်လာတာပါ။ အတွေးအခေါ်မှန်ကန်ရင် အပြောအဆိုဖြစ်စေ၊ အလုပ်အကိုင်ဖြစ်စေ၊ နောက်ကလိုက်လာတဲ့အပြုအမူတွေဟန်ကျတာပဲ။

အဲဗျ။ အတွေးအခေါ်ကသာ လွဲချော်နေပြီဆိုလို့ကတော့ စိတ်ဓာတ်တွေနိမ့်လျောကျဆင်းပြီး အပြောအဆို၊ အနေအထိုင်၊ အလုပ်အကိုင်၊ အပြုအမူတွေပါ ယိမ်းယိုင်ဖောက်ပြန်ကုန်တော့တာပဲ။ သဘာဝဟာပျက်ပြားကျဆင်းရတာပဲ။

စိတ္တေန နိယတိလေကော၊

စိတ်ရဲ့အလိုနောက်သို့ရောက်ရှိသွားတတ်တာမို့ စိတ်သည်လောကကို ဆောင်သည်တဲ့။

စိတ်အတွေးအကြံ၊ စိတ်ကူးမမှားဘို့ လိုတယ်။ အတွေးအခေါ်မှန်ကန်ဖို့ရာဆိုတာ ပတ်ဝန်းကျင်ကထိတွေ့နေတဲ့ သက်ရှိအသိုင်းအဝိုင်းရဲ့ ရိုက်ခတ်မှုတွေသိပ်အရေးကြီးတယ်ကွယ်။ မှဆိုးနားနီးမုဆိုး၊ တံငါနားနီးရင်တံငါဆိုသလိုပဲ။ ပတ်ဝန်းကျင်က ဆွဲဆောင်သိမ်းသွင်းတာကိုနီးရာစပ်ရာ လိုက်ပါပြောင်းပါသွားတတ်တဲ့သဘာဝရှိတာကိုး။

မိမိက ပညာရှိသူ၊ သူတော်ကောင်းများကို ရှာဖွေ၊ ရွေးချယ်၊ ချဉ်းကပ်ပေါင်းဖော်ရမယ်။ လူကောင်းလူတော်တွေနဲ့ ပေါင်းတော့ မွှေးပျံ့

တဲ့ပန်းနဲ့ထုတ်ရတဲ့ ဖတ်ရွက်လိုပေါ့။ ကိုယ်မှာမွှေးသင့်တယ်။ ကူးစက်ပျံ့နှံ့တဲ့ မွှေးရနံ့ကို ရပေတယ်။

အေး-မှတ်ထား။ ချဉ်ပတ်စော်နံတဲ့အူချဉ်ပေါက်နေတဲ့ လူတွေနဲ့ လုံးလားထွေးလားသွားနေကြည့်။ မိမိပါချဉ်စော်၊ ချေးစော်နံရော။ အတူနေတော့ စိတ်တွေက ဆက်နေတာ၊ ကူးစက်တယ်။ ဥပမာပြောတာ။

သန့်ရှင်းဖြူစင်သူ၊ မွန်မြတ်စိတ်ထားရှိသူများနဲ့ နီးစပ်စွာဆက်ဆံပေါင်းသင်းအပ်ပါတယ်။ ဒါမှသာ မိမိလည်း တန်ဖိုးရှိတဲ့လူ၊ အဖိုးတန်တဲ့လူ ဖြစ်လာမှာမလွဲ။ မိတ်ကောင်းဆွေကောင်းဆိုတဲ့ ကလျာဏမိတ္တသမ္ပဒါဟာ မိမိရဲ့ ရည်ရွယ်ချက်ပန်းတိုင်သို့ ရာခိုင်နှုန်းပြည့်ရောက်အောင် ပို့နိုင်ပါတယ်တဲ့။ ပညာရှိကို ဆည်းကပ်ပါ။ လူမိုက်လူယုတ်တွေနဲ့ ဝေးစွာနေပါ။ မရောမနှောလေနှင့်။ ပူဇော်ထိုက်သူကို ပူဇော်ပါ အစရှိတဲ့ မင်္ဂလာတရားတော်ပါ မြတ်စွာဘုရားရဲ့ အဆုံးအမတွေဟာ နာယူလိုက်နာသူတွေအတွက် အလွန်အဖိုးတန်တာပဲ။ သောဝစသတ္တာဆိုတဲ့ နာယူတတ်ခြင်း၊ နာခံလွယ်ခြင်းဆိုတဲ့ ဂုဏ်အင်ဟာလည်း မင်္ဂလာတပါးပဲ။ အာခံခြင်း၊ မာန်ထောင်ခြင်း၊ မနာခံခြင်း၊ ခေါင်းမာမာနဲ့ ညင်းပယ်တတ်ခြင်းတို့ဟာ အဆင်းလမ်းကိုသွားမယ့် လက္ခဏာတွေပေါ့။ နိမ့်ကျပျက်ယွင်းခြင်းဆီသို့ သက်ဆင်းမယ့်လူတွေပေါ့။

မျက်မှောက်ခေတ်ကာလကား တည်ငြိမ်အေးချမ်းတဲ့ အမျိုးသားရေးလက္ခဏာတွေ ခိုင်မာတည်တံ့ရေးကတစ်ဘက်၊ ထိုးနက်ထိုးဖောက် လာနေတဲ့ အနောက်တိုင်းယဉ်ကျေးမှုရဲ့စည်းကမ်းကာလနားမရှိ ဒိုးယိုပေါက်မွှေနှောက်ရောယှက်ချင်တဲ့ ယဉ်ကျေးမှုအင်တာနေရှင်နယ်ဖြစ်ရေး (သူတို့သာလျှင် နေရာဝင်ယူချင်တဲ့) မီဒီယာလှိုင်းများကတစ်ဘက် အပြင်းအထန်အားပြိုင်နေရတဲ့ အခြေအနေဖြစ်ပါတယ်။

ဟန်တင်တန်ဆိုတဲ့ ပညာရှင်တစ်ယောက်ကပြောဖူးတယ်။

လက်ဝဲအယူအဆ၊ ကွန်မြူနစ်ဝါဒကတော့ ၂၀ရာစုအဆုံးသတ်(၁၀) နှစ်ကာလမှာ ဒီမိုကရေစီစနစ် လက်ယာဝါဒကို အရှုံးပေးပြီး ပွဲသိမ်းသွားပြီးပြီ။ စစ်အေးတိုက်ပွဲပြီးဆုံးသွားခဲ့ပြီတဲ့။ ဒါပေမယ့် ဥရောပယဉ်ကျေးမှုနဲ့ အာရပ်ယဉ်ကျေးမှု၊ ခရစ်ယာန်ယဉ်ကျေးမှုနဲ့ အာရှတန်ဖိုးစတဲ့ ယဉ်ကျေးမှုစစ်မျက်နှာမှာ အားပြိုင်လွန်ဆွဲပွဲတွေကတော့ ၂၁ရာစုခေတ်ဦးမှာဆက်လက်ပြီးရှိနေဦးမှာပဲ။ ယဉ်ကျေးမှုရေးရာ အပြန်အလှန်လွှမ်းမိုးရန် ကြိုးစားမှုတွေ ပိုမိုပြင်းထန်လာမယ်လို့ သုံးသပ်ခဲ့တယ်။ သူတို့ လက်ဦးအောင် ထိုးစစ်ဆင်နေတဲ့ သဘော။ အင်း-ပြူတင်းတံခါးများကို ဖွင့်လိုက်တဲ့အခါ လေကောင်းလေသန့်တွေ ဝင်လာမယ်။ အလင်းရောင်ရမယ်။ မှန်တယ်။ ထို့ပြင် အမှိုက်တွေလည်း ဝင်လာ မယ်။ ဖုံတွေ သဲတွေလည်း ဝင်ရောက်လာမှာပဲဖြစ်တယ်။ ခေတ်မီတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးရတယ်။ နိုင်ငံတကာနဲ့ ရှေးကထက် ပိုမိုကျယ်ပြန့်စွာ ဆက်ဆံပြီး အပြန်အလှန် ထိတွေ့ကြရတယ်။ ဒီအခါမယ် ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အနုပညာ တန်ဖိုးထားမှုသဘောထားများ စသည့် လူမှုရေးတွေဟာ အပြန်အလှန် စီးဝင်လာကြရတယ်။ အတွေးအခေါ်၊ အတွေ့အမြင်တွေထဲမှာ ကောင်းတာ အတုယူစရာတွေလည်းပါ။ မကောင်းတာ အတုမြင်စရာတွေလည်းပါ။ ကြုံတွေ့ရမှာပဲ။ ဒါကြောင့် ဘဝအမြင် လောကအမြင် မှန်ကန်ဖို့လိုတယ်ကွယ်။အတွေးအခေါ်မှန်ကန်ရမယ်။ စိတ်ဓာတ်မြင့်မားခိုင်မာရမယ်။ နယ်ချဲ့လက်သစ်တို့ရဲ့ ခြေလှမ်းတွေ နည်းပရိယာယ်တွေ၊ ငါးမျှားချိတ်နဲ့ ငါးစာတွေ ကျုံးသွင်းမှုတွေကို နားလည်ရမယ်။ အမြင်မတိုရဘူး။ ယနေ့ခေတ်ဟာ သိပ္ပံနှင့်နည်းပညာများ တဟုန်ထိုး အံ့မခန်းတိုးတက်နေတဲ့ ခေတ်မျိုးဖြစ်ပါတယ်။ လူ့သမိုင်းတစ်လျှောက်မှာ အံ့ဩလောက်တဲ့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ခုန်ပျံကျော်လွှားတိုးတက်မှုတွေ ရှိနေပါတယ်။

မှန်တယ်။

သို့သော် -

တဖက်ဆောင်းနှင်း မီဒီယာအင်အားကြီးများနဲ့ ငါပြောတာမှ အဟုတ်၊ ငါလုပ်တာမှအမှန်၊ ငါခိုင်းသမျှနာခံ၊ ငါဆန္ဒအားလုံးကို လိုက်နာဆိုပြီး အနုနည်း အကြမ်းနည်းတွေနဲ့ အနိုင်ကျင့်ဩဇာပေးဒါတွေကိုတော့ ခေါင်းငုံ့ဝပ်လျှိုးခံနေလို့မရဘူး။

အမျိုးသား ပင်ကိုယ်ဟန်တည်ရှိမှု National Idenity ကို မပျက်မယွင်းအောင် ကာကွယ်နိုင်သေးတယ်။ ဒီအချက်ရဲ့ တန်ဖိုးကို ပျောက်ဆုံးခဲ့ရပြီးသူတွေရဲ့ ညည်းညူတမ်းတမှုတွေ ကြားသိရလို့ ပို၍ သိနိုင်တယ်။ သင်ခန်းစာပေါ့။

စာရေးဆရာတွေဟာ လမ်းပြရှေ့ဆောင်ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ နိုင်ငံနဲ့ လူမျိုးရဲ့ နားနဲ့မျက်စိဖြစ်ကြပါတယ်။ ပြည်သူတွေကို အတွေးအခေါ်မှန်ကန်ရေးအတွက် အလင်းစွမ်းအားထွန်းညှိထားပြီး လမ်းကောင်းပြသပေးကြပါလို့ ဦးဦးက တင်ပြဖတ်ကြားခဲ့ပါတယ်။

ချစ်စွာသောဦးဦး

ချစ်နိုင်(စိတ်ပညာ)

၃၁-၈-၂၀၀၀

☸ ☸ ☸ ☸

# တရားမျှတလွတ်လပ်ခြင်းနဲ့မသေ့

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

နွေနှောင်းကာလ မိုးဦးမကျတကျတွင် ခရီးတစ်ခုထွက်ခဲ့ရလေသည်။ ရန်ကုန်မှာ ရာသီဥတုပူသည်။ ယခုနှစ်မှာ အညာတွင်လည်း ပူပြင်းသည်ဟုသိရသည်။ သင်္ကြန်တွင်းမှာ ရိပ်သာစခန်းတစ်ခု၌ ရဟန်းဝတ်ရာဧကသီသက်န်းသည် စကြ်န်လျှောက်စဉ် စိုရွှဲနေတော့၏။ ရာသီဥတုသည် ပူသည့် ရာသီမှာပူမည်။ အေးသည့်အခါတွင်အေးမည်။ လူ၏ အလိုကိုမလိုက်။ မည်သူ၏အကြိုက်ကိုမှမလိုက်။ သူ့သဘာဝအတိုင်းသာလျှင် ဖြစ်ပေါ် ပြောင်းလဲစမြဲဖြစ်၏။

မေလ ၁၀ရက်နေ့ ရန်ကုန်မှ ထွက်ခဲ့သောအခါ ရာသီဥတုသည်ပူသည်။ လေယာဉ်ဟဲဟိုးသို့ ဆိုက်ရောက်သောအခါ ဟဲဟိုးမှာလည်းပူသည်။ ဟဲဟိုးမှ ရဟတ်ယာဉ်ဖြင့် ဆက်လက်ပြီး ရပ်စောက်ဗထူးတပ်မြို့သို့ ရောက်ရှိသောအခါတွင်လည်း ညနေခင်းသည် ပူပြင်းနေဆဲပင်။

ကဆုန်၊ နယုန်ဆွေ့ဆွေ့ခုန်ဟု စာဆိုစကားရှိပေသားပဲ။ ကဆုန် လပြည့်ကျော်အချိန်သည် နေမင်းခေါင်းပေါ် တည့်တည့်ရှိနေချိန်ဖြစ်၍ ပူပေလိမ့်မည်။ နွေ၏ သင်္ကေတဖြစ်သော ဥသြသံလေးများကိုတော့ ကြားနေရလေသည်။

နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း၊ ရှေးရှေးသောမြန်မာကြီးများသည် တောတောင်ကန္တာရကို ဖြတ်ကျော်၍ ခရီးသွားခဲ့ကြသည်။ အာသံ၊ မဏိပူရသို့လည်းရောက်သည်။ ဆစ်ဆောင်ပန္နားသို့လည်း ပေါက်သည်။ ဇင်းမယ်(ယခုအခေါ် ချင်းမိုင်)၊ လင်းဇင်း၊ သောက်ကတဲ(ဆူခိုးထိုင်)၊ အယုဒ္ဓယမှသည် မာလာယုကျွန်းဆွယ်အောက်ဖျားအထိတိုင်ရောက်ခဲ့ပေါက်ခဲ့သည်။ ရှေးမြန်မာနိုင်ငံတော်မှာ ယခုခေတ်ကဲ့သို့ အမြဲတမ်းတပ်မတော်မရှိ။ လူဦးရေကလည်း ယခုထက်ဆယ်ပုံတစ်ပုံပင်မရှိ။ မြန်မာလူမျိုးသည် လူဦးရေမများလှသော်လည်း ခရီးကတော့ ရှည်လျားသည်။ နိုင်ငံတော်ကြီးကို ကျယ်ဝန်းအောင် ထူထောင်နိုင်သည်။ ဩဇာအာဏာကြီးမားအောင်ထူထောင်နိုင်သည်။

အမြဲတမ်းတပ်မတော်မရှိပါသော်လည်း မြို့ရွာအလိုက် လယ်လုပ်၊ ကုန်သွယ်၊ ရောင်းဝယ်ဖောက်ကားသာမန်အရပ်သားအားလုံးမှ သန်မာသူ၊ ကြံ့ခိုင်သူ၊ ရောဂါဘယကင်းရှင်းသူ၊ လူရွယ်မှန်သမျှ ရပ်ရွာအကြီးအကဲက မောင်းထု၍ လူစုလိုက်လျှင် အိမ်ခေါင်းရင်းထရံမှာ ချိတ်ထားသည့် ဓားနှင့် ဓားအိမ်ကိုပိုက်၍ ထွက်လာကြလေသည်။ ငါးယောက်တစ်ဖွဲ့၊ ဆယ်ယောက်လျှင် တစ်အိုးစား စုဖွဲ့သည်။

" သူများမောင်မှာ စစ်သံကြားလျှင်
နာဖျားဥပါယ်ခိုကြတယ်။
နှမလေးမယ်တို့မောင်မှာ
စစ်သံကြားလျှင် ရွှေဓားပိုက်ကာ
အိုးစားဘက်ကို လိုက်လို့ရှာတယ် "

ရှင်ငြိမ်းမယ်

သတ္တိနည်းသူ၊ သူရဲဘောကြောင်သူ၊ အချို့လူငယ်လူပျိုတို့က ဖျားလို့ပါ၊ နာလို့ပါ။ ရောဂါရမယ်ရှာ၍ စစ်ချီရာသို့ မလိုက်ပါရစေနှင့် ရှောင်ကြသည်လည်းရှိတာတ်ပါ၏။ မြန်မာလူမျိုး၊ မြန်မာနိုင်ငံ ဂုဏ်သိက္ခာမြင့်မားရေးကို အသက်ပေး၍ တာဝန်ကျေလိုကြသော မြန်မာလူငယ်လူရွယ်အပေါင်းတို့ကမူ စစ်မောင်းသံတဒူဒူ စစ်စည်သံမြည်သံဟိန်းပြီဆိုလျှင် ရွှင်ပျအားရ အမည်စာရင်းပေးကြလေပြီ။ စစ်ချီရာသို့ လိုက်ဖို့အသင့်။ ဇင်းမယ်ကို ငြိမ်ဝပ်အောင်နှိမ်နင်းရမည်။ လိုက်မည်။ သောင်္ကတဲကိုအေးချမ်းအောင် ရှင်းလင်းရမည်ဆိုလည်းပါမည်။ အယုဒ္ဓယရှိယိုးဒယားတို့က ထောင်ထားခြားနားကြသဖြင့် ချေမှုန်းရှင်းလင်းရဦးမည်ဆိုလည်း လိုက်ပါလိုကြသည်။ မြန်မာလူမျိုးရှေးအဘေးအဘိုးတို့သည် အင်ဒိုချိုင်းနားကျွန်းဆွယ်တစ်ခုလုံး သိမ့်သိမ့်တုန်အောင် စစ်လက်ရုံး၊ စစ်ဘုန်းကြီးမားခဲ့ကြသူများဖြစ်ကြလေသည်။ အာရှသမိုင်းစာမျက်နှာများတွင် မြန်မာလူမျိုးတို့၏ စစ်ရေးစွမ်းရည်ကို လေးစားစွာဖြင့် မှတ်တမ်းတင်ခဲ့ကြသည် ဖြစ်ပါ၏။ ချင်းမိုင်ခေါ် ဇင်းမယ်ဒေသသည် မြန်မာပိုင်နယ်မြေ၊ လက်အောက်ခံအဖြစ် နှစ်ပေါင်း၂၅၄နှစ်ကြာ နေလာခဲ၏။ ထိုဒေသရှိ ဘုရားစေတီပုထိုးများသည် အားလုံးမြန်မာပန်းပု၊ ပန်းချီ၊ ပန်းတော့၊ ပန်းတမော့လက်ရာများဖြင့် တည်ဆောက်ခဲ့ကြ၏။ အထောက်အထားဖြစ်၏။

နေအိမ်နှင့်ခွဲခွာ၍ ဆင်တပ်၊ မြင်းတပ်၊ လှေတပ်တို့ဖြင့် ဓါးကိုပိုက်လျက် ခရီးထွက်ခဲ့ကြသော ရှေးရှေးမြန်မာတို့၏ စစ်ရေးစွမ်းရည်ကြောင့် မြန်မာကို မည်သူမှ မထိရဲ။ မစော်ကားရဲခဲ့ချေ။ မြန်မာသတ္တိသွေးကိုအိမ်နီးနားချင်းမိတ်ဆွေများအားလုံးသိကြသည်။ မြန်မာလူငယ်တို့သည်။ စစ်မြေမှာကြာညောင်းရက်ရှည်နေနိုင်သည်။ တစ်ခါသော်အယုဒ္ဓယမြို့ကို ဝန်းရံ ပိတ်ဆို့ကြရသည်မှာ တစ်နှစ်နီးပါးပင် ကြာလေသည်။ ယိုးဒယားပြည်မှာ နွေမိုးဆောင်းနေထိုင်ရသည့် ထိုးကွင်းမင်ကြောင်နှင့် မြန်မာစစ်သားကြီးများကို မြင်ယောင်ကြည့်ပါဘိ။

စစ်ရေးအင်အားခိုင်မာကြီးမားခဲ့သည့် မြန်မာတို့၏ အတိတ်သမိုင်းသည် မိမိတို့ မျိုးရိုးဗီဇသွေးကြောထဲတွင် ပူနွေးစွာစီးဝင် ရှင်သန်ဆဲပင်ဖြစ်ပါသည်။ ယနေ့မြန်မာသည် ရှေးမြန်မာ၏ သွေးသာတည်း။

“ ရိုင်းပြစော်ကား၊ သူကမှားသော်
သူ့အားရှုံ့ကြောက်၊ ဒူးမထောက်နဲ့
ကြောက်ပါပြီစကား၊ မပြောကြားအလျှဉ်း
လည်စင်းမပေးနဲ့။
မွေးပါသတ္တိ
ရှိစေတရားနှင့် အညီတည်း ”

မောင်စန်းသော်
(ချစ်သမီးသို့၊ စာမျက်နှာ ၁၀၂ မှ)

မျက်မှောက်ခေတ် ကမ္ဘာ့အရေးအခင်းများကို ဖြန့်ကျက်ကြည့်ရှုမည်ဆိုလျှင် ကြီးနိုင်ငယ်ညှဉ်းဝါဒကို ပြောင်ပြောင်တင်းတင်းကျင့်သုံးလာသည်ကို တွေ့မြင်ရမည်။ နိုင်ငံငယ်များ၏ ရေထု၊ မြေထု၊ လေထု ပိုင်နက်နယ်နိမိတ်ကို ရန်စသလိုလို၊ မထေ့မဲ့မြင်လိုလိုနှင့် ဖြတ်ကျော်ချင်ကြသည်။ ထိုသို့ ဖြတ်ကျော်ဝင်ရောက်ချေမှုန်းလိုသဖြင့် လူ့အခွင့်အရေး၊ လူသားအချင်းချင်းစာနာထောက်ထားရေး၊ ဘာသာအရေး၊ ညာအရေးစသော ဝါဒဖြန့်ချက်များ လှိုင်လှိုင်လွှင့်ကာ ကျူးကျော်စော်ကားမှုကို တရားဝင်သလို ဖြစ်အောင် အုပ်စုအသိုက်အဝန်းနှင့် ဆောင်ရွက်နေကြသည်။ ဤသို့ဗိုလ်ကျစိုးမိုးမှုကို တစ်နိုင်ငံတည်းပြုလျှင် တရားခံဖြစ်နိုင်သဖြင့် နေတိုးစစ်အုပ်စုကို ရှေ့တန်းတင်ပြီး ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ယူဂိုစလားဗီးယားပြည်တွင်းရေးတွင် ရက်ပေါင်း (၈၀) အတွင်း လေကြောင်းမှ တန်ချိန်(၇၀၀၀)ကျော် ဗုံးကျဲတိုက်ခိုက်ချေမှုန်းခြင်းကိုကြည့်။

နေတိုးအဖွဲ့ဝင်နိုင်ငံတို့၏ အကျိုးစီးပွားကို ထိခိုက်လာလျှင်

ကမ္ဘာပေါ်ရှိ မည်သည့်နေရာကိုအဆို စစ်အင်အားသုံးလျက် စွက်ဖက်မည်ဖြစ်ကြောင်း ဤကဲ့သို့ နေတိုး၏ စစ်အင်အားအသုံးပြုမှုအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ သဘောတူခွင့်ပြုချက်ဟာ မလွဲမသွေ ရယူရမည့်အချက်တစ်ချက်မဟုတ်ကြောင်း ၁၉၉၉ခုနှစ်၊ နေတိုးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်အဖြစ် ချမှတ်ထားသည်ကို ကြည့်။

ကမ္ဘာ့နိုင်ငံငယ်များသည် အင်အားချိန်ခွင် ညှာပျက်ပြားသွားပြီဖြစ်သော စစ်အေးကာလလွန်အခြေအနေမှာ နိုင်ငံကြီးအချို့၏ စစ်ရေးအရ အကြောင်းရမယ်ရှာကာ ကျူးကျော်ဝင်ရောက်မှုကို တနေ့နေ့မှာမလွဲမသွေကြုံတွေ့လာနိုင်ကြောင်း သုံးသပ်ရပါသည်။ အရှေ့အုပ်စုနှင့်အနောက်အုပ်စုအင်အားချိန်ခွင်လျှာ ညီမျှနေခဲ့စဉ်က ချုပ်ဆိုခဲ့သော Anti Ballastic Missile Treaty ကို ဥပေက္ခာပြုပြီး Theatre Missile Defence, National Missile Defence စနစ်တွေကို တစ်ဘက်သတ်လုပ်ကိုင် လာခြင်းကိုကြည့်။

ခေတ်သစ်စစ်ပွဲနှင့် ပတ်သက်၍ အခြေခံအကျဆုံးအချက်မှာ အဖျက်စွမ်းအားကြီးမားပြီး ထိရောက်တိကျသော ခေတ်သစ်စစ်လက်နက်ပစ္စည်းများအဆက်မပြတ်တိုးတက်တီထွင်နေခြင်းဖြစ်သည်။ ဓါတုလက်နက်၊ ဇီဝလက်နက်၊ ပိုးမွှားလက်နက်များလည်းပါသည်။ သူလျှိုတပ်ဖွဲ့၊ အထူးတပ်ဖွဲ့၊ အဆင့်မြင့်နည်းပညာစစ်ဆင်ရေးစသည်တို့လည်း ပါဝင် သည်။ ခေတ်သစ်စစ်ပွဲများမှာ အာကာသကို အသုံးပြုမှု၊ ဝေဟင်စိုးမိုး မှု၊ ရေပြင်နှင့် ရေအောက်မှ ပံ့ပိုးဆောင်ရွက်မှုအပြင် မြေပြင်မှ ပစ်ခတ် ချေမှုန်းမှုများကိုလည်း တွေ့ကြုံကြရမည်ဖြစ်သည်။ ထို့ကြောင့်အရပ် မျက်နှာပေါင်းစုံက အချိန်ကိုက် တိုက်ခိုက်ခြင်းကို ကာကွယ်တုန့်ပြန်ရန် လိုအပ်သည်။

တူမောင်

စစ်တို့၏ သဘောမှာ သတင်းလက်ဦးမှုသည် အရေးကြီးလှသည်။ ယနေ့ကာလမှာ အာကာသအတွင်း လွှတ်တင်ထားသော

ထောက်လှမ်းရေးဂြိုလ်တုများဖြင့် သတင်းစုဆောင်းထောက်လှမ်းခြင်းကို ပြုလုပ်နေကြသည်။ ဂြိုလ်တုအမြောက်အများကို တစ်ချိန်တည်းမှာ အသုံးပြုနေကြသဖြင့် နတ်မျက်စိကဲ့သို့ မြင်နေကြရသည်။ တိကျစွာ အာရုံခံနိုင်ကြလေသည်။

ထောက်လှမ်းရေးလေယာဉ်များအသုံးပြုကာ ဝေဟင်အပိုင်းကလည်း ထောက်လှမ်းနေကြသည်။ ပြီးခဲ့သည့် ဧပြီလ(၁)ရက်နေ့က တရုတ်ဝေဟင်ပိုင်နက်အတွင်းမှာ လေယာဉ်ဝန်ထမ်း ၂၄ဦးပါသော EP-3 အမျိုးအစားအမေရိကန်ထောက်လှမ်းရေးလေယာဉ်တစ်စီးကို တရုတ်တိုက်လေယာဉ်၂စင်းက ကြားဖြတ်ဟန့်တားခဲ့ရသည်။ ဒေါ်လာသန်း၈၀ကျော် တန်ဖိုးရှိသော အမေရိကန်ရေတပ်ပိုင် ထောက်လှမ်းရေးလေယာဉ်ကြီးသည် တရုတ်တို့၏ ခေတ်အမီဆုံးစစ်သဘောနှင့် ရေငုတ်သင်္ဘောနည်းပညာတွေကို ထောက်လှမ်းခြင်းဖြစ်နိုင်သည်။ သို့မဟုတ် တိုင်ဝမ်ရေလက်ကြားတစ်ဝိုက် တရုတ်၏စစ်ရေးလှုပ်ရှားမှုကို စောင့်ကြည့်ခြင်းလည်း ဖြစ်နိုင်လေသည်။ ထိုလေယာဉ်သည် ဟိုင်နန်ကျွန်းမှာ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ စစ်မြေပြင်သည် အလျား၊ အနံ၊ အမြင့်ဟူသော သုံးဘက်စလုံးမှာ ကျယ်ပြန့်လာသောသဘောရှိလေသည်။ ထောက်လှမ်းရေးစနစ်မှာ အီလက်ထရောနစ်နည်းစနစ်၊ ရောင်ခြည်သုံးနည်း၊ မျက်မြင်နည်းတို့နှင့် ဆောင်ရွက်လျက်ရှိကြသည်။ အာရုံ သိစနစ်ပါသော ခဲယမ်းများ၊ လေဆာနှင့် ထိန်ကျောင်းသော ခဲယမ်းများ၊ အီလက်ထရောနစ်ချိန်ကိုက်စနစ်ပါသော ခဲယမ်းများ စသည်ဖြင့် ပစ်မှတ်ရှာကိရိယာပါသောဗုံးများ၊ ဒုံးများကြောင့် ပစ်ခတ်မှုသည် အလွန်တရာ တိကျနေပြီဖြစ်ပေသည်။

ခေတ်သစ် ၂၁ရာစုတွင် စစ်ဖြစ်လာခဲ့သော် စစ်မြေပြင်တစ်ခုလုံးကို အီလက်ထရွန်နစ် နည်းပညာနှင့်စိုးမိုးထားကြရလိမ့်မည်ဖြစ်သည်။ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များအားလုံးသည် ဒစ်ဂျစ်တယ် နည်း

ပညာကိုသုံးပြီးပူးပေါင်းစစ်ဆင်ကြလိမ့်မည်။ မည်သို့ပင်ရုပ်ဝတ္တုပစ္စည်း များပြောင်းလဲဆန်းသစ်နေသော်လည်း ပြည်သူလူထုနှင့် တပ်မတော်သားတို့၏ နိုးကြားရဲဝံ့သော စွမ်းရည်သတ္တိသည်ကား အဆုံးအဖြတ်အင်အားဖြစ်လေသည်။

နိုင်ငံနှင့်လူမျိုးအတွက် မည်သည့်ရန်သူကိုမဆိုရဲဝံ့စွန့်စားစွာဖြင့် ကျရာနေရာမှ တာဝန်သိစွာတိုက်ခိုက်ချေမှုန်းကြခြင်းသည် ခိုင်မာသောအာမခံချက်ဖြစ်၏။ မျိုးဆက်သစ်လူငယ်များသည် ခေတ်အဆက်ဆက် ဘိုးဘွားမိဘတို့ရယူထိန်းသိမ်းကာကွယ်ခဲ့သည့် အမိမြေကို ရန်သူ့လက်သို့ တစ်လက်မမျှ မကျရောက်အောင် ကာကွယ်ကြရပေလိမ့်မည်။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုးသည် မည်သူ့ကိုမှ ရန်သူဟုသဘောမထား။ မည်သည့်လူမျိုးကိုမှလည်း မမုန်းတီး၊ မဖျက်ဆီးလိုပေ။ မေတ္တာတရားအရင်းခံဖြင့် ဖြူစင်ရိုးသားစွာဆက်ဆံတတ်လေသည်။ သို့ရာတွင် အမျိုး ကိုချစ်သည့်နေရာ၊ နိုင်ငံတော်ကိုမြတ်နိုးလေးစားသည့်နေရာတွင် ပြင်း ထန်သည်။ ထက်သန်သည်။ စွမ်းအားကြီးမားသည်။ ထို့ကြောင့် ပင်လျှင် အိမ်နားနီးချင်း မဟာအင်အားကြီးနိုင်ငံများနှင့် ထိယှဉ်လျက် နှစ်ပေါင်း ထောင်သောင်းများစွာ မိမိရာဇဝင်ကို အခိုင်အမာရေး နိုင်ခဲ့ခြင်းမဟုတ်ပါလား။

ပြည်ထောင်စုစိတ်ဓာတ်အပေါ်မှာ အခြေခံသောမျိုးချစ်စိတ်ဓာတ်ခိုင်မာနေသမျှ ကျွန်ုပ်တို့နိုင်ငံသည် မည်သည့်အန္တရာယ်ရန်စွယ်ကိုမှ မမှုပေ။ ကမ္ဘာတည် သရွေ့မြန်မာတည်နေလိမ့်မည်သာ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
၁၅-၅-၂၀၀၁

☸ ☸ ☸ ☸

# ဘာသာပြန်စာပေ ကျမ်းမာပါစေ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

မနေ့ကနဲ့ ကနေ့(၂)ရက် ပြည်လမ်း စာပေဗိမာန်အဆောက်အအုံမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်ကစီစဉ်တဲ့ " ဘာသာပြန်စာပေနှီးနှောဖလှယ်ပွဲ " ကို ကျင်းပခဲ့ပါတယ်။

စာရေးဆရာ မောင်ဆုရှင်၊ ဆရာငွေးမောင်၊ ဆရာမောင်ဆွေငယ်နဲ့ ဆရာမောင်မြင့်ကြွယ်တို့က ဘာသာပြန်နဲ့ဆိုင်တဲ့စာတန်းများကို ဖတ်ကြားတင်သွင်းသွားကြပါတယ်။

ဆရာကြီးပါရဂူ၊ ဆရာကြီးတိုက်စိုး၊ ဆရာကြီးဦးထင်ကြီး၊ ဆရာကြီး ဦးသော်ကောင်းစတဲ့ ဝါရင့်စာပေပညာရှင်ကြီးများက သဘာပတိအဖြစ်ဆောင်ရွက်ပေးခဲ့ကြပါတယ်။

စာတမ်းရှင်များဖတ်ကြားတင်ပြသွားကြတာတွေမှာ မှတ်သားစရာတွေများစွာပါပါတယ်။ တက်ရောက်နားထောင်ကြတဲ့ ပညာရှင်များ၊

စာပေဝါသနာရှင်များကလည်း စာတန်းရှင်တင်ပြချက်အပေါ် မေးမြန်းဆွေးနွေးတာတွေပြုခဲ့ကြပါတယ်။ စာတန်းပြုစုသူက ပြန်လည်ဖြေကြားရှင်းလင်းပါတယ်။ ဒါတွေကို စာပေဗိမာန်ကနေပြီးစာအုပ်စာတန်းအဖြစ်ပုံနှိပ်ထုတ်ဝေလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

ဘာသာပြန်စာပေဆိုတာ ဘာသာစကားတစ်ခုနဲ့ စာပေမှာ မရှိမဖြစ် အသက်သွေးကြောတစ်ခုဆိုတာ ဒီဆွေးနွေးပွဲကို တက်ရောက်လေ့လာရတဲ့အခါ ပိုပြီးထင်ရှားစွာသဘောပေါက်လာခဲ့တယ်။ ဒါနဲ့ အိမ်ပြန်ရောက်တဲ့အခါ မြန်မာအဘိဓာန်မှာ ဖွင့်ရှာပြီး မြန်မာစကားလုံးမဟုတ်ဘဲ မြန်မာစာထဲရောက်ရှိနေတဲ့ အခြားဘာသာစကားများကို အမျိုးအမယ် ဘယ်လောက်ရှိလဲလို့ရှာကြည့်လိုက်မိတယ်။ ကြည့်စမ်း အခြားဘာသာမှ မြန်မာစာ၊ မြန်မာစကားထဲရောက်နေကြတဲ့ ဘာသာများ-

၁။ ပါဠိ သာဓက ဒါန၊ သီလ၊ အနိစ္စ၊ ဒုက္ခ

၂။ သက္ကတစကား

၃။ ကချင်စကား

၄။ ဂျပန်စကား

၅။ စပိန်စကား

၆။ တရုတ်စကား

၇။ ထိုင်းစကား

၈။ ဒတ်ချ်စကား

၉။ ပါရှင်စကား

၁၀။ ပေါ်တူဂီစကား

၁၁။ ပြင်သစ်စကား

၁၂။ မလေးစကား

၁၃။ မွန်စကား

၁၄။ ရုရှစကား
၁၅။ ရှမ်းစကား
၁၆။ သီဟိုဠ်စကား
၁၇။ ဟိန္ဒီစကား
၁၈။ အာရဗီစကား
၁၉။ အီတလီစကား
၂၀။ အင်္ဂလိပ်စကား
မနည်းပါလား။

ဒါတွေကို ကြည့်ခြင်းအားဖြင့် ဘာသာပြန်ခြင်းဆိုတာနဲ့ ဘယ်လူမျိုးမှ ကင်းလွတ်စွာတစ်သီးတစ်ခြားနေလို့ မရနိုင်ပေဘူးဆိုတာ အထူး သိသာတယ်။ လောကကြီးမှာ ဘာသာကွဲလူမျိုးကွဲတွေနဲ့ မလွဲမသွေ ဆက်ဆံရမှာပဲ။ ဆက်ဆံရတဲ့အခါ သူ့စကား ကိုယ်သိနားလည်ဖို့လိုအပ်တယ်။ ကိုယ့်စကားကို သူအဓိပ္ပါယ်ပေါက်ဖို့ လိုတယ်။ ဆက်သွယ်နေရမယ်။

မြန်မာတွေဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း၁၀၀၀ကျော်ကာလ ကတည်းက ပါဠိဘာသာကို မြန်မာလိုဘာသာပြန်ပြီး ယူခဲ့ကြသုံးခဲ့ကြဖူးပါတယ်။ ဥပမာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မမြဲ၊ ဆင်းရဲ မပိုင်စိုးဆိုတာမျိုးပါ။ တိုလဲ တို၊ ထိလည်း ထိမိပါတယ်။ ပုဂံခေတ်ကကျောက်စာမှာ တွေ့ခဲ့ရပေမယ့် အနိစ္စ၊ ဒုက္ခဆိုတဲ့ ပါဠိသုံးသာလျှင် ပိုပြီးတွင်ခဲ့တာတော့ ဘာကြောင့်ရယ်မသိပါ။

ပုဂံလေးထောင့်ကန်၊ လေးမျက်နှာဘုရား ကျောက်စာမှာ သဗ္ဗညုတဉာဏ်ဆိုတာကို မြန်မာဘာသာပြန်ပေးထားတယ်။

" ငါလည်း
သိမြင်နို့စပ်သော သဗ္ဗညုတဉာဏ် ဘုရားဆုကို ရလိုသောကြောင့် "

အလုံးစုံသော အရာရာကို ထိုးထွင်းသိမြင်နိုင်စွမ်းရှိသော ဉာဏ်လို့ အဓိပ္ပါယ်ရတဲ့ ပါဠိဝေါဟာရ သဗ္ဗညုတဉာဏ်ဆိုတဲ့ဟာကို " သိမြင်နှံ့စပ်သော " လို့ ကျစ်လျစ်စွာ ပုဂံခေတ်က ဘာသာပြန်နိုင်ခဲ့တာ ချီးကျူးဂုဏ်ပြုစရာပါပဲ။ တိကျလှပါပေရဲ့။

နှစ်ဆယ်ရာစုမှာတော့ မြန်မာဘာသာနဲ့ အင်္ဂလိပ်ဘာသာ ဘာသာပြန်ဆိုခြင်းဟာ အထူးများပြားခဲ့တာပေါ့။ အစောပိုင်းမှာ မြန်မာမှုပြုပြီး မှီငြမ်းခဲ့ကြတယ်။

ဂျိမ်းစ်လှကျော်၊ ဦးလတ်၊ ရွှေဥဒေါင်း၊ ပီမိုးနင်း၊ ဒဂုန်ရွှေမျှားစတဲ့ စာရေးဆရာကြီးများပေါ့။

နောက်တော့ တိုက်ရိုက်ဘာသာပြန်တွေ တော်တော်ထွန်းကားခဲ့ပါတယ်။ ဦးခင်ဇော်၊ ဇော်ဂျီ၊ မောင်ထင်၊ တက်တိုး၊ ခင်မျိုးချစ်၊ ဒေါ်အမာ၊ မြသန်းတင့်၊ သခင်မြသန်း၊ ကျော်အောင်၊ မောင်နေဝင်း၊ မင်းကျော်၊ မောင်မြင့်ကြွယ်၊ ထင်လင်း၊ စိန်ခင်မောင်ရီ၊ ဦးအောင်ကျော်၊ နတ်နွယ်၊ မောင်သာနိုး၊ မောင်မိုးသူ၊ ဘုန်းမြင့်(မန္တလေး)၊ တက္ကသိုလ်နေဝင်း၊ မောင်ထွန်းသူ၊ ဗမိုး၊ မင်းကျော်မင်း၊ မောင်ပေါ်ထွန်း၊ တင်နွယ်မောင်၊ မောင်ဆုရှင်စသည်ဖြင့် များစွာပေါ့ကွယ်။

ဘာသာပြန်ခြင်းဟာ အတတ်ပညာတစ်ခုဖြစ်တယ်။ ထို့ပြင် အနုပညာတစ်မျိုးလဲ ဖြစ်ပါသေးတယ်။

ကွန်ပျူတာက ဘာသာပြန်အလုပ်ကို မလုပ်နိုင်သေးဘူး။ (ထင်တာပြောပြခြင်း မဟုတ်သေးဘူး။ လက်တွေ့ကြိုးစားနေကြပေမယ့် ခုထိမအောင်မြင်သေးဘူး ) ဥပမာ တစ်ခုပြောပြမယ်။ ကြားဖူးတာ .

အင်္ဂလိပ်ဘာသာမှ ရုရှဘာသာသို့ ကွန်ပျူတာကို ပြန်စေခဲ့တယ်။ အတော်လွဲလွဲချော်ချော်ဖြစ်ခဲ့တယ်။ သာဓကအားဖြင့် ဒါမျိုးပေါ့

Spirit is willing but meat is weak ဆိုတဲ့ ဝါကျဟာ ဆိုလိုရင်းက စိတ်သွားတိုင်းကိုယ်မပါဘူး ဆိုတဲ့သဘော။ စိတ်ကဆန္ဒရှိ

ပေမယ့် ကိုယ်ကအားပျော့နေတယ်။ (မာန်ကြီးပေမယ့်ခါးက မသန် ဆိုတာ မျိုးလေ။)

ကွန်ပျူတာက အဘိဓာန် လုံးကောက်အတိုင်း တိတိကျကျ ဘာသာပြန်ပစ်လိုက်တယ်။

" တစ္ဆေက သဘောတူသော်လည်း အသားကနူးညံ့နေတယ်" တဲ့။ ပျက်ကရောပဲ။ တော်သေးတာပေါ့ကွာ။ အရက်ကကောင်းပေမယ့် အသားကင် အမြီးက မစွံဘူးလို့ မပြန်သေးတာ။

မူရင်းအာဘော်နဲ့ ဘာမှမဆိုင်တာပဲ ထွက်လာခဲ့သတဲ့။ ဘာသာပြန်ခြင်းဟာ လွယ်လွယ်အလုပ်တော့ မဟုတ်ဘူး။

ဘာသာပြန်ကောင်းတစ်ခု ဖြစ်ဖို့ရာ အောက်ပါအရည်အသွေး သုံးရပ်နဲ့ မှတ်ကျောက်တင်ကြည့်အပ်ပါတယ်လို့ ပညာရှင်တွေက ဆိုခဲ့ကြတယ်။

(၁) တိကျမှု

(၂) ရှင်းလင်းမှု

(၃) ဟန်ကောင်းခြင်း

ကိုယ့်ဘာသာ သူ့ဘာသာမသိရင်ရယ်စရာ အတော် ဖြစ်တတ်တယ်။ တစ်ခါတုန်းကလုပ်သားကောလိပ်မှာ တက်နေတဲ့ လူက မင်္ဂလာဆောင်တယ်။ သတို့သားရဲ့ အနောက်မှာ B.A (2nd year) ဆိုပြီး ထည့်ချင်တယ်။ workets' collage တက်နေဆဲမို့ (W.C)လို့ အတိုကောက်လည်းထည့်သတဲ့။

W.C ဆိုတာ အောက်စ်ဖို့ အဘိဓာန်အရကော လူအများနားလည်ထားတာက Water Closet (ရေအိမ်)လို့ဖြစ်ပါတယ်။

သူ့ထက်ပိုဆိုးတာရှိသေးတယ်။

ရန်ကုန်မြို့လယ်ကောင်မှာ Comfort Room ဆိုပြီးရှိလေသတဲ့။ ခန်းနားစွာ လုပ်ထားတဲ့ စားသောက်ဆိုင်ကြီးတစ်ခုလို့ ဆိုပါ

တယ်။ တကယ်တော့ Comfort Room ရဲ့မူလအဓိပ္ပါယ်က "ရေအိမ်" ပဲဖြစ်ပါတယ်။ သူများတွေကြည့်ပြီး ပြုံးစိစိဖြစ်စရာ နေမလားနော်။

Excellent ဆိုတဲ့ ဆိုင်လည်းတွေ့ဖူးပါလိမ့်မယ်။ ဒါက နာမဝိသေသနပုဒ် ပဲ။ Excellence သာလျှင် ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ အလားတူဝေါဟာရ၊ သတ်ပုံ၊ စာလုံးပေါင်းတာမှားတဲ့ အမည်တွေ များစွာရှိနေတတ်တာပေ့ါလေ။ ထားပါတော့။

ဘာသာခြားစကားများကို သင်ယူတတ်မြောက်အပ်ပါတယ်။ ရေးတာ၊ပြောတာ၊ ကျွမ်းကျင်အောင် လေ့လာအပ်ပါတယ်။ ဘာသာပြန်စာပေဟာ ယခုထက်ပိုမိုတွင်ကျယ် ကျယ်ပြန့်စွာ တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုနိုင်ပါစေလို့ ဦးဦးက ဆန္ဒပြုပါတယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

သတင်းစုံဂျာနယ်
အတွဲ(၃)၊ အမှတ်(၄၃)

☸ ☸ ☸ ☸

# မြေကြီးကို ချစ်ဖို့လိုတယ်

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

**နိဒါန်း**

ဦးဦးတို့ရဲ့ ဘကြီးအမည်က ဦးထိုက်အေးခေါ်ပါတယ်။ အမေကြီးက ဒေါ်ပေါ်ကြွယ်တဲ့။ ပုဂံမြို့ရဲ့တောင်ဘက် မိုင်(၂၀)အကွာ၊ ချောက်မြို့အရှေ့ဘက် ၅မိုင်အကွာမှာရှိတဲ့ ရွာတစ်ရွာမှာ မွေးဖွားကြတယ်။ သေလွန်သွားကြတယ်။ သူတို့မှာ သားသမီး၆ယောက် ရှိခဲ့တယ်။ ဦးမာတင်ဆိုတာ သားအကြီးဆုံးတစ်ယောက်ပေါ့။

အမေ့ဘက်ကဘကြီးအမည်မှာ ဦးရိတ်တဲ့။ အမေကြီးက ဒေါ်ငွေသင့်လို့ခေါ်ပါတယ်။ ဦးရိတ်၊ ဒေါ်ငွေသင့်တို့ကလည်း ဒီရွာက တောင်သူတွေပါပဲ။ သူတို့မှာလည်းသားသမီး၆ယောက် ထွန်းကားခဲ့တယ်။ အငယ်ဆုံး အထွေးဆုံးသမီးကလေးက ဒေါ်အေးသ တဲ့။ ဦးမာတင်နဲ့ဒေါ်အေးသဆိုတာ ဦးဦးရဲ့ အဖေနဲ့အမေဆိုတာ တူမောင်သိရှိပြီးဖြစ်တဲ့အတိုင်းပေါ့ကွယ်။ ကြီးနီရွာဇာတိ။

အဖေနဲ့အမေက သားသမီး ၈ ဦးမွေးဖွားခဲ့တယ်။ ဒါပေမယ့် ၅ဦးက အသက်ငယ်ငယ်ရွယ်ရွယ်မှာပဲ ကွယ်လွန်ခဲ့ကြရှာတယ်။ လူလား မြောက်အောင်ရှိခဲ့တာကတော့ သားသုံးယောက်သာပဲလေ။ ဦးဦးရယ်၊ ရဲအရာရှိတစ်ဦးရယ်၊ ချောက်ရေနံချက်စက်ရုံအလုပ်သမားတစ်ဦးရယ်။

အဖေ့မှာ မွေးချင်း၅ယောက်ရှိခဲ့တယ်။

အမေ့မှာ မွေးချင်း၅ယောက်ရှိခဲ့တယ်။

သူတို့ရဲ့သားဦးဦးမှာ မွေးချင်း(ညီ) နှစ်ယောက်ပဲရှိတယ်။

**မိသားစုလူဦးရေ**

ဦးဦးရဲ့သားသမီးတွေကျတော့ သုံးယောက်ပါပဲ။

သမီးနှစ်ယောက် သားတစ်ယောက်။ တော်ပြီ။ သိပ်များရင် လူလတ်တန်းစားဦးဦးတို့ရဲ့ လူမှုစီးပွားအဆင့်နဲ့ ရင်သွေးငယ်များကို ထွန်းကားပေါက်ရောက်အောင် သေချာစွာ မပျိုးထောင်နိုင်လောက်ဘူး။ သုံးယောက်နဲ့ရပ်ကြဆိုပြီး လင်မယားနှစ်ယောက် တိုင်ပင်သဘောတူပြီး ကလေး၃ယောက်နဲ့ ကျေနပ်ခဲ့ကြတယ်။ ကြည့်နော် -

ဦးဦးက B.A (Psychology)

ဇနီးက B.Sc (Chemistry)

ဘွဲ့ရပညာတတ်လူလတ်တန်းစားတွေဟာ သတ္တိနည်းတတ် တယ်ဆိုတဲ့ ယေဘုယျထင်မြင်သတ်မှတ်ချက် ရှိပါတယ်။ ဦးဦးတို့ သတ္တိနည်းတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ မိမိတို့ရဲ့သားသမီး တွေကို မိမိတို့ထက် ပညာရေး၊ စီးပွားရေး၊ လူမှုရေးဘဝမှာ ပိုမိုတိုးတက် မြင့်မားစေချင်တဲ့စေတနာတော့ ရှိကြတာ ဓမ္မတာပါကွယ်။ သားသမီး တွေအများ ကြီးပွားတာကို ဘယ်သူမှမလိုချင်ဘဲရှိမှာလဲ။ မတတ်သာလို့ ဖြစ်သင့်တာကိုရွေးချယ်ဆုံးဖြတ်ကြရတာမဟုတ်လား။

ဦးဦးတို့ဇနီးမောင်နှံ သားသမီးဦးရေ(၃)ဦးသာယူခဲ့တာဟာ မှန်သလား၊ မှားသလား အခုအခြေအနေမှာ မခွဲခြားတတ်သေးပါဘူး။

တိုင်းပြည်အနေနဲ့တော့ မြန်မာပြည်လူဦးရေနည်းအောင် ထိန်းချုပ်ကန့်သတ်ရမယ့်အခြေအနေရှိတယ်လို့ ဦးဦးမယူဆပါဘူး။ (အချို့နယ်စပ်ဒေသတွေကတော့ ချွင်းချက်ပေါ့။ လိုအပ်ကောင်းလိုအပ်မှာပေါ့။)

**ရေမြေသယံဇာတ**

တစ်နေ့က ၃နှစ်တာတာဝန်ထမ်းဆောင်ခဲ့ပြီးလို့ အစ္စရေးနိုင်ငံသို့ပြန်မယ့် အစ္စရေးသံအမတ်ကြီးနဲ့ တွေ့တဲ့အခါမှာ သူကပြောပါတယ်။ မြန်မာနိုင်ငံလိုသဘာဝအခြေအနေနဲ့ ဘယ်တော့မှမဆင်းရဲ မငတ်မွတ်နိုင်ပါဘူးတဲ့။ ဘယ်သူတွေဘာပဲပြောပြော၊ ဘာပဲလုပ်လုပ်၊ ကြောက်စရာမရှိလှပါဘူးဆိုတဲ့သဘော ပြောဆိုပါတယ်။ သူက အချက်အလက်တွေပဲ ထောက်ပြတာပေါ့လေ -

(၁) မြန်မာပြည်မှာ ရာသီဥတုကသိပ်ကောင်းတယ်။ မိုးလဲရွာတယ်၊ နေရောင်လဲရတယ်၊ ဆောင်ရာသီလည်းရှိတယ်၊ မပူလွန်းဘူး၊ မအေးလွန်းဘူး။

(၂) မြေသယံဇာတ သိပ်ပေါတာပဲ။

(၃) ရေသယံဇာတ သိပ်ကောင်းတာပဲ။
(သူက သဲကန္တာရထဲမှာ ရေတို့ မြေတို့ကို ခက်ခက်ခဲခဲရအောင် လုပ်ယူကြရတာကိုး)

(၄) လူတွေက ဖွံ့လုံ့လလည်းရှိတယ်။ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဉာဏ်သွေးလည်း ကောင်းကြတယ်။
လူသားစွမ်းရည်အရင်းအမြစ် မညံ့ကြပါဘူး။

အဝေးအမြင်ဘေးအမြင်ကသုံးသပ်ပြတော့ ဟုတ်သားပါကလား၊ ပြန်စဉ်းစားမိတာပေါ့ကွယ်။ တကယ်တမ်းတော့ တိုင်းပြည်အနေနဲ့က လွန်ခဲ့တဲ့နှစ်ပေါင်း၅၀၊ လွတ်လပ်ရေးရစမှာ (၁၉၄၈ခုနှစ် လူဦးရေ ၁၅သန်းခန့်) ရှိခဲ့တာထက်စာရင် ယနေ့ကာလ လူဦးရေ ၅၀သန်းခန့်ဟာ တော်တော်များလှပါပြီ။ ပါးစပ်ပေါက်တွေ ၂ဆကျော်

တိုးလာပြီး သုံးဆလောက်ဖြစ်လာခဲ့ပြီ။ အကယ်၍သာ ဆန်ရေစပါး အခုလို တိုးတက် ပြီးမထွက်ခဲ့ဘူးဆိုရင် ဆန်တောင်ဝယ်ယူ တင်သွင်းရ မယ့်ကိန်းပဲ။ အမြော်အမြင်ကြီးမားတဲ့ ရှေးကခေါင်းဆောင်များ၊ တောင် သူလယ်သမားဦးကြီးများဟာ စပါးကို တစ်ဧကအထွက်နှုန်း တိုးအောင် ကြိုးစားဆောင်ရွက်နိုင်ခဲ့တယ်။ ရှေးက တစ်ဧက တင်း၂၀/၃၀ပေါ့၊ ခုတော့တစ်ဧက တင်း၆၀ကျော်ထွက်နေပြီ။ အချို့ လယ်မှာ တစ်ဧက တင်း၈၀-၁၀၀ထွက်နေပါတယ်။ တစ်နိုင်ငံလုံးပျမ်းမျှ ထွက်ရင် ၆၀နဲ့ ၇၀ကြားမှာ ရှိတယ်ပေါ့။ စပါးစိုက်ပျိုးတဲ့မြေဧရိယာကိုလည်း တိုးချဲ့ နိုင်အောင် ဆည်မြောင်း၊ တာတမံ၊ ရေရရှိရေး၊ ရေတင် စီမံကိန်း၊ မြေအောက်ရေဖော်ထုတ်ရေး စသည်ဖြင့် အဆက်မပြတ် ကြိုးစား ခဲ့တယ်။ ရေနက်ကွင်းတွေကို စိုက်ပျိုးမြေဖြစ်အောင်ဖော်ထုတ်တယ်။ ရေကြီးကွင်းတွေမှာ စိုက်လို့ပျိုးလို့ရအောင် ကြိုးစားခဲ့တယ်။

**နွေစပါး**

အထူးခြားဆုံးအောင်မြင်မှုက နွေစပါးလှုပ်ရှားမှုပဲ။ အဖျက် သမားတွေကပြောခဲ့တယ်။ ဘာလဲက။ မယားပြီးမယား၊ စပါးပြီးစပါး။ အလကားပါ။

နိုင်ငံတော်အစိုးရနဲ့ တောင်သူလယ်သမားတွေဟာ အခက် အခဲအတားအဆီးနဲ့ ပြဿနာမျိုးစုံကို ဖြတ်သန်းကျော်လွှားပြီး နွေစပါး စိုက်ပျိုးရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြတယ်။ ဧရာ ဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း စသည်တို့မှာ နွေစပါးထွက်ရှိမှု နှုန်းဟာ အားရစရာတွေပဲ။

နွေစပါးမစိုက်ပါနဲ့တားရင်တောင် လယ်သမားက လက်မခံ တော့ဘူး။ ဟို၁၀နှစ်ကျော်ကာလတုန်းကလို နွေစပါးစိုက်တာ မကောင်း ကြောင်း အဖျက်သမားကလာပြီး နှောက်ယှက်တားဆီးကြည့်ပါလား။ လယ်သမားတွေက ဝိုင်းပြီးခါးနဲ့ခုတ်လို့ နုတ်နုတ်စင်းပြီးသား ဖြစ်သွား

မယ်။ အခုအခါမှာ နွေစပါးရဲ့အကျိုးရှိပုံကို အထူးပြောစရာ မလို။ လက်တွေ့သဘောပေါက်ခံစားနေကြရပြီကိုးကွဲ့။

တစ်ဧကေအထွက်နှုန်းလည်း တိုးအောင်လုပ်ခဲ့ပြီ။
မြေဧက တိုးချဲ့စိုက်ပျိုးအောင်လည်းလုပ်ခဲ့ပြီ။
မြန်မာပြည်ဟာ စိုက်ပျိုးရေးကိုအခြေခံတာပဲ။
စိုက်ပျိုးရေးလုပ်ငန်းက အဓိကကျတာပေါ့။

## စိုက်ပျိုးရေး

စိုက်ပျိုးရေရရှိရေးကို တပ်မတော်အစိုးရက ဆည်မြောင်းတာတမံ(အကြီးစား)ပေါင်း၁၁၀ခု တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီ။ မနေ့တစ်နေ့ကပဲ ပဲခူး တိုင်း၊ လက်ပံတန်းမြို့နယ် သဲကောရေလှောင်တမံအထိ။

ဆက်လက်ပြီးတော့ တစ်ဧကေအထွက်နှုန်းတိုးရေး၊ စိုက်ပျိုးမြေတိုးချဲ့ရေး၊ စိုက်ပျိုးရေရရှိရေးတွေကို စီမံချက်ချပြီး ထိထိရောက်ရောက်ဆောင်ရွက်နေဆဲလဲဖြစ်ပါတယ်။ စားသုံးမှုထက် ထုတ်လုပ်မှုကသာနေတော့ ကောင်းတာပေါ့။

## ကမ္ဘာ့ လူဦးရေ

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာ့လူဦးရေဟာ အခု သက္ကရာဇ် ၂၀၀၀ပြည့်နှစ်မှာ လူဦးရေ၆၀၀၀သန်းရှိပြီလို့ ဆိုတယ်။ မြန်မာပြည်မှာ လူဦးရေ၄၈သန်း (သန်း၅၀)ခန့် ရှိတယ်ဆိုတော့ ကမ္ဘာ့လူဦးရေ ၁၂၀မှာ မြန်မာ ၁ယောက် နှုန်း ရှိတာပေါ့။ မှတ်ထားနော်။

တရုတ်က သန်း ၁၂၀၀ရှိတော့ ကမ္ဘာ့လူဦးရေရဲ့ ၅ပုံ၁ပုံ (၁/၅) ရှိတာပေါ့။

အိန္ဒိယက သန်း၁၀၀၀ရှိတာဆိုတော့ ကမ္ဘာ့လူဦးရေရဲ့ ၆ပုံ ၁ပုံ (၁/၆) ရှိတာပေါ့။

# မြန်မာ့ လူဦးရေ

တစ်စတုရန်းမိုင်အတွင်းမှာ လူဦးရေသိပ်သည်းထူထပ်မှုနှုန်း ဘယ်လောက် ရှိကြသလဲဆိုတာကို ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀လောက်နဲ့ နှိုင်းယှဉ်ဖို့ မလိုလှပေမယ့် ရေချင်း၊ မြေချင်းထိဆက်နေတဲ့ အိမ်နီးနားချင်း နိုင်ငံတွေနဲ့ ဘယ်လောက်ကွာခြားသလဲ၊ ဘယ်လိုအခြေအနေရှိသလဲ သိသင့်တာပေါ့။ ကဲ ကြည့်ရအောင် -

၁။ တရုတ် ၃၃၅ယောက် တစ်စတုရန်းမိုင်အတွင်းလူဦးရေ၃၃၅ယောက်
၂။ လော ၅၈ယောက်
၃။ ထိုင်း ၃၀၃ယောက်
၄။ ဘင်္ဂလားဒက်ရှ် ၂၂၉၄ယောက်
၅။ အိန္ဒိယ ၈၀၅ယောက်
၆။ မြန်မာ ၁၉၁ယောက်

နယ်နိမိတ်မျဉ်းဆိုတာက မြေပုံပေါ်မှာသာ မျဉ်းကြောင်းရေးဆွဲထားတာပါ။ မိုင်ပေါင်း၁၄၀၀လောက်ရှည်လျားတဲ့နယ်စပ်မှာ ချောင်းကျော်ရင်ရတယ်။ တောင်ကိုကျော်ရင်ရောက်တယ်။ အဝင်အထွက်၊ အကူးအသန်း၊ အဆက်အဆံမပြတ်ရှိနေကြတာမို့ သတိရှိနေရမယ်။ အမိမြန်မာမြေမှာ မြန်မာနိုင်ငံသားလူဦးရေဟာ ကျဲပါးနေသေးတယ်။ ဘေးနိုင်ငံတွေက ထူထပ်နေကြတယ်။ဘင်္ဂလားဒက်ရှ်ဟာ (၁၁)ဆကျော်များနေတာကို သတိထားစရာပဲ။

လူဦးရေနဲ့ပတ်သက်လို့ ၁၈ရာစု ဘောဂဗေဒပညာရှင် သောမတ်စ်မောလ်သပ်စ် (Thomas Malthus)က "လူဦးရေပြဿနာ" (Essay on Population)ဆိုတဲ့ စာအုပ်ရေးခဲ့ဖူးတယ်။ ပညာရှင်နဲ့ နိုင်ငံခေါင်းဆောင်တွေကြားမှာ အလွန်တရာထင်ရှား ပါတယ်။ သူ့အာဘော်အရ- "လူဦးရေတိုးပွားနှုန်းဟာ ကမ္ဘာကြီးကကျွေး နိုင်တဲ့

အတိုင်းအတာထက် ကျော်လွန်နေပြီ။ ဒီအတိုင်းသာဆက်သွားနေရင် (မပြုပြင်မထိန်းချုပ်ရင်) လူသားမျိုးနွယ်သည် ဒုဗ္ဘိက္ခန္တရကပ်ကြီး တစ်ခုနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်” လို့ ဆိုလိုတယ်။

မောလ်သပ်စ်က ပေးတဲ့ကုထုံးမှာ အိမ်ထောင်သားမွေးကိစ္စကို လျှော့ချကန့်သတ်ဖို့ဖြစ်တယ်။ သူပြောတာကိုလက်မခံနိုင်ခဲ့ကြပေမယ့် ဥရောပမှာ ဘောဂဗေဒပညာ၌ လူဦးရေပြဿနာကို ပထမဦးဆုံး ထုတ်ဖော်တင်ပြသူအဖြစ် အလေးအနက် မှတ်သားခဲ့ကြရပါတယ်။

**လူဦးရေထိန်းချုပ်ရေး**

လူဦးရေထူထပ်လွန်းရင် အစားအစာ၊ နေရေးထိုင်ရေး၊ ကျန်းမာရေးတွေ ဒုက္ခရောက်လာနိုင်တယ်ဆိုတဲ့ သတိပေးမှုကိုတော့ နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်တွေဟာ ၁၉ရာစုမှစပြီး အလေးထား စဉ်းစားခဲ့ကြရတယ်။ ဒါကြောင့် ဂရိတ်ဗြိတိန်ဟာ ကိုလိုနီနယ်ချဲ့ သိမ်းပိုက်တဲ့ နယ်မြေတွေဆီကို လူတွေ ရေကြည်ရာမြက်နုရာပြောင်းရွှေ့ဖို့ (လူဝင်မှုကြီးကြပ်ရေးဥပဒေကို ကြိုးဖြေလွှတ်ပြီး) ခွင့်ပြုပေးခဲ့တယ်။

၁၈၂၀အလွန်ကာလများမှာ အင်္ဂလန်မှ ရပ်ဝေးမြေခြားသို့ အင်္ဂလိပ်တွေ ၂သိန်းလောက် ထွက်ခွာသွားခဲ့တယ်။

၁၈၅၀အလွန်ကာလများ (မြန်မာနိုင်ငံတစ်ခုလုံးကို ကျွန်ပြုသိမ်းပိုက်ပြီးနောက်ပိုင်း)မှာ ကမ္ဘာအဝှမ်းရှိ ဗြိတိသျှကိုလိုနီနယ်မြေများများဆီသို့ အင်္ဂလိပ်မျက်နှာဖြူ ဦးရေ ၂သန်းကျော် ပြောင်းရွှေ့ထွက်ခွာသွားခဲ့ကြပါသတဲ့။ အင်္ဂလန်ကျွန်းမှ လူဦးရေတော်တော်လျှော့သွားတာပေါ့။

မျက်မှောက်ကာလမှာတော့ မီဂါစီတီ၊ မက်ထရိုပိုလီတန်လို့ ခေါ်ကြတဲ့ မဟာမြို့တော်ကြီးများမှာ လူဦးရေသန်းပေါင်းများစွာ နေထိုင်နေကြပါတယ်။ တရုတ်နိုင်ငံ၊ ပီကင်းမြို့တော် လူဦးရေ၁၂သန်း၊ တရုတ်နိုင်ငံ၊ ရှန်ဟဲမြို့ လူဦးရေ၁၄သန်း အဲဒီမြို့ကြီးပြကြီးများကို

၁၉၉၆ခုနှစ်က တစ်ကြိမ်၊ ၁၉၉၉ခုနှစ်မှာ တစ်ကြိမ် ဦးဦး ရောက်ရှိလေ့လာခဲ့ဖူးပါတယ်။ သုံးနှစ်လောက်အတွင်းမှာ လျှင်မြန်စွာပဲ တိုးတက်ပြောင်းလဲနေတာ တွေ့ခဲ့ရပါတယ်။

**လိုအပ်ချက်**

မြန်မာနိုင်ငံရဲ့မြို့တော် ရန်ကုန်မြို့ဟာလည်း အခုလူဦးရေ ၅သန်းလောက်နီးနီး နေထိုင်ပါတယ်။ နောက်လာမယ့် ၁၀နှစ်အတွင်းမှာ ၁၀သန်းတော့ဖြစ်လာမှာပဲ။ သေချာတယ်။ မြို့ပြတွေမှာ လူဦးရေတိုးနှုန်းက သိပ်မြန်တာကိုး။

၁။ ရေလုံလောက်စွာရရှိရေး။

၂။ အစားအစာလုံလောက်စွာရရှိရေး။

၃။ သန့်ရှင်းရေး၊ အမှိုက်၊ အညစ်အကြေးပြဿနာစနစ်တကျ ဖြေရှင်းရေး။ ခေတ်မီဖို့လိုတယ်။

၄။ သွားလာမှုလုံခြုံချောမွေ့ရေး။ (နောင်မှာ ကြက်ခြေခတ်ဆုံတဲ့လမ်းဆုံ မီးပွိုင့်တွေအစား ခုံးကျော်မိုးပျံတံတားလမ်းတွေနဲ့ မရပ်ရဘဲ သွားတာမျိုး ဖြစ်လာကြလိမ့်မယ်။ ဒါမှ မရပ်တန့် မပိတ်ဆို့မှာ)

လူဦးရေကတော့ လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ တိုးပွားနေမှာပဲ။ ကျန်းမာတဲ့လူတွေ၊ ကြံ့ခိုင်တဲ့လူတွေ၊ အရည်အသွေးပြည့်ဝမြင့်မားတဲ့လူတွေများဖို့သာ လိုရင်းပဲ။ အရက်သမား၊ ဆေးသမား၊ ရောဂါသည်၊ ဒုက္ခိတ၊ ဉာဏ်ရည်နိမ့်ပါး၊ စာရိတ္တပျက်ပြားတဲ့လူတွေနည်းဖို့၊ တတ်နိုင်သမျှ မရှိဖို့လိုတာပေါ့။

လူတွေတိုးတဲ့သဘာဝကို တားဆီးလို့မရပေဘူး။ နှစ်ခုခေါင်းထဲမှာ ထည့်ထားရလိမ့်မယ် -

(၁) အလုပ်ပိုပြီးထိရောက်အောင်မြင်တွင်ကျယ်အောင် လုပ်ဆောင်ကြရမယ်။

(၂) မြစိမ်းရောင်တော်လှန်ရေးလို့ခေါ်တဲ့ မြေယာစနစ် ကောင်းမွန်ရေး၊ ခေတ်မီစိုက်ပျိုးနည်းပညာများ အသုံးပြုရေး၊ ဆည်မြောင်းတာတမံ၊ လမ်းပန်းဆက် သွယ်ရေးများတိုးချဲ့တည်ဆောက်ရေး၊ စိုက်ပျိုးမြေတိုး ချဲ့ရေး၊ တစ်ဧကအထွက်နှုန်းတိုးရေး။

**နိဂုံး**

ဒီလိုဆိုရင် တိုးတက်လာတဲ့ပါးစပ်ပေါက်တွေကို ဝဝလင်လင် ကျွေးမွေးဖို့ရာ မြေကြီးက တုန့်ပြန်ကျွေးဇူးပြုပေးလာမှာပဲ။ မြေကြီးကို ချစ်ဖို့လိုတယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
၁၈-၆-၂၀၀၀

☸ ☸ ☸ ☸

# အောင်မြင်မှု၏အနှစ်ရာယ်နှစ်သွယ်

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

မကြာသေးသောကာလမှာ သတင်းစာနဲ့ ဂျာနယ်များ၌ ဖော်ပြခဲ့တဲ့ သတင်းနှစ်ပုဒ်ကို တူမောင်သတိထားမိလိမ့်မယ်လို့ ဦးဦး ထင်တယ်။ နာရေးသတင်းနှစ်ခုပဲ။

- အသက်၃၀အရွယ် ရုပ်ရှင်မင်းသားချောလေး ကျော်သက် ကွယ်လွန်ခြင်း။
- အသက်၂၆နှစ်အရွယ် အဆိုကျော် နောင် ကွယ်လွန်ခြင်း။

သူတို့အမည်ကြားလိုက်ရင် တီဗီဖန်သားပြင်ပေါ်မှာ သူတို့ သရုပ်ဆောင်ခဲ့တာ၊ သူတို့တေးဆိုခဲ့တာ ပြန်လည်သတိရလွမ်းဆွတ် လောက်စရာပဲ။

လူချောလေးတွေ။

လူငယ်လေးတွေ။

အနုပညာနယ်မှ နုပျိုတက်ကြွအောင်မြင်မှုအရှိန်ရနေတဲ့ စန်းထဆဲကလေးတွေပေါ့။

တကယ်တော့ သေခြင်းတရားဆိုတာဟာ ကြီးသူငယ်သူ မခွဲခြားပဲ ခေါ်ချင်သူ ခေါ်သွားစမြဲပါပဲ။ ငယ်ရွယ်နုပျိုပါသေးတယ်ဆိုပြီး ချွင်းချန်မထားတတ်ပါဘူး။ သူ့မှာ ကြီးသူ၊ ငယ်သူမဟူ ချစ်သူ၊ မုန်းသူမရှိ လူဖြူ လူမည်းမခွဲ အကြောင်းကြောင်းကြောင့်သေဆုံးခြင်း၊ နှုတ်ခမ်းဝမှဆွဲ၍ယူဆောင်သွားရမည့်လူကို ယူဆောင်သွားစမြဲ။ ဒီသဘာဝကို ဘာမျှမပြောလိုပါဘူး။

ဒီမင်းသားလေး၊ ဒီအဆိုတော်လေးကဖြင့် မသေသင့်ပါဘူးဟယ်၊ နှမြောပါတယ်ဆိုတဲ့စကားသံတွေကိုတော့ အနုပညာချစ်တဲ့ ပရိသတ်တွေဆီက ကြားခဲ့ရတာပေါ့ကွယ်။ မှန်ပါတယ်။ အသက်အရွယ်အနေနဲ့ သူတို့ဟာ မသေသင့်သေးဘူး။ အိုမင်းကြီးရင့်တဲ့အရွယ်တွေလည်း မဟုတ်သေးဘူး။

မှန်တာပြောရရင် အောင်မြင်မှုက သူတို့ကိုဖိစီးတယ်။ ကျော်ကြားမှုက သူတို့ကိုဖျက်ဆီးတယ်။

အောင်မြင်မှုဆိုတာ အန္တရာယ်နဲ့ယှဥ်တွဲနေတာ။

အောင်မြင်မှုမှန်သမျှဟာ ချိုမြိန်ပါတယ်။

ဘယ်အောင်မြင်မှုမဆိုပါဘဲ။

အောင်မြင်မှုရဲ့ ယေဘုယျအကျဆုံးအဓိပ္ပာယ်ကိုဖော်ပြရရင် အလုပ်ကိစ္စတစ်ခု ပြီးစီးထမြောက်ခြင်းပါပဲ။ တစ်နည်းဆိုရရင် မိမိတို့ ချမှတ်ခဲ့တဲ့ ရည်မှန်းချက်ပန်းတိုင်၊ ရည်ရွယ်ချက်ကိုရယူနိုင်ခြင်း၊ ရောက်ရှိခြင်းလည်းဖြစ်ပါတယ်။

ဦးဦး ကိုယ်တွေ့အနေနဲ့ စာပေတိုက်တစ်ခုမှာ အမှုဆောင်အရာရှိချုပ်တာဝန်အလုပ်လုပ်ဖူးတယ်။ တစ်လမှာ မဂ္ဂဇင်းနှစ်မျိုး၊ စာစောင်သုံးမျိုးနဲ့ ဂျာနယ်နှစ်အုပ် လုပ်ရတယ်။ တစ်လတစ်လ အဲဒီစာနယ်ဇင်း(၇)ခုမွေးဖွားသန့်စင်လာတာမြင်ရရင် ပျော်တပြုံးပြုံး ကြည်နူးလို့အဆုံးဘူး။ လပေါင်းသုံးဆယ်(အုပ်အရေအတွက် ၂၁၀)ထုတ်ဝေခဲ့ရတဲ့

အောင်မြင်မှုဟာ မိမိဖာသာကျေနပ်ပီတိဖြာနေတာ စဉ်းစားတိုင်း အရသာတွေ့တုန်းပဲ။

လုံးချင်းစာအုပ်ပေါင်း(၅၀)ကိုလည်း ထုတ်ဝေလိုက်သေးတယ်။ ရာဇာဓိရာဇ်အရေးတော်ပုံ(ဒေါက်တာနိုင်ပန်းလှ)၊ကုန်းဘောင်ရှာပုံတော်(ညိုမြ)၊ ဗေဒါလမ်းကဗျာပေါင်းချုပ်(ဆရာဇော်ဂျီနှင့်အမေ့သား အင်္ဂလိပ်ဘာသာပြန်ဆိုရေးအဖွဲ့)၊ ခေတ်ပေါ်မြန်မာကဗျာ(မြန်မာကဗျာဆရာများနဲ့မြဇင်အင်္ဂလိပ်ဘာသာပြန်)၊ သေသော်မှတည့်သြော်ကောင်း၏နှင့် မြန်မာပြည်သား(ရန်ကုန်ဘဆွေ)စတဲ့ စာအုပ်မျိုးတွေပါ။ ဒေါက်တာရဲနိုင်၊ ဒေါက်တာမတင်ဝင်း၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာတင်ထွန်းဦး၊ မစန္ဒာ၊ ဇေယျာမောင်၊ တက္ကသိုလ်ဘုန်းနိုင် စတဲ့ ကလောင်များရဲ့ စာအုပ်ကောင်းများကို လက်ရွေးစင်သန့်သန့်ပြန့်ပြန့် ထုတ်ဝေပေးနိုင်ခဲ့တယ်။

အလုပ်ကိစ္စတစ်ခု ပြီးမြောက်အောင် ဆောင်ရွက်နိုင်တဲ့အခါ ဦးဦးတို့ တူမောင်တို့မှာ စိတ်အားတက်ကြွခြင်း၊ ကျေနပ်ခြင်း၊ ရွှင်လန်းခြင်း၊ ဝမ်းမြောက်ခြင်းတို့ကို ခံစားရတတ်ပါတယ်။ မိမိတို့ရဲ့အလိုဆန္ဒါမှမဟုတ် လိုလားချက်တစ်ခုခုကို ဖြည့်ဆည်းနိုင်တဲ့အခါ လူဆိုတာအလွန်ပျော်ရွှင်ကြရတာပဲမဟုတ်လား။ အကျိုးပြုခွင့်ရတာကိုပဲ ကြည်နူးအားရ။

" အောင်မြင်မှုကဲ့သို့ အောင်မြင်သော အရာဟူသည်မရှိ " လို့တောင် တချို့လူတွေက ပြောကြဆိုကြတာပဲ။

အနုပညာနယ်မှာ အောင်မြင်ကျော်ကြားမှုဟာ ကြောက်စရာကောင်းလှအောင် ဖိစီးတတ်ပါတယ်။ အကယ်ဒမီရွှေစင်ဆုရတဲ့ မင်းသားမင်းသမီးတွေ အဲဒီည (ပျော်လွန်းလို့)တစ်ညလုံး အိပ်လို့မရသလိုပေါ့။ အလွန်တရာ ယစ်မူးရီဝေစေတာပဲ တူမောင်ရဲ့။

ငွေကြေးနဲ့ စည်းစိမ်တွေကလည်း စုပြုံဆိုက်ရောက်လာ။

မြန်မာပြည်က အနုပညာလောကလေးကို မဆိုထားနဲ့။ တစ်ကမ္ဘာလုံးက လက်ခုပ်သြဘာသံတွေ ညံနေအောင် အားပေးချီးမြှောက်တာကို ခံခဲ့ကြရတဲ့ ရုပ်ရှင်သရုပ်ဆောင်တွေ၊ အဆိုတော်တွေကော အန္တရာယ်မကျရောက်ဘူးလား။ အန္တရာယ်ရှိကြတာပါပဲ။

- မာရီလင်မွန်ရိုး

- အဲလ်ဗစ်စ်ပရက်စလေ

အောင်မြင်မှုသရဖူဆောင်းတဲ့ မဟာကြယ်ပွင့်ကြီးတွေပေါ့။ သူတို့ဟာ အိပ်ဆေးအလွန်အကျွံသောက်သုံးခြင်းကြောင့် ငယ်ငယ် ရွယ်ရွယ်နဲ့ ကွယ်လွန်ခဲ့ကြရရှာတယ်။

- ဘရု(စ်)လီဆိုတဲ့ သိုင်းမင်းသား။ သူကွယ်လွန်တာဟာ အိပ်ဆေးလွန်တာလို့ တချို့ကပြောပေမယ့် တချို့ကတော့ ပြိုင်ဖက်မနာလို သူတွေက လက်သည်မပေါ်အောင် လျှို့ဝှက်အဆိပ်ခတ် လုပ်ကြံခံရတာပဲလို့ ကောလာဟလ စွပ်စွဲတာမျိုးတွေလည်း ဖတ်ရဖူးရဲ့။

ဘာပဲဖြစ်ဖြစ် အောင်မြင်ကျော်ကြားမှု၊ ထင်ရှားမြင့်မားမှုဟူသမျှမှာတော့ အန္တရာယ်က ထပ်ချပ်မကွာ လိုက်ပါလာနေတာပါပဲ။ အမေရိကန်သမ္မတတွေထဲမှာ အေဘရာဟမ်လင်ကွန်းဟာ လူချစ်လူခင် အများဆုံး၊ ပြည်သူတွေအချစ်ဆုံးသမ္မတအဖြစ် အခုထိစာရင်းကောက်ကြည့်တိုင်း ထိပ်ဆုံးမှာရှိတဲ့ပုဂ္ဂိုလ်ပဲ။ သို့သော် သမ္မတ လင်ကွန်းရော၊ သမ္မတ ဂျွန်အက်ဖ်ကနေဒီရော အာဏာလက်ရှိဘဝမှာပင် မုန်းတီးမလိုလားသူတို့ရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကြောင့် ကွယ်လွန်သေဆုံးခဲ့ကြရှာတယ်။

အောင်မြင်မှုဟာချိုမြိန်ပါတယ်။ ဒါပေမယ့် သူနဲ့ ယှဉ်တွဲလျက် အဆိပ်လည်းပါတတ်တယ်။ သတိထား။

မလိုလားသူ၊ မနာလိုမရှုဆိပ်သူတွေရဲ့ အန္တရာယ်ပေးမှု၊ ဖျက်ဆီးချေမှုန်းမှုတွေကို ခံရတတ်တယ်။ သမိုင်းမှာ လူသိများထင်ရှားလှတဲ့

မဟာအလက်ဇန္ဒား ဂျူလီယက်ဆီဇာ၊ နပိုလီယံဘိုနာပတ်အစရှိတဲ့ ဧကရာဇ်များပင် ကြေကွဲဝမ်းနည်းဖွယ်ရာနဲ့ အဆုံးသတ်သွားကြရဖူး တယ်။ သူတို့လည်း တစ်ချိန်က အောင်မြင်မှုသရဖူကို သူမတူအောင် ဆောင်းခဲ့ကြသူတွေပဲပေါ့။ စိန်မှန်ကင်းလည်း ထင်းဖြစ်တတ်တယ်။

ပြင်ပအန္တရာယ်ကို သတိပြုရမယ်။ တူမောင် သိလောက်ပါပြီ။

အတွင်းကအန္တရာယ်တစ်မျိုးရှိသေးတယ်။ ယစ်မူးသာယာပြီး မိန်းမောမြောပါသွားခြင်းပါပဲ တူမောင်။ ဝီရိယ လျော့ကျသွားခြင်း။

မြှောက်ပြောတာတွေ အဟုတ်ထင်။ ကောင်းပြီ၊ ပြည့်စုံပြီ၊ အားလုံးမှန်နေပြီရယ်လို့ ဝိုင်းဝိုင်းလည် နားဝင်ချိုအောင် ချော့နေသမျှ ကို ကျေနပ်ရောင့်ရဲပြီး ကျဆုံးရှုံးနိမ့်သွားသူတွေပေါင်း ထောင်သောင်း မကအောင်လည်း မြင်ဖူးလှပါပြီ။ အပြင်ရန်၊ အတွင်းရန်တွေကို တွန်း လှန်ရပ်တည်နိုင်သူတွေပဲ “ မတစ်ထောင် တစ်ကောင်ဘွား ” မိမိကိုယ် ကို ထိန်းသိမ်းပြီး ရှေ့ဆက်သွားနိုင်ကြပါတယ်။ သတိထားစရာပေါ့ တူမောင်ရယ် . . . . ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

နံနက်ခင်းဂျာနယ်
မေလ ၊ ၁၉၉၉ခုနှစ်၊

☸ ☸ ☸ ☸

# ပန်းပေါ်သို့ ကျရောက်လာသော

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ . . .

အီရန်နိုင်ငံမှာ ရှားဘုရင်ပြုတ်ကျပြီး ဘာသာရေးခေါင်းဆောင်များ အာဏာရစ အချိန်ကာလမှာတစ်ယူသန်အကြမ်းဖက်သမားတစ်စုက အမေရိကန်ပြည်ထောင်စုရဲ့ သံရုံးထဲကိုဝင်ပြီး သံအမှုထမ်းအချို့ကို ဓါးစာခံအဖြစ် ရက်ပေါင်း တော်တော်ကြာဖမ်းဆီးထားခဲ့ဖူးတယ်။

အမေရိကန်ကယခင် ရှားဘုရင်ကို ထောက်ခံအားပေးခဲ့တယ်။ အမေရိကန်အစိုးရက ပါလီမန်စနစ်နဲ့ရွေးချယ်တင်မြှောက်ခံရတဲ့ အီရန်အစိုးရအဆက်ဆက်ကိုတော့ သူကြိုးဆွဲရာကခဲ့တဲ့ ရှားဘုရင်လောက်ဟက်ဟက် ပက်ပက် လှိုက်လှိုက်လှဲလှဲမဆက်ဆံခဲ့တာ အခုအချိန်အထိပါပဲ။ ဒါကို ထင်ရှားစွာထောက်ရှုရခြင်းအားဖြင့် လူ့အခွင့်အရေးတွေ ဒီမိုကရေစီတွေဆိုတာပါးစပ်က အပေါ်ယံပြောလို့ကောင်းအောင် တမင်သက်သက်ပြောဆိုနေတာပါ။ တကယ့်ပြည်သူလူထုအာဏာပိုင်စိုးရေးကို အားပေးချင်လို့ ကောင်းစေချင်လို့ စေတနာ

မဟုတ်ပါဘူးဆိုတာ သိသာပါတယ်။ သူတို့အကျိုးအမြတ်ဟာ အဓိကပါ။

အမေရိကန်နဲ့ဗြိတိန်နိုင်ငံတို့ဟာ ဘုရင်စနစ်ရှိနေတဲ့ ထိုင်းနိုင်ငံကို ရင်းရင်းနှီးနှီးဆက်ဆံနေကြတာပဲ။ ဘာပြောမလဲ။ ဒါကစည်းမျဉ်းခံဘုရင်စနစ်မို့ပါ။ ဆင်ခြေပေးနိုင်ပါသေးတယ်။ ကဲ ဘရူနိုင်းနိုင်ငံဟာ ဘုရင်အာဏာချုပ်ကိုင်နဲ့ နိုင်ငံပါပဲ။ အမေရိကန်နဲ့ ဗြိတိန်တို့က ရင်းရင်းနှီးနှီးဆက်ဆံနေကြတာပါပဲ။ ဘရူနိုင်းမှာဒီမိုကရေစီပေးပါလို့ သူတို့တစ်ခွန်းမှ မပြောဖူးပါဘူး။ ဘရူနိုင်းပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ သူတို့ကမဆိုင်ဘူးလေ။ သူတို့နဲ့အဆင်ပြေဖို့သာ အဓိကစဉ်းစားတာ မဟုတ်လား။

မြန်မာပြည်မှာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးကို အကြောင်းပြုပြီး သူတို့ကပိတ်ဆို့ဖို့ ဝိုင်းပယ်ဖို့နိုင်ငံတကာမှာ ကြိုးစားနေတယ်။ ဘာ့ကြောင့်လဲ။ အလွန်တရာ ရှင်းလင်းထင်ရှားပါတယ်။ မြန်မာအစိုးရဟာ သူတို့ကြိုးကိုင်ခြယ်လှယ်လို့မရတာကြောင့်ပါပဲ။ သူတို့က ဩဇာပေးချင်တယ်။ စွက်ဖက်ချင်တယ်။ အဲဒါကိုလိုက်နာမယ့်လူ၊ တပည့်ခံမည့်သူ့ကို အာဏာရစေချင်ပါတယ်။ မြန်မာပြည်သူတွေရဲ့ အကျိုးစီးပွားဘာမှမစဉ်းစားဘူး။ သူတို့အတွက် အမြတ်ထုတ်ဖို့ အကျိုးများ/မများ ဒါကိုပဲအဓိက တွက်ချက်စဉ်းစားတာဖြစ်ပါတယ်။ ဟန်ဆောင်မှုတွေကို သိရပါမယ်။

မြန်မာပြည်ဟာအင်ဒိုချိုင်းနားကျွန်းဆွယ်ကြီးပေါ်မှာ ဧရိယာနယ်မြေအကျယ်ဝန်းဆုံးသော တိုင်းပြည်ကြီးတစ်ခုဖြစ်တဲ့အပြင် ပင်လယ်ကမ်းရိုးတန်းမိုင်ပေါင်း၁၄၀၀လောက်ရှည်လျားတယ်။ ပင်လယ်ကူးသင်္ဘောကြီးတွေ ဝင်ထွက်ဆိုက်ကပ်နိုင်ပါတယ်။ ဒါဟာ လမ်းပန်းဆက်သွယ်ရေးမှာ အင်မတန် တန်ဖိုးရှိတဲ့ သဘာဝအခြေအနေပဲ။

လူဦးရေသန်းပေါင်း၁၂၀၀ကျော်ပြီး အနုမြူလက်နက်ပိုင်ဆိုင်ထားတဲ့ နိုင်ငံကြီးနဲ့ ထိစပ်နေတယ်။ လူဦးရေသန်းပေါင်း ၉၀၀ကျော်

ရှိပြီး အနုမြူလက်နက်ပိုင်ဆိုင်တဲ့ နိုင်ငံကြီးတစ်ခုနဲ့လည်း နယ်နိမိတ်ချင်းထိစပ်နေပြန်တယ်။

လူဦးရေပြန့်နှံ့မှုကျဲပါးပေမယ့် မြန်မာလူမျိုးကသမိုင်းကြောင်းတစ်လျှောက်လုံးမှာ ကုလားရဲ့တပည့်လည်း လုံးဝမလုပ်ခဲ့ဖူးဘူး။ တရုတ်ရဲ့တပည့်လည်းတစ်ခါမှ မလုပ်ခဲ့ဖူးဘူး။ ယဉ်ကျေးမှုအရ အိန္ဒိယယဉ်ကျေးမှုတွေကိုလည်း ယူသင့်တာယူခဲ့တယ်။ တရုတ်ယဉ်ကျေးမှုကိုလည်း အတုယူသင့်တာယူခဲ့တယ်။ ဒါပေမယ့်ဘယ်အရာကိုမှ ပုံတူထပ်တူကူးချပြီး ဩဇာခံအနေနဲ့ မကျရောက်ခဲ့ဘူး။ ကိုယ့်ရေမြေ၊ လူမျိုးအခြေအနေနဲ့ ဆီလျော်သင့်တော်ရာကိုပဲ ဉာဏ်ပညာနဲ့ ရွေးချယ် ပြုပြင်ပြီး သုံးစွဲတာဖြစ်ပါတယ်။

ခုခေတ်မှာတော့ အိမ်နီးချင်းနိုင်ငံကြီးတွေရဲ့ အန္တရာယ်ထက် ယဉ်ကျေးမှုနဲ့ လူထုဆက်သွယ်ရေးကို ရှေ့ပြေးစစ်မျက်နှာ အဖြစ်ခင်းကျင်းပြီးအဟုန်ပြင်းစွာ ထိုးဖောက်လာတဲ့ အနောက်တိုင်းခေတ်သစ်နယ်ချဲ့ရဲ့အန္တရာယ်ကိုမြင်ဖို့ရာ လိုပါတယ်တူမောင်။ မျက်ခြေမပြတ် အကဲခတ်နေရပါမယ်။

ဂီတ၊ ရုပ်ရှင်၊ သဘင်စတဲ့ အဆိုအကကိုယ်ပိုင်ယဉ်ကျေးမှုတွေကို မိမိဖာသာသိမ်ငယ်အထင်သေးပစ်ပယ်ပြီး သူတို့ဂီတ၊ သူတို့အက၊ သူတို့ရဲ့ယဉ်ကျေးမှုကိုမှ အင်တာနေရှင်နယ်အဆင့်လို့ ခံယူလက်ခံအောင် ကြီးမားလှတဲ့ ရေဒီယို၊ တီဗီ၊ အင်တာနက်၊ လူထုဆက်သွယ်ရေးကွန်ယက်များကနေထိုးဖောက်လျက်ရှိပေတယ်။ ကြောက်ခမန်း လိလိ ကြီးမားလှတဲ့ လှိုင်းလုံးကြီးတွေရဲ့ ဖိစီးမှုကြောင့် အိမ်နီးချင်းတိုင်းပြည်အချို့မှာဆိုရင် ရိုးရာ အဆိုအက ယဉ်ကျေးမှုဆိုတာ သမိုင်းစာမျက်နှာနဲ့ ရှေးဟောင်းပြတိုက်ထဲမှာပဲရှိတော့တယ်။ လက်ရှိဂီတ၊ အက၊ ဇာတ်သဘင်စသည်တို့ဟာ လုံးဝဉသုံ အနောက်တိုင်းယဉ်ကျေးမှု ပုံစံထပ်တူနီးပါးဖြစ်သွားရတဲ့အထိ ဝါးမြိုခံရတာတွေ ရှိနေပါပြီ။

ဒါတွေဟာအကောင်းမှတ်ပြီး လိုက်နာအတုယူစရာမဟုတ်ပါဘူး။ အမျိုးသားရေးစရိုက်၊ အမျိုးသားရေးလက္ခဏာတွေ ကွယ်ပျောက်သွားပြီးတီရှပ်နဲ့ ဂျင်းပင်ဖင်ကျပ်ဘောင်းဘီဝတ်ကာ သူတို့စေခိုင်းသမျှ လိုက်နာ နာခံရအောင် ကျွန်ဇာတ်သွင်းမှာ ဖြစ်ပါတယ်။ ခေတ်သစ်နယ်ချဲ့ရဲ့ပရိယာယ်ကအနှစ် ၂၀၊ အနှစ် ၅၀စီမံကိန်းနဲ့ အကောင်အထည်ဖော်တာ။ အမြင်တိုတိုနဲ့ ခေါင်းငုံ့ပြီးလုပ် နေလို့ခါးစာခံဖြစ်နိုင်ပါတယ်။ မပေါ့ဆသင့်ဘူး။ ရေရှည်ကိုမြော်မြင်တတ်ရမယ်။

စစ်တို့ရဲ့ သဘောမှာ အခြေခံအကျဆုံးသိရှိရမယ့် ပညာကတော့ ပစ်ခတ်မှုနဲ့ရွေ့လျားမှုဆိုတဲ့ အချက်၂ချက် ဖြစ်ပါတယ်တူမောင်-

(၁) ပစ်ခတ်မှု Fire

(၂) ရွေ့လျားမှု Movement

စစ်ပညာ၊ စစ်သဘောတွေကို ကျွန်တော်တို့လို လူငယ်တွေ၊ သာမာန်ပြည်သူတွေသိဖို့၊ နားလည်ဖို့ရာ မလိုပါဘူးဗျာလို့ တူမောင်က ဆိုချင်ဆိုပါလိမ့်မယ်။ နယ်မြေကျယ်ဝန်းလှပြီးလူဦးရေကနည်းပါးတဲ့ အပြင်မဖွံ့ဖြိုးသေးတဲ့ နယ်စပ်တောင်ပေါ်ဒေသတွေ ဝိုင်းရံဖွဲ့စည်းထားရတဲ့ တူမောင်တို့ ဦးဦးတို့နိုင်ငံဟာ ခေတ်အဆက်ဆက်စစ်ပညာစစ်အမြင်နဲ့ ဘိုးစဉ်ဘောင်ဆက်ရှင်သန်ခဲ့ရတာကွဲ့။ ရှေးကအနော်ရထာ၊ ဘုရင့်နောင်၊ ဦးအောင်ဇေယျစတဲ့ ပုဂ္ဂိုလ်တွေကလည်း စစ်အင်အားကို အခြေပြုပြီး နိုင်ငံကို တစ်စည်းတစ်လုံးတည်းဖြစ်အောင် ထူထောင်ခဲ့ကြရတယ်။ စစ်အမြင်၊ စစ်ပညာရှိခဲ့ကြလို့သာလျှင် မြန်မာဟာ မြောက်ဘက်က အကြိမ်ကြိမ် ကျူးကျော်စစ်ဆင်ဝင်ရောက်လာခဲ့သူတွေကို (လူဦးရေနည်းလှပေမယ့် ရဲစွမ်းသတ္တိ ထူးချွန်ပြောင်မြောက်စွာနဲ့ ) အောင်အောင်အောင်မြင်မြင်တားဆီးတွန်းလှန်နိုင်ခဲ့တာ။

စစ်အမြင်၊ စစ်ပညာပြည့်ဝခဲ့ကြလို့သာလျှင်ရှေးကအယုဒ္ဓယ

ဆိုတဲ့ နိုင်ငံကို ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်တွေနဲ့ စစ်ချီပြီး အောင်မြင်စွာ မြန်မာတို့က သိမ်းယူဆုံးမနိုင်ခဲ့တာ။ ဇင်းမယ်ပြည်နယ်ဆိုတာ မြန်မာဘုရင်ပိုင်ဧရိယာထဲမှာ နှစ်ပေါင်း၂၆၀ကျော် လက်အောက်ခံ ဖြစ်ခဲ့တာဆိုပဲ။ ထိုင်းနိုင်ငံသမိုင်းတွေထဲမှာ ရေးထားတာပါ။

တူမောင်တို့ ဦးဦးတို့ဟာ သာမန်မြန်မာပြည်သူတွေမှာ စစ်ပညာ၊ စစ်အမြင်ရှိကြရမယ်။ အစဉ်အလာအရ စစ်သဘောတရားတွေကို နားလည်နေရမယ်။ ပြည်ပရန်သူတွေကို ပြည်သူ့စစ်မဟာဗျူဟာနဲ့ ခုခံကာကွယ်နိုင်မှ အောင်မြင်စွာ တွန်းလှန်ချေမှုန်းနိုင်ကြမှာ။ ပြည်သူတိုင်းက စစ်အမြင်ရှိရမယ်။

စစ်ရဲ့သဘောမှာ အခြေခံအကျဆုံးအတတ်ပညာကတော့ အထက်ကပြောခဲ့တဲ့ ပစ်ခတ်မှုနဲ့ရွေ့လျားမှု(Fire and Movement) ဖြစ်တယ်။

ဒါကတော့ တစ်ဦးချင်းတစ်ယောက်ချင်းကနေပြီး အဖွဲ့နဲ့၊ တပ်စိတ်၊ တပ်စုနဲ့ဆောင်ရွက်ရတာပဲ။ တပ်မ၊ တပ်တော်၊ စသည်ဖြင့် စစ်ကြောင်းကြီးတွေတပ်ရင်း၊ တပ်မဟာအနေနဲ့ သေနင်္ဂဗျူဟာစစ်ကစားရပြီဆိုရင်တော့ ပစ်ခတ်မှုများနဲ့ စစ်သဘောရွေ့လျားမှုတွေကို ပစ်အားနဲ့စစ်ကစားခြင်းလို့ ခေါ်ဝေါ်သုံးစွဲရပါတယ်။

(၁) ပစ်အား Fire Power

(၂) စစ်ကစားမှု Manoeuvre (MANOEUVRE)

မျက်မှောက်ခေတ်မှာ ခေတ်သစ်နယ်ချဲ့ဟာ ရှေးကလို မစ်ရှင်နရီ၊ မားချင့်၊ မစ်လီတီရီဆိုတဲ့ သာသနာပြု ကုန်သည်၊ စစ်အင်အားတို့နဲ့ ထိုးဖောက်သိမ်းပိုက်ရုံမျှသာမကဘူးကွဲ့။ လူထုဆက်သွယ်ရေးစစ်မျက်နှာလို့ခေါ်ရမယ့် Mass-Media ရေဒီယို၊ တီဗီ၊ စာနယ်ဇင်းစသည်များမှာပါ စစ်ဆင်ရေးတိုက်ပွဲအသွင်မျိုးနဲ့ ပစ်အားရောစစ်ကစားမှုပါ လုပ်နေကြပါတယ်။

လူထုဆက်သွယ်ရေးနယ်ပယ် Media မှာ ရန်သူရဲ့ မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် ဖိနှိပ်ချေမှုန်းနေတဲ့ ပစ်အားများနဲ့ စစ်ကစားမှုများကို ကောင်းစွာနားလည်သိမြင်ပြီး ကျွမ်းကျင်နိုင်နင်းစွာ တုန့်ပြန်ချေမှုန်း တတ်ဖို့အရေးကြီးပါတယ်။ သတင်းစာပညာရှင်၊ သတင်းစာဆရာတွေ၊ စာပေပညာရှင်၊ စာရေးဆရာတွေဟာ သမိုင်းကပေးလာတဲ့ မိမိပခုံးပေါ် တင်ပေးလိုက်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ကို ကျေပွန်အောင်ထမ်း ဆောင်ကြဖို့ရာ အထူးလိုအပ်နေပါတယ်။ ပေါ့ပေါ့ဆဆနေနေကြလို့ မဖြစ်ပါဘူး။

တူမောင်တို့မြင်အောင်ကြည့်ပါ။
သိအောင်လေ့လာပါ။
ကျွမ်းကျင်အောင်မြင်စွာ ဆင်နွဲကြပါ။
နိုင်ငံနဲ့ လူမျိုးအဓွန့်ရှည်ပါစေ . . . ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
၁၀-၁၀-၁၉၉၉

☸ ☸ ☸ ☸

# စာရေးချင်သလား

“ စာရေးဆရာဖြစ်ချင်သူတို့ မရှားပေ။ သို့သော်စာရေးဆရာ တကယ်တမ်းဖြစ်လာသူတို့ကား ရှားပေသည်။ ကျောင်းကြီးများမှာ ဘွဲ့ရလာသူတို့အထဲမှ အစိုးရဝန်ထမ်းရာထူးရှင်များ မြောက်များစွာဖြစ်ပေါ်လာကြသည်။ စာရေးဆရာတစ်ယောက်တစ်လေထွက်ဖို့ကားမလွယ်ပေ”

တက်တိုး
(ကလောင်သစ်မဂ္ဂဇင်း-စာ ၂၁)
ဧပြီလ၊ ၂၀၀၀ပြည့်နှစ်။

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ . . .

စာရေးသက်နှစ်ပေါင်း ၅၀ကျော်ကိုဖြတ်သန်းခဲ့တဲ့ စာရေးဆရာကြီးတက်တိုး(ဦးအုန်းဖေ) ရေးတဲ့ကလောင်သစ်များ အောင်ပါစေဆိုတဲ့ ဆောင်းပါးကိုဖတ်ပြီး မလွယ်တာကို အောင်မြင်သည်အထိ တကယ်ကြိုး

ပမ်းချင်တဲ့ တူမောင်အတွက် ဦးဦးကသည်စာကို ရေးလိုက်ပါတယ်။

## (၁) စာများများဖတ်ပါ၊

စာရေးချင်တဲ့လူက သူများတွေဘယ်လိုရေးကြသလဲ၊ ဘာတွေရေးကြသလဲဆိုတာကို ဦးစွာပထမ များများကြည့်ရလေ့လာရမှာပေါ့။ ထင်ရှားတဲ့ စာအုပ်တွေကို ဦးစွာဖတ်သင့်တယ်။ ပြဋ္ဌာန်းစာအုပ်လို သဘောထားပြီး ဖတ်ရမှာပဲ။ အနည်းဆုံးသတင်းစာကိုတော့ မှန်မှန်ဖတ်ရမယ်။ သတင်းစာမှာ ကမ္ဘာ့သတင်း၊ အားကစားသတင်း၊ ရုပ်ရှင်ဝေဖန်ရေး၊ ပြည်တွင်းသတင်း၊ ဆောင်းပါးစတဲ့ သတင်းစာအရေးအသားတွေကို များများကြီး ဖတ်ရပါလိမ့်မယ်။ သတင်းစာအရေးအသားက ရှင်းရှင်းလင်းလင်းရေးနည်းတွေကို အတုယူရမယ်။ လက်ရှိစောင်ရေ သိန်းချီပြီး ထွက်နေတဲ့ သတင်းစာက များများမရှိပါဘူး။ နှစ်စောင်ထဲပါ။

(က) ကြေးမုံ

(ခ) မြန်မာ့အလင်း

အင်္ဂလိပ်လိုပါ ဖတ်ရင်ပိုကောင်းတာပေါ့။

(ဂ) The New Light of Myanmar

ဂျာနယ်တွေလဲဖတ်သင့်တယ်။ တစ်ပတ်တစ်ပတ် ဂျာနယ်တွေ ထွက်နေတာ အများကြီးပါပဲ။ ဦးဦးလဲ တူမောင်လိုပဲ၊ လက်လှမ်းမီသမျှ ဖတ်နေရတုန်းပဲလေကွယ်။

မဂ္ဂဇင်းတွေမှာ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်းတွေပါတယ်။ လစဉ်ထုတ်မဂ္ဂဇင်းတွေကိုလဲ တူမောင်ဖတ်ရပါမယ်။တွေ့သလောက် များများသာဖတ်ပေရော့။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကို ဒီလောက်အများကြီး မဝယ်နိုင်ပါဘူး။ ငွေးခလဲ မတတ်နိုင်ပါဘူးရယ်လို့တော့ ဆင်ခြေမပေးနဲ့တူမောင်ရဲ့။ နီးရာ ပြန်ကြားရေးစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်

တိုက် စတဲ့ နီးရာစာကြည့်တိုက်တွေမှာ အခမဲ့ ကြည့်ခွင့်ရှိပါသဗျား။

## (၂) များများရေးပါ

စာများများဖတ်ရင်းနဲ့ ကူးစရာ၊ မှတ်စရာတွေ တွေ့လာလိမ့်မယ်။ စိတ်ဝင်စားတာနှစ်သက်ရာကို မှတ်သားမိအောင် ကူးယူထားပါ တူမောင်ရေ။ မှတ်စုတွေ များလာတဲ့အခါမှာ ရေးကွက်တွေ ရလာပေလိမ့်မယ်။

စိတ်ကူးပေါ်ရာကို ရေးဖြစ်အောင် ရေးချနေရမယ်။ ကဗျာတွေရေးချင်ရေးပေ့ါ။ ဝတ္ထုရေးချင်စိတ်ပေါ်ရင် ဝတ္ထုတွေရေးပေ့ါ။ ဆောင်းပါးတွေရေးချင်ရင် ဆောင်းပါးရေးပါလေ။ ရေးတဲ့အလေ့အကျင့်များများလုပ်နေရင် တစ်စတစ်စနဲ့ မုချမသွေ တိုးတက်လာမှာပဲ။ ရေးမှသာ စာရေးဆရာဖြစ်မယ်။ မရေးဘဲနဲ့ စာရေးဆရာမဖြစ်ဘူး။ အဲဘယ်လို တွေးမလဲ၊ ဘယ်လိုရေးမလဲ ဆိုတာကတော့ တစ်ယောက်နဲ့ တစ်ယောက် မတူနိုင်ပါဘူး။ လူတစ်ယောက်နဲ့ အတွေ့အကြုံနဲ့ တစ်ယောက်နဲ့က မတူညီနိုင်ဘူး။

အတွေ့အကြုံ အတွေးအမြင်မတူရင်ရေးတဲ့ အကြောင်းအရာနဲ့ ချဉ်းကပ်ပုံ၊ ရေးဖွဲ့ပုံ၊ တင်ပြပုံဟန်ပတ်စတဲ့ အရာတွေလဲ မတူနိုင်ပါဘူး။ ရေးစမှာ မိမိနှစ်သက်တဲ့ စာရေးဆရာများရဲ့ ဟန်တွေ၊ ချိတ်ဆက်ပုံတွေ စကားလုံး ရွေးချယ်သုံးနှုန်းပုံတွေပါနေတတ် သေးတယ်။ ဒါပေမယ့် များများရေးလာတဲ့အခါမှာ မိမိကိုယ်ပိုင် ဖြစ်လာပါလိမ့်မယ်။

ဦးဦးဟာ တက္ကသိုလ်ဘုန်းနိုင်၊ သော်တာဆွေ၊ ရွှေဥဒေါင်း၊ သိန်းဖေမြင့်၊ နတ်နွယ်၊ မောင်သက်နှောင်၊ ဓူဝံ၊ ကြပ်ကလေး စတဲ့ စာရေးဆရာတွေ ရေးသမျှ ကြိုက်လွန်းလို့ အလွတ်ရလုနီးပါးအထပ်ထပ် အခါခါ ဖတ်ခဲ့ဖူးပါတယ်။ သို့သော် တကယ်ရေးတဲ့အခါကျတော့ ကိုယ့်ဘဝ ကိုယ့်အတွေ့အကြုံပေါ် အခြေခံပြီးရေးရတော့တာပဲ။ ထပ်တူကူး

ချလို့ မရနိုင်ဘူး။ ကိုယ်ကြိုက်တဲ့ စာရေးဆရာရဲ့ စာတွေကိုကူးပြီး အရိပ်ကျလောင်းရိပ်မိတာမျိုး မဖြစ်စေရပါဘူး။ ကိုယ်ပိုင်ဟန်နဲ့သာ ရပ်တည်ရပါမယ်။ စာရေးဆရာဖြစ်လာတဲ့ ပုဂ္ဂိုလ်တွေကို လေ့လာကြည့်ရင် သူတို့ဟာ ထိုက်သင့်သလောက်ဝမ်းစာရှိကြတာ တွေ့ရလိမ့်မယ်။ ဝမ်းစာဆိုတာကတော့ သူတို့ ဖတ်ခဲ့၊ မှတ်ခဲ့လေ့လာဆည်းပူးခဲ့ကြတဲ့ ဗဟုသုတစာတွေ အတွေ့အကြုံတွေပဲဆိုပါတော့။

စာရေးဆရာဆိုတာကတော့ ကိုယ်တိုင်အားထုတ်မှပဲရတယ်။ အငှားနဲ့လုပ်လို့ မရဘူး။ လူစားနဲ့ ခိုင်းလို့မရဘူး။

အမည်ခံနဲ့အောင်မြင်တဲ့ လူတွေရှိခဲ့တာပါပဲလို့ ဆိုချင်ဆိုနိုင်ပေမယ့် ရေရှည်မရနိုင်ပါဘူး။ ပေဖူးလွှာမဂ္ဂဇင်းမှာ အင်တာဗျူးဖြေခဲ့တဲ့ ဆရာမြသန်းတင့်(၁၉၂၉-၁၉၉၈)ရဲ့ စကားဟာ မှတ်သားစရာကောင်းတယ်။

စာရေးဆရာအလုပ်ဟာ ဂုဏ်အရှိဆုံး အလုပ်တစ်ခုလို့ ငယ်ငယ်ကတည်းက ထင်ခဲ့တာ။ ဂုဏ်ဆိုတာ ပကာသနကိုပြောတာ မဟုတ်ဘူး။ ရိုးသားမှန်ကန်တဲ့ ဂုဏ်သိက္ခာကို ပြောတာ။ စာရေးဆရာဆိုတဲ့ ဘဝကို ဘာနဲ့မှမလဲနိုင်ဘူး။ ခုလည်း မလဲနိုင်ဘူး။ နောင်လည်း မလဲနိုင်ဘူး။ စာရေးခြင်းအလုပ်ကို ယုံကြည်မှုတစ်ခု၊ ယုံကြည်ခြင်းတရား တစ်ခုအနေနဲ့ ကျွန်တော်ယုံတာ၊ သဘောထားတာ။ ဒ့ါကြောင့် ငါကြီးလာရင် စာရေးဆရာလုပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ စာရေးဆရာအလုပ်ကလွဲလို့ ဘယ်အလုပ်ကိုမှ မလုပ်ခဲ့ဖူးသေးဘူး။

စာရေးခြင်းအလုပ်ဆိုတာ ခဏတဖြုတ် လမ်းကြုံလို့ ဝင်လုပ်ရမယ့် အလုပ်မျိုးမဟုတ်ဘူး။ အပျင်းပြေဝင်လုပ်ရမယ့် အလုပ်မျိုး မဟုတ်ဘူး။ အားအားယားယားရှိလို့ဝင်လုပ်ရမယ့်အလုပ်မျိုး မဟုတ်ဘူး။ တကယ့်ကို စွဲစွဲမြဲမြဲလုပ်ရမယ့် အလုပ်။ အချိန်မရွေး လုပ်နေရမယ့် အလုပ်။ တစ်သက်လုံး လုပ်နေရမယ့် အလုပ်လို့ မြင်တယ်တဲ့ ဟုတ်ပြီနော်။

## (၃) မူရှိရမယ်

စာရေးတဲ့အခါမယ် အခြေခံသဘောတရားချမှတ်ထားရမယ်။ တူမောင် မိမိကိုယ်ပိုင် ရွေးချယ်ရပါမယ်။ နမူနာအနေနဲ့ ဦးဦးရဲ့ သဘောထားကို ပြောရရင် “ သစ္စာ၊ ဓမ္မ၊ ဝီရိယ ” နှင့် စာဂဟူသည် ရန်သူအောင်မူ ကြောင်းလေးခု ဆိုတဲ့ စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ ရဲ့ မူဝါဒအခြေခံသဘောတရားကို လက်စွဲထားပါတယ်။

သစ္စာမှန်ကန်ရမယ်။

ဓမ္မ တရား မျှတရမယ်။ ဒါမျိုးပေါ့။ ဥပမာ- မေတ္တာပါရမယ်။ စေတနာဖြူစင်ရမယ် စတဲ့ အချက်များလဲ တူမောင် နှစ်သက်ရာ စွဲကိုင် နိုင်ပါတယ်။ ကဲ ဒီလောက်ဆိုရင်ပဲ အချိန်တိုတိုနဲ့ လမ်းစရရှိပြီလို့ ဆို နိုင်ပါလိမ့်မယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

သုစွယ်စုံမဂ္ဂဇင်း
ဇွန်လ၊ ၂၀၀၀ပြည့်နှစ်

☸ ☸ ☸ ☸

# အသိမြင့်၍ အကျင့်ကောင်းအောင် မိမိကိုယ်ကို ပျိုးထောင်

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

ဦးဦးဟာ ၁၉၉၁ခုနှစ်၊ ဒီဇင်ဘာလမှာ မလေးရှားနိုင်ငံသို့ တစ်နှစ်ပညာတော်သင်ယူရန်အတွက် ခရီးထွက်ခဲ့ရဖူးပါတယ်။ ၁၉၉၆ခုနှစ်မှာ မြန်မာစာရေးဆရာ ကိုယ်စားလှယ်အဖွဲ့နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၅ရက်ခရီး ထွက်ခဲ့ရသေးတယ်။ ၁၉၉၈ခုနှစ်မှာလဲ ပြည်ပနိုင်ငံတစ်နိုင်ငံသို့ ၁၅ရက်လေ့လာရေးခရီး လိုက်ပါခဲ့ရဖူးတယ်။ ယခုမကြာမီမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာစာရေးဆရာအဖွဲ့ကို ခေါင်းဆောင်ပြီး သွားဖို့ရာရှိပါတယ်။ ဒါနဲ့ နိုင်ငံခြားသွားဖို့ Pass Port နံပါတ်ပြန်ရှာဖို့ နံပါတ်ကိုမှတ်သားထားတဲ့ ၉၁ခု ဒိုင်ယာရီကို ပြန်ရှာရပါတယ်။ အလွယ်တကူပဲ တွေ့ပါတယ်။ အဲဒီဒိုင်ယာရီထဲက မှတ်သားခဲ့တဲ့ စာတစ်ပိုဒ်ကို ဒီလိုတွေ့လိုက်ရတယ် တူမောင်။

" မိမိဘဝမှာ ဖြည့်ဆည်းနေရမယ့် အရာနှစ်ခုကား ပညာနှင့် သီလဖြစ်သည်။ ဝိဇ္ဇာနှင့် စရဏတို့ဖြစ်သည်။ ဉာဏ်အမြော်အမြင်နှင့် သိက္ခာသမာဓိဖြစ်၏။ အသိနှင့်အကျင့်ဟုလည်းခေါ် ဆိုနိုင်၏။ အသိမြင့်၍ အကျင့်ကောင်းအောင် မိမိကိုယ်ကို အမြဲတစေ ထူထောင်တည်ဆောက်နေရမည် "

အဲဒါဟာ ဦးဦးဘဝတစ်လျှောက်အတွက် လမ်းညွှန်အယူအဆ၊ မူဝါဒသဘောထားလဲ ဖြစ်ပါတယ်။ ရွှေမရှိရင် နေပါစေ။ ငွေမရှိရင်လည်းနေပါစေ။ ပညာ ပြည့်စုံပြီး သီလခိုင်လုံရင် ဘဝအတွက် ကျေနပ်ပါပြီ။ ဘဝဆိုတာ တိုတိုလေးပဲ။ သံသရာခရီးမှာ အဖိုးတန်တာကို ကိုယ်နဲ့မကွာပါရှိဖို့ရာက အရေးကြီးတယ် မဟုတ်လား။ အဖိုးတန်တဲ့အရာတွေကို ယူဆောင်နိုင်အောင်သာ ကြိုးစားရမယ် မဟုတ်လား တူမောင်။

" သင်အရည်အချင်းတစ်ခုခုကို လိုလားတယ်ဆိုရင် သင့်မှာ အဲဒီ အရည်အချင်းကိုရှိနေပြီးသားလို့ မှတ်ယူထားပြီး (ဖြစ်နေရှိနေဘိသကဲ့သို့) ပြုမူဆောင်ရွက်ပါ။ တကယ်ပဲအဲဒီအရည်အချင်း ရပါလိမ့်မယ် " တဲ့။ အမေရိကန်စိတ်ပညာရှင် ဝီလျံဂျိမ်း (William James)က ဆိုခဲ့တယ်။

မြန်မာတို့ရဲ့ ဓလေ့ထုံးစံမှာတော့ ကြီးပွားအောင်မြင်ချင်ရင် စက်၄-ပါးနဲ့ ပြည့်စုံရမယ်လို့ ဗုဒ္ဓတရားတော်နဲ့အညီ ကျေးဇူးရှင် ဆရာတော်ကြီးများက ဟောကြား ဆုံးမလေ့ရှိတာပဲ။ စက်၄-ပါးဆိုတာကတော့-

(၁) သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အရပ်၌နေခြင်း။
(၂) ရှေးရှေးဘဝ ပြုအပ်ဖူးသော ကောင်းမှု ကုသိုလ်ရှိခြင်း။
(၃) မိမိကိုယ်၊ မိမိစိတ်ကို ကောင်းစွာထားနိုင်ခြင်း။
(၄) သူတော်ကောင်းတို့ကို မှီခိုရခြင်းတို့ပဲ။

ဒီနေရာမှာ မိမိကိုယ်ကို မိမိစိတ်ကိုကောင်းစွာ ထားနိုင်အောင် ကြိုးစားအားထုတ်ခြင်း၊ ကောင်းစွာကျင့်သုံးတည်ဆောက်ခြင်းဟာ ပစ္စုပ္ပန်မှာ အဓိကကျတာပေါ့တူမောင်။

“ ဣဇ္ဈတိ ဘိက္ခဝေ၊
သီလဝတော စေတော၊
ပဏိဓိ၊ ဝိသုဒ္ဓတ္တာ ”

ဂေါတမဗုဒ္ဓ (၆၄၃-၅၆၃)

ဘိက္ခဝေ- ရဟန်းတို့၊ သီလဝတော- သီလနှင့်ပြည့်စုံသောသူအား၊ စေတော ဝိသုဒ္ဓိတတ္တာ-စိတ်၏ စင်ကြယ်သည်အဖြစ်ကြောင့်၊ ပဏိဓိ- တောင်းသမျှဆုသည်၊ သမိဇ္ဈတိ-ပြီးပြည့်စုံ၏။ ကိုယ်ကျင့်သီလဖြူစင်သန့်ရှင်းကြပါက အရာရာဘာမဆို ကြံစည်သမျှ အောင်မြင်ပြီးစီးသည်။ စင်ကြယ်ဖြူလွှသည့် ကိုယ်ကျင့်သီလသည် အစဉ်အတိုင်းအဆင့်ဆင့် မြင့်သည်ထက်မြင့်၍အထွတ်အထိပ်သို့ရောက်အောင် ပို့ဆောင်ပေးပေသည်။

အထက်ပါတရားဒေသနာများကို ကြားနာမှတ်သားဖူးပါတယ်။ အမှန်တကယ်ပဲ အကျင့်သီလနဲ့ပြည့်စုံသူတွေဟာ ဂုဏ်သိက္ခာမြင့်မားလာကြတာကို ဦးဦးရဲ့ ဘဝတစ်လျှောက် တွေ့ရှိရပါတယ်။ လိမ်ညာကောက်ကျစ်ပြီး ဖြတ်လမ်းနဲ့ အထက်တန်းရောက်ချင်သူများကတော့ ကျဆင်းရှုံးနိမ့်သွားကြတာ မြင်တွေ့ရပါတယ်။ ကောက်သော်စား မလောက်၊ ဖြောင့်သော်စားမကုန်ဆိုတဲ့ ဆိုရိုးစကားလဲ တူမောင်ကြားဖူးမှာပေါ့။ ဖြောင့်ဖြောင့်မတ်မတ် မှန်မှန်ကန်ကန်နဲ့ သိက္ခာသမာဓိပြည့်စုံတဲ့ ပုဂ္ဂိုလ် များဟာ ပရိသတ်ရဲ့လေးစားအားကိုးမှုနဲ့ ဂုဏ်သတင်းကျော်စောခြင်းကိုရပါတယ်။

ခေါင်းဆောင်မှုဆိုတာ စေတနာအတုနဲ့ တက်လာလို့ မရနိုင်ပါဘူး။ စေတနာဆိုတဲ့ အရာဟာ အတုလုပ်လို့ မရပါဘူးကွယ်။ ပါးစပ်

ကနေ စေတနာစကားတွေ ဝေဝေဆာဆာပြောနေရုံမျှနဲ့လဲမပြီး ပါဘူး။ အလုပ်နဲ့လက်တွေ့ပြရတာဖြစ်ပါတယ်။ မိမိကိုယ်ကျိုးအတွက် မျှော်ကိုးပြီးတိုင်းသူပြည်သား လူအများကို ဆင်းရဲပါစေ၊ ဝတ်မွတ်ပါစေ၊ မအေးချမ်းကြပါစေနဲ့လို့ ပိတ်ဆို့တားဆီး၊ ဒုက္ခဖိစီးအောင် ကြံဆောင်တာမျိုးဟာလည်း နည်းလမ်းမှားပါတယ်။ နတ်ပြည်ကိုသွားချင်တယ် ပြောပြီး ငရဲသို့ဖောက်ထိုးဆင်းတဲ့လမ်းကို ဆင်းတာနဲ့ အတူတူပဲ။ စိတ် ကောင်း၊ စေတနာကောင်းနဲ့ လက်တွေ့လုပ်ရပ်က ကောင်းမှုကုသိုလ်ဖြစ် ဖို့လိုတာပေ့ါကွယ်။ကောင်းတဲ့ စိတ်ထားရှိဖို့ရာ အပေါင်းအသင်း၊ ဆရာသမားကောင်းရပါမယ်။ စက် ၄-ပါးမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ " သပ္ပုရိသူပနိဿယော " သူတော်ကောင်း အဆွေခင်ပွန်းများကိုအမှီ အခို ရရှိရပါမယ်။ အကုသိုလ်စေတသိက် လွှမ်းမိုးတဲ့ မိုက်မဲသူများ၊ အကြံနည်း၊ ဉာဏ်နည်း သူများနဲ့ လက်တွဲပေါင်းဖော်မိရင် ကောင်းရာ လမ်းကြောင်းသို့မရောက်နိုင်ဘူးလေ။

အသိမြင့်၍ အကျင့်ကောင်းအောင် မိမိကိုယ်ကို ဦးစွာပထမ ပျိုးထောင်ကြရပေမှာပဲ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

မြဝတီဂျာနယ်
အတွဲ(၁၀)၊ အမှတ်(၃၄)

☸ ☸ ☸ ☸

# မင်္ဂလွန်းရွာသို့ ဒုတိယအကြိမ်

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

ကလေးတချို့စကားထာဝှက်တမ်းကစားကြတာကို ကြားရဖူးတယ်။ မြို့အမည်တန်းနှစ်တန်းဘာလဲတဲ့။ ဘေးကကလေးတွေက ဖြေကြတာပေါ့။ မှန်တာလည်းရှိ မှားတာလည်းရှိ။ မေးသူကဖော်တဲ့ အဖြေမှန်ကဘာလဲဆိုတော့ကျောက်တန်းနဲ့ လက်ပံတန်းတဲ့။

တစ်ခြားပန်းအမည်၊ သစ်ပင်အမည်၊ သမိုင်းထဲကအမည်တွေကို ဝှက်ကြ၊ ဖော်ကြပြန်တယ်။

ကျောက်နှစ်ကျောက် အဖိုးတန်ထွက်တယ်။ ဘာလဲဆိုတော့ အမျိုးမျိုးအထွေထွေ ဖြေကြတယ်။

ကျောက်ပန်းတောင်းတဲ့။

ကျောက်ဖြူတဲ့။

ဒါပေမယ့်မေးတဲ့လူရဲ့ စိတ်ကူးသာလျှင် ပဟေဠိရဲ့ အဖြေမှန်မဟုတ်လား။ ဘာလဲပြောတော့ ကျောက်ဆည်နဲ့ ကျောက်တန်းတဲ့ ဟုတ်

တာပေါ့။ ဒီမြို့တွေဟာ ဆန်ရေစပါး အတော်များစွာထွက်ရှိတဲ့ ဒေသတွေပါပဲ။

အခုခေတ်မှာတော့ ကျောက်တန်းမြို့နယ်ဟာ ဆန်စပါးမျှသာ မကဘူးကဲ့။ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစိမ်းငုံ စတဲ့ သီးထပ်၊ သီးညှပ်များလည်း အလွန်ထွက်နေတဲ့အပြင် ပုဇွန်ကန်၊ ငါးကန်များမှ ရေထွက်ပစ္စည်းများလည်း ကောင်းစွာထွက်ကြတယ်။ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလက ကျောက်တန်းမြို့နယ်ထဲမှာရှိကြတဲ့ ကျေးလက်တောရွာတွေဟာ ရန်ကုန်တိုင်းအတွင်း၊ ရန်ကုန်ရွှေမြို့တော်ကြီးနဲ့ နီးသာနီးတာ။ လူနေမှုအဆင့်၊ ပညာဗဟုသုတအဆင့်အလွန်ပဲကွာဟခဲ့တာ အမှန်ပဲ။ ဒါလည်းဘယ်သူ့အပြစ်မှမဟုတ်ဘူး။ လမ်းပန်းဆက်သွယ်မှုခက်ခဲလှတဲ့ သဘာဝအခြေပဲ။ ဟိုစဉ်ကာလ ပါတီကောင်စီနဲ့ ဌာနဆိုင်ရာတွေ ကျေးရွာများသို့ ကွင်းဆင်းတယ်ဆိုရင် လှေတစ်တန်၊ ခြေလျင်တစ်တန်ပဲ။ ပုဆိုးကိုဒူးဆစ်ပေါ်အောင် တိုတိုဝတ်ပြီး ကန်သင်ရိုးအတိုင်း လျှောက်မှ ရွာစွန်ရွာဖျားရောက်တာကလား။

ခုခေတ်နိုင်ငံတော်အစိုးရက လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နေ့မနား၊ ညမအား လုပ်ဆောင်ပေးတယ်မဟုတ်လား။ လမ်းတွေ၊ ကားလမ်းတွေ၊ ကျောက်လမ်းတွေ၊ တာပတ်လမ်းတွေ၊ အစီအရီ ဖြစ်ထွန်းလာတော့ လှေနဲ့ သမ္ဗာန်နဲ့ ချောင်းရိုးအကွေ့အကောက်သွားလာရတဲ့ ခရီးတစ်လျှောက်ဟာ တာလမ်းတွေ၊ တံတားတွေထိုးခဲ့ပြီမို့ မိနစ်ပိုင်းနဲ့ ရောက်နိုင်ပြီ။

လမ်းပန်းဆက်သွယ်မှုကောင်းလာတော့ ရောင်းရေးဝယ်တာ တွင်ကျယ်တယ်။ ဒေသထွက်ကုန်တွေ ဈေးကောင်းဈေးမှန်ရတယ်။ ပညာရေး၊ ကျန်းမာရေးတွေ သိသိသာသာတိုးတက်လာလိုက်တာ မျက်စိ အောက်တွင်ဖြစ်ပါတယ်။

ကြည့်လေ မနှစ်ကအခုလို ဒီဇင်ဘာလအကုန်မှာ ကျောက်တန်းမြို့မှတစ်ဆင့် မင်္ဂလွန်းဆိုတဲ့ ရွာသို့ လှေနဲ့သွားရတယ်။ စက်တပ်လှေပါပဲ။ နှစ်နာရီကျော်ကျော် ခုတ်မောင်းသွားရပါတယ်။ ကားလမ်းတော့ပေါက်တယ်။ လယ်ကွင်းတွေကို ဖြတ်ရတာမို့ တော်တော်ကြမ်းလို့ဆိုးလို့ သူတို့ကလှေနဲ့ခေါ်တာ။ အပြန်မှာတော့ ဒီရေကျလို့ ချောင်းကရေမရှိဘူး။ ဒီရေပြန်ထအောင် စောင့်မယ်ဆို ညကျမှ ကျောက်တန်းပြန်ရောက်နိုင်တော့မယ်။ ဒီတော့-

နေ့လည် နေပူပူမှာ လယ်ကွင်းပြင်တလင်းရိုးပြတ်တောကြားက ဂျစ်ကားနဲ့ ပြန်ခဲ့ကြတယ်။ ဂလုံးဂလွမ်း၊ ဒုံး၊ ဒိုင်း၊ အွန့်၊ အင့်နဲ့ ဖုံတစ်လုံးလုံးစီးခဲ့ကြပြီး ရေလယ်ဘုရားဟိုဘက်ကမ်းရောက်လာမှ မိမိကိုယ်ကိုကြည့်မိတယ်။ လူတွေဟာ ဖုံအထပ်ထပ်လိမ်းပြီး မျောက်ဖြူကြီးတွေ ဖြစ်နေတော့တာကိုး။ အချင်းချင်းကြည့်ပြီးရယ်ကြရတယ်။ တော်သေးတာပေါ့။ ဆရာမကြူကြူသင်းက ရွာမှာနေရစ်ခဲ့ပေလို့။ လမ်းကကြမ်းလွန်းပါတယ်။ ဆရာမတော့ လှေနဲ့ပဲပို့ပါရစေပြောကြတာကိုး။

ဆရာလယ်တွင်းသားစောချစ်နဲ့ ဦးဦးတို့ကတော့ တောသားတွေမဟုတ်လား။ မင်းမှုထမ်းနဲ့ စစ်သားဟောင်းဆိုတော့ အားနာစရာမရှိပါဘူး။ ခရီးကြမ်းရဲ့ဒဏ်ကို ခံနိုင်ကြတာပေါ့။ ဒီနှစ်မှာလည်း ကျောက်တန်းမြို့နယ်၊ အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီနဲ့ စာပေနဲ့စာဆို တော်နေ့စာပေဟောပြောပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။

ကျောက်တန်းမြို့နယ်မှ တက္ကသိုလ်ဝင်တန်းမှာ မြန်မာစာဂုဏ်ထူးနဲ့အောင်ခဲ့သူ ကျောင်းသားကျောင်းသူလေးများကို အလှူရှင်များအကူအညီနဲ့ ကျောက်တန်းမြို့နယ် စာပေနဲ့စာနယ်ဇင်းအဖွဲ့က ဂုဏ်ပြုဆုများချီးမြှင့်တယ်။ ကျောက်တန်းမြို့ကို ဂုဏ်ဆောင်၍ ငွေတာရီဝတ္ထုတိုပြိုင်ပွဲဆုမှာ ပထမဆုရရှိခဲ့တဲ့မျော်ဝန်းကြည်မြတ်ကိုလည်း အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်တာတွေ့ရတယ်။

ကျောက်တန်းမြို့ မှော်ဝန်းမြစ်ကမ်းနံဘေးရေလယ်ဘုရားရဲ့ ဒီဘက်ရှိကွက်လပ်၊ ကွင်းပြင်ကျယ်မှာ စင်ထိုးပြီး စာဆိုတော်နေ့ စာပေဟောပြောပွဲကို ကျင်းပပါတယ်။ တိမ်စင်လရောင်ရွှန်းမြတဲ့ည။

ဆရာလယ်တွင်းသားစောချစ်၊

ဆရာအီကြာကွေး၊

ကာတွန်းဆရာဆွေမင်း (ဓနုဖြူ)နဲ့

ဦးဦးတို့လေးယောက်စာပေရေးရာဗဟုသုတရစရာ အကြောင်းအရာများကို ဟောပြောတင်ပြခဲ့ကြပါတယ်။ ပထမဆရာဆွေမင်း၊ ဆရာလယ်တွင်းသား၊ တတိယဦးဦး။ နောက်ဆုံးပိတ် ဆရာကြီးကွေးရဲ့ ရယ်စရာဗေးရှင်း၊ တဟားဟားရယ်ရင်း ပွဲသိမ်းတယ်။

ဆရာဆွေမင်းက ကာတွန်းရုပ်ပုံများဆွဲပြပြီးဟောပြောပါတယ်။ သူရေးဆွဲတဲ့ မြိုင်ရာဇာတွတ်ပီရုပ်ပြကာတွန်းစာအုပ်များဟာ အငှားရဆုံး၊ အရောင်းရဆုံးစာရင်းဝင်ပြီး လစဉ်လစဉ်အောင်မြင်နေတဲ့ ဆရာတစ်ဦးပါ။ သူနဲ့အတူမကြာခင်ကပဲ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်ထဲမှ စာကြည့်တိုက်(၂၅)နှစ်မြောက် စာဆိုတော်နေ့ဟောပြောပွဲပြုလုပ်တဲ့ ပဲကြီးကျွန်းရွာမှာ ဟောခဲ့ပါသေးရဲ့။ သို့ပေမယ့် ညချင်းဟင်္သာတသို့ဦးဦးကပြန်ခဲ့ရတော့ သူဟောပြောတာပြီးအောင် နားမထောင်ခဲ့ရဘူး။

ကျောက်တန်းဟောပြောပွဲမှာမှ နားထောင်ရပါတော့တယ်။ ကျော်ကြားအောင်မြင်တယ်ဆိုတဲ့ လူတွေမှာ အနည်းဆုံးတစ်ခုကောင်းတော့ရှိတတ်ကြတယ်။ ဆွေမင်း(ဓနုဖြူ)က လူငယ်ပါပဲ။ စာဖတ်ပုံရတယ်။ စိတ်ကောင်းရှိပုံပေါ် လွှင်တယ်။ သူရဲ့ကြီးမားလှတဲ့ အောင်မြင်ထင်ရှားမှုကို ဘဝင်မမြင့်ဘူး။ မဝင့်ဝါဘူး။ ပညာရှာတယ်။ မိတ်ဆွေကောင်းရှာတယ်။ ဆက်လက်တိုးတက်ဦးမှာပါ။ ခင်မင်စရာကောင်းပါတယ်။

ဆရာလယ်တွင်းသားစောချစ်က ဦးဦးရဲ့ဆရာ အရင်းပါ။ ဦးဦး

ဆောင်းပါးများစတင်ရေးစဉ်ကပင် သူကဝေဖန်တည်းဖြတ်ပေးပြီး ဘယ်မဂ္ဂဇင်းတိုက်ကို ပို့သင့်တယ်စသည့်ဖြင့် အကြံပေးပြီး ကူညီဖေးမခဲ့သူဖြစ်ပါတယ်။ ဆရာနဲ့ကျောက်တန်း၊ မင်္ဂလွန်း၊ မနှစ်ကအတူဟောဖူးတာ ပထမအကြိမ်တွဲခြင်းပဲ။ ဘက်ညီတော့ ဒီနှစ်ဆက်ပြီးတွဲရတယ်။ ဆရာလည်းပျော်တယ်။ ဦးဦးလည်းကြည်နူးတယ်။

ဆရာလယ်တွင်းသားစောချစ်က အလွန်တရာစိတ်ရင်းဖြူတဲ့လူတော်လူကောင်းတစ်ဦးဖြစ်ပါတယ်။ စာပေပါရမီရှိတဲ့ ပုဂ္ဂိုလ်ပါ။ စိတ်ကောင်းစေတနာကြီးမားတဲ့နေရာမှာ ရှာမှရှားတဲ့ မိတ်ဆွေကောင်း၊ ဆရာကောင်းပဲ။ သူ့စာတွေကိုဖတ်ပြီး မျက်ရည်မကျဘဲ မနေနိုင်ဘူး။ အလွန် ရသအင်အားကောင်းတယ်။ ဟောပြောပွဲမှာတော့ လွမ်းစရာမပြောဘူး။ ရယ်စရာတွေကို ရှာပြီးတင်ဆက်သွားပါတယ်။

ဆရာကြီးကွေးနဲ့ မနှစ်က ပုတီးကုန်းမြို့၊ မြို့မစာကြည့်တိုက်ဂုဏ်ပြုအမှတ်တရ စာဆိုတော်နေ့ စာပေဟောပြောပွဲမှာ ပထမဦးဆုံးအကြိမ် အတူတွဲ၍ ဟောဖူးရဲ့။ အဲဒါ ပထမဆုံးအကြိမ်ဆရာကြီးကွေးရဲ့ဟောပြောချက်ကို နားထောင်ဖူးခြင်းပဲ။ အူနှိပ်နေရတယ်။ ပါးစပ်စေ့လို့မရဘူး။ မျက်ရည်ထွက်အောင်ရယ်ရပါပေတယ်။ ဟာသဆိုတာ အင်မတန်ခက်တာ။ သူမို့ အတွဲလိုက် အပြွတ်လိုက်မနားတမ်းရယ်ရအောင် ပြောနိုင်စွမ်းရှိတယ်။ သူလည်းရှားပါးပစ္စည်းပဲပေါ့ကွယ်။

ကျောက်တန်းမှာ ညဟောပြောရတာ တက်ညီလက်ညီနဲ့ အလွန်တရာတွဲဖက်ညီပါတယ်။ လှုလှုပပနဲ့ ပျော်ပျော်ရွှင်ရွှင်ပြီးဆုံးခဲ့ကြပါတယ်။ နောက်တစ်နေ့မနက် မှော်ဝန်းမြစ်ကို လှေနဲ့ကူးပြီး ဟိုဘက်ကမ်းမှာ အသင့်ရှိကြတဲ့ မှန်ဖွင့်ဂျစ်ကား ၂စင်းနဲ့ မင်္ဂလွန်းရွာသို့ နေ့ပွဲ၊ စာဆိုတော်နေ့ဟောပြောပွဲသို့ ချီတက်သွားကြတယ်။

လယ်ကွင်းရိုးပြတ်ငုတ်တိုတွေရဲ့ကြားမှာ ပဲပင်စိမ်းစိမ်းစိုစိုလေးတွေမြင်ရတယ်။ ပေါက်စအရွယ်၊ အရွက်အညွန့်ဖြာစပေါ့ကွယ်။ အချိန်

မိနစ် ၄၀။ မနှစ်ကာနာရီခွဲလောက်ကွေ့ကာကောက်ကာနဲ့ လယ်ကွင်း ပြင်ဖုံတထောင်းထောင်းနဲ့လာခဲ့ဖူးတာ။ ယခုနှစ်ကျောက်ကြမ်းလမ်းဖြူး ဖြူးဖြောင့်ဖြောင့်နဲ့ လမ်းကောင်းနေပြီ။ မကြာမီကတ္တရာခင်းကားလမ်း ညက်ညက်ချောချောဖြစ်တော့မယ်။ ဒါဆို ၁၂မိုင်မျှသာဝေးတဲ့ ကျောက် တန်း မင်္ဂလွန်းဟာ နာရီဝက်လောက်နဲ့ ရောက်မှာပေါ့။ ကြည့်စမ်း။ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ပုံတွေ။ ဟိုတစ်ချိန်က နေ့ဝက်၊ တစ်နေကုန်သွားရတဲ့ ခရီးဟာ ယခုအခါ တစ်နာရီ၊ နောင်ကာလ နာရီ ဝက် မိနစ်၂၀။ တယ်မြန်ပါလား။

မင်္ဂလွန်းရွာရှိ ဥက္ကဋ္ဌဦးဌေးနဲ့တကွ ကောင်စီဝင်များ မီးသတ်၊ ကြက်ခြေနီ၊ ပြည်ခိုင်ဖြိုး၊ အမျိုးသမီးရေးရာစတဲ့ ပုဂ္ဂိုလ်များဟာ လှိုက် လှိုက်လှဲလှဲ ကြိုဆိုကြပါတယ်။ ဆရာမကြီး ဒေါ်မြမြဆွေနဲ့ ဆရာ၊ ဆရာမ များ ကျောင်းသား၊ ကျောင်းသူများကလည်း ဝမ်းပမ်းတသာစောင့်ကြို နေကြတယ်။ ဖော်ရွေသောအပြုံးများ။

မင်္ဂလွန်းရွာ အထက်တန်းကျောင်းမှ မနှစ်ကဟောခဲ့ဖူးတဲ့ ခန်းမကြီးမှာပဲ ခန်းလုံးပြည့်လူထုပရိသတ်ကို စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲကို ကျင်းပကြပါတယ်။ မင်္ဂလွန်းရွာဟာ အိမ်ခြေ ၇၅၀ရှိရာ မှာ တယ်လီဖုန်း ၂၅၀ကျော်ရှိတဲ့ ရွာကြီးပါ။ ဒီရွာက လူကြီးတွေရဲ့ စည်းလုံးညီညွတ်စွာ ဦးဆောင်မှု၊ လူငယ်တွေရဲ့ တက်ကြွနိုးကြားစွာ ကြိုးစားမှုတို့ကြောင့် ဆထက်တန်ပိုး တိုးတက်ဖွံ့ဖြိုးဦးမှာသေချာပါ တယ်။ ဟောပြောပွဲမှာ လမိုင်းကပ်လို့ပြောရတာ အရသာရှိပါတယ်။

ဆရာကြီးကွေး၊ ဆရာလယ်တွင်းသားစောချစ်၊ ဆရာဆွေမင်း (ရေနံ့ဖြူ) တို့နဲ့အတူ ကျောက်တန်းမြို့နဲ့ မင်္ဂလွန်းရွာတို့မှာ ဟောပြောခဲ့ ရတာ ပညာလည်းတိုး၊ ငါးခြောက်တွေ၊ ဆန်တွေရလို့ အကျိုးလည်းရှိ။ မိမိတင်ပြထုတ်ဖော်ချင်တာကိုလည်း ပရိသတ်နှင့်မျှဝေဆွေးနွေးခွင့်ရ၊ အတော်ကောင်းပါတယ်။

အထူးသဖြင့် အမြတ်ရတာကတော့ ပြောင်းလဲတိုးတက်နေတဲ့ ဒေသအခြေအနေတွေကို ကိုယ်တိုင်မျက်မြင်ကြည့်မြင်ခွင့်ရခြင်း၊ ဒေသခံပြည်သူလူထုရဲ့ ဖွံ့ဖြိုးစည်ပင်နေတဲ့ အခြေအနေကို တွေ့ဆုံထိတွေ့ခွင့်ရခြင်းတွေဖြစ်ပါတယ်။ ခရီးသွားခြင်းဟာ ပင်ပန်းတာမှန်ပေမယ့် နားမျက်စိကိုတော့ ပိုမိုကြည်လင်စေတာပဲ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
၂၁-၁၂-၂၀၀၀

☸ ☸ ☸ ☸

# ဂါရဝ ကန်တော့ပန်း

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ . . .

သူငယ်ချင်းတို့မိသားစုအားလုံး ရွှင်လန်းချမ်းမြေ့စွာရှိကြမယ်လို့ ကိုယ်ယုံကြည်တယ်။ အလုပ်တာဝန်တွေ များပြားတဲ့ကြားကပဲ မင်းလည်းနည်းနည်းဝလာတယ်။ အထိုင်များပြီး ကိုယ်လက်လှုပ်ရှားမှုနည်းတော့ ကိုယ်လည်း နည်းနည်းဝလာတယ်။ အသက် ၅၀ကျော်ရင် ဒီလိုပဲ ဝဝဖိုင့်ဖိုင့်ဖြစ်လာကြရတယ်ထင်ပါရဲ့ကွာ။

ခရစ်နှစ် ၂၀၀၀ပြည့်နှစ်မှာ ကိုယ့်အတွက်တော့ ထူးခြားတဲ့ နှစ်ဦးအစလို့ပြောလို့ရတယ်သူငယ်ချင်းရ။ ကြည့်ကွာ။ ပခုက္ကူဦးအုံးဖေ စာပေဆုပေးပွဲသွားရင်းနဲ့ ပခုက္ကူမြို့ ဆန်းသီရိရုပ်ရှင်ရုံမှာ စာပေဟောပြောပွဲတက်ရောက်ဟောပြောခဲ့ရတယ်။ ကိုယ်နဲ့အတူ ဟောပြောခဲ့ကြသူတွေကတော့ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း(ကိုဆေးရိုးဝတ္ထုများနဲ့ အမျိုးသားစာပေဆု ၂ကြိမ်ရရှိသူ၊ အရှေ့တောင်အာရှစာရေးဆရာကြီးဆုလည်း ပထမဦးဆုံးအကြိမ် ရရှိခဲ့သူ ပုဂ္ဂိုလ်)၊ သင်းသင်း

(မန္တလာ)နဲ့ ဆရာမောင်ဆင်ခြင်(ဒေါက်တာမောင်မောင်၊ စာရေးဆရာကြီး မြမျိုးလွင်ရဲ့သား)တို့ဖြစ်ကြပါတယ်။ ပခုက္ကူမြို့မှာ စာပေဟောပြောပွဲ ၂ ညလုပ်တာ။ ကိုယ်တို့ရဲ့ရှေ့ကညမှာ မြေလတ်မောင်မြင့်သူ၊ ရွှေဘိုမိမိကြီးနဲ့ ညွှန့်ဟံ(ကျူတော)တို့ ဟောပြောခဲ့ကြပါသေးတယ်။ ပခုက္ကူမြို့ဟာ စာပေပရိသတ်ကောင်းတယ်။

ပခုက္ကူမြို့ဟာ စာပေသမားပေါ်များကြတာလည်း မပြောနဲ့လေ။ ခုမှမဟုတ်ဘူး။ အောင်လင်း၊ မောင်ကြည်လင်၊ မြသန်းတင့်နဲ့ ကျော်အောင်တို့ဟာ ပခုက္ကူနယ်သားတွေပဲလေ။

သူ့ခေတ်နဲ့သူတော့ ထူးချွန်တောက်ပတဲ့ မီဂါစတားတွေ မဟုတ်လား။ ပရိယတ္တိမှာလည်း ပခုက္ကူစာချနည်းက ကျော်ကြားသလို ရဟန်းပညာရှိများလည်း အလွန်များပါရဲ့။

မကြာမီကတော့ လယ်တွင်းသားစောချစ်ခေါ်လို့ သူနဲ့အတူ ကျောက်တန်းကို ၂ပွဲဆက်လိုက်ပြီးဟောပြောရသေးတယ်။ ကျောက်တန်းမြို့ပေါ်ရေလယ်ဘုရားအနီးမှော်ဝန်းချောင်းကမ်းကွင်းပြင်မှာ စင်မြင့်ကြီးထိုးပြီး ညပွဲဟောရတယ်။ ဆရာလယ်တွင်းသားစောချစ်ရယ်၊ တက္ကသိုလ်ကြူကြူသင်းရယ်၊ ကိုယ်ရယ်ပေ့ါ။ ကိုယ်ကတော့ ရှေ့ဆုံးထွက်တယ်လေ။

ကျောက်တန်းမြို့နယ်ထဲက မင်္ဂလွန်းရွာဆိုတဲ့ရွာကြီးတစ်ရွာကိုလည်း စက်လှေနဲ့သွားပြီး နေ့ချင်းပြန် ဟောပြောခဲ့ကြသေးတယ်။ ဒီလူတွေပဲ။ ကျောက်တန်းမြို့နယ်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီရယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရန်ကုန်တောင်ပိုင်းခရိုင်)ရယ်၊ မြန်မာနိုင်ငံစာပေနဲ့စာနယ်ဇင်းအဖွဲ့(ကျောက်တန်းမြို့နယ်)ရယ် ပူးပေါင်းစီစဉ်ကြတာပါ။

မနေ့ကညတော့ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့မှာ ဘုရားပွဲနဲ့အတူ ပုတီးကုန်းမြို့စာကြည့်တိုက်စာဖတ်အသင်းအစီအစဉ်နဲ့ သွား

ရောက်ဟောပြောခဲ့ပြန်ပါတယ်။ ဆရာကြီးနေ့ဖြူကျော်ထွန်း(အီကြာကွေး)ရယ်၊ သူရဇော်ရယ်၊ ကာတွန်းမြေဇာရယ်၊ မောင်စိန်ဝင်း(ပုတီးကုန်း)နဲ့ ကိုယ်ရယ်။ ည ၁နာရီကျော်အထိပဲ။ ပုတီးကုန်းစာပေပရိသတ်ကဇွဲကောင်းတယ်ဗျ။

၁။ ၁၆-၁-၂၀၀၀၊ ပခုက္ကူမြို့

၂။ ၂၉-၁-၂၀၀၀၊ ကျောက်တန်းမြို့

၃။ ၃၀-၁-၂၀၀၀၊ မင်္ဂလွန်းရွာ၊ ကျောက်တန်းမြို့

၄။ ၅-၂-၂၀၀၀၊ ပုတီးကုန်းမြို့၊ သဲကုန်းမြို့နယ်

၁၉၉၇ခုနှစ်ကစပြီး မောင်စိန်ဝင်း(ပုတီးကုန်း)နဲ့ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့နဲ့တွဲပြီး ကလောမြို့၊ အောင်ပန်းမြို့နဲ့ ဒိုက်ဦးမြို့များမှာ စာပေဟောပြောပွဲကို ကိုယ်လိုက်ပါဟောပြောခဲ့တယ်။

ကျောင်းတွေမှာ ဟောပြောရင် “ ကြီးပွားကြောင်း ” ဆိုတဲ့ခေါင်းစဉ်နဲ့ စာကြိုးစားချင်စိတ်ထက်သန်အောင် အားပေးတဲ့အကြောင်းအရာကို ပြောလေ့ရှိခဲ့တယ်။ ဒီနှစ်မှာတော့ “ လူတိုင်းရဲ့ခေါင်းပေါ်မှာကောင်းကင်ရှိတယ် ” ဆိုတဲ့အကြောင်းအရာကို ပြောဟောပါတယ်။

ပုတီးကုန်းမြို့မှာ မနေ့ညကပြုလုပ်ခဲ့တဲ့စာပေဟောပြောပွဲကတော့ ဇာတ်ရုံထဲမှာ ဟောရတာကွ။ ရုံဝင်ခတစ်ယောက် ၅၀ကျပ်ယူတယ်။ ပရိသတ် ၂၀၀၀ကျော်တယ်ကိုယ့်လူရေ့။

မြေကြီးမြက်ခင်းပြင်မှာ ပွဲကြည့်သလိုကြည့်ကြတဲ့စာပေမြတ်နိုးသူပုတီးကုန်းမြို့မှ ပရိသတ်ကတော့ တကယ်ပဲ လေးစားချီးကျူးစရာပဲဗျာ။

ည ၈နာရီထိုးတော့ ဇာတ်ရုံကြီးထဲ ကိုယ်တို့ စာရေးဆရာအဖွဲ့ရောက်သွားတယ်။ ပရိသတ်တစ်ယောက်မှ မရှိကြသေးဘူး။ ရုံခါတယ်။ ၈နာရီခွဲလောက်ရောက်တော့ လူ ၁၀၀-၁၅၀ ဝင်လာပြီ။ ဟောပြောပွဲစတယ်။ တစ်ယောက်နှစ်ယောက် ဟောပြောနေတုန်းမှာပဲ ဘုရားပွဲလာ

တဲ့ ပရိသတ်အားလုံးဟာ ပွဲဈေးတန်းကနေပြီး ဟောပြောပွဲဇာတ်ရုံထဲကိုလှိမ့်ဝင်လာကြတော့တာပဲ သူငယ်ချင်းရေ့။

ဆရာသူရဇော် စဖွင့်တယ်။ ကဗျာအကြောင်းစာအကြောင်းကို အသံတွေ ဟန်တွေနဲ့ သေသေချာချာဟောတာပဲ။ မြန်မာစာပေနဲ့ ပတ်သက်လို့ မှတ်သားစရာတွေအများကြီးပါပါတယ်။

သူပြောပြီးတော့ ပရိသတ်က အသားကျသွားပြီ။ ကာတွန်းမြေဇာဟောပြောတယ်။ သင်ပုန်းတစ်ချပ်၊ မြေဖြူ ခဲဖျက်နဲ့။ ဟောရင်းဆွဲပြလိုက်၊ ရေးဆွဲရင်းဟောပြောလိုက်နဲ့။ ပရိသတ်ဟာ တဝါးဝါးတဟားဟားနဲ့ ပျော်စရာကြီးဖြစ်သွားရဲ့။ ကာတွန်းမြေဇာဟာ ဟောပြောလာခဲ့တဲ့သမ္ဘာက တော်တော်ရင့်ပြီထင်ပါရဲ့ကွယ်။ ကောင်းလိုက်တာ။ သူပညာမှာတော့ အတော်ကျွမ်းတာပဲ။ ပရိသတ်ကို ပိုင်ပိုင်နိုင်နိုင်ဆွဲဆောင်ချုပ်ကိုင်နိုင်တာ ချီးကျူးလောက်ပါတယ်။ သူပြီးတော့ ကိုယ် တက်တယ်။

ရယ်စရာမပါပေမယ့် ပိုက်ဆံ ၅၀ကျပ်ပေးပြီးဝင်နားထောင်ရတဲ့ပရိသတ်မှာ မှတ်စရာသားစရ ရပါစေဆိုပြီး ကိုယ်တတ်သလောက်မှတ်သလောက် ပြောတာပဲ။ ဆရာသူရဇော်က ၁နာရီ ၁၀မိနစ်လောက်၊ ဆရာမြေဇာက ၄၅မိနစ်လောက်။ ကိုယ်စတော့ အချိန်၁၀နာရီခွဲနေပြီ။ ဒီတော့ ၄၀မိနစ်ပဲပြောပါတယ်။ လိုရင်းတိုရှင်းပေါ့ကွယ်။

ကိုယ်ပြောပြီးဆင်းလာတော့ ဆရာကြီးကွေးတက်ဟောတယ်။ ရယ်လီဗေးရှင်းအပိုင်း(၁)ဆိုပဲ။ ပရိသတ်အုံးအုံးကွက်ကွက်ရယ်မောရအောင်ကို ဟောနိုင်တယ်ဟေ့။ လူတကာအူနာအောင် ရယ်စရာတကယ်ပြောတတ်တယ်။ အင်မတန်ခက်ခဲတဲ့ဟာသပညာ။ ဟဒယရှင်ဆေးတိုက်ကျွေးလိုက်တာ ၁၂နာရီတိတိမှာ သူမောတော့ နိဂုံးချုပ်ပြီးဆင်းလာတယ်။ ဆရာအိကြာကွေးစာပေဟောပြောလာတာ နှစ်ပေါင်း ၃၀-၄၀ ရှိရောပေါ့။ ပရိသတ်နဲ့ခုလို လမိုင်းကပ်အောင် ဟောပြောနိုင်တာကတော့ ပညာယူရမယ်။ ဂီတ၊ သဘင်၊ ရုပ်ရှင်၊ စာပေ၊ အကုန်

မွှေပြီးရယ်စရာပြောနိုင်တယ်။

“ ခုခေတ်ကတော့ ဒွေးခေတ်ပေါ့။

အချိန်ကာလ လေးနှစ်လောက်ရှိရောပေါ့။

စာပေမှာ ကျွန်တော်လည်း ကွေးခေတ်ဆိုပြီးရှိခဲ့ပါတယ်။

(ဩဘာလက်ခုပ်သံများ)

ဒွေးခေတ်က လေးနှစ်ပဲရှိသေးပေမယ့် ကွေးခေတ်ကတော့ ၄၄နှစ်ကြာပါပြီ။ ”

(ဩဘာလက်ခုပ်သံများ)

ပါးစပ်မစေ့ရအောင် ဟာသနှောနိုင်တာဖြင့် အံ့ဩစရာပဲ သူငယ်ချင်းရေ။

ည ၁၂နာရီကနေ နာရီပြန်တစ်ချက်လောက်အထိ ဒီမြို့ဇာတိ မောင်စိန်ဝင်း(ပုတီးကုန်း) က နောက်ဆုံးပိတ်မှာ အိတ်နဲ့လွယ်ပြီး ဟောပြောတယ်။ ဒုတိယအတွေးတဲ့။ သူရေးခဲ့တဲ့ ဝတ္ထု၊ ခေတ်စမ်းကဗျာ ဆရာကြီးရေးခဲ့တဲ့ မင်းရဲကျော်စွာကဗျာ၊ စသည်ဖြင့် စာပေရေးရာတွေကို ဗဟုသုတရစရာဟောပြောသွားပါတယ်။

ည ၈နာရီခွဲကနေ နာရီပြန်၁ချက်အထိ ၄နာရီခွဲလောက် စိတ်ပါလက်ပါနဲ့ ထိုင်ရာမထ အားပေးကြတဲ့ ပုတီးကုန်းမြို့မှ စာပေမြတ်နိုးသူ လူထုပရိသတ်ကိုတော့ မမေ့နိုင်စရာပါပဲကွယ်။ ရုပ်ရှင်လည်း မဟုတ်၊ ပြဇာတ်လည်းမဟုတ်၊ ဇာတ်ပွဲလည်းမဟုတ်၊ အဆိုအက၊ အတီးအမှုတ်လည်းမပါဘဲနဲ့ ဒီလောက်ဇွဲကောင်းတဲ့ ပရိသတ်။

ဟောပြောကြတဲ့ ပုဂ္ဂိုလ်တွေကို ငွေ ၅၀၀ကျပ်စီ ဉာဏ်ပူဇော် ခပေးသေးတယ်။ မိနစ် ၄၀တက်ပြောတာနဲ့ ငွေငါးထောင်ရတာ ဒီအကြိမ်ဟာ ပထမဦးဆုံးအကြိမ်ပါပဲ။ ဖရဲသီး၊ ပုဆိုး၊ ပျားရည်၊ ငါးခြောက်စသည်တို့ရခဲ့ဖူးပါတယ်။ လက်သင်ကိုယ့်အဖို့ စို့စို့ပို့ပို့ရတဲ့ ညကြေးကို ဘာကုသိုလ်များလုပ်ရရင်ကောင်းမလဲ။ စဉ်းစားတယ်။

ဒီဟောပြောပွဲကို အားပေးဖို့ဆရာမောင်ခေတ်ထွန်းနဲ့ မောင်ငြိမ်းသူလည်း လိုက်ပါလာခဲ့ကြပါသေးတယ်။ သူတို့က စိတ်ပညာနဲ့ ဝိဇ္ဇာဘွဲ့ရခဲ့သူတွေပဲ။ မကြာမီ ရန်ကုန်တက္ကသိုလ်မှ စိတ်ပညာဌာန အငြိမ်းစားဆရာဆရာမကြီးများကို ကန်တော့ကြဖို့ သူတို့ဟာ ဝိုင်းဝန်းစီစဉ် နေကြသူတွေပေါ့။ ဟုတ်ပြီ။ ဒီနှစ်ဆရာကန်တော့ပွဲကို ကျွန်တော် ငွေ ကျပ် တစ်သောင်းထည့်ဝင်ပါတယ်။ ဆရာမောင်ခေတ်ထွန်းနဲ့ ဆရာ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)တို့ရဲ့ လက်ထဲသို့ လှူဒါန်းလိုက်ပါတယ် သူငယ်ချင်းရေ။ စိတ်ပညာဆိုတဲ့ ကွင်းစ ကွင်းပိတ်နဲ့ စာရေးပြီးအမည်ခံခဲ့တာကိုး။ ဆရာဆရာမကြီးများကို ဒီလောက်မက ပူဇော်ရမှာပါ။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၊ ဆရာကြီးဒေါက်တာစိန်တူ၊ ဆရာကြီးဒေါက်တာကျော်စိန်၊ ဆရာမကြီး ဒေါ်မြင့်မြင့်မေ၊ ဆရာမကြီး ဒေါ်အေးသန်းစတဲ့ မိမိရဲ့ ကျေးဇူးရှင်ဆရာသမားများသို့ ဂါရဝကန်တော့ပန်းပေါ့ကွယ်။ မကောင်းပေဘူးလား။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
၆-၂-၂၀၀၀

☸ ☸ ☸ ☸

# စိတ်ဖြူ နှုတ်ဖြူ အလုပ်ဖြူ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

လူတွေဟာ ဘယ်ကိုသွားနေကြတာလဲ။ သူဦးတည်ရာကို သူရှေ့ရှုပြီးသွားနေကြတာဖြစ်ပါတယ်။

လူတွေဟာ ဘယ်ကိုရောက်နေကြတာလဲ။ သူလျှောက်ခဲ့တဲ့ ခရီးအတိုင်း သူရောက်ရမယ်လို့ မျှော်လင့်ယုံကြည်တဲ့နေရာကိုသူ ရောက်နေတာဖြစ်ပါတယ်။

ဂျိမ်းစ်အော်လင် (James Allen) ရေးခဲ့တဲ့ စာတစ်ပိုဒ်ကို ကောက်နှုတ်ကိုးကားပါရစေ။

" လူသည်သူ၏စိတ်နှလုံးတွင် စွဲထင်ထားသည့်အတိုင်း တကယ်ဖြစ်၏ဟူသော စကားတစ်ခုရှိသည်။

သည်စကား၏ အဓိပ္ပာယ်သည် အလွန်နက်နဲကျယ်ဝန်း သည်။ လူတစ်ယောက်၏စိတ်တွင်စွဲစွဲလမ်းလမ်းဖြစ်နေသော အရာတစ်ခုသည်တစ်ချိန်၌ တကယ့်လက်တွေ့အကောင်အထည်ပေါ်လာစမြဲဖြစ်

သည်ဟူသော သဘောမျှပြောခြင်းမဟုတ်။ လူတစ်ယောက်၏ဘဝတစ်ခုလုံး။ သူ့ဘဝ၏ သိသာထင်ရှားသော အခြေအနေအားလုံး မသိသာမထင်ရှားသော အကြောင်းခြင်းရာအားလုံး။ သူ့ဘဝကံကြမ္မာသို့မဟုတ် သူ့ဘဝတစ်လျှောက်ကြုံတွေ့ရမည့် အဖြစ်သနစ်များ၊ ကောင်းသောဆိုးသောအလားအလာများ စသည်တို့အားလုံးပင်သူ့စိတ်ကူး၊ သူ့အတွေးအကြံများ၏ ဖန်တီးချက်ဖြစ်သည် " တဲ့။

" ဟာမဟုတ်ပါဘူးဗျာ။ ကျုပ်ကတော့ ဒီနေရာ၊ ဒီဘဝကိုမရောက်ချင်ဘဲ ရောက်ရတာဗျ "။ အချို့ကဆိုတတ်ကြပါတယ်။

" မမျှော်လင့်ဘဲဖြစ်လာတာဗျို့။ ကျွန်တော်က ကုန်သည်လုပ်ချင်တာ။ အခုတော့ ရုပ်ရှင်မင်းသားဖြစ်လာတယ်။ "

" ကျွန်တော်ဖြစ်အောင်ကြိုးစားခဲ့တာက ဆရာဝန်ဘဝပါ။ တကယ်ဖြစ်လာတာကတော့ စာရေးဆရာပဲ "

အလကားပြောတာပါ။ (သူညာတာတော့ မဟုတ်ဘူး။) ပါးစပ်ထဲရှိရာ၊ သူထင်ရာသူပြောနေခြင်းမျှသာဖြစ်ပါတယ်။ အမှန်တကယ်ကတော့ သူ့ကိုဒီဘဝရောက်အောင်ဘယ်နတ်ဒေဝါ၊ ဘယ်သိကြားမင်းကမှ ဖန်ဆင်းလိုက်တာမဟုတ်ဘူးမောင်။ ဘယ်သူမပြု မိမိမှု။

သူရောက်အောင်လာခဲ့လို့သာ ဒီနေရာကိုသူရောက်ရှိနေတာပါ။

ဒီဘဝ၊ ဒီအခြေအနေကို သူရောက်လာအောင် ရွေ့လျားခဲ့လို့သာလျှင် ဒီလိုဖြစ်လာတာပါ။ ကြိုးစားအားထုတ်ရတာ လွယ်ချင်လွယ်မယ်။ ခက်ချင်ခက်လိမ့်မယ်။ ဒါကတော့မပြောတတ်ဘူး။

အရှေ့သွားတာ အနောက်ရောက်ရပါတယ်။ တောင်ပေါ်တက်တာ ချောက်ထဲကျနေရပြီလို့ လူတစ်ချို့ကပြောတတ်ကြတယ်။ မိမိကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ပြီး ရရှိခဲ့ကြတဲ့ဘဝအခြေအနေ၊ စေတနာအကျိုးပေးပဲဆိုတာ သေချာပေါက်ယုံကြည်ပါ။

ဘယ်သူကခန့်အပ်လိုက်လို့၊ ဘယ်ဝါကတာဝန်ပေးလိုက်လို့၊ ဦးလေးက ကူညီလိုက်လို့၊ သူ့မိဘကစီမံလိုက်လို့စသည်ဖြင့် အကြောင်းတစ်ခုခုပြောပြတတ်ကြပါတယ်။ မှန်တယ်။ အဲဒီပြင်ပအချက်တွေလည်းရှိကောင်း ရှိမယ်။ ဒါတွေကအထောက်အပံ့အကြောင်းတရားတွေမှန်ပါတယ်။ ဒါပေမယ့် ပင်မရေစီး အဓိကကျတဲ့ တကယ့်အခြေခံအကြောင်းတရားကြီးကတော့ မိမိကိုယ်တိုင်ရဲ့ ကာယကံ၊ ဝဇီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးတို့ရဲ့ ကောင်းကျိုး(သို့မဟုတ်) ဆိုးမွေတစ်ခုခုသော အကျိုးသက် ရောက်မှုသာလျှင် ဖြစ်ပါတယ်။ ကံတရား။ ဒါပဲ။

ခေါ်ပြတိုက်လို့ ထောင်ကျတာ အဖော်အပေါင်းကခေါ်လို့ဆိုပြီး အကြောင်းပြရင်မှန်သလား။ နိုင်ငံကျော် အဆိုတော်တစ်ဦးဖြစ်လာတာ ဟာ သူ့အမေ၊ အဖေ၊ အဘိုး၊ အဘွား တွေကဇာတ်သမား၊ သဘင်သမား၊ မို့ပါပြောရင် အကြွင်းမဲ့မှန်ပ့ါ မလား။

အေး၊ အကြောင်းပေါင်းများစွာ၊ အကြောင်းခံပေါင်းစုံခဲ့ရာမှ တစ်ခုသောအကြောင်းတော့ ဟုတ်နိုင်ပါရဲ့။ တကယ့်အကြောင်းရင်းကတော့ မိမိကိုယ်တိုင်ရဲ့ ကြိုးစားအားထုတ်အလုပ်လုပ်ခဲ့မှုကြောင့်သာ ဖြစ်ပါတယ်။ “ ကံ ” နော်။

စာကြိုးစားခဲ့ပါရဲ့ကွာ။ စာမေးပွဲကျတယ်။ သူကတော့ လူပျင်းပါကွာ။ ဒါပေမယ့်သူ့မိဘတွေက ချမ်းသာတော့ ပံ့ပိုးပေးလိုက်တာ အောင်မြင်သွားပြီ စသည် . . . စသည်. . . ။

အနုပညာနယ်မှာ အကြောင်းအကျိုးဖောက်ထိုးပြောင်းပြန်ဆက်စပ်မှုတွေကို ပြောသူကပြောကြ၊ ယုံသူကယုံကြ၊ ရှိတတ်ကြပါတယ်။

ဒါဟာမှားယွင်းတယ်။ မယုံလေနဲ့နော်။ အမှန်တကယ်ကြိုးစားရင် စာမေးပွဲကို ဘယ်တော့မှ မကျပါဘူး။ ဒါဟာသေချာတယ်။ လူပျင်းလူညံ့ဖြစ်ပါလျက်နဲ့ အောင်မြင်နေတယ်ဆိုရာတွင်လည်း သူ့ရုပ်ရည်၊

သူ့အသံ၊ သူ့စေတနာ၊ သူ့ရဲ့မေတ္တာဓာတ်ခံပါရမီစတဲ့ အချက်တွေက ရှိသေးတာကိုး။

ကုသလ ကုသိုလ်ကောင်းတဲ့အပြုအမူကိုပြုရင် ကောင်းကျိုး ကိုရတယ်။ ဒါကို သံသယမရှိပါနဲ့။ ပါပ မကောင်းတဲ့ အပြုအမူကိုပြုမိ ရင် မလွဲမသွေဆိုးကျိုးရတယ်။ ကောင်းကျိုးကိုဘယ်လိုနည်းနဲ့မှ မရရှိနိုင် ပါ။ ဒါဟာသေချာတဲ့နိယာမ(Principle) ပဲ။ အကြောင်းအကျိုး ဆက်စပ်မှုနိယာမသဘောတရားပဲ။

မိမိစိုက်တဲ့အပင်က အသီးကိုပဲ မိမိရိတ်သိမ်းရတယ်ဆိုတဲ့ အနောက်တိုင်း စကားပုံဆိုရိုးစကားလိုပဲ။ ဒါကို ယုံကြည်ထားပါ။

ကောင်းမှုပြုက ကောင်းကျိုးရတယ်။ ဆိုးခြင်းအမှုပြုပါက ဆိုး ကျိုးရပါတယ်။ ကောင်းတာလုပ်ပါလျက် အဆိုးခံရတယ်ဆိုတာ မဟုတ် ပါ။ အထင်အမြင်လွဲတဲ့ ဆက်စပ်ကောက်ယူမှုဖြစ်ပါတယ်။ ဆိုးတာ၊ ယုတ်တာလုပ်ပါလျက်နဲ့ ကောင်းကျိုးတွေ စံစားနေရတာပါပဲဆိုတာ လည်း မဟုတ်ပါဘူး။ မိမိမမြင်ရ၊ မသိရတဲ့ အကြောင်းအချက်တွေရှိနေ ပါလိမ့်မယ်။ ကံ, ကံရဲ့ အကျိုးကို ယုံကြည်ရမယ်။

အဲဒီခံယူချက်အမြင် ကြည်လင်နေမှသာ ကောင်းတာတွေ ပြည့်စုံအောင်ကြိုးစားကြံစည်လုပ်ဆောင်မယ်။ မကောင်းတာကိုရှောင် မယ်။ စိတ်ကိုဖြူစင်အောင်ထားဖို့ အရေးကြီးပါကလားလို့ နားလည်ပါ မယ် တူမောင်။

" ကျွန်ုပ်တို့၏ လက်ရှိအဖြစ်သည် ကျွန်ုပ်တို့၏ စိတ်အာရုံ ၌တည်ရှိခဲ့သည့် အတွေးအကြံတို့၏ စီမံဖန်တီးထားမှုများသာဖြစ်၏ " လို့ ကြားဖူးမှတ်ဖူးတယ်။

စိတ္တေနနိယတိလောကောတဲ့။ စိတ်ဟာလောကကိုဖန်ဆင်း တယ်။ စိတ်ကဦးဆောင်ရာနောက်သို့ အရာရာဟာ လိုက်ပါကြရတယ်။ စိတ်ဆိုတာ စိတ်အတွေးအကြံကိုပြောတာလေ။

စိတ်အတွေးဆိုတဲ့လက်နက်တိုက်၌ သူဟာသူကိုယ်တိုင်ကို ဖျက်ဆီးမည့် လက်နက်ကိရိယာတွေကိုလည်း ပုံသွင်းထုတ်လုပ်နိုင်တယ်။ အလားတူပဲ သူ့ကိုချမ်းသာပျော်ရွှင်ကြံ့ခိုင်သန်မာစေပြီး ငြိမ်းချမ်းမှုကိုပေးမယ့် ဘုံဗိမာန်ကြီးတည်ဆောက်ရန်အတွက် စူးဆောက်တန်ဆာပလာများကိုလည်း သူပဲပုံစံထုတ်ပြုလုပ်နိုင်ပေတယ်။ လူ့စိတ်ဆိုတာ ဥယျာဉ်တစ်ခုနဲ့ ပမာပြုကြစို့ရဲ့။ ဥယျာဉ်ကိုလှပဝေဆာအောင် ပြုစုပျိုးထောင်နိုင်သလို၊ တောချုံ ရိုင်းကြီးဖြစ်သွားအောင်လည်း ပစ်ထားလို့ရတာပဲ။

ဒါကြောင့် စိတ်ကိုကြည်လင်ဖြူစင်အောင် သတိနဲ့ပေါင်းမြက်ကင်းစင်အောင် သုတ်သင်ရှင်းလင်းပြီး လှပတဲ့ပန်းတွေ စိုက်ပျိုးပြုစုနိုင်ပါစေ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

ပျိုးခင်းဂျာနယ်
အတွဲ(၁)၊ အမှတ်(၃)

☸ ☸ ☸ ☸

# လွယ်လွယ်လေးရယ်

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

မနှစ်ကဒီအချိန်လောက်မှာ စာပေထုတ်ဝေရေးတိုက်တစ်တိုက်က ဦးဦးကိုစာအုပ်တစ်အုပ်ဖတ်ဖို့ပေးပါတယ်။ စာအုပ်အမည်က SEVEN STRATEGIES TO WEALTH AND HAPPINESS " ချမ်းသာပျော်ရွှင်ရေးအတွက် မဟာဗျူဟာ (၇)ချက် " တဲ့ ရေးတဲ့လူက JIM ROHN ဂျင်ရွှန်ဖြစ်ပါတယ်။ ရေးသူကိုလည်း မကြားဖူးဘူး။ ဒီစာအုပ်လည်းမတွေ့ဖူးဘူး။ ဖတ်ကြည့်လို့ကြိုက်ရင် ဘာသာပြန်ပေးပါဆိုလို့ ကြိုက်တာနဲ့ ဘာသာပြန်ပေးလိုက်ပါတယ်။

တူမောင်သိတဲ့အတိုင်း ဦးဦးက ဘာသာပြန်ဆရာတော့ မဟုတ်ပါဘူး။ ဒါပေမယ့်ခင်မင်တဲ့သူတွေက ပူဆာရင်တော့ တတ်နိုင်တာလုပ်ဆောင်ပေးလိုက်တာပါပဲ။ အကောင်းစားကြီးမဟုတ်တာတောင်မှ အဆိုးကြီးတော့ မဖြစ်လောက်ပါဘူး။ မိမိအတွက် ဖတ်ရ ရေးရတဲ့ အတွေ့အကြုံသစ်တိုးတာမို့ ကျေးဇူးတောင်တင်မိပါတယ်။

ခုထိတော့ မထွက်သေးဘူး။ ဘယ်တော့ များမှာမှ ထွက်မလဲမသိ။

မြန်မာဘာသာပြန်ပေးထားတဲ့ မိမိလက်ရာစာအုပ်တစ်အုပ် မထွက်သေးခင် မူရင်းစာအုပ်အကြောင်း အတိုချုပ် မိတ်ဆက်ရေးရမှာ လိပ်ပြာသန့်ပါတယ်။ ကိုယ်ရေးတဲ့စာအုပ်ထွက်ပြီးသားကို ပြန်ညွှန်းရ မွှန်းရရင်တော့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တာကိုးလို့ ကဲ့ရဲ့စရာဖြစ်မှာပေါ့။ ကိုယ့် လုပ်ဆောင်ချက်ကို အကဲဖြတ်ဖို့ရာက သူတစ်ပါးရဲ့ အလုပ်ပေါ့ နော်။ ကိုယ်တိုင်ကြော်ငြာရင်တော့ ဘယ်ကြည့်ကောင်းမလဲ။

ဂျင်ရွှန်ဆိုတဲ့သူ ရေးသားထားတဲ့ စာအုပ်ဟာ မြန်မာဘာသာ အနေနဲ့ တက်ကျမ်းလို့ပြောကြခေါ်ကြတဲ့ကြီးပွားရေးအောင်မြင်ရေး အကြံပေးချက်တွေပါပဲ။ ဒါမျိုးတွေဟာ ရိုးနေပါပြီ။ ဟိုးလွန်ခဲ့တဲ့ နှစ် ပေါင်း (၇၀)ကျော်လောက်ကတည်းက ဆရာကြီးပီမိုးနင်းတို့၊ ဆရာကြီး ရွှေဥဒေါင်းတို့မှစပြီး အောင်ဝင်း(စိတ်ပညာ)၊ လှသမိန်၊ မောင်ပေါ်ထွန်း၊ ချစ်စံဝင်း၊ ဖေမြင့်၊ မြတ်ငြိမ်းစတဲ့ ဆရာများရဲ့ ကျေးဇူးနဲ့ အင်္ဂလိပ် တက်ကျမ်းစာအုပ် များစွာဟာ မြန်မာစာဖတ်ပရိသတ်ရဲ့ လက်ထဲ ရောက်ရှိခဲ့ကြပါပြီ။ ဒေးလ်ကာနက်ဂျီ၊ နပိုလီယံဟီးလ်၊ ဟားဘတ်အင်န် ကက်ဆွန် စတဲ့ ပုဂ္ဂိုလ်များရဲ့ စာအုပ်အချို့ကို မြည်းခဲ့ကြရပါပြီ။ များလှ ပါပြီ။

လုံလောက်ပြီလား။ တော်လောက်ပြီလား။ ဥပမာပြောရရင် ဟားဘတ်အင်န်ကက်ဆွန်ရေးခဲ့တဲ့စာအုပ်ပေါင်း(၁၂၀)ကျော်အနက်မှ (၄-၅-၆) အုပ်လောက်သာ မြန်မာဘာသာပြန်ခဲ့တာရှိပါသေးတယ်။ တကယ်ပြန်မယ်ဆိုရင် ဒီစာရေးသူတစ်ယောက်ရဲ့ စာအုပ်ပေါင်း(၁၀၀) ကျော်ကိုပြန်ရမှာ၊ ပြန်စရာရှိနေသေးရဲ့။ တွေးကြည့်ပေရော့။

တကယ်တော့ (၁၉၃၀)ဆီကတက်ကျမ်းများလည်း ကောင်း ချင်ကောင်းမှာပေါ့။ (၁၉၈၀-၂၀၀၀)ကာလဆီမှ တက်ကျမ်းတွေကိုပို ပြီးများများဘာသာပြန်သင့်တယ်လို့ဦးဦးထင်မြင်တယ်။ ဥပမာပြောရရင်

အမေရိကန်စာရေးဆရာ ဒေါ်နယ်၊ ဂျီ၊ ကရော့စ်ရေးတဲ့ The Way of the Leader ကိုမောင်ပေါ်ထွန်းက "စီးပွားရေးလုပ်ငန်းခေါင်းဆောင် ကောင်းတို့၏လမ်းစဉ် " ဆိုပြီး ပြန်တာမျိုး၊ ကျောရိုးမူရင်းကတော့ ဘီစီ (၅၀၀)လောက်က တရုတ်စစ်သူကြီး Sun Tzu ဆွန်ဇုရဲ့ The Art of War သေနင်္ဗျူဟာကျမ်းကို အခြေခံတာပါ။ သို့ရာတွင် ယခုမျက်မှောက်ကာလစီးပွားရေးဖြစ်ပျက်ပြောင်းလဲမှုတွေနဲ့ယှဉ်ပြီး သုံး သပ်ရေးသားတာကိုး။ ဒီလိုစာအုပ်မျိုးတွေဖတ်ရပါမှ ခေတ်မီ တိုးတက်တဲ့ ပြင်ပဗဟုသုတအသိဉာဏ်တွေရပါမယ်။

အဲဒီစာအုပ်ဆိုရင် ခင်မင်တဲ့မိတ်ဆွေအချို့ကို မကြာခဏဝယ်ပို့ပေးခဲ့မိပါတယ်။ ဆရာမောင်ပေါ်ထွန်းရေးခဲ့ပြန်ခဲ့သမျှ စာအုပ်တွေအနက်မှ ဘဝအောင်မြင်ကြီးပွားရေးဆိုင်ရာ စာအုပ်(၁၇)အုပ်ရှိပါတယ်။ အဲဒီစာအုပ်ကို ဦးဦးအကြိုက်ဆုံးပဲ။ (ပြည့်စုံစာအုပ်တိုက်မှ ထုတ်ဝေတယ်။ ကြော်ငြာခမယူပါ ) အကြောင်းကြုံကြိုက်ရင် ဦးဦးကြိုက်နှစ်သက်တဲ့ စာအုပ်ကောင်းတွေအကြောင်း အနှစ်ချုပ်မိတ်ဆက်ပေးချင်ပါသေးတယ်။ အခွင့်အရေးရကောင်းပါရဲ့လေ။ စောင့်မျှော်ပေရော့ တူမောင်ရေ။

ဒီစာမှာ တူမောင့်ကို တိုတိုနဲ့ မာတိကာစဉ်လောက်ရွေးနှုတ်ပြီး မိတ်ဆက်ချင်တာက ဂျင်ရွှန်ရဲ့ " ချမ်းသာရေးနဲ့ ပျော်ရွှင်ရေးအတွက် မဟာဗျူဟာ(၇)ချက် " ဖြစ်ပါတယ်။

သူရေးသားထားတဲ့ မဟာဗျူဟာ (၇)ချက်ဆိုတာက ဘာတွေများလဲ။ အသစ်အဆန်းမပါပါဘူး။

၁။ ပန်းတိုင်သို့အစွမ်းရှိသလောက်ရောက်ရေး

၂။ ပညာဗဟုသုတရှာဖွေရေး

၃။ ပြုပြင်ပြောင်းလဲတတ်မှုရှိရေး

၄။ ငွေကြေးကိုခန့်ခွဲထိန်းသိမ်းနည်း

၅။ အချိန်ကိုစီမံခန့်ခွဲနည်း

၆။ ပတ်ဝန်းကျင်နှင့်အပေါင်းအသင်းကောင်းမွန်ရေး

၇။ ကောင်းမွန်စွာနေထိုင်နည်းတို့ပဲ ဖြစ်ကြပါတယ်။ အခန်း (၁၁)ခန်းနဲ့ ဖွဲ့စည်းရေးသားထားတယ်။

ထိုစာရေးသူဖော်ပြထားတဲ့ မဟာဗျူဟာ(၇)ချက်ကို အထက်ပါအတိုင်း စီကာစဉ်ကာကူးယူရေးပြလိုက်တာနဲ့တော့ အရသာမပေါ်နိုင်လောက်ဘူး။ မူရင်းစာရေးသူက စာဖတ်သူဖတ်ချင်စဖွယ်ဖြစ်လေအောင်ပဲလား။ တကယ့်အဖြစ်အပျက်မှန်ပဲလားတော့ မသိဘူး။ သူ့ဆရာသမားတစ်ဦး မစ္စတာရှော့ဖ်ဆိုသူနဲ့ အပြန်အလှန်ပြောကြဆွေးနွေးကြတာမျိုးတွေရေးထားတယ်။

နမူနာပြောရရင် နည်းဗျူဟာ (၇)၊ " ကောင်းမွန်စွာနေထိုင်နည်းကို သင်ယူရန် " ဆိုတာနဲ့ ပတ်သက်လို့ -

" ဂျင် . . . မင်းငွေရဖို့ချည်းလုပ်မနေနဲ့ဦး။ ဘယ်လိုနေထိုင်ရမယ်ဆိုတာကိုလဲ သင်ယူပါဦး "

ကျွန်ုပ်နားမလည်။ ထိုကိစ္စကို သိပ်အလေးမထားမိ။ ငွေများများရရှိရေးကိုသာ စိုက်စိုက်မတ်မတ်ကြိုးစားခဲ့၏။ ဇဝေဇဝါဖြင့် သူ့ကိုပြန်ကြည့်နေလိုက်မိ၏။ ထိုအခါ သူက-

" ဒီလိုရှိတယ် ဂျင်။ အချို့လူတွေနဲ့ဝန်းကျင်မှာ လှပတဲ့ ပစ္စည်းတွေ၊ အရာဝတ္ထုတွေနဲ့ ဝန်းရံနေတာကိုတွေ့ရတယ်။ ဒါပေမယ့်သူတို့ဟာ ပျော်ရွှင်မှုကို အနည်းငယ်ပဲ ခံစားကြရတယ်။ တချို့ကျတော့ ငွေတွေအစုလိုက်အပုံလိုက်ရရှိနေပါလျက်နဲ့ စိတ်ထားတွေချို့တဲ့ပြီးပျော်ရွှင်မှုသိပ်မရကြရှာဘူး။ ငါကမင်းရဲ့ဘဝကို စတိုင်ကောင်းကောင်းနဲ့ နေနိုင်အောင် ပုံဖော်စေချင်တာကွ။ အသက်ရှင်နေထိုင်နည်းပေါ့ကွာ။ "

သူ့ဆရာသမား မစ္စတာရှော့ဖ်ကသူ့ကို သင်ပြပျိုးထောင်သွားပုံတွေကို ဂျင်ရွှန်က အသေးစိတ်ရေးဖွဲ့ပါတယ်။ စိတ်ဝင်စားအောင်လည်း

ဆွဲဆောင်နိုင်တယ်။ လက်ခံချင်ဖွယ်ဖြစ်အောင်လည်း ယုတ္တိခိုင်မာစွာ တင်ပြတတ်တယ်။ သင်ခန်းစာယူစရာတွေပဲကွယ်။ ဟုတ်တယ်။ တကယ်တော့ချမ်းသာပျော်ရွှင်ရေးဆိုတာက အသစ်အဆန်းတွေမှ မဟုတ်ဘဲ။ လူပေါင်းများစွာသွားခဲ့တဲ့ သမားရိုးကျလမ်းမပဲ။ လူတကာ ချမ်းသာနေကြပြီ။ လူတကာပျော်ရွှင်နေခဲ့ကြပြီ။ ကျွန်တော်တို့နဲ့သာလွဲ နေတာ။ အေးကွ။

" ရန်ကုန်မြို့မှာ ကားတွေများလိုက်တာကွာ။ လမ်းပေါ်မှာ စုပြုံကြပ်ခဲနေတာပဲ။ ဒီထဲမှာ ငါ့ကားဆိုလို့ တစ်စီးမှမပါသေးဘူးဟ့"

ဆိုတဲ့ လူလိုပဲ။ ဆင်းရဲမြဲဆင်းရဲ၊ ကြပ်တည်းမြဲကြပ်တည်းနေတဲ့ လူတွေ ဟာ ဒီစာအုပ်ထဲမှ ဖော်မြူလာမဟာဗျူဟာ (၇)ချက်အသုံးပြုခြင်းမှာ အားနည်းတာတွေ့ရတယ်။ အံချော်နေတာကိုလေ့လာတွေ့ရှိရတယ်။ မကျင့်သုံးကြဘဲကိုး။

ကဲ အဲဒီစာအုပ်မဖတ်ချင်နေ၊ ဖတ်ချင်ဖတ်ဗျာ။ စေတနာနဲ့ ဦးဦးကအနှစ်ချုပ်ပြီး ကောက်နှုတ်တင်ပြလိုက်မယ်။

၁။ ပန်းတိုင်တိတိကျကျထားပါ။ မရောက်ရောက်အောင် ထက်ထက်သန်သန်သွားပါ။ မနားတမ်းလက်တွေ့ချီတက် နေစမ်းပါ။

၂။ ပညာဗဟုသုတကိုရှာလည်းရှာ။ သုံးလည်းသုံး။ ပညာပါမှ အရာရာမှာချောမွေ့ပါတယ်။

၃။ ပြုပြင်ပြောင်းလဲမှုရှိရမယ်။ ကာလ၊ ဒေသ၊ ပယောဂနဲ့ ဆီလျော်ပါစေ၊ အမြဲမပြတ်အကဲခတ်။

၄။ ငွေကြေးရသမျှအနက်(၁၀)ရာခိုင်နှုန်းကိုစုဆောင်းပါ။ အရင်းအနှီးတိုးပွားပါစေ။

၅။ အချိန်ကိုအကျိုးရှိစွာ အသုံးချပါ။ ကြိုတင်စီမံထားပါ။

၆။ မိတ်ဆွေကောင်းများများရအောင် ကိုယ်ကများများကူညီပါ။ သူတစ်ပါးကို အကျိုးဆောင်လိုစိတ်ရှိပါ။

၇။ ဘဝဟန်ပန်ကောင်းရန် စိတ်ကောင်းထားပါ။ ပေးကမ်းရက်ရောပါ။ ကိုယ်ကျင့်တရားဖြူစင်ပါ။ စည်းကမ်းစနစ်ရှိပါ။

ရိုးရိုးစင်းစင်း၊ ရှင်းရှင်းလင်းလင်းတွေ့ပြီ။ ဒီမဟာဗျူဟာ (၇) ချက်ကို လက်တွေ့ကျင့်သုံးသူတွေက ကြီးပွားချမ်းသာတိုးတက် အောင်မြင်သွားခဲ့ကြတာပဲတူမောင်။ ဘာမှမခက်ပါဘူးနော်။

၁။ သိအောင်လေ့လာ၊ အခုသိပြီ။

၂။ နည်းလမ်းရှာ၊ နည်းလဲသိရပြီ။

၃။ တကယ်လုပ်ဖို့သာရှိတော့တာပဲ။ ဟုတ်တယ်တူမောင်။ လွယ်လွယ်လေးရယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

အချစ်ဂျာနယ်
အတွဲ(၂)၊ အမှတ်(၁၆)

☸ ☸ ☸ ☸

# မညစ်ညမ်းသော ရေထု လေထု

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

အနာဂါတ်သွေးလန့်ခြင်း (Future Shock) ဆိုတဲ့စာအုပ်ကိုရေးတဲ့ တော်ဖလာဆိုတဲ့ ပုဂ္ဂိုလ်က " အပြောင်းအလဲတူရှုသည် မည်သည့်အရပ်သို့ဦးတည်သည်ဖြစ်စေ၊ အပြောင်းအလဲ၏ တူရှုသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ယင်း၏မြန်ဆန်မှုကြောင့်ပင်လျှင် နားမလည်နိုင်မှုများ၊ ပင်ပန်းမှုများ ဖြစ်လိမ့်မည် " လို့ဆိုခဲ့ဖူးသတဲ့။

လူတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ နိုင်ငံတွေပဲဖြစ်စေ၊ တရွေ့ရွေ့ကနေပြောင်းလဲနေကြတာဟာ ခုခေတ်မှာတော့ အဟုန်ပြင်းလွန်းလို့ ခုန်လွှားပြီး သွားနေကြသလိုပါပဲကွယ်။

ရှေ့တိုးတာလည်းမြန်တာပဲ။

နောက်ဆုတ်ထာလည်း မြန်တာပဲ။

ဂြိုဟ်တုခေတ်၊ ဒုံးပျံခေတ်ဆိုသကိုး။

အဖြစ်မြန်၊ အပျက်မြန်၊ အတက်မြန်၊ အကျမြန်တာတွေတော့ ပြောမနေနဲ့တော့။ မျက်စိရှေ့မှောက်တင်ပဲ အများအမြင်မို့ ထင်ရှားလှ

ပါတယ်နော်။ ဒါဟာကောင်းတယ်ဆိုးတယ်၊ မှန်တယ်၊ မှားတယ် တောင် မပြောပြတတ်အောင်ပါပဲ။ မြန်ဆန်တာကတော့ အမှန်သေချာပဲ။

ရန်ကုန်မှာနှစ်ပေါင်း ၂၀ကျော် တက္ကသိုလ်ဆရာတစ်ဦးလုပ် ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ဟာ နယ်ကောလိပ်တစ်ခုကို ၁၉၉၂ မှ ၉၉ အထိ (၇) နှစ်လောက်ပြောင်းရွှေ့ရောက်ရှိသွားခဲ့တယ်။ နယ်မှာ (၇)နှစ်နေပြီး ရန်ကုန်ပြန်ရောက်လာတဲ့အခါ အဲဒီတက္ကသိုလ် ပါမောက္ခဟာ ရင်သပ် ရှုမောအံ့သြမဆုံးဖြစ်နေရသတဲ့။ ရန်ကုန်မြို့ကြီးဟာ ရွှေပြည်သာ၊ လှိုင် သာယာ၊ ရွှေပေါက်ကံ၊ တောင်ဒဂုံ၊ ဒဂုံ(ဆိပ်ကမ်း) စတဲ့နေရာတွေမှာ ယခင်သူမြင်ခဲ့တာက လယ်ကွင်းပြင်။။ ယခုအခါ စက်မှုဇုန်တွေ၊ လူနေ တိုက်တာ အိမ်ခြေ၊ ဂေါက်ကွင်း၊ ကွန်ဒိုမီနီယမ်၊ ဆူပါမတ်ကက်၊ ပလာဇာ၊ ဘဏ်တိုက်၊ လမ်းမကြီးတွေ၊ မြစ်ကူးတံတားကြီးများ မျက်လှည့်ပြသလား အောက်မေ့ရတယ်ဆိုပဲ။

အပြန့်အကျယ် ဧရိယာတင်ပြောင်းလဲတာမဟုတ်ဘူး။ ယခင် က လေးထပ်၊ ခြောက်ထပ်မျှသာ ရှိခဲ့တဲ့ ရန်ကုန်ဟာ ဆယ်နှစ်ထပ်၊ ဆယ့်ရှစ်ထပ်မိုးထိတိုက်တာ အဆောက်အအုံကြီးတွေမှိုလို ပေါက်လာ တယ်။ မြင်နေကျ၊ တွေ့နေကျလူမှာ မထူးခြားပေမယ့်(၇)နှစ်လောက် အဝေးရောက်သွားခဲ့ရတဲ့ လူတစ်ယောက် ရန်ကုန်ပြန်ရောက်လာတော့ သူ့အဖို့အများကြီး ပြောင်းလဲတာဟုတ်မှာပဲ။

အဆောက်အဦတွေ၊ လမ်းတွေ၊ ပစ္စည်းကိရိယာတွေ၊ အဝတ် အစားတွေ၊ အသုံးအဆောင်တွေ၊ ရုပ်ဝတ္ထုအားလုံးပြောင်းလဲနေကြ တယ်။ ဒါပဲလား။

မဟုတ်ဘူး။

စိတ်ထားသဘောထား စိတ်နေ၊ စိတ်အမူအကျင့်တွေလည်း ရှေးကနဲ့ မတူဘဲ ပြောင်းလဲရွေ့လျားလာနေကြတာပဲ။ ကောင်းတာတွေ ကော၊ ဆိုးတာတွေကော။

ဟိုတလောက အရှေ့တောင်အာရှ နိုင်ငံတစ်ခုမှ ယဉ်ကျေးမှု

အဆိုအကအဖွဲ့တစ်ခုလာရောက်ပြီး သူတို့အနုပညာကို ဖျော်ဖြေတင်ဆက်တယ်။ ပြီးတော့ သူတို့ကိုရွှေတိဂုံဘုရားသို့ လှည့်လည်ကြည်ညိုရအောင် ပို့ပေးတယ်။ တည်းခိုတဲ့ ဟိုတယ်က ထွက်လာတော့ တိုစိစိ ဂါဝန်နဲ့။ ဘောင်းဘီတိုတွေနဲ့။

ဒါနဲ့ ဧည့်သည်တွေကို လမ်းညွှန်လုပ်ရတဲ့ ဆက်ဆံရေးအရာရှိက အဖွဲ့ခေါင်းဆောင်ကို မေတ္တာရပ်ခံရပါတယ်။ ကျေးဇူးပြုပြီး အဝတ်အစားများကို မိမိနှစ်သက်ရာဝတ်ဆင်နိုင်တာဖြစ်ပေမယ့် ဘုရားရင်ပြင်တော်ကိုတော့ စကပ်တို၊ ဘောင်းဘီတိုများနဲ့ မတက်ရပါဘူး။ မဝင်ရပါဘူး။ ဒ့ါကြောင့်မို့ အဖွဲ့ဝင်အမျိုးသမီး၊ အမျိုးသားများကို လုံလုံခြုံခြုံ အဝတ်အစားမျိုးလဲဝတ်ခဲ့ကြဖို့ အနူးအညွတ်တောင်းပန် ဧည့်သည်အဖွဲ့ဟာ အိမ်ရှင်ဆက်ဆံရေးတာဝန်ခံပြောတာကို လက်ခံလိုက်နာပါတယ်။ ငယ်ရွယ်သူအဖွဲ့ဝင်တချို့ကတော့ နှုတ်ခမ်းစူပြတာပေ့ါ။ ဘာလဲဟယ်။ သူတို့ပဲကြိုက်ရာဝတ်နိုင်တယ်ဆိုပြီး။

ယဉ်ကျေးမှုအဆိုအက အဖွဲ့ကို ပြတိုက်များ၊ ဈေးများ၊ ဥယျာဉ်များနဲ့ ကြည့်စရာမြင်စရာတွေ လှည့်လည်ပြသပြီး အံ့ချီးမကုန် ရွှေတိဂုံစေတီ၊ ကုန်းတော်ပေါ်သို့ လိုက်ပါပို့ဆောင်ကြပါတယ်။ သူတို့ဟာ အချို့က ဗုဒ္ဓဘာသာ၊ အချို့ကအခြားဘာသာဝင်၊ အချို့က ကိုးကွယ်တဲ့ ဘာသာမရှိ၊ အမျိုးမျိုးပေ့ါကွယ်။

နိုင်ငံခြားအနုပညာရှင် အဖွဲ့ဝင်တွေဟာ ရွှေတိဂုံစေတီတော်မြတ်ကို ရှုမြင်ဖူးမြော်ရတဲ့အခါမှာတော့ ကြည်ညိုတဲ့စိတ်အားလုံးမှာ ဖြစ်ပေါ်လာကြတယ်။ ဘုရားရင်ပြင်တော်ပေါ်မှာတွေ့မြင်ရတဲ့ ဘုရားရှိခိုးသူ၊ ပုတီးစိတ်သူ၊ တရားဘာဝနာစည်းဖြန်းသူ၊ ပန်း ရေချမ်းကပ်လှူပူဇော်နေကြသူ၊ အေးအေးလူလူအနားယူပြီး စောင်းတန်းတွေ၊ ဇရပ်တွေမှာ ထိုင်ပြီးနေကြတဲ့ လူပုဂ္ဂိုလ်အမျိုးမျိုးကို တွေ့ရတဲ့အခါ အေးချမ်းတည်ငြိမ်တဲ့ မျက်နှာတွေချည်းဖြစ်နေတာ သတိပြုမိကြပါသတဲ့။

ဘုရားကပြန်ဆင်းလာကြတဲ့အခါ အဖွဲ့ဝင်လူငယ်အမျိုး

သမီးလေးတစ်ယောက်နဲ့ အမျိုးသားတစ်ယောက်က စကားပြန်မှတဆင့် ဆက်ဆံရေးအရာရှိကို ရှိသေလေးစားစွာနဲ့ အနူးအညွတ်တောင်းပန်ပါရစေတဲ့။ ဘာများလဲဗျာ။ ခင်ဗျားတို့ဘာမှ အမှားမလုပ်ခဲ့ကြပါဘူး။ ဆိုတော့ကာ။

ရှင် ကျွန်မတို့ဘာသာစကားကို နားမလည်ခဲ့တာ ကံကောင်းပါတယ်ရှင်တဲ့။ ဟိုတယ်ကမထွက်ခင် အဝတ်အစားပြန်ပြင်လဲခဲ့ရလို့ ကျွန်မတို့ စိတ်တိုပြီး စိတ်အလိုမကျ ဖြစ်ခဲ့ရတယ်။ ရှင့်ကို ကျိန်ဆဲမိခဲ့ပါတယ်တဲ့။

“ ရွှေတိဂုံဘုရား ရင်ပြင်တော် တစ်ခွင်လုံးမှာ မြင်ရတွေ့ရတဲ့ တိုင်းရင်းသားတွေ၊ တိုင်းရင်းသူတွေ၊ နိုင်ငံခြားသားတွေ မိမိမျက်မြင်တွေ့ရကြည့်ရတဲ့အခါမှာမှ အကယ်၍သာ ကျွန်မတို့ဟာ ပထမထွက်လာကြသလို ဒူးပေါ်၊ ပေါင်ပေါ် စကတ်တိုတိုနဲ့ လာခဲ့မိရင် အင်မတန်ဘဲ ရိုင်းစိုင်းနှုံချာရာ ရောက်ခဲ့မှာပါရှင်။ သို့မဟုတ်ရင်လည်း ကမ္ဘာကျော်တဲ့ ဒီစေတီတော်ကြီးကို ဖူးမြော်ခွင့်မရဘဲ ကားပေါ်မှာတင်နေရစ်ခဲ့ရတာလည်း ဖြစ်နိုင်ပါတယ်။ ”

“ ရှင့်ရဲ့စေတနာပြည့်ဝတဲ့ အကြံပေးစကားကြောင့် ကျွန်မတို့ အဝတ်အစားလဲလှယ်ဝတ်ဆင်နိုင်ပြီး ဘုရားဖူးခွင့်ရတာပါ။ ကျွန်မတို့အထင်လွဲမိ၊ အထင်မှားမိတာ ခွင့်လွှတ်ပါရှင်။ ခွင့်လွှတ်ပါဗျာ ” နဲ့ တောင်းပန်နေကြပါတော့တယ်။

အဲဒီနိုင်ငံခြားယဉ်ကျေးမှုအဖွဲ့ဟာ နှုတ်ဆက်ပွဲည။ မြန်မာအိုးစည်၊ ဒိုးပတ်အကများအပါအဝင် မြန်မာ့ယဉ်ကျေးမှုအဖွဲ့ရဲ့ ပြန်လှန်ဧည့်ခံမှုကို ကြည့်ရပြီးတဲ့ နောက်မှာတော့ အားလုံးလက်ခံသဘောပေါက်သွားကြပါပြီ။ အဖွဲ့ခေါင်းဆောင်က မျက်ရည်ဝဲပြီး ကျေးဇူးတင်စကားတုံ့ပြန်ပြောကြားတယ်။

မြန်မာလူမျိုးဖြစ်ရတာ အထူးပဲဂုဏ်ယူစရာကောင်းပါတယ်တဲ့။

“ မြန်မာ့ရိုးရာ ကျေးလက်ဂီတမျိုး၊ အိုးစည်၊ ဒိုးပတ်တို့ကို နှစ်ပေါင်းရာနဲ့ချီပြီး လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ခဲ့ကြတယ်။ အင်မတန် အားကျလေးစားစရာ အတုယူစရာဖြစ်ပါတယ်။”

သူတို့မှာတော့ ရိုးရာဂီတတွေ ကိုလိုနီခေတ်မှာ ပျောက်ကွယ် နစ်မွန်းသွားပြီး ဂီတာတွေ၊ ဂျပ်စ်ဘင်တွေ နေရာဝင်ယူလာတာကြောင့် “ အောက်ကလိအာ ” အနုပညာပဲ အကောင်းထင်ခဲ့မိကြတယ်။ ဝတ်တာ လည်းကပြား၊ တီးတာလည်းကပြား၊ အမျိုးသားကိုယ်ပိုင် လက္ခဏာတွေ အညွန့်ချိုးခံခဲ့ရလို့ ထိန်းသိမ်းစရာလည်း မရှိတော့ပါဘူး။ မြန်မာလူမျိုးမှာတော့ ကိုလိုနီဘဝနှစ်ပေါင်း(၆၀)နေခဲ့ရပေမယ့် အမျိုး ဂုဏ်၊ ဇာတိဂုဏ်ကိုထိန်းသိမ်းနိုင်တုန်းပဲ။ ချီးကျူးစရာ ဝမ်းသာကြည်နူး စရာကောင်းလှပါတယ်။ အနာဂတ်မှာလည်း ရိုးရာဂီတသဘင်များ ဆက်လက်ရှင်သန်ပါစေလို့ပြောသွားတယ်။

တူမောင်။ လေကို လွယ်လွယ်ရတော့ တန်ဖိုးမသိ။ ရေကို လွယ်လွယ်ရနေလျှင် ကျေးဇူးမသိ။ ညစ်ညမ်းတဲ့လေ။ ညစ်ညမ်းတဲ့ရေ၊ တွေ့ကြုံနေရတဲ့ ပတ်ဝန်းကျင်ညစ် ညမ်းမှု အခြေအနေနဲ့ ယှဉ်ကြည့်ပါမှ “ သန့်စင်သော မိမိတို့ရဲ့ လေထု ရေထုမြေထုကို ” တန်ဖိုးသိလာရတော့ တယ်ဗျာ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

ရွှေမြန်မာဂျာနယ်
၂၅-၉-၂၀၀၀

☸ ☸ ☸ ☸

# ရည်ရွယ်ချက် တိကျ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

**အဆိပ်**

နေသလိုမဖြစ်တဲ့ လောကကြီးမှာ ဖြစ်သလိုပဲ နေပါတော့မယ် ကွာတဲ့။

အောင်မယ်. . သူ့ရဲ့ဘဝအဘိဓမ္မာက ကဗျာဆန်သလိုလို ဘာလိုလိုနဲ့။ အဟုတ်မှတ်စရာပဲ။ မလုပ်နဲ့ ငါ့တူ။ အဲဒါ အဘိဓမ္မာပျက်။ ဝေးဝေးရှောင်ဗျ။ ဒါမျိုးဟာ အဆိပ်။

ကံစီမံရာဖြစ်ကြရတာ။ လုပ်နေလည်း အပိုပဲ။ ကြိုးစားနေလည်း အပိုပဲ။

အတိတ်က ဖန်တီးတဲ့အပိုင်း ဖြစ်ရနေရတာတဲ့။ တချို့က အဲသလို ပြောတတ်ကြတယ်။

**အတိတ်**

တစ်ပိုင်းတစ်စကောက်ယူပြီး လူတတ်လုပ်ပြောနေတာ။ အတိတ်ကံကဖန်တီးတယ်ဆိုတာ ဟုတ်သင့်သလောက် ဟုတ်ပေမယ့် ပစ္စုပ္ပန်

ကံက ပိုပြီး အဓိကကျတာနားမလည်လို့ သူထင်ရာသူပြောတာ။ မမှန်ဘူး ငါ့တူရဲ့။

ယနေ့၊ ယခုဖြစ်တည်နေသမျှ အခြေအနေအရပ်ရပ်ဟာ အတိတ်က ပြုစုခဲ့တာတွေ၊ တည်ဆောက်ခဲ့ကြတာတွေ၊ ကြိုးစားအားထုတ်ခဲ့တာတွေကြောင့်ပေါ့။ အနာဂတ်မှာ ဖြစ်ပေါ်လာမယ့်အခြေအနေ အခြင်းအရာတွေဟာ မျက်မှောက်ကာလတူမောင်တို့ ဦးဦးတို့ စနစ်တကျနဲ့ကြံစည်ရည်ရွယ်ပြီး ဖန်တီးလုပ်ဆောင်ကြပါမှ အကောင်အထည်ပေါ်လာကြမှာပဲ။

**အားပြိုင်**

ဦးတည်ချက်ဘာမှ မချမှတ်ဘဲ အခြေအနေကြည့်ပြီး တော်ရိရော်ရိသွားနေလို့တော့ မရဘူးလေ။ ဒီဦးတည်ချက်တွေကို ပြည်သူ ပြည်သားအားလုံးက ကြိုးပမ်းကြရင် မုချမသွေ အောင်မြင်ပေမှာပဲ။

ပြည်တွင်းက အဖျက်သမားတွေက ပြည်ပအဖျက်သမားတွေက ကဖျက်ယဖျက် ဖျက်လိုဖျက်ဆီးတွေ လုပ်နေရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးမှာ နှောင့်နှေးကြန့်ကြာမှာပေါ့။

အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးမှာ အပွန်းအပဲ့တွေ ခံရမှာပေါ့။ အဖျက်သမားတွေ ရှိနေကြတယ်ဆိုတဲ့ ပကတိတရားကိုတော့ မေ့ထားလို့ မရပါဘူး။ သူတို့ရဲ့ အနှောင့်အယှက် အဟန့်အတားတွေကို ရဲရဲဝံ့ဝံ့ကျော်လွှားအောင် မြင်ပြီး ဦးတည်ချက်ဆီ ချီတက်ကြရမှာ။ ဒါက တစ်နိုင်ငံလုံး၊ ပြည်သူ တစ်ရပ်လုံးနဲ့ ဆိုင်တဲ့ သဘောပေါ့နော်။ လူတိုင်းနဲ့ သက်ဆိုင်တဲ့ မဟာဗျူဟာလမ်းကြောင်းကြီးပဲ။

**ကိုယ်ပိုင်**

တူမောင်တို့ ဦးဦးတို့မှာ တစ်ဦးချင်းရဲ့ ဘဝကိုတော့ ကိုယ်ပိုင်အယူအဆ၊ ကိုယ်ပိုင်တန်ဖိုးထားမှု၊ ကိုယ်ပိုင်သဘောထား၊ မိမိနှစ်သက်

ရာ ပန်းတိုင်သတ်မှတ်ပြီး ရှေးရှုတည်ဆောက်နိုင်ပါတယ်။

" ကြံရွယ်သော်လည်း မဖြစ်ပေါ်ဘဲ နေတာတွေလည်းရှိတယ်။ မကြံရွယ်သော်လည်း ဖြစ်ပေါ်လာတာတွေလည်းရှိတယ် "

ချစ်သူခင်သူကြင်သူတို့နဲ့ ရှင်ကွဲသော်လည်းကောင်း၊ သေကွဲသော်လည်းကောင်းခွဲခွာရတတ်တယ်။ မချစ်မနှစ်သက်သူတို့နဲ့ အတူတကွ ယှဉ်တွဲပေါင်းဖော်ရတာတွေလည်း ရှိရတတ်တယ်။

ဒါကဖြစ်တတ် ကြုံတတ်တဲ့ နိယာမတွေကို မြတ်စွာဘုရားက ဟောပြတော်မူခဲ့တာတောပဲ ဖြစ်ပါတယ်။ ဒီလိုအလိုမကျမှုတွေ၊ ပူဆွေးရမှုတွေ၊ ငိုကြွေးရမှုတွေ၊ စိတ်ပျက်စိတ်ညစ်စရာတွေကတော့ မလွဲ မသွေ တွေ့ကြုံရပေမှာပဲ။ သို့သော် အားမလျှော့နဲ့။ စိတ်ဓာတ်မကျလေနဲ့။

**ရည်ရွယ်**

ရည်ရွယ်ချက်တိတိကျကျ ချမှတ်ထားရမယ်။ ဘယ်လိုအခက်အခဲပဲ တွေ့ရတွေ့ရ မိမိရဲ့ရည်မှန်းချက်ကိုတော့ နှလုံးသားထဲမှာ ခိုင်ခိုင်မြဲမြဲဆက်ပြီးထိန်းထားနိုင်ရမယ်။ ဘဝတည်ရှိနေသမျှ ရည်ရွယ်ချက်ရှိရမယ်။ ဘဝမဆုံးသမျှ ရည်ရွယ်ချက် မပျက်သုဉ်းသေးဘူး။

ရည်ရွယ်ချက် တိကျခိုင်မြဲလို့ အောင်မြင်ခဲ့ကြသူတွေ အကြောင်းသာဓကတွေ ကိုးကားရေးသားရရင် စာအုပ်တစ်အုပ်နဲ့ဘယ်လောက်မှာလဲကွယ်။ အတွဲတွေ အတွဲတွေ အများကြီး ဆက်ထုတ်ရင် တောင်မှကုန်နိုင်ဖွယ်ရာမရှိပါဘူး။ လူသားတစ်ယောက်ရဲ့ ဇွဲဟာဘယ်လောက်ကြီးမားတယ်ဆိုတာ စံတင်စရာပဲ။ ခိုင်မာမြဲမြံတဲ့ ဇွဲကို ရည်ရွယ်ချက်တိကျ ခိုင်မာခြင်းက ပေါက်ဖွားပေးတာပဲ။

**ဥပဒေသ**

စစ်အောင်ရာသော အကြောင်းကြီးများဆိုတာ ရှိတယ် တူမောင်ရဲ့။ အင်္ဂလိပ်လိုတော့ စစ်အခြေခံသဘောတရား Principles of War လို့လည်းခေါ်တာပေါ့။ ဒီအချက်တွေနဲ့ ပြည့်စုံအောင် လုပ်

ဆောင်နိုင်ရင် စစ်ပွဲတွေ အောင်မြင်ခဲ့လို့မို့ စစ်သမိုင်းဆရာတွေက ခြုံယူဆင်ခြင်ပြီး ထုတ်နှုတ်ထားတဲ့ ဥပဒေသတွေပေါ့။ သွေးတွေ၊ အသက်တွေ နိုင်ငံရဲ့မြေပုံတွေ စစ်မီးလောင်မြိုက်ပြီး စစ်ပွဲကြီးတွေ ဖြစ်ပွားခဲ့တာတွေမှ အဆီအနှစ်ကို ထုတ်ထားတာလေ။

ဒီနေရာမှာ စပ်ဆိုင်လို့ ပြောပြချင်တဲ့အချက်က ရည်ရွယ်ချက်တိကျခိုင်မြဲရမယ်တဲ့

**ခိုင်မာ**

Maintainance of Aim

လူတွေဟာ လမ်းဆုံလမ်းခွရောက်ရင်တွေဝေချင်တယ်။ စိန်ထုပ်ယူမလား၊ ပတ္တမြားထုပ်ယူမလား။ မေးရင် ဘာရွေးရမလဲ။ မဝေခွဲတတ်အောင်ဖြစ်တတ်တယ်။ မူလရည်ရွယ်ချက်ကို လွယ်လွယ်နဲ့ လက်မလွှတ်ရဘူး။

မုန့်စားမလား။ တုတ်ရိုက်ခံမလားဆိုရင်တော့ ရွေးချယ်ရတာလွယ်တယ်။ မုန့်စားမယ်။ ဟဲ. . . ဟဲ. . . ။

တိုင်းပြည်မြို့တော်ကို စစ်သည်အင်အားနဲ့ ဝန်းရံပိတ်ဆို့ပြီးသမီးတော်ကို ဆက်သမလား။ နိုင်ငံတစ်ဝက်ကိုဆက်သမလားဆိုတဲ့ အနိုင်ကျင့်ဖိနှိပ်ပြီး ကိုယ့်ကို အမေးခံရပြီဆိုရင်တော့ တစ်ခုခုရွေးရမှာ မလွယ်လှဘူး။ စိတ်ဆင်းရဲရမှာချည်းပဲ။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတာဟာ တူမောင်တို့ ဦးဦးတို့တိုင်းသူ ပြည်သားအားလုံးအတွက် ရင်ထဲ အသည်းထဲမှာ ရှိနေရမယ့်အရေး အကြီးဆုံးအရာပဲ။

**အမြဲသတိ**

စစ်ဆိုတာကတော့ နိုင်ငံရေးရဲ့ နောက်ဆက်တွဲပဲ။ နိုင်ငံရေးအရ အငြင်းပွားကြရာမှာ တင်းမာခက်ထန်လာကြပြီး အကြမ်းပတမ်း

နည်းကို သုံးရပြီဆိုရင် အဲဒါစစ်ပွဲဖြစ်တာပဲ။ အေးချမ်းတယ်ဆိုပြီး အိပ်နေ လို့မဖြစ်ဘူး။ ဇိမ်နဲ့နေမယ်ဆိုပြီး နှပ်နေလို့မဖြစ်ဘူး။ မည်သူမဆို အချိန်မရွေး စစ်ဖြစ်နိုင်တယ်ဆိုတာ သိရမယ်။ စစ်မက်ဆိုတာ အနေး အမြန် ပြောလို့မရဘူး။ ဒီတော့စစ်ရေးသတိ အမြဲရှိရတယ်။

စစ်အောင်ရာသောအကြောင်းတွေထဲမှာ ရည်ရွယ်ချက် တိကျခိုင်မြဲခြင်းဆိုတာ တစ်ချက်ပါဝင်တယ်။ အလားတူပဲ။

**ပဲ့ကိုင်**

တူမောင်တို့ ဦးဦးတို့ ဘဝခရီးတစ်လျှောက် ဆက်လက်ချီ တက်ကြရာမှာလည်း ရည်ရွယ်ချက်ရှိရမယ်။ ရည်ရွယ်ချက်ကို ရှေးရှုပြီး ခရီးသွားရမယ်။

ပဲ့မပါတဲ့လှေဆိုတာ တွေ့ဖူးလား။

ပဲ့ထိန်းမပါတဲ့ စက်လှေ၊ သင်္ဘောရှိရဲ့လား။

စတီယာရင်မပါတဲ့ ကားမြင်ဖူးသလား။

ဒါပေမယ့် အသည်းနှလုံးထဲမှာတော့ သံမှိုစွဲအောင် နှစ်ဝင် နေရမယ်။ ဥပမာ ငါ ဘာဖြစ်ရမယ်ပေါ့။

ဥပမာ . . .

သူများတွေ အဖြစ်အပျက်တွေကိုးကားရတာထက် ဦးဦး ကိုယ်တွေ့ အခြေအနေပြောပြမယ်နော်။

၁၉၆၄ကာလဆီကပေါ့။ ဦးဦး ၉တန်းကျောင်းသား။

စာအုပ်တွေကို ဝါးစားသလိုအငမ်းမရဖတ်နေပြီ။ ချောက်မြို့ မှစာရေးဆရာဌေးမောင်။ " တိုက်ပွဲခေါ်သံ " ဝတ္ထုနဲ့ အမျိုးသားစာပေ ဆုရတယ်။

ချောက်မြို့မှ စာရေးဆရာမင်းကျော်။ သူလည်းပဲ အမျိုးသား စာပေဆု ၃-၄ကြိမ်တယ်။ ဘာသာပြန်ဆုလည်းရတယ်။ ဝတ္ထုတိုပေါင်း ချုပ်လည်းရတယ်။ ဝတ္ထုအထူကြီးတွေ အများကြီးရေးသားနိုင်တယ်။

" ဘယ်သူပြိုင်လို့လှပါတော့နိုင် " လို့ တိုင်းကျိုးပြည်ပြု ဝတ္ထုမျိုးတွေရေးခဲ့သူပဲ။

**စံရမူနာ**

ရေနံမြေက ဒီလိုထူးချွန်ထက်မြက်တဲ့ စာရေးဆရာတွေ ထွက်ခဲ့တာကို သိပ်အားကျမိတယ်။ ငွေးမောင်နဲ့ မင်းကျော်တို့လို ငါစာရေးဆရာဖြစ်အောင် လုပ်မယ်။

ရည်ရွယ်ချက်ကိုချမှတ်တယ်။

သူငယ်ချင်းတွေစုပြီး ကဗျာလက်ကမ်းစာစောင်ကို ဦးဆောင်ပုံနှိပ်ထုတ်ဝေတယ်။ ထုတ်ဝေသူလည်းဦးဦးပဲ။ အယ်ဒီတာလည်း ဦးဦးပဲ။ ကဗျာလည်းရေးတယ်။ သူငယ်ချင်း ၉ယောက်ရဲ့ ကဗျာတွေ စုထည့်ထားတယ်။ မိမိပါ ၁၀ယောက်ပေါ့။ မိုးပန်းကဗျာများ။

ဆယ်တန်းအောင်တယ်။ မန္တလေးတက္ကသိုလ်ကို တက်တယ်။ စာတွေတော့ ဝါးစားသလို ဖတ်တာပဲ။

ရာဇာတ်ခန်းမဆောင်မှာရှိတဲ့ မန္တလေးတက္ကသိုလ် စာကြည့်တိုက်ဟာ ဦးဦးရဲ့ကျေးဇူးရှင်ဆရာပါပဲ။ စာအုပ်တွေငှားလို့ ဖတ်လို့ မကုန် နိုင်ဘူး။ စာကြည့်တိုက်ဟာ လူတွေကို အများကြီးပြောင်းလဲစေတယ်။ လူတွေကို အများကြီးရင့်ကျက်စေတယ်။ စာကြည့်တိုက်ရဲ့ ကျေးဇူးက သိပ်ကြီးပါတယ်။ ကြုံကြိုက်လို့ပြောပါရစေ။ စာကြည့်တိုက်များကို အသုံးချပါ။ စာအုပ်တွေ အခမဲ့ငှားပါ။ ဖတ်ပါ။

**ဇွဲရှိရ**

ဘွဲ့ရပြီးတော့ တပ်မတော်မှာ အရာရှိလုပ်တယ်။ တောတွေတောင်တွေထဲ အနှစ် ၂၀လောက်ကျင်လည်ဖြတ်သန်းရပါတယ်။ ဘာပဲဖြစ်ဖြစ်ကျောပိုးအိတ်ထဲမှာ စာအုပ် ၃-၄အုပ်တော့ အမြဲပါတယ်။ စာဖတ်တယ်။

ဗထူးလို ကလောလို စစ်ကျောင်းကြီးတွေမှာ သင်တန်းလာတက်ရတဲ့အခါ စာကြည့်တိုက်တွေကစာအုပ်တွေကို အငမ်းမရ ဖတ်တာပဲ။ စာရေးဆရာဖြစ်ချင်တာကိုး။ တခြားစာရေးဆရာတွေ ဘာကို ဘယ်လို ရေးသားခြယ်မှုန်းသလဲ။ စိတ်ဝင်စားတယ်။ အဆက်မပြတ်ဆည်းပူးတယ်။ စိုက်စိုက်မတ်မတ်ဇွဲနဲ့ ကြိုးစားတယ်။

၁၉၈၄ခုနှစ်မှာတော့ စာဖတ်သက်အနှစ် ၂၀ကျော်လာပြီ။ မိမိကိုယ်ကို စာရေးနိုင်ပြီလို့ ယုံကြည်လာပြီ။ ဆောင်းပါးတွေ မဂ္ဂဇင်းများသို့ ရေးရေးပို့တာလည်း တစ်လတစ်လ ၄-၅ပုဒ်ပဲ။ မိုးဝေမှာစပြီးပါတယ်။ မကြာမီသောင်းပြောင်းထွေလာနဲ့ ရှုမဝကလည်း ရွေးချယ်ဖော်ပြကြတယ်။ နောက်တော့ စံပယ်ဖြူ၊ ရုပ်ရှင်အောင်လံ၊ လုံမလေး၊ အတွေးအမြင် စသည်ဖြင့် မဂ္ဂဇင်း စာစောင်မျိုးစုံပဲ။ မဂ္ဂဇင်းအယ်ဒီတာတွေက လူချင်းသိဖို့ ခင်ဖို့မလိုဘူး။ စာမူကောင်းရင်သူ့ဆီမှာ ထည့်တာပဲ။

**ကံကောင်းခြင်း**

၁၉၉၅ခုနှစ်မှာ မြဝတီစာပေတိုက်၊ စာတည်းမှူးချုပ် တာဝန်ယူရတယ်။ စာပေနယ်နဲ့ ပိုပြီးထိတွေ့ခွင့်ရလာတာပေါ့။ ၁၉၉၆မှာ ပထမဦးဆုံးစာအုပ် ထုတ်ဝေနိုင်ခဲ့တယ်။ အဲဒီစာအုပ်နဲ့ အမျိုးသားစာပေဆု ချီးမြှင့်တာခံရတယ်။ စာဖတ်သူအကြိုက်များလို့ (၁၂)ကြိမ်ထိ အောင်ပုံနှိပ်ထုတ်ဝေရတယ်။ ထင်ထင်ရှားရှားရောင်းလို့ ကောင်းတယ်။

၁၉၆၄ ခုနှစ်၊ မိုးပန်းကဗျာများကို ဦးဆောင်ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ကျောင်းသားလေးဟာ ၃၂နှစ်ကြာအောင် ရည်ရွယ်ချက်ကို တိကျခိုင်မြဲစွာဇွဲနဲ့ ကြိုးစားတဲ့အခါ စာဖတ်ပရိသတ်အထိုက်အလျောက် အသိအမှတ်ပြုခံရတဲ့ ဆောင်းပါးရှင်ဖြစ်လာပါတယ်။ ၁၉၉၆ခုနှစ်မှာ လူငယ်ဆိုင်ရာစာပေ၊ အမျိုးသားစာပေ ဆုရခဲ့တယ်။ စာရေးဆရာဖြစ်အောင် ကြိုးစားရဦးမယ်။ ရည်ရွယ်ချက်ကမပြီးဆုံးသေးဘူး။ လမ်းတစ်ဝက် ပေါက်ရောက်ခဲ့ပြီဆိုချင်ဆိုနိုင်ပေရဲ့။

**နိဂုံး**

တူမောင်

မင့်ကို ရည်ရွယ်ချက်တိကျခိုင်မြဲပါစေလို့ ဦးဦးကပြောတာဟာ ကိုယ်တိုင် မလိုက်နာဘဲနဲ့ ပါးစပ်ကပြောနေတာမဟုတ်ဘူး။ မိမိကိုယ်တိုင်ခံယူပြီး ယုံကြည်ချက်နှစ်နှစ်ကာကာရှိလျက်နဲ့ ပြောတာပါ။ ရည်ရွယ်ချက် တိကျခိုင်မြဲရင်တော့ မလွဲမသွေ အောင်မြင်တာပဲ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

အပျိုမ မဂ္ဂဇင်း
ဇူလိုင်လ၊ ၂၀၀၀ပြည့်နှစ်

# မန္တလေးခေတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် ဈေးပွဲတော်၏ ပျော်စရာကောင်းပုံ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

## နိဒါန်း

မန္တလေးကိုရောက်တယ်ဆိုရင်ပဲ၊ မဟာမြတ်မုနိ၊ မန္တလေးတောင်၊ ရန်ကင်းတောင် စသည့် တန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမျှော် ကြည်ညိုပါတယ်။ နွေကိုရောက်ပြီ။ ဆောင်းနှင်းမြူနှင်းများကတော့ ဇာပုဝါပါးပါးလွှမ်းခြုံထားသလိုပဲ ရှုခင်း၊ မြင်ကွင်းတွေကို ပိုမိုလှပစေပါတယ်။ ရွက်ဟောင်းတို့ကြွေလေပြီ။ ရွက်သစ်တို့ဝေနေပြီ။

သဘာဝမျှော်စင်သဖွယ် မြင်ကွင်းကျယ်ရှုမြင်နိုင်တဲ့ ရန်ကင်းတောင်၊ မန္တလေးတောင်တို့မှ ပတ်ဝန်းကျင်ကိုရှုကြည့်လိုက်ရင် မန္တလေးတစ်ခွင်ရဲ့ သာယာလှပပုံတွေကို သဘာဝကျစွာမြင်ရတယ်နော်။ နိုင်ငံခြားသားခရီးသွားတွေ အများကြီးတွေ့ခဲ့ရတယ်။ မန္တလေးတောင်ပေါ်မှ

နေဝင်ဆည်းဆာချိန်ကိုကြည့်နေကြတဲ့ အနောက်တိုင်းသား၊ အနောက်တိုင်းသူတွေ မရေတွက်နိုင်ပါဘူး။ ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ ဂါဝန်၊ စကပ်အမျိုးမျိုးနဲ့ မျက်နှာဖြူ ယူရိုပီယန်တွေ တော်တော်များတာပဲ။

မိုင်ပေါင်း နှစ်ထောင်ကျော် သုံးထောင်ကျော်ဝေးကွာတဲ့နေရာမှနေပြီး တကူးတကန့် လာလည်ကြရတာနော်။ ဒီရှုခင်းကိုကြည့်မြင်ရဖို့အရေး။

## အခွင့်အရေးတစ်ခု

မန္တလေးမြို့တော်ပတ်ဝန်းကျင်တစ်ခွင်ရဲ့ လှပသာယာပုံတွေနဲ့ မြန်မာပြည်ရဲ့လက်ရှိ ပကတိအခြေအနေတွေကို မြင်ကွင်းကျယ်ရှုမြင်နိုင်တဲ့ အခွင့်အရေးကိုတော့ ယနေ့မန္တလေးသူ၊ မန္တလေးသားတို့ ရရှိကြလေပြီ။ အဲဒါဟာ ဘာလဲဆိုတော့ မန္တလေးဘူတာကြီးနဲ့ မျက်စောင်းထိုးမှာရှိတဲ့ ရတနာပုံဈေးသစ်ကြီးရဲ့ဒုတိယထပ်မှာ “(၅၆)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲနဲ့ စာအုပ်ဈေးပွဲတော် ခင်းကျင်းပြသထားခြင်း” ပဲဖြစ်ပါတယ်။

မတ်လ ၂၂ရက်နေ့နံနက်ပိုင်းမှာ မန္တလေးတိုင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၊ ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန်၊ ဗိုလ်မှူးချုပ်ရန်သိန်းနဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်မှူးချုပ်အောင်သိန်းတို့က ဖဲကြိုးဖြတ်ပြီးဖွင့်လှစ်ပေးတဲ့ ပြပွဲဖြစ်ပါတယ်။ မတ်လ၃၁ရက်နေ့အထိ (၁၀)ရက်တိုင်တိုင်ပြသတဲ့ပွဲတော်ဟာ အထက်မြန်မာပြည်အနေနဲ့သာမက မြန်မာပြည်တစ်ဝှမ်းလုံးရဲ့ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲများရဲ့ ရာဇဝင်မှာ အစုံလင်ဆုံး၊ ဓာတ်ပုံအရေအတွက်အများဆုံး၊ စာအုပ်တွေ၊ ပေစာ၊ ကျောက်စာမှအစ ကွန်ပျူတာ၊ ဒစ်စ် ဓာတ်ပြားအထိ အပြည့်အစုံဆုံး ပြကွင်းပြကွက်များပါဝင်တာမို့ အလွန်ထူးခြားလှပါတယ်။

**စံချိန်တင်**

ဓာတ်ပုံပြပွဲများဟာ နေရာကန့်သတ်ချက်အရ ပုံပေါင်း၁၀၀၀ ပြသနိုင်ခဲ့တာ ယခင်က အများဆုံးပေါ့။ ယခုစာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲမှာတော့ အထက်မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မန္တလေးဓာတ်ပုံအသင်းနဲ့ မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့ရဲ့ တစ်ခဲနက် ပါဝင်ကူညီဆောင်ရွက်မှုတွေကြောင့် ဓာတ်ပုံစုစုပေါင်း ၁၅၀၀ကျော် ခင်းကျင်းပြသနိုင်တာ တွေ့ရှိရပါတယ်။ ဓာတ်ပုံများအရေအတွက် များရုံမျှသာမဟုတ်ဘူး။ နိုင်ငံတကာ ဆုရပုံများ၊ အာဆီယံ ဆုရပုံများ၊ ယူနက်စကို၊ နီကွန်၊ ကော်နီကာ၊ ကိုဒက်၊ တိုယိုတာ၊ စတဲ့ပြိုင်ပွဲအမျိုးမျိုးမှာ ဆုရခဲ့တဲ့ ဓာတ်ပုံပညာရှင်ကြီးများရဲ့ လက်စွမ်းပြ ကမ္ဘာ့အဆင့်မီ အဖြူအမည်းနှင့် ဆေးရောင်စုံဓာတ်ပုံပေါင်းများစွာကိုလည်း ရသမြောက်စွာ ကြည့်ရှု ကြရမှာဖြစ်ပါတယ်။

**ရသ—သုတ**

အနုပညာတန်ဖိုး၊ ရသတန်ဖိုး၊ အတတ်ပညာအရည်အသွေးတန်ဖိုး၊ နည်းပညာဆိုင်ရာလေ့လာစရာတန်ဖိုးတို့ စုဝေးပေါင်းစုံရာ ဓာတ်ပုံပြပွဲကြီးပါပဲ။ ဓာတ်ပုံပြကွက်များသာမက အမျိုးသားဇာတိမာန်တက်ကြွစရာ ဆောင်ပုဒ်များ၊ အဆိုအမိန့်များနဲ့ ဗဟိုပြကွက်ကြီးဟာလည်း အထူးပင်ကြီးကျယ်ခန်းနားပါရဲ့။ ရတနာပုံဈေးသစ်ကြီးရဲ့ ကြီးမားကျယ်ဝန်းခြင်းကြောင့် လှပစွာနဲ့ အလွန်ပနံရပါတယ်။

**ပြခန်းပြကွက်များ**

ပြသထားတဲ့ဓာတ်ပုံပြကွက်တွေကတော့-

(၁) တပ်မတော်၏သမိုင်းအစဉ်အလာ

(၂) မြန်မာနိုင်ငံနှင့် အာဆီယံ

(၃) သာယာရှုခင်းတို့ပြည်တွင်း

(၄) စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
(၅) စက်မှုစွမ်းအား ခေတ်ကျော်လွှား
(၆) စွမ်းရည်မြင့်မား တို့ကြိုးစား
(၇) ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်
(လမ်း၊ တံတားနှင့်ဆက်သွယ်ရေးများ)
(၈) ထိန်းသိမ်းစို့လေ တို့အမွေ (အမျိုးဂုဏ်၊ ဇာတိဂုဏ် စာပေနှင့်ယဉ်ကျေးမှု)
(၉) မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှု အနုပညာ
(၁၀) မူးယစ်ဆေးဝါးအန္တရာယ် တို့ကာကွယ်
(၁၁) မန္တလေးမြို့တော်၏ စည်ပင်သာယာပုံရှုခင်းများ
(၁၂) မြန်မာ့သစ်တော မြန်မာ့ပတ်ဝန်းကျင်
(၁၃) နယ်စပ်ဒေသနှင့်တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက် နေကြပုံ
(၁၄) ဖွံ့ဖြိုးစည်ပင် မြန်မပြည်တစ်ခွင်
(၁၅) အံ့ဖွယ်မြန်မာ (ထူးခြားဆန်းကြယ်ပုံများ)
(၁၆) မြန်မာနိုင်ငံခေတ်ပုံပညာရှင်ကြီးများ ဆုရခေတ်ပုံများ
(၁၇) အထက်မြန်မာပြည်ခေတ်ပုံအသင်းနှင့် မန္တလေး ခေတ်ပုံအသင်းတို့မှ နိုင်ငံတကာဆုရခေတ်ပုံများ။

## ကြုံတောင့်ကြုံခဲ

တူမောင်ရေ

ဦးဦးတစ်သက်တာမှာ ဒီလောက်စုံလင်ကျယ်ပြန့်ပြီး လှပခန်းနားတဲ့ပြပွဲမျိုး ကြုံခဲတယ်လို့ ဆိုပါရစေကွယ်။ ကလေးလူကြီးမရွေး လေ့လာကြည့်ရှုသူအားလုံးကို သုတရသရရှိစေပါတယ်။ အလှရှုထောင့်ကပဲကြည့်ကြည့်၊ ဘဝတွက်တာအသုံးချစရာ အသိပညာဗဟုသုတရှုထောင့်ကပဲကြည့်ကြည့် အလွန်တရာမှ အနှစ်သာရပြည့်ဝတဲ့ ခေတ်ပုံ

ပြပွဲကြီးပါပဲ။ ကြုံတောင့်ကြုံခဲမို့ ကြည့်ဖြစ်အောင် ကြည့်စေလိုပါတယ်။ တစ်ရက်လောက်မှာ ရောက်အောင်သွားလိုက်နော်။

**စာအုပ်ပြခန်းများ**

စာအုပ်ပြခန်းတွေက (၆)ခန်းရှိတယ် -

(၁) မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကပြခန်းမှာ စာရေးဆရာကြီးများရဲ့ ၁၀"×၈" ဓာတ်ပုံကြီးများနဲ့ အထုပ္ပတ္တိအကျဉ်းရယ်၊ ရေးသားခဲ့သမျှ စာစုစာရင်းရယ်၊ စာအုပ်နမူနာတွေရယ်၊ စုံလင်စွာ ပြသထားလေရဲ့။ လယ်တီဆရာတော်၊ ကျီးသဲလေးထပ်ဆရာတော်၊ မဟာဂန္ဓာရုံတောင်မြို့ဆရာတော်၊ ဇေယျသုခ၊ တက်တိုး၊ ပါရဂူ အစရှိတဲ့ စာဆိုတော်များစွာရဲ့ စာအုပ်စာပေတွေ ကျယ်ကျယ်ပြန့်ပြန့် စုဆောင်းပြသထားတယ်ကွဲ့။ ရဟန်းပညာရှိ၊ လူပညာရှိတို့ရဲ့ ရှားပါး ခက်ခဲတဲ့ စာပေတွေ တွေ့ရမယ်။ ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုဒ် များနဲ့ခေတ်အဆက်ဆက်က စာနယ်ဇင်းများ ရှာဖွေပြသခင်းကျင်းထားပါတယ်။

(၂) ဆေးတက္ကသိုလ် (မန္တလေး)စာကြည့်တိုက်။
(ခေတ်မီကွန်ပျူတာအမျိုးမျိုးနဲ့ လက်တွေ့လေ့လာနိုင်ပါမယ်။)

(၃) သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနပြခန်း
တက္ကသိုလ်နဲ့ကောလိပ်ကျောင်းများမှ စာအုပ်စာတမ်းအမျိုးမျိုး

(၄) ပညာရေးတက္ကသိုလ် (မန္တလေး)မှ
စာကြည့်တိုက်ရှိစာအုပ် နမူနာများ

(၅) သာထွန်းပြန့်ဦးစီးဌာန
တန်ဘိုးရှိသော်လည်း ဈေးနှုန်းများစွာချိုသာလှသော စာအုပ်ကောင်းများ ပြလည်းပြ၊ ရောင်းလည်း ရောင်းပါမယ်။

(၆) ပြန်ကြားရေးဝန်ကြီးဌာန ရှိ ဦးစီးဌာန(၂)ခုနဲ့ လုပ်ငန်း (၃)ခုက စာအုပ်များ၊ ဓာတ်ပုံပြခန်း၊ စာအုပ်ပြပွဲတွေက စုံလင်ကျယ်ပြန့်စွာနဲ့ သုတရသပေးကြသလို စာဟောင်းပေဟောင်း၊ စာကောင်းပေကောင်းတွေကိုလည်း ပြင်ပအခြားနေရာများထက် စျေးနှုန်းချိုသာစွာနဲ့ စာအုပ်တွေကို ခင်းကျင်းပြသရောင်းချကြပါတယ်။ ကျေးဇူးတင်ရမှာကတော့ မန္တလေးတိုင်းအေးချမ်းဖြိုးကောင်စီနဲ့ မန္တလေးမြို့တော်ဝန်တို့ဖြစ်သကွဲ့။ စာအုပ်ဆိုင်တွေကို အခမဲ့ပြသခင်းကျင်းခွင့်ပေးလို့ စာအုပ်တွေကို အထူးစျေးနှုန်းနဲ့ ချိုသာစွာ ဒီနေရာမှာရောင်းချနိုင်ခြင်းပါတဲ့။

**စာပေတိုက်များ**

ရန်ကုန်မှ လာရောက်ရောင်းချတဲ့ စာအုပ်တိုက်တွေ -

(၁) စာပေဗိမာန်

(၂) ဆင်တဲဝစာပေ

(၃) ဇော်စာပေတိုက်

(၄) ဂျပန်ကြီးစာပေ

(၅) သတင်းနှင့်စာနယ်ဇင်းစာအုပ်ဆိုင်

(၆) ပညာတန်ဆောင်

(၇) အင်းဝစာအုပ်တိုက်

မန္တလေးမှခင်းကျင်းကြတဲ့ စာအုပ်တိုက်၊ စာအုပ်ဆိုင်များလည်းပါသေးတယ် -

(၈) ကောင်းသာစာပေ

(၉) ခရမ်းရောင်စာပေ

(၁၀) မင်းမဟော်စာပေ

(၁၁) ထွန်းဦးစာပေ

(၁၂) ယနေ့မန္တလေးစာအုပ်တိုက်
(၁၃) ရဲရင့်စာပေ
(၁၄) ဥတ္တရလွင်ပြင်စာပေ

စာအုပ်တွေစုံလင်သလားလို့မမေးနဲ့။ ရခဲလှတဲ့အခွင့်အရေးပေါ့ကွယ်။

တူမောင်

**နိဂုံး**

နိဂုံးအနေနဲ့ရေးချင်တာကတော့ မန္တလေးစာအုပ်ဈေးပွဲတော်ကို ရောက်ဖြစ်အောင်သွားပါ။ ကြည့်ဖြစ်အောင်ကြည့်ပါ။ တာဝန်ရှိသူတွေက စေတနာအပြည့်အဝနဲ့ အထူးကြိုးပမ်းပြီးခင်းကျင်းပြသပေးထားတဲ့ အခွင့်အရေးကို ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် လူထုလူတန်းစားအဖွဲ့အစည်းအသင်းအပင်းများမှ တာဝန်ရှိသူခေါင်းဆောင်အကြီးအကဲများက ဦးဆောင်စုစည်းပြီး သွားရောက်လေ့လာရယူကြပါလို့ အလေးအနက်တိုက်တွန်းပါရစေကွယ်။ နှစ်ဆယ့်တစ်ရာစုကိုဖြတ်သန်းကြမယ့် လူငယ်များအတွက် ခေတ်အမြင် ခေတ်ရှုခင်းကို ရရှိစေတဲ့ပြပွဲကြီးဖြစ်ပါတယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
၂၂-၃-၂၀၀၁

❀ ❀ ❀ ❀

# နည်းမှန်၊ လမ်းမှန်၊ အခြေခံ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

မင်းသိတဲ့အတိုင်းပဲ။ ဦးဦးမှာ သားသမီးတွေရှိတယ်။ ဘယ်သူမှ တော့ ဘွဲ့မရကြသေးဘူး။ ဒါပေမယ့်အားလုံးဟာ ဆယ်တန်းအောင် သွားကြပြီ။

တစ်ယောက်မှ ဆယ်တန်းစာမေးပွဲကို မကျခဲ့ကြဘူး။ အငယ်ဆုံးသားကလွဲရင်အကြီးတွေဟာ ဂုဏ်ထူး(၂)ဘာသာ၊ (၃)ဘာသာနဲ့ လှလှပပ၊ ထူးထူးချွန်ချွန်အောင်ခဲ့ကြပါရဲ့။ ဦးဦးဆိုလိုချင်တာကို တူမောင်ရိပ်မိလောက်ပါပြီ။ ဆယ်ကျော်သက်လူငယ်တွေကို သူ့အရွယ်နဲ့ လျော်ညီအောင် ဦးဦးပြုစုပျိုးထောင်နိုင်ခဲ့တယ်။

ကြွားတယ်လို့ မထင်နဲ့မောင်။

အပြောသမားသက်သက်မဟုတ်ပါဘူး။ အလုပ်နဲ့လက်တွေ့ပြမှ သာကေ ထင်ရှားတဲ့သဘောရှိလို့ပါ။ တူမောင်ကို အောင်မြင်ရာ အောင်မြင်ကြောင်းတွေကို စေတနာထားပြီး ပြောကြားဆွေးနွေးချင်ပါ

တယ်။ ခင်ဗျားက ဘယ်လောက်အောင်မြင်လို့လဲ စိတ်ထဲကမေးချင်သူ တွေ ရှိချင် ရှိနေပါလိမ့်မယ်။ ကိုယ်ရည်သွေးတာ ရှက်စရာအလုပ်မို့ မပြောပါရစေနဲ့တော့။

ကိုယ့်ဘဝ၊ ကိုယ့်အတွက်တော့ ချမ်းသာပြည့်စုံလှတဲ့ အခြေ အနေ မဟုတ်ပါဘူး။ လူ့ဘဝသက်တမ်းတစ်လျှောက်မှာတော့ နိုင်သမျှ စွမ်းသမျှ လူ့ဘောင်လောကကို သာယာလှပအောင် အကျိုးဆောင်မယ် ဆိုတဲ့စိတ်နဲ့ နှစ်ပေါင်းသုံးဆယ်လောက် စိုက်စိုက်မတ်မတ် ကြိုးစားပြီး ထမ်းဆောင်ခဲ့တာ အမှန်ပါ။ ကဲ ထားတော့။

မကြာသေးမီက ဆယ်တန်းအောင်စာရင်းထွက်ခဲ့တယ်လေ။ သားနဲ့သူ့သူငယ်ချင်းတွေ စာမေးပွဲအောင်ကြတယ်။ သူတို့ပျော်ရွှင်နေ ကြတယ်။ အမှတ်စာရင်းတော့မသိကြရသေးဘူး။ ရက်ပိုင်းအတွင်းမှာပဲ တပ်မတော်အရာရှိလောင်းအတွက် စစ်တက္ကသိုလ်ဗိုလ်လောင်းလျှောက် လွှာခေါ်ယူကြောင်း သတင်းစာထဲမှာ တွေ့ရတယ်။ အချိန်ကိုက်ပါလား။ ဟန်ကျတာပဲတဲ့။

သားလေးနဲ့ သူ့ရဲ့သူငယ်ချင်းတစ်သိုက်ဟာ အားလုံးလိုလို စစ်တက္ကသိုလ်ဗိုလ်လောင်းလျှောက်မယ်ဆိုပြီး ပြောဆိုနေကြတာကြား ရတယ်။

လျှောက်မယ်ကွာတဲ့။ အမေက စစ်ဗိုလ်ဖြစ်ချင်တာကွလို့ တစ်ယောက်ကပြောတယ်။ သူ့ကိုယ်၌ကတော့ ဆန္ဒရှိပုံမရ။ ငါကတော့ လေယာဉ်ပျံမောင်းချင်တာမို့ လေတပ်ရအောင်လုပ်မယ်ဟေ့တဲ့။ နောက် တစ်ယောက်ကတော့ ရေကြောင်းနဲ့ နိုင်ငံခြားမှာအလုပ်လုပ်ရတာ တော် တော်စားသာတယ်လို့ကြားဖူးတယ်။ စစ်တပ်ကထွက်ရင် နိုင်ငံခြားသင်္ဘော မောင်းရအောင် ရေတပ်ကိုပဲ ငါတော့လျှောက်မယ်ဆိုတဲ့လူကဆိုရဲ့။

လူငယ်ဘာဝ စိတ်ထဲပေါ်ရာပြောနေကြတာကြားမိတာလေ။ သူတို့အမေတွေကလည်း ဟိုစုံစမ်း၊ ဒီစုံစမ်းနဲ့ ကျူရှင်ရှာသတဲ့။ ဗိုလ်

လောင်းဖြေရင် အောင်အောင်နည်းပြ Guide သင်တန်းကျူရှင် ပိုက်ဆံပေးပြီးအပ်ချင်လို့တဲ့။

အပြုတ် ရှစ်ထောင်၊ တစ်သောင်း၊ နှစ်သောင်းနဲ့ ကြိတ်ပြီး သင်တန်းပေးနေတာတွေရှိတယ်၊ ဘာညာနားစွန်း၊ နားဖျား ကြားမိရဲ့။ ဟုတ်ချင်မှတော့ဟုတ်မှာပါ။ လူလိမ်၊ လူညာတွေ ရိုက်စားလုပ်တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့။ ဗေဒင်ဆရာ၊ လက္ခဏာဆရာလိုပဲ အမျိုးမျိုးနေမှာပေါ့။ ပညာတကယ်တတ်ကျွမ်းတဲ့လူလည်းရှိ။ ဖြီးနေ၊ ဖြန်းနေ ညာဝါးနေတဲ့ လူလည်းရှိ။ ဘယ်လိုလူနဲ့ ဘယ်သူတွေတိုးလေမလဲ တော့မသိ။

တူမောင်ရေ

ကိုယ်ကတပ်မတော်အရာရှိဖြစ်ချင်ရင် တပ်မတော်အရာရှိရဲ့ စိတ်ဓာတ်၊ အမူအကျင့်၊ အရည်အချင်း၊ အရေအသွေးရှိလာအောင် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ယူရမှာပါပဲကွယ်။ ဘယ့်နှယ် သူများကို ပိုက်ဆံပေးပြီး မရေမရာဆရာတင်နေချင်ရတာလဲ။ သူများကိုအားကိုးတာမှားနေပြီ ဆရာရှာမယ်။ ပိုက်ဆံကုန်ချင်သလောက်ကုန်ပါစေဆိုတာက ပိုပြီးမှားနေပြီ။ ငါကတော့(သို့မဟုတ်) ငါ့သားကတော့ အပင်ပန်းခံပြီး မကြိုးစားချင်လှပါဘူးဆိုတဲ့ အဲသလိုသဘောထား(အမြင်) ကတော့ ပြင်သင့်တဲ့အမှားဆုံးပေါ့။ အဆိုးဝါးဆုံးအချက်ပဲပေါ့။

လောကကြီးမှာ နိယာမတွေရှိတယ်ကွယ်။ ဆန်ပေးမှ ဆေးရတယ်ဆိုတဲ့သဘောပဲ။ အကျိုးတရားကိုအလိုရှိရင် သူနဲ့ကိုက်ညီတဲ့ အကြောင်းတရားကို ပြုလုပ်ဆောင်ရွက်ရမှာပဲဖြစ်တယ်။

ပုံသေနည်းတွေရှိတာပေါ့။ နည်းမှန်ရမယ်။

၁။ တောင်းသည်ရှိသော် ပေးချင်အောင်အရင်လုပ်

၂။ ရောင်းသည်ရှိသော် ဒီပစ္စည်းကို သူဝယ်ချင်အောင် အရင်လုပ်ပါ။ ဒါမှ ရောင်းရမှာပေါ့။ ဟုတ်လား။

၃။ အောင်မြင်ချင်ရင် သေသေချာချာလေ့လာပြင်ဆင်ပြီး
လုပ်ကိုင်ဆောင်ရွက်ပါ။ ဒါပါပဲ။ ဘာခက်သလဲ။

ပိုက်ဆံတွေအများကြီးပေးပြီး မယုံရတဲ့(သေသေချာချာ၊ တိတိကျကျလည်း သူ့အကြောင်းသိရသေးတာမဟုတ်ဘဲနဲ့) လူဆီကိုအားကိုးရတာဟာ နည်းလမ်းတော့ ဟန်မကျလောက်ပါဘူး။

ဦးဦးပြောတဲ့ ဟောဒီပေးစာဆောင်းပါးတွေကိုသာ အပတ်စဉ်မှန်မှန်ဖတ်ဖြစ်အောင် ဖတ်ပါလေ့ဗျာ။ ဗိုလ်လောင်းအရွေးခံရတဲ့နေရာမှာ ကောင်းစွာအထောက်အကူရပါစေမယ်။ အောင်မယ်၊ မအောင်ဘူးဆိုတာကတော့ ကြိုးစားတဲ့လူရဲ့ အခြေအနေပေါ် မူတည်တာမောင်။ သူ့ရဲ့စိတ်အားထက်သန်မှုနဲ့ တကယ်လိုက်နာ အားထုတ်မှုက အဆုံးအဖြတ်ပဲမဟုတ်ဘူးလား။

တူမောင်ကို မကြာခဏ ဦးဦးပြောနေကျပါ။ ဒီမယ် လူသားတွေ တိုးတက်အောင်မြင်ချင်ရင် အခြေခံအခြင်းအရာ(၂)ချက် ပြည့်စုံဖို့လိုတယ်။

၁။ လုပ်ချင်ကိုင်ချင်စိတ်(ဝါ) WILL (ဆန္ဒ)။ တစ်နည်းအားဖြင့် စေ့ဆော်မှု။ MOTIVATION

၂။ လုပ်တတ်ကိုင်တတ်ခြင်း။ SKILL ကျွမ်းကျင်မှု။ တစ်နည်းအားဖြင့်နည်းကိုသိခြင်း METHOD

စိတ်ဆန္ဒက တကယ်ပဲထက်သန်ပြင်းပြလှပါတယ်၊ ဟုတ်ပြီ။ အလုပ်ပါပါစေ။ ပါးစပ်ကပဲပြောပြီး အပျင်းထူနေရင်တော့မရသေး။ လက်တွေ့နှိုးကြားတက်ကြွရမယ်။

နည်းနာနိဿယကိုလည်းသိရပါပြီ။ ဒါဆိုပြီးပြီပေါ့။အောင်မြင်မည်မလွဲ။ မုချသေချာပေါက်ပဲလေ။

ဘာရွေးပွဲ၊ ဘာစာမေးပွဲ၊ ဘာပဲဖြစ်ဖြစ်ပါ။ အောင်မြင်ချင်ရင် တကယ်လုပ်ရမယ်။

ဟင်းစားပေးရုံမဟုတ်ပါဘူးကွယ်။ ကွန်ချက်ပြပါမယ်။

တကယ်သာပိုက်ချလိုက်စမ်းပါ။ ငါးတွေသယ်လို့မနိုင်အောင် ရ ရပါစေမယ်။

ဦးဦးမေးမယ်နော်။ ခေါင်းဆောင်ဖြစ်ချင်သလား။ ခေါင်းဆောင်လုပ်နိုင်အောင် အရည်အသွေးပြည့်ဝအောင်ဖြည့်ဆည်းတဲ့ အလေ့အကျင့်လုပ်ရမှာပေ့ါ။ ကြိုတင်ပြင်ဆင်လေ။

ခေါင်းဆောင်ဆိုတာ အမြော်အမြင်ရှိရတယ်။ အမြော်အမြင်ဆိုတာ ဗဟုသုတကြွယ်ဝရတယ်။ ဗဟုသုတကို ဘယ်ကရမှာလဲ။နားထောင်ရမယ်။ ဖတ်ရှုရမယ်။ အဲဒါတွေကို မှတ်စုထုတ်ပြီးကူးယူရမယ်။ သတင်းစာကောမှန်မှန်ဖတ်ရဲ့လား။ တိုင်းမျုးတွေအမည်ကော အားလုံးကျက်မိပြီလား။ ဝန်ကြီးနဲ့ ဝန်ကြီးဌာနတွေကို ယှဉ်တွဲပြီး မှတ်မိရဲ့လား။ ဥပမာပြောတာပါ။

ဒီလိုအခြေခံဗဟုသုတလောက်တော့ရှိမှ ဒီလူငယ်လေးဟာ ပညာဗဟုသုတ လေ့လာဆည်းပူးတတ်တဲ့ (ခေါင်းဆောင်ကောင်းဖြစ်ရန် အလားအလာရှိတဲ့) ပုဂ္ဂိုလ်ပါလားလို့ အသိအမှတ်ပြုခြင်းခံရမှာပေ့ါ။

ထင်ရှားတဲ့ကမ္ဘာ့ခေါင်းဆောင်နာမည်တွေ ဘယ်နှစ်ဦး သိသလဲ။ သူတို့အကြောင်း သူတို့အတ္တုပတ္တိကို ဘယ်လောက်သိသလဲ။ ဒါဟာ ကမ္ဘာ့ဗဟုသုတလေ့လာနေရင်သိတာပေ့ါ။ ဖိလစ်ပိုင်သမ္မတဘယ်သူလဲ၊ အင်ဒိုနီးရှားသမ္မတဘယ်သူဖြစ်လာသလဲ။

သတင်းစာနဲ့ နိုင်ငံတကာသတင်းဂျာနယ်တွေမှန်မှန်ဖတ်ရင်ပဲ အခြေအနေမဆိုးတော့ဘူးပြောရမှာပါ။ သတင်းစာတောင်မဖတ်ရင်တော့ ဗဟုသုတစစ်ဆေးလိုက်ရင် ခွေးကျ၊ ဝက်ကျ ကျရှုံးသွားရလိမ့်မယ်။

လေ့လာသူနဲ့ မလေ့လာသူဟာ သိပ်ကွာခြားကြတယ်ဗျာ။

ယခုလ ဩဂုတ်လထုတ် စတိုင်သစ်မဂ္ဂဇင်းထဲမှာ မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်ကြီး(၁၀၀)ရဲ့ အမည်စာရင်း

ပါတယ်ဗျ။ အငှားဆိုင်မှာ သွားငှားယူပြီး ကူးထားမှတ်ထား။ အကျိုးများ လောက်တယ်။

တူမောင် ဒီစာကိုနိဂုံးချုပ်ကြစို့ရဲ့။

အရာရှိလောင်းဖြစ်ချင်တယ်။ ခေါင်းဆောင်ဖြစ်လာချင်တယ် ဆိုရင်တော့ သူတစ်ပါးကို ပုံပြီးအားကိုးနေလို့ မရဘူးကွယ်။ ကိုယ်ကိုယ် တိုင်က အရိုးကျေကျေ၊ အရေခန်းခန်း မလျှော့တမ်းဇွဲလုံ့လနဲ့ ရည်မှန်း ချက် ပန်းတိုင်းတစ်ခုခုကို တိတိကျကျသတ်မှတ်ပြီး ကြိုးပမ်းအားထုတ် မယ်ဆိုတဲ့ ပုဂ္ဂိုလ်အမျိုးအစားဖြစ်ရလိမ့်မယ်။

အောင်မြင်မှုဆိုတာဟာ တကယ်တော့ ဇွဲလုံ့လ ဝီရိယရှိတဲ့ သူတွေပဲ ရကြတာမဟုတ်လား။ ကံ၊ ဉာဏ်၊ ဝီရိယ လက်တွေ့အသုံးချ ရမယ်ပေါ့။ နည်းမှန်သိရင် လွယ်ပါတယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

ပျိုးခင်းဂျာနယ်
အတွဲ(၁)၊ အမှတ်(၁)

☸ ☸ ☸ ☸

# မိတ်ဆွေတစ်ဦး၏ ပုံရိပ်လွှာ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

**နိဒါန်း**

တူမောင့်ကို ဦးဦး၏ ချစ်ခင်လှစွာသောမိတ်ဆွေတစ်ဦးအကြောင်း ပြောပြချင်ပါတယ်။ လူတစ်ယောက်ရဲ့ အတ္တုပတ္တိအနေနဲ့ ခြေဖျားမှ ခေါင်းအဆုံး ပြည့်စုံတဲ့အချက်အလက်တွေတော့ ပြောမပြနိုင်ဘူး။ သူ့ရဲ့ ဓာတ်ပုံကိုရိုက်ပြမှာမဟုတ်ဘူး။ သူ့အဖေ၊ အမေရဲ့အမည်ကို မသိဘူး။ သူ့ရဲ့ဇာတိကိုမသိဘူး။ သူ့မှာ မွေးချင်းညီအစ်ကိုမောင်နှမဘယ်နှစ်ယောက်ရှိခဲ့သလဲ ဦးဦးမသိပါဘူး။

**ပုံရိပ်လွှာ**

သူ့မှာ ဇနီးရှိတယ်။ သူ့မှာ သားနှစ်ယောက်ရှိတယ်။ သူ့ဇနီးက ချောတယ်။ သူ့သားတွေက လိမ္မာကြတယ်။ သူတို့အိမ်ထောင်ရေးဟာ သာယာတယ်။ ဒါလောက်ပဲသိတာပါ။ ယခုအချိန်မှာ သူဘယ်လိုရှိနေ၍ ဘာလုပ်နေတယ်ဆိုတာတောင် ဦးဦးမသိတော့ပါ။ အဆက်အသွယ်

လည်း ပြတ်နေပါတယ်။ ဒါပေမယ့် ဦးဦးဆက်လက်ဖော်ပြမယ့် သူ့အကြောင်း ပုံရိပ်လွှာကိုသိမြင်ရရင် သူဟာ "ပြောစမတ်ပြုလောက်သူတစ်ဦး" ဖြစ်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ ဦးဦးမသိတဲ့အကြောင်းအရာတွေလည်း အများကြီးရှိမှာပေ့ါ။ ဦးဦးသိသမျှမြင်သမျှရှုထောင့်က နေ ရေးခြယ်ပြမယ်နော်။

**လူမမြင်မီ အမည်အရင်ကြားရ**

သူ့ရဲ့အမည်ကို စတင်ကြားသိရတဲ့နေရာကတော့ ရပ်စောက်မြို့နယ်၊ ဗထူးတပ်မြို့နယ်မှာရှိတဲ့ သင်တန်းကျောင်းကြီးတစ်ခုမှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ်-၂၀ခန့်ကပေ့ါကွယ်။ လူချင်းတော့ မတွေ့ဖူးသေးဘူး။ ဒါပေမယ့် သူ့ရဲ့သတင်းက ကျန်ခဲ့တယ်။ ဆင်းသွားပြီးတဲ့ ရှေ့ကအပတ်စဉ်မှာ သင်တန်းသားတစ်ဦးဟာ တိုက်ပွဲအတွေ့အကြုံ သို့မဟုတ် စစ်ဘက်စာတမ်းကိုရေးသားတင်သွင်းရာမှာ "သိဃ်ဦင္ဂပြည် သိမ်းတိုက်ပွဲအပေါ် သုံးသပ်ချက် "ဆိုတဲ့ခေါင်းစဉ်နဲ့ ပြုစုခဲ့သတဲ့။ အချိန်၅-လကျော်မျှကြာမြင့်တဲ့ အဆင့်မြင့်သင်တန်းတစ်ခု မှ စစ်ဘက်အရာရှိတွေဟာ (ဟိုလွန်ခဲ့တဲ့အနှစ်၂၀လောက်ကပေ့ါကွယ်) သင်တန်းဆင်းအရည်အချင်းပြည့်ဝမှုအတွက် သုတေသန စာတမ်းတစ် စောင်စီ တစ်ဦးချင်းရေးသားပြုစုပြီး တင်သွင်းကြရပါတယ်။ ကိုယ့်တွေ့ ပါဝင်ဆင်နွှဲခဲ့တဲ့တိုက်ပွဲတွေကိုလည်း ဖြစ်စဉ်နှင့်တစ်ကွ စစ်ဆင်ရေး အမိန့်တွေ၊ စစ်မြေပြင်ပုံစံ၊ မြေပုံတွေနဲ့ ဖော်ပြပြုစုနိုင်ပါတယ်။ ဥပမာ ကွမ်းလုံတိုက်ပွဲ၊ မန်ယုံမော်တိုက်ပွဲ။

ကမ္ဘာကျော်တိုက်ပွဲကြီးတွေ စစ်ဗိုလ်ချုပ်ကြီးတွေဆင်နွှဲခဲ့ကြတဲ့ ဖြစ်စဉ်တွေထဲက ကောက်နှုတ်လေ့လာပြီး သုံးသပ်ဖော်ထုတ်တာလည်း လုပ်ချင်ရင်လုပ်နိုင်ပါတယ်။ ဥပမာအနေနဲ့

- ဗိုလ်ချုပ်ကြီး ဘိုငုယင်ဇပ်နှင့် ဒိုင်ဘင်ဖူးတိုက်ပွဲ
- ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့် အယ်လ်အာလမိန်းတိုက်ပွဲ

- ချေငွေဗာရာနှင့် ကျူးဘားတော်လှန်ရေး

ဦးဦးက "မဟာဗန္ဓုလရဲ့ပန်းဝါမှ ရန်ကုန်သို့ချီစစ်" ကို ပြုစုရေးသားခဲ့ပါတယ်။ အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲ ၁၈၅၈

ကမ္ဘာပေါ်မှာဖြစ်ခဲ့တဲ့ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်နဲ့ ဒေသန္တရစစ်ပွဲ ကန့်သတ်စစ်ပွဲတွေထဲက ကြိုက်ရာတိုက်ပွဲကိုဖော်ပြပြီး တိုက်ပွဲသုံးသပ်ချက် လေ့လာပြုစုနိုင်ပါတယ်။ ဒီသင်တန်းအပတ်စဉ်(၁)မှ (၁၀)အထိ ဆင်းသွားခဲ့တဲ့ အရာရှိကြီးတွေဟာ အထက်ပါ အကြောင်းအရာတွေထဲကပဲ ရေးသားပြုစုသွားခဲ့ကြတာပါ။

အပတ်စဉ်(၁၁)က အဲဒီပုဂ္ဂိုလ်တစ်ယောက်ကတော့ " ရာမဇာတ်တော်ထဲက သီဟိုဠ်ပြည်သိမ်းတိုက်ပွဲ " အကြောင်းကို စစ်ရေးအမြင်နဲ့ ချဉ်းကပ်သုံးသပ်ပြီး ဖော်ထုတ်ပြုစုသွားတယ်ဆိုပါကလား။ ဒါဟာ တကယ်ပဲလား။ ဦးဦးတို့တက်ခဲ့ကြရတာက အပတ်စဉ်(၁၂)ဖြစ်ပါတယ်။ မယုံသင်္ကာဖြစ်မိလို့ နည်းပြမှူးချုပ်ထံ မေးမြန်းကြည့်ပါတယ်။ ဟုတ်တယ်တဲ့။ အတည်ပြုတယ်။ ခိုင်မာပြီ။ ကြည့်ပါရစေလို့ ခွင့်တောင်းပြီးယူဖတ်တယ်။ ကောင်းလိုက်တဲ့သုတေသနစာတမ်းပါကလား။

## ထူးခြားတဲ့စာတမ်း

ဆရာဇော်ဂျီအပါအဝင် ပညာရှင်ပေါင်းများစွာ လေ့လာပြုစုခဲ့တဲ့ ရာမဇာတ်တော်အကြောင်း စာအုပ်စာတမ်းအတော်များများကို လေ့လာကိုးကားပြီး ရေးသားထားတာဖြစ်ပါတယ်။ တိုက်ပွဲသုံးသပ်ချက်လည်းပါတယ်။ စစ်အခြေခံသဘောတရားများနဲ့လည်း ယှဉ်ထိုးအကဲဖြတ်ထားပါတယ်။ စိတ်ဝင်စားစရာအလွန်ကောင်းပါကလား။ ရာမဟာစာပေထဲမှာ ရှိတာတော့မှန်ပါတယ်။ ဂန္ထဝင်ဝတ္ထု၊ ဇာတ်လမ်းမဟုတ်လား။ တစ်စုံတစ်ဦးရဲ့ဦးနှောက်ထဲက ဖန်တီးတဲ့ (FICTION) ဇာတ်လမ်းဇာတ်ကွက်၊ ဇာတ်ရုပ်ဇာတ်ကောင်တွေလိုပဲ။ အများနားလည်ခဲ့ပါတယ်။ သို့ရာတွင် ရာမနဲ့ ဒသဂီရိတို့ဟာ တကယ်ရှိသည်ဖြစ်စေ၊

မရှိသည်ဖြစ်စေ နှစ်ဆယ်ရာစုမှာ ဆင်နွှဲခဲ့ကြတဲ့ ဗိုလ်ချုပ်ကြီး ကော်လင်းပါဝဲနဲ့ ဗိုလ်ချုပ်ကြီး ရှုဝါဇကော့ဖ်တို့ထက် နှစ်ပေါင်းကာလရှည်ကြာကမ္ဘာအဝှမ်းမှာ ထင်ရှားကျော်ကြားခဲ့တာတော့ အမှန်ပါပဲ။ လေ့လာမယ်ဆို လေ့လာထိုက်တာပဲပေါ့လေ။

စစ်ဘက်စာတမ်းကို စာမျက်နှာ၅၀လောက်ပဲ ရေးစေတာပါ။ အခြားဘာသာရပ်တွေကို စာတွေ့၊ လက်တွေ့လေ့ကျင့်နေရင်းနဲ့ စာပေဗဟုသုတဆည်းပူးပြီး သုတေသနလုပ်တတ်တဲ့ အကျင့်ရအောင် အလေ့အထပျိုးထောင်ပေးတဲ့အနေနဲ့ ပြုစုခိုင်းပေမယ့် အချိန်ကန့်သတ်ချက်ရှိတယ်လေ။ လိုရင်းတိုရှင်းရေးစေတာမျိုးပါ။

ထိုပုဂ္ဂိုလ်ကတော့ သိဃ်ီဥပြည်သိမ်းတိုက်ပွဲသုံးသပ်ချက်ကို စာမျက်နှာ၁၀၀ကျော် ပြုစုပြီး တင်သွင်းခဲ့ပါတယ်။ ထူးခြားပုံပြောပါတယ်။ ဒါတင်ပဲလား

မပြီးသေးဘူး။ သင်တန်းဆင်းသွားပြီးမှ သူက ပြုစုရတာအားမရသေးလို့ပါဆိုပြီး ဆက်လေ့လာတယ်။ အဲဒါကိုဆက်ရေးတယ်။ "သိဃ်ီပြည်သိမ်းတိုက်ပွဲ၏နောက်ဆက်တွဲလေ့လာချက်၊ သို့မဟုတ် ဒုတိယတွဲ " တဲ့။ ဗထူးတပ်မြို့ရှိ သင်တန်းကျောင်းဆီသို့ ထပ်မံ၍ အဝေးမှရေးသားပေးပို့လိုက်ပြန်ပါသေးတယ်။ ဒါကိုလည်း ဦးဦးက သက်ဆိုင်ရာထံမှ တောင်းယူကြည့်ရှုလို့ဖတ်ရပါတယ်။ အံ့သြစရာမကောင်းဘူးလား။

သင်တန်းသားဆိုတာ သင်တန်းမှာပဲလေ့လာတာ။

သင်တန်းပြီးလျှင်တော့ မှတ်စုစာအုပ်တွေ၊ သေတ္တာထဲထည့်သိမ်းပြီး ကျောင်းစာကို ကျောင်းမှာပဲ ထားရစ်ကြတာများများပဲ။ ဟုတ်တယ်မဟုတ်လား။ သူကတော့ အတော်ထူးခြားတယ်။ လက်တွေ့လုပ်ငန်းခွင်စစ်မြေပြင်ရောက်တဲ့အထိ သင်တန်းကျောင်းရဲ့ နောက်လာနောက်သားတွေအတွက် ဆက်လက်ပြုစုပြီးရေးပို့လိုက်ပါသေးတယ်ဗျာ။

အမှတ်ပေးရန်မဟုတ်။ ဒုတိယတွဲ။

သူဟာ စိတ်ပါဝင်စားတဲ့ ဘာသာရပ်၊ ပညာရပ်ကိုတော့ စူးစူး စိုက်စိုက်နဲ့ စေ့စေ့စပ်စပ်နက်နက်နဲနဲလေ့လာသုံးသပ်တတ်ပါတယ်။ လူတကာမှာ မရှိဘူးတဲ့စိတ်ဓာတ်မျိုးသူ့မှာရှိပါတယ်။ ဒါကတော့ နမူနာ ပြစရာတစ်ခုပေ့ါနော်။ ရာမဇာတ်တော်ကို စစ်ပညာရှုထောင့်က ချဉ်း ကပ်သုံးသပ်တဲ့ စာတမ်း ၂စောင်တွဲကြီးကို သူရေးခဲ့တဲ့အကြောင်း၊ မှတ်တမ်းမတင်ထိုက်ပေဖူးလား။ ရှာမှရှားတဲ့ လူတစ်ယောက်နော်။

ရှိသေးတယ်။ နောက်တစ်ခု။

**ကွက်စိပ်ဆရာ**

ပြည်သူ့စစ်မဟာဗျူဟာနဲ့ ပြည်သူ့ဘဝလေ့လာရေးအနေနဲ့ ဦးဦးတို့ သင်တန်းအပတ်စဉ်(၁၂)က အုပ်စုတစ်စုက ပင်းတယမြို့နယ်၊ တောင်ပေါ်တောင်ထိပ်ကတောင်ပေါ်ကြီးအမည်ရှိ ဓနုရွာမှာ တစ်ပတ် ကြမ္မ အခြေပြုပြီးနေထိုင်ကြရတယ်။ ကိုငွေထွန်း၊ ကိုသန်းထွန်း၊ ကိုမြင့် အုန်း၊ ကိုဌေးဦး၊ ကိုသိုက်ထွန်း၊ ကိုစိုးဝင်း စတဲ့ဗိုလ်သင်တန်းတစ်ပတ် စဉ်ထဲ ဆင်းခဲ့တဲ့ ငယ်သူငယ်ချင်းတစ်စုပဲ။ ရင်းနှီးချစ်ခင်ပြီးသားအစု အဖွဲ့မို့ သွားရလာရလုပ်ရကိုင်ရ အဆင်ပြေတယ်။ အားလုံးပျော်စရာ သိပ်ကောင်းတယ်။ တောင်ပေါ်ကြီးကျေးရွာလူထုက ဦးဦးတို့ကို တစ်ခု တောင်းဆိုလာတယ်။ ပြီးခဲ့တဲ့အပတ်စဉ်အရာရှိသင်တန်းသားတွေထဲက အရာရှိတစ်ယောက်က ဘုန်းတော်ကြီးကျောင်းဓမ္မာရုံမှာ "ရာမဇာတ်" ကို ကွက်စပ်ဟောသွားပါတယ်တဲ့။ ၂ည ၃ည ရွာလူထုနားထောင်ကြရ တယ်ဆိုပါကလား။ အလွန်တရာနားထောင်လို့ မညည်းအောင်ကောင်း လွန်းလို့ ဗဟုသုတလည်းရ တရားသံဝေဂလည်းရ၊ ရသသုတအစုံရ တာပဲ။ အခုအဖွဲ့လည်း ဟောပြောပါဦးတဲ့။

အဲဒါမှ ဒုက္ခပဲ။ ကွက်စိပ်ဟောတတ်သူ တစ်ဦးမှ မပါ။

ယခင်အခေါက်ကဟောပြောသွားသူ ဘယ်သူလဲဆိုတော့ တူမောင်ထင်တဲ့အတိုင်း ဦးခင်မောင်တိုးပါပဲ။ သူ့ရဲ့ စည်းရုံးရေးစွမ်းရည်ကိုတော့ မချီးကျူးပဲ မနေနိုင်။ တောင်ပေါ်ကြီးကျေးရွာ၊ လူထုဟာ သူတို့ကို ရာမဇာတ်တော်ကြီးအကြောင်း ၂ည ၃ည ဆက်၍ ဆက်၍ ဟောပြသွားတဲ့ ကွက်စိပ်ဆရာကို ဘဝတစ်သက်တာ မမေ့နိုင်တော့ပါ။ ကျေးရွာလူထုရဲ့လေးစားချစ်ခင်မှုကို အပြည့်အဝရသွားခဲ့ကြောင်းတွေ့ခဲ့ရတယ်။ အတော်အောင်မြင်ပေတာပဲ။

**ပထမဆုရ**

နောက်ဆုံးတစ်ချက်နမူနာသာဓက ဖော်ပြချင်ပါသေးတယ်။ သူနဲ့ ဦးဦးဟာဗထူးတပ်မြို့မှာ ဖွင့်လှစ်ခဲ့တဲ့ စစ်ဦးစီးတက္ကသိုလ်မှာ (၁၁) လ ကြာမျှ အတူတကွ ပညာဆည်းပူးခဲ့ကြပါတယ်။

ကျောင်းနေဘက်တွေဆိုရင် မမှားပါဘူး။ (အသက် သူကကြီးပါတယ်) စစ်ဦးစီးတက္ကသိုလ်မှာ လက်တွေ့ဟောပြောခြင်းတစ်ချိန်( မိနစ် ၄၀) စာမေးပွဲစစ်တယ်။ သင်တန်းသားအရာရှိကြီးများဟာ မိမိအားသန် ရာ ဘာသာရပ်၊ သင်ခန်းစာကို သင်တန်းသားများအား ပို့ချဟောပြောရ ပါတယ်။

ဦးဦးကစိတ်ဓာတ်စစ်ဆင်ရေးနဲ့ ပတ်သက်လို့ တစ်ချိန်စာ လောက်သင့်လျော်မယ့်အကြောင်းအရာများကို စုစည်းပြုစုပြီးဟောပြောပါတယ်။ အခြားသင်တန်းသားများကလည်း မြေပုံတွေ၊ ကက်ဆက်တွေ၊ ဗျူးဆလိုက်တွေနဲ့ ခမ်းခမ်းနားနား သင်ကြားမှု အထောက်အကူပစ္စည်းအမျိုးမျိုးကို အသုံးပြုပြီး ဟောပြောသွားခဲ့ကြပါတယ်။ အပြိုင်အဆိုင်ပါပဲ။

ဟောပြောပို့ချမှု ဘာသာရပ်မှာ သင်တန်းသား ၄၀ကျော် အနက် ဦးဦးက ဒုတိယပဲရပါတယ်။ ပထမအမှတ်အမြင့်ဆုံးရရှိသွားတဲ့

ပုဂ္ဂိုလ်ကတော့ ဦးခင်မောင်တိုးဖြစ်ပါတယ်။ နားထောင်ရတဲ့ ပုဂ္ဂိုလ် အပေါင်းကနှစ်သက်သဘောကျထောက်ခံပြီး လက်ခုပ်တဖြောင်းဖြောင်း နဲ့ ချီးမွမ်းရလောက်အောင် တကယ်တော်ပါတယ်။ သူကစိတ်ထဲရှိရာကို ပွင့်ပွင့်လင်းလင်းပြောတာကိုး။ အားပါတာပေ့ါ။

အောင်မြင်ရင်နည်းလမ်းဟာ မှန်လို့ပဲ၊ ရှုံးရင်တော့ သေဖို့ သာပြင်၊ စစ်ပညာမှာ နိုင်ရင်ကောင်းတယ်။

မနိုင်နိုင်အောင် တိုက်ကြရမှာပဲ။

နိုင်အောင်တိုက်ဖို့က လိုရင်းအဓိကပဲ၊ အောင်မြင်သူအဖို့တော့ သူပြောသမျှတင့်တယ် တယ်။ စစ်ရေးစစ်ရာမှာ ရှုံးနိမ့်ရတဲ့အခါ ဘာ ကြောင့် ညာကြောင့် ဆင်ခြေ ဆင်လက်တွေ ပေးမနေနဲ့။ အလကားပဲ။ တိုင်းပြည်တစ်ပြည်အတွက် စစ်ရေးစစ်ရာဟာ အသက်တမျှ အရေးကြီး တယ်ဆိုတဲ့အကြောင်းတင်ပြသွားတာ သိပ်ကောင်းတာပဲ။

စစ်ပွဲဆိုတာအတိမ်းအစောင်းမခံဘူး။ မြန်မာ့စစ်သမိုင်းနဲ့ ကမ္ဘာ့စစ်သမိုင်းတို့မှ သူထုတ်နှုတ်ကိုးကားဖော်ပြသွားခဲ့တာ၊ နမူနာ သာဓကတွေကလည်း သိပ်အဖိုးတန်တာပဲ။ ကျောင်းအုပ်ကြီးဆိုရင် သဘောကျလွန်းလို့ တပြုံးပြုံးပေ့ါ။ အပြောအဟောပညာမှာ အတုယူ စရာပဲ။ သူကစာသိပ်ဖတ်တာကိုး။

**နိဂုံး**

နိဂုံးချုပ်ပါပြီ။

ပြောစမတ်ပြုလောက်သူတစ်ဦးရဲ့အကြောင်းကို ဦးဦးကရုပ်ပုံ လွှာကောက်ကြောင်းခြစ်ပြီး ဖော်ပြလိုက်ပါတယ်။ သူဟာနောင်ချိုမှာ ရှိတဲ့ တပ်တစ်တပ်မှာ နေဖူးတယ်။ တောင်ငူ၊ ပဲခူးဒေသမှာ တပ်ရင်းမှူး လုပ်ခဲ့ဖူးတယ်။ သံတွဲမှာ ခယကဥက္ကဋ္ဌလုပ်သွားခဲ့ဖူးတယ်။ စီးပွားကူး သန်း/ နယ်စပ်ကုန်သွယ်ရေးမှာ ညွှန်ကြားရေးမှူးလုပ်သွားခဲ့ဖူးပါတယ်။

အခုတော့ အငြိမ်းစားယူပြီး နားနေပါပြီ။ ကျားသေရင် အရေခွံကျန်တယ်။ ဒီပုဂ္ဂိုလ်ကတော့ မသေသေးပေမယ့် လေးစားလောက်စရာ ခြေရာလက်ရာ ကျန်ခဲ့တဲ့ မိတ်ဆွေတစ်ဦးပါပဲလို့ ပြောချင်ပါရဲ့ကွယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

ရွှေအောင်လံ၊ ရသစုံမဂ္ဂဇင်း
မေလ၊ ၂၀၀၁ခုနှစ်

☸ ☸ ☸ ☸

# စစ်တွေစာပေခရီး

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

**နိဒါန်း**

တူမောင်သိတဲ့အတိုင်း ဦးဦးဟာ မြေလတ်အညာဒေသမှ ဗမာလူမျိုးဖြစ်ပါတယ်။ မြန်မာတိုင်းရင်းသားတွေအနက် ပုဂံဒေသ၊ ကျောက်ဆည်ဒေသ၊ မုံရွာရွှေဘိုဒေသ အခြေချနေထိုင်ကြသူတွေမှာ ဗမာ များပါတယ်။ ဦးဦးဟာမွန်မဟုတ်ပါ။ ထို့အတူ ဦးဦးဟာ ရခိုင်လည်း မဟုတ်ပါ။ သို့ရာတွင် ရာမညဒေသနဲ့ ဓညဝတီဒေသများကို လေးလည်း လေးစားတယ်။ အထင်လည်းကြီးပါတယ်။

**မွန်နှင့်ရခိုင်**

(၁) သူတို့က ပင်လယ်နဲ့ ထိတွေ့ခွင့်ရတယ်။
(၂) အကြားအမြင် ဗဟုသုတများတယ်။
(၃) ပြင်ပခရီးသည်တွေနဲ့ များများဆက်ဆံခဲ့ရတယ်။ အသိပညာ ကျယ်ပြန့်ကြတယ်။

(၄) ပင်လယ်ထွက် ငါး၊ ပုဇွန် စတဲ့ ပရိုတိန်းအာဟာရပြည့်ဝ
တဲ့ အစားအစာကို စားခဲ့ကြရတယ်။
(၅) ပင်လယ်လေကိုရှူရတယ်။
(၆) ဆန်ရေစပါးပေါများတဲ့ နေရာမှာ နေကြတယ်။
(၇) ဘာသာတရားရိုသေကိုင်းရှိုင်းကြတယ်။
(၈) ယဉ်ကျေးသိမ်မွေ့တယ်။
(၉) ဉာဏ်ရည်ထက်မြက်ကြတယ်။
(၁၀) ရုပ်ရည်ချောမောလှပတာ များတယ်။

ကိုယ့်တူမြင်တဲ့အတိုင်း ကျုပ်ကတော့အညာသား၊ မြေလတ်သား၊ ချောက်မြို့သားဆိုတော့ မည်းမည်းပြောင်ပြောင်မဟုတ်လား။ ရုပ်ရည်ကခေပါတယ်။

**ချောက်သားလား**

ဟေ- ကိုယ်ကချောက်မြို့သားလို့ပြောရတာ ချောက်သားလို့ပြောလိုက်ရင် ချောက်ချမှာစိုးလို့တူမောင်ရေ

ရခိုင်ဘာသာစကားအရ ချောက်သားဆိုသည်မှာ ဖခင်အမည် မပေါ်ဘဲ မွေးသောသားလို့အဓိပ္ပာယ်ရသတဲ့။ အရင်မသိပါဘူးကွယ်။ ရခိုင်ပြည်နယ်ကိုမရောက်ဖူးခင်က ဒီဝေါဟာရဟာ အဲဒီလိုအဓိပ္ပာယ်ရှိမှန်းတောင် မသိခဲ့ပါဘူးကွယ်။ ယခုတစ်ခေါက် စစ်တွေကိုစာပေခရီးတစ်ရပ်အနေနဲ့ ရောက်ပါမှ ရင်းနှီးတဲ့ ရခိုင်စာပေသမားတွေကမေးပါတယ်။

" ဆရာငွေးမောင်က ချောက်သားလား "
" ဟဲ ဟဲ ချောက်မြို့ဇာတိပါ "
" ဆရာချစ်နိုင်ကကော ? "
" ကျွန်တော်က ချောက်မြို့နယ်၊ ကြီးနီရွာသားပါဗျာ "

အုန်းခနဲ ထမင်းစားဝိုင်းမှာ ရခိုင်စာပေသမား တွေက ရုတ်တ

ရက် ဖွင့်ချလိုက်သလို တဝါးဝါးနဲ့ ဟားတိုက်ရယ်မိကြပါတယ်။

" ဘာပြုလို့ရယ်တာလဲဗျ "

" ဒီလိုပါဆရာ၊ သူကစတဲ့အနေနဲ့ ဆရာတို့နှစ်ယောက်ကို ချောက်သားဟုတ်ပါသလားလို့ ချောင်ပိတ်မေးတာ။ ဆရာတို့နှစ်ယောက်စလုံးက ကံကောင်းထောက်မစွာ လွတ်အောင်ရှောင်ပြီးဖြေကြတာက လှလှပပရှိလို့ ရယ်မိကြတာပါ။ ချောက်သားဆိုတာ အဖေမရှိဘဲမွေးလာတဲ့သားလို့ ရခိုင်ဘာသာစကားမှာ ရှိတာမို့ပါ။ "

" အလို ဘုရားရေ "

စာရေးသက်၊ အယ်ဒီတာလုပ်သက် နှစ်ပေါင်း ၅၀ကျော်ခဲ့တဲ့ ဆရာငွေးမောင်ကတော့ ဗဟုသုတနှံ့စပ်လို့ ချောက်သားဆိုတာ ရခိုင်လိုထိုအဓိပ္ပာယ်ရှိမှန်းသိပြီးသားမို့ရှောင်ဖြေခဲ့တာပါ။ ဦးဦးက ကိုယ့်ဇာတိရွာကို ဂုဏ်ပြုချင်တာကြောင့် " ချောက်သားလား " မေးတဲ့မေးခွန်းကို ဥပါယ်တံမျဉ်နဲ့ လွတ်မြောက်သွားခဲ့ရတာဖြစ်ပါတယ်။ ကံကောင်းတာပါ။

**တာဝန်ပေးချက်အရ**

မြန်မာနိုင်ငံစာပေနဲ့ စာနယ်ဇင်းအဖွဲ့(ဗဟို)က စာရေးဆရာလေးဖွဲ့ကို မြို့လေးမြို့သို့ လေးနေရာစေလွှတ်ပြီးစာဆိုတော်နေ့ အကြိုဟောပြောပွဲတွေသွားရောက်ပြုလုပ်ဖို့ တာဝန်ပေးစေလွှတ်ပါတယ်-

(၁) ကိုဆောင်း (ဦးလှမြိုင်) ခေါင်းဆောင်တဲ့အဖွဲ့က လားရှိုးမြို့

(၂) မောင်ဆုရှင် (ဦးမျိုးသန့်) ခေါင်းဆောင်တဲ့အဖွဲ့က မြစ်ကြီးနားမြို့

(၃) ချစ်နိုင် (စိတ်ပညာ)ခေါင်းဆောင်တဲ့အဖွဲ့က စစ်တွေမြို့

(၄) ဦးအုံးဖေ (ပခုက္ကူ)ခေါင်းဆောင်တဲ့အဖွဲ့က ကော့သောင်းမြို့။

ရောက်ရှိရာမြို့က ဒေသခံစာပေနဲ့ စာနယ်ဇင်းအဖွဲ့ဝင်တွေနဲ့ ရင်းရင်းနှီးနှီးထိတွေ့ဆွေးနွေးနိုင်တာမို့ စည်းရုံးရေးခရီးလည်းဖြစ်တယ်။ ဟောပြောပွဲတွေ ကျင်းပပြီး စာဆိုတော်နေ့ အကြိုစာပေနှင့်စာဆိုတို့ရဲ့ ဂုဏ်ကျေးဇူးကို အမှတ်တရ သတိပေးရာရောက်စေတယ်။ စာဆိုတော်နေ့အဖြစ်သတ်မှတ်ထားတဲ့ နတ်တော်လဆန်း(၁)ရက်နေ့ (၂၆-၁၁-၂၀၀၀) မှာ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ စာပေသက်ကြီးပူဇော်ပွဲအတွက် အလှူငွေများ (လှူဒါန်းလာပါက)လက်ခံရယူခဲ့ကြရန်လည်းဖြစ်တယ်။

**လေ့လာခရီး**

ဒေသခံအာဏာပိုင် အဖွဲ့အစည်းတွေရဲ့ ကူညီမှု၊ ခွင့်ပြုမှုအရ နီးရာဒေသ မြို့ရွာများမှာ လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ၊ စက်ရုံ၊ စိုက်ကွင်းစတဲ့ ဖွံ့ဖြိုးစည်ပင်တိုးတက်နေခြင်းများကိုလည်း မျက်မြင်ကိုယ်တွေ့ လေ့လာထိတွေ့နိုင်စေရန် ရည်ရွယ်ပါတယ်။

ဦးဦးတို့အဖွဲ့က စစ်တွေမှာ (၅-၁၁-၂၀၀၀)နေ့နံနက်ပိုင်း ဟောပြောပြီး ပွဲစဉ်က တစ်ပွဲနဲ့ပြီးသွားတယ်။ ၆-၁၁-၂၀၀၀နေ့မှာ စစ်တွေမှ ကျောက်တော်သို့ ကားလမ်းအတိုင်း ခရီးသည်တင်အမြန်ဘတ်စ်ကားတစ်စီးနဲ့ နေ့ချင်းပြန်ခရီးထွက်ခဲ့ကြပါတယ်။

စစ်တွေမှကျောက်တော်သို့ ကားလမ်းအတိုင်းလွန်ခဲ့တဲ့ ၃နှစ်ကျော်က ဦးဦးသွားဖူးပါတယ်။ မိုးလည်းမိုးရာသီ၊ မိုးလည်းအလွန်ပြင်းထန်တဲ့ဒေသပါ။ နံနက်စောထွက်တာ ညနေမှကျောက်တော်သို့ ရောက်ပါတယ်။ မြစ်တွေ၊ ချောင်းတွေတစ်ချို့ကို ဇက်ယာဉ်နဲ့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကူးရတာကိုး။ ယခုတော့မိုင် ၇၀ကျော် ၈၀ကို (အသွားအပြန် ၁၆၀ကျော်) နေ့ချင်းပြန်နိုင်ခဲ့ပြီ။ ကောင်းလိုက်တာ။

မင်းချောင်းတံတား၊ ကစ္ဆပနဒီတံတား၊ ပီကောက်တံတား၊ ယိုးချောင်းတံတားစတဲ့ ကြီးမားခန့်ညားတဲ့ ခိုင်ခိုင်မာမာတံတားကြီးများကို တွေ့မြင်ခဲ့ရတယ်။ ပတ်ဝန်းကျင်တောတောင်ရေမြေနဲ့တကွ တံတားကြီး

တွေဟာ လှပလိုက်တာ။

စီစဉ်စေလွှတ်ပေးတဲ့ စာပေနဲ့စာနယ်ဇင်းအဖွဲ့(ဗဟို)ကို ကျွန်တော်နဲ့ ဒေါက်တာတင်ထွန်းဦးတို့ကကျေးဇူးအထူးတင်ကြောင်း တဖွဖွပြောဖြစ်ကြပါတယ်။ ရှုခင်းတွေ၊ တံတားကြီးတွေကတင်လှတာ မဟုတ်ဘူး။ လူတွေကလည်း လှကြတယ်။

**ချောမောလှပသူများနှင့်တွေ့ခဲ့**

စစ်တွေဟိုတယ် Reception (ဧည့်ကြိုမှတ်ပုံတင်ဌာန)က မမြင့်မြင့်ဇံနဲ့ မဖြူဖြူဇံဆိုတဲ့ ညီအစ်မနှစ်ယောက်ဆိုရင် ငေးကြည့်ရ လောက်အောင် လှကြပါတယ်။ အစ်မကစီးပွားရေးဘွဲ့ရပါ။ ညီမက တော့ ကျောင်းမပြီး သေး။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်၊ မေးစေ့စတဲ့ မျက်နှာတစ်ခုလုံးလှရုံမက ကိုယ်ခန္ဓာလည်း အချိုးအဆစ်ကျလှပါတယ်။ အသားအရေက ဖြူဖွေးဝင်းဝါ။

ဒေါက်တာတင်ထွန်းဦးက ငေးကြည့်နေမိစဉ် ဦးဦးက " မင်း တို့နှစ်ယောက်ကို ညီအစ်မအဖြစ် ရုပ်ရှင်ရိုက်ရင် ရတယ်ကွာ၊ ရုပ်ချင်း လဲဆင်တူတယ်။ လှလဲလှတယ် " လို့ပြောလိုက်ရာ ဆရာဒွေးမောင်က " မဂ္ဂဇင်းမျက်နှာဖုံးတော့ အလှဆုံးဖြစ်မယ့် မိန်းကလေးတွေပါ "လို့ ထောက်ခံတယ်။

" ညီအစ်မပါ။ ရုပ်ရှင်အဖွဲ့တွေက ရုပ်ရှင်မင်းသမီးလုပ်ဖို့ လည်း ခေါ်ဖူးပါတယ်။ ကျွန်မတို့က သရုပ်ဆောင်ရတာ ဝါသနာမပါလို့ မလုပ်ခဲ့တာပါ " တဲ့

ရုပ်ရည်အတော်ညံ့ဖျင်းလှတဲ့ အချို့မိန်းကလေးများပင်လျှင် ရုပ်ရှင်မင်းသမီးဖြစ်ချင်ကြတာ ထွန့်ထွန့်လူးလူးတွေ့မြင်ရဖူးပါတယ်။ သူတို့လေးတွေကတော့ ဣန္ဒြေရှင်တွေပါကလား။ ဝါသနာမပါတာကို မလုပ်ဘူးဆိုပါကလား။

**နိဂုံး**

စစ်တွေစာပေခရီးမှာ မတွေ့ဖူးသူတွေနဲ့ တွေ့ဆုံရ၊ မမြင်ဖူးတဲ့မြင်ကွင်းရှုခင်းတွေမြင်ရ၊ မကြားသိဖူးတဲ့ ဗဟုသုတတွေ လေ့လာခွင့်ရ၊ ထူးခြားတဲ့ ဘုရားစေတီ၊ ရုပ်ပွားတော်များကိုဖူးမြော်ခွင့်ရလို့ အတော်ပင်ပျော်ရွှင်ပါတယ်။ ခရီးစဉ်ဟာ စိတ်ချမ်းသာလှပါတယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

☸ ☸ ☸ ☸

# စိတ်ကြွရှုးသွပ်စေသည့် ယာမ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

ဘယ်သူမပြု မိမိမှုဆိုတဲ့ မြန်မာဆိုရိုးစကားဟာ တယ်ပြီးမှန်တာပေပဲလို့ ဦးဦးစဉ်းစားမိတယ်။ စေတနာကောင်းလျှင် ကံကောင်းမည်။ စေတနာဆိုးလျှင် ကံဆိုးမည်ဆိုတဲ့ စကားဟာလည်း သိပ်ဟုတ်တာပဲ။ ကိုယ့်အတတ်နဲ့ ကိုယ်စူးနုတ်လို့မရဘူးဆိုတဲ့ ပျော်ရွှတ်ရွှတ်စကားဟာလည်း ဒီနေရာမှာ တရားရစရာပဲ။

အကြောင်းအရာကား မူးယစ်ဆေးဝါးနဲ့ ထိုင်းနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ မူးယစ်ဆေးဝါး။

မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းနဲ့ အရှေ့ပိုင်းအစွန်အဖျားဒေသတွေမှာ ဘိန်းဆိုတဲ့ အပင်တွေကို ဗြိတိသျှတွေက မျိုးယူသယ်ဆောင်လာပြီး စစိုက်ခဲ့ကြတယ်။ ကူမင်တန်တရုတ်ဖြူတွေက ဆက်ပြီး

အားပေးတယ်။ အမေရိကန် စီအိုင်အေက ရေလောင်းပေးတယ်။ ထွက်သမျှကို ထိုင်းနိုင်ငံဘက်ကဒိုင်ခံဝယ်တယ်။ ကမ္ဘာကိုဖြန့်ပြီး တင်ပို့တယ်။ အမြတ်အများကြီးရပြီး သူတို့တော်တော်ပွခဲ့တယ်။

မြန်မာပြည်မှာ ဘိန်းတွေစိုက်နေဆဲပါ။ စိုက်သူကတော့ ဆင်းရဲမွဲတေ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀လောက်က စိုက်ပျိုးလေ့ကျင့်တဲ့ အလေ့အထကို ယခုမှနေ့ချင်း၊ ညချင်းရပ်ပါ။ ဖျောက်ဖျက်ပါ။ ချုပ်ငြိမ်းအောင်လုပ်ပါဆိုရင်တော့ သိကြားမင်းဖန်ဆင်းမှ တတ်နိုင်မှာပဲ။ ပပျောက်အောင် နည်းမျိုးစုံနဲ့ နှိမ်နင်းခဲ့လို့မို့ ရှေးက တန်ပေါင်းထောင်သောင်းချီပြီးထွက်ခဲ့ပေမယ့် ယခုကာလ ၁၀နှစ်လောက်မှာ ရှေးကထက် ဆယ်ပုံတစ်ပုံပဲထွက်တော့တာပဲ။ ငရဲပန်းစစ်ဆင်ရေး၊ မိုးဟိန်းစစ်ဆင်ရေး။ တောင်ထိပ်ပန်းစစ်ဆင်ရေးစသည်ဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေကို တပ်မတော်သားတွေ၊ အစိုးရဝန်ထမ်းတွေဟာ ကြိုးစားပမ်းစားဖျက်ဆီးခဲ့ ကြတယ်။၁၉၇၄ခုနှစ်မှစပြီး ဥပဒေတစ်ရပ်ပြဋ္ဌာန်းကာ နှိမ်နင်းတားဆီးခဲ့ တာပေါ့။ မြန်မာအစိုးရအဆက်ဆက်ဟာ ရှေးရှေးသော ဘုရင်မင်းများနဲ့ လက်ထက်ကတည်းက ဘိန်းကို ပြင်းပြင်းထန်ထန်နှိမ်နင်းခဲ့တာပဲ။ အသက်နဲ့လဲပြီး တိုက်ခိုက်ချေမှုန်းရတာပါ။ လူမှုရေး၊ စီးပွားရေး၊ နောက်ဆက်တွဲပြဿနာတွေကို ဖြေရှင်းပေးရမယ်။ ဥပမာ- အစားထိုးသီးနှံ ဖြန့်ဝေရေး။

လက်ရှိတပ်မတော်အစိုးရလက်ထက်မှာတော့ မူးယစ်ဆေးဝါး ပပျောက်ရေးဆောင်ရွက်ချက်တွေဟာ အသိသာ၊ အထိရောက်ဆုံးပေါ့။ အမေရိကန်မှလာတဲ့တိုင်းတာရေးအဖွဲ့တွေ ကိုယ်တွေ့ပဲ။ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့မှ လာကြည့်တဲ့လေ့လာရေးအဖွဲ့တွေ မျက်မြင်ပဲ။ မြေ ပြင်ပေါ်မှာရှိတဲ့ တစ်ပေလောက် အရွယ်အစားမျိုးကိုပင် ဂြိုလ်တုမှ အသေးစိတ်ဓာတ်ပုံရိုက်ပြီး ကြည့်လို့မြင်လို့ရနေတဲ့ခေတ်ကြီးမှာ ဘာမှ ဖုံးကွယ်

စရာမလိုပါဘူး။ တစ်ကမ္ဘာလုံးအသိပဲ။ မြန်မာအစိုးရရဲ့ ပြည်သူ တွေဟာ ဘိန်းအပါအဝင် မူးယစ်ဆေးဝါးကို ထိထိရောက်ရောက် ဆန့် ကျင်နှိမ်နင်းနေကြတယ်။ အင်မတန်ထင်ရှားလှပါတယ်။ အချိန်တော့ ယူရမှာပေါ့ကွယ်။

အနောက်တိုင်းမီဒီယာအချို့က နယ်ချဲ့လက်ပါးစေအနေနဲ့ အသံသေး၊ အသံကြောင်အော်ပြီး မြန်မာတွေဟာ ဘိန်းစိုက်တာကို အားပေးနေပါတယ်။ဘိန်းစိုက်တာကို မသိချင်ယောင်ဆောင်နေပါတယ် စသည်ဖြင့် စွပ်စွဲတယ်။ ဒါကတော့ လူ့အခွင့်အရေးကိစ္စ၊ ဒီမိုကရေစီရေးကိစ္စတွေ အကြောင်းပြုပြီး အမျိုးမျိုးစွပ်စွဲတာတွေ မအောင်မြင်ခဲ့လေတော့ (ဘာမှအဖတ်မတင်ဘူးလေ) အကြောင်းအရာပြောင်းလဲပြီး မူးယစ်ဆေးဝါးကို အားပေးနေသလိုလို လုပ်ကြံစွပ်စွဲတော့တာပဲ။

အကယ်၍သာ ထုတ်ရောင်းရင် နှစ်စဉ် နှစ်စဉ် ဒေါ်လာသန်းပေါင်း၊ ထောင်ပေါင်းများစွာတန်ဖိုးရှိတဲ့ မူးယစ်ဆေးဝါးတွေကို မိနစ်ပိုင်းအတွင်းမီးရှို့နေတာမြင်သားပဲ။ သူတို့နိုင်ငံက သံအမတ်ကြီးတွေ၊ သံမှူးတွေပါပါတယ်။ သူတို့မျက်စိနဲ့ တပ်အပ်မြင်တာပဲ။ သူတို့ကိုယ်တိုင်ထိတွေ့ နမ်းကြည့်၊ ကိုင်ကြည့်ပြီး မီးရှို့ခဲ့တာပဲ။ သိတာပေါ့။ မြန်မာအစိုးရဟာ မူးယစ်ဆေးဝါးကို မညှာမတာ နှိမ်နင်းချေမှုန်းတာ မြင်သားပဲ။ အထင်အရှား၊ အမှန်တရား။

အခြေအမြစ်မရှိစွပ်စွဲသူက တမင်သိက္ခာချချင်လို့ မဟုတ်မှန်းသိလျက်နဲ့ စွပ်စွဲပုတ်ခတ်တာ။ သူတို့ပြောတာ မဟုတ်မမှန်မှန်း ကမ္ဘာကသိလာတော့ ဘာဆက်ပြောရမှန်းမသိဘူး။ နောက်ဆုံးမှာ အတင်းအကျပ် ခိုင်းစေမှုပြုပါတယ် ဆိုတာနဲ့ စွပ်စွဲပြန်ရဲ့။ ပြည်သူ ပြည်သားများရဲ့ တစ်ခဲနက်သော လုပ်အားခွန်အားတွေနဲ့ လမ်းတွေ၊ ဘာတွေဖောက်ခဲ့တယ်။ ရေကာတာ၊ ရေကန်တွေ စုပေါင်းပြီး တူးဖော်ကြတယ်။ လမ်းတွေကောင်း၊ တံတားတွေကောင်းတော့ ဒေသခံပြည်သူလူထုပဲ ဖွံ့ဖြိုး

တိုးတက်မှုတွေရစေခဲ့တာပဲ။ လူအချို့ဟာ အစမှာတော့ မကျေနပ်ဘူး ပေ့ါ။ လူ့သဘာဝ ညည်းညူပြိုငြင်ချင်တာပေ့ါ။ တစ်နှစ်၊ နှစ်နှစ် ရှိလာလို့ ရေအခက်အခဲ အဆင်ပြေလာပြီ၊ လမ်းပန်းအဆက်အသွယ် လွယ်ကူလို့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတွေ သိသိသာသာတိုး တက်လာပြီ ဆိုတော့ မောင်မင်းကြီးသားတွေ ဇိကုပ်ပြီး နတ်ပြည်တင် ပေလို့ပဲပေ့ါ။ ဒီလိုမှမဟုတ်ရင် တို့အနေနဲ့ လုပ်ဖြစ်မှာ မဟုတ်ဘူးတဲ့။ ဇာတ်ရည်လည် တော့ ကျေးဇူးတင်နေကြပြီ။ အားလုံးသဘောကျ ကျေနပ်။

မြန်မာပြည်မှာ Forced Labour ရှိနေခဲ့ပါတယ်ဆိုပြီး စွပ်စွဲ သူကစွပ်စွဲ။ အတည်ယူသူကယူ။ ဒီအတွက် ဘာလုပ်တယ်။ ညာလုပ် တယ်ဆိုပြီး ပိတ်ပင်သူက ပိတ်ပင်။ တကယ်တော့ ရမယ်ရှာပြီး အပြစ် ဖို့ချင်နေတဲ့ မြေခွေးလို လူတွေပါ။

သိုးငယ်စမ်းချောင်းမှာ ရေသောက်လာတော့ ဝါးချင်စားချင် တာနဲ့ အပြစ်တစ်မျိုးမဟုတ်၊ တစ်မျိုးစွပ်စွဲနေတာနဲ့ အတူတူပဲ။ ဘာ ဆင်ခြေပေးပေး၊ ပြီးနိုင်စရာ မရှိပါ။ ကောက်ကျစ်သူထံ လျှောက်လဲချက် ပေးနေလည်း အပိုပဲ။ တမင်ဗိုလ်ကျချင်နေတာကိုး။

မြန်မာပါရင် အီးယူအဖွဲ့က အာဆီယံနဲ့ မဆွေးနွေးဘူးဆိုပြီး အပေါ်စီးလေသံနဲ့ ကန့်သတ်ချုပ်ချယ်ခဲ့တယ်။ အာဆီယံက အီးယူရဲ့ တပည့်မှမဟုတ်ဘဲ။ သူပြောတာ ဘယ်နာခံမှာလဲ။ သူလည်း အီးယူ၊ ငါလည်း အာဆီယံမဟုတ်လား။ အကျိုးတူဆက်ဆံရတာမှာ အဆင့်တူ၊ တန်းတူဆက်ဆံမှပေ့ါ။ မြန်မာပါလို့ စကားဆွေးနွေးမပြောရင် နေကွာ ဆိုပြီး မြန်မာပါပါမှ တို့ကပြောမယ်လို့ တင်းခံထားတော့ အီးယူဟာ လျှော့လာရတာပါပဲ။ အာဆီယံက ညီညွတ်စုစည်းမှုကို လက်တွေ့ပြသ နိုင်ခဲ့တယ်။ ပြီးခဲ့တဲ့အပတ်မှာ လာအိုနိုင်ငံ ဗီယင်ရှင်းမြို့တော်မှာ အာဆီယံ အီးယူတို့ အပြန်အလှန်ဆွေးနွေးတွေ့ဆုံခဲ့ကြပြီ။ ထားပါလေ။ စည်းလုံးညီညာအောင်ကြောင်းဖြာပေ့ါ။

ထိုင်းမှာ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေမှာ မူးယစ်ဆေးဝါး ပြဿနာဟာ အတော်လေးထိတ်လန့်စရာကောင်းတယ်။ တွေးတတ်ရင် ပေါ့ကွယ်။ လူငယ်လူရွယ်ကျောင်းသားတွေကို စာရင်းကောက်ယူလေ့လာကြည့်တဲ့အခါ အချို့ဒေသ၌ ၁၅ရာခိုင်နှုန်းသော လူငယ်များဟာ ယာမ (ခေါ်) အဖက်တမင်း စိတ်ကြွရူးသွပ်ဆေးကို သုံးစွဲနေကြတာ တွေ့ရှိရသတဲ့။ အလို- ကြောက်စရာပါကလား။

ထိုင်းဘာသာစကားမှာ ယာဆိုတာက ဆေး၊ မဆိုတာကမြင်း၊ မြင်းဆေးပေါ့။ မြင်းတွေအပြေးပြိုင်ရာ၊ မြင်းလှည်းဆွဲရာမှာ စိတ်ပါတက်ကြွအောင်ကျွေးတဲ့ ဆေးဆိုတဲ့သဘောပေါ့။ ဗန်းစကားအနေနဲ့ ခေါ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ဒီဆေးက ဘိန်းတို့၊ ဘိန်းဖြူတို့ထက် ပိုပြီးဆိုးတယ်။ ဓာတုဗေဒဆေးဝါးမို့ ဦးနှောက်တွင်း ဇီဝကမ္မဗေဒတွေ ပျက်ယွင်းစေတယ်။ ဦးနှောက်ပျက်ပြီး လုံးဝရူးသွပ်သွားစေတာမျိုးကွယ့်။

ဒီဆေးကို မြန်မာပြည်ဘက်မှာပြုလုပ်ပြီး ထိုင်းနိုင်ငံသို့တမင် လူငယ်တွေ ပျက်စီးစေရန် ရည်ရွယ်ချက်နဲ့ တင်သွင်းနေပါတယ်။ ဘာဘာညာညာအချို့က ဟောင်ဖွာဖွာလေသံနဲ့ စွပ်စွဲနေပါတယ်။ ဒါဟာ တမင် မြန်မာနဲ့ ထိုင်း ချစ်ကြည်ရေးကို ပျက်ယွင်းသွားအောင် သပ်လျှိုလိုတဲ့ လူတွေရဲ့ စကားပါပဲ။ သူတို့အပြစ်ကို ဖုံးကွယ်ဖို့ တမင်လမ်းလွှဲတာ။ စဉ်းစားကြည့်။

မြန်မာပြည်မှာ အဲဒီဓာတုဗေဒပစ္စည်း (Chemicals) တွေ မရှိပါဘူး။ လုံးဝမရှိပါဘူး။ အကယ်၍ မြန်မာပြည်နယ်စပ်မှာ မေးတင်ထားတဲ့ တောထဲနဲ့ တောင်ပေါ်မှာ ဖော်စပ်ချက်လုပ်တယ်ဆိုရင်လည်း ကဲ- ဒီဓာတုဗေဒပစ္စည်းတွေ ဘယ်ကရသလဲ။ ဖြေပါ။

ပွင့်ပွင့်လင်းလင်းပြောကြပါစို့။ မြန်မာပြည်မှ လုံးဝမထုတ်လုပ်နိုင်ပါ။ ထိုင်း၊ တရုတ်၊ အိန္ဒိယစတဲ့ နိုင်ငံတွေမှာပဲ လုပ်နိုင်ကြတယ်။ ထုတ်နိုင်ကြပါတယ်။ ရှင်းနေတာပဲ။

မူးယစ်ဆေးဝါးကို ဘယ်တုန်းကမှ အားမပေးခဲ့တဲ့ မြန်မာအစိုးရဟာ ယခုလည်း ဘယ်သူ့အပေါ်မှ ညစ်ပတ်ကောက်ကျစ်မှုမရှိခဲ့ပါ။ မလုပ်ပါဘူး။ ထိုင်းနိုင်ငံမှ လူငယ်များစွာ ယာမခေါ် အဖက်တမင်း စိတ်ကြွရူးသွပ်ဆေးကိုသုံးပြီး ကြောင်စီစီတွေဖြစ်လာကြတာကတော့ ကိုယ့်အတတ်နဲ့ကိုယ်စူးခြင်းမျှသာ ဖြစ်ပါတယ်။

တို့ဆီကလူတွေ သင်ခန်းစာယူစရာပေါ့နော်။ ပေါ့ပေါ့ ဆဆ တော့မအောက်မေ့နဲ့ဗျာ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

၂၂-၁၂-၂၀၀၀ရက်နေ့ထုတ်
ကြေးမုံသတင်းစာ

☸ ☸ ☸ ☸

# ပြည်သူ၏ရင်နှစ်သည်းချာ

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ . . .

၁၉၄၀ကာလ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့မယ်။ မဟာမိတ်နိုင်ငံများနဲ့ ဝင်ရိုးတန်းနိုင်ငံများဟာ အုပ်စုဖွဲ့ပြီး ရန်စောင်နေကြပြီ။ တဖြည်းဖြည်းနဲ့ စစ်ရိပ်စစ်ငွေ့တွေသန်းလာပြီဆိုတော့ အမျိုးသားရေးကို နိုးကြားတဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေက “ အင်္ဂလိပ်အခက် ဗမာအချက် ” ဆိုတဲ့ဆောင်ပုဒ်နဲ့ အညီ အင်္ဂလန်ကို ဂျာမနီက အကြီးအကျယ် ဗုံးကျဲတိုက်ခိုက်လာတဲ့အခါ တို့ကလဲ မြေပူရာ ကင်းမှောင့်ဆိုသလို လွတ်လပ်ရေးကို မရမနေတောင်းဆိုကြမယ် ဆိုပြီး ကြိုးစားကြတာပဲ။

လက်ဝဲဘက်အားသန်တဲ့ လူတွေက တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ယူပြီး အကူအညီရအောင် အားထုတ်တယ်။ နောက်တော့လည်း ဖက်ဆစ်ဂျပန်နဲ့ လက်တွဲပြီး ဗြိတိသျှ အစိုးရကို မြန်မာ့မြေပေါ်က တိုက်ခိုက်မောင်းထုတ်လိုက်တာပါပဲ။

ကဲ ကြည့်။ မြန်မာပြည်လွတ်လပ်ရေးရအောင် နိုင်ငံရေးအရ၊ စစ်ရေးအရ ဗြိတိသျှ အစိုးရကို အံ့တု တိုက်ခိုက်မယ်ဆိုတော့ ဘယ်မှာလဲ လက်ပစ်ဗုံး၊ ဘယ်မှာလဲ သေနတ်၊ စစ်သေနတ်တို့ အမြောက်၊ တင့်ကား၊ ဗုံးကျဲလေယာဉ်၊ စစ်သင်္ဘောစတဲ့ အင်အားအရာမှာ ဂရိတ်ဗြိတိန်ဟာ (ထိုအချိန်က) နေမဝင်အင်ပါယာကို စိုးမိုးထားတဲ့ မဟာအင်အားကြီးနိုင်ငံတစ်ခုပေပဲ။

သူ့လက်အောက်က လွတ်အောင်ရုန်းမယ်ဆိုတာ မဖြစ်နိုင်စရာ၊ ယုတ္တိဗေဒနဲ့ ကြည့်ရင်အင်အားချင်းအဆတစ်ရာ၊ နှစ်ရာမက ကွာခြားလွန်းလို့ ဘယ်လိုမှ အောင်မြင်ဖွယ်ရာမရှိပါဘူး။

အမှန်တကယ်လည်း လမ်းမမြင်၊ ကမ်းမမြင်အခြေအနေမှာ တို့တိုင်းပြည်လွတ်လပ်ရမယ်ဆိုတဲ့ သေသေကျေကျေစိတ်ဓာတ်နဲ့ မျိုးချစ်လူငယ် (မျိုးချစ်တပ်မတော်သား) တွေ ပြင်းပြတဲ့ စိတ်အားထက်သန်မှုနဲ့ တိုက်ခိုက်ကြလို့သာ။

လက်နက်ဆိုလို့ ဓား လက်မမောင်းချခါးတောင် ကိုင်ခွင့်မရှိအောင် ဗြိတိသျှအစိုးရက ချုပ်ချယ်ထားတာပဲ။ ဘယ်သူမှ ခေါင်းမော်မကြည့်ရဲခဲ့ဘူး။ သူတို့ မျက်နှာဖြူဘိုတွေကို ဘုရားထူးရတာ။

ထလော့ မြန်မာထလော့

သခင်မျိုးဟေ့ ဒို့ဗမာ

အရေးတော်ပုံ အောင်ရမည်။ အစရှိသည် အမျိုးသားရေးနိုးကြားမှု အင်အားဟာ မိမိထက်စက်သေနတ်၊ စက်အမြောက်၊ လေယာဉ်ပျံ၊ စစ်သင်္ဘော၊ တင့်ကား၊ တပ်မ၊ တပ်တော်၊ အစစအရာရာ အဆတစ်ထောင် နှစ်ထောင် သာတဲ့ မဟာမိတ်အင်အားစုထဲက ဗြိတိသျှတပ်မတော်ကို စစ်ရေးအရ အံ့တုဖက်ပြိုင် တိုက်ခိုက်တော်လှန်တာ။ ဒါဟာ ပုံပြင်မဟုတ်ဘူး။

တကယ့်ဖြစ်ရပ်မှန်သမိုင်းပဲ။

B.I.A , B.D.A , P.B.F ခေါ်တဲ့ မြန်မာ့တပ်မတော်ဘက်

မှာ ဘာလက်နက်မှကောင်းကောင်းမွန်မွန် မရှိပေမယ့် အင်္ဂလိပ်စစ်တပ်မှာမရှိတဲ့ အရာ ၂ခုကို သူတို့ ပိုင်ဆိုင်ထားတယ်။

လွတ်လပ်ရေးကို ရအောင်ယူမယ်။ မြန်မာပြည်လွတ်လပ်ရေး ရရမယ်ဆိုတဲ့ အဓိဋ္ဌာန်စိတ်သူ့မှာ ရှိတယ်။ အရိုးကြေကြေ အရေခမ်းခမ်း အသေခံပြီး သူတိုက်မှာပဲ။ ဒီထက်သန်တဲ့ ရည်မှန်းချက်ဆန္ဒဟာ တန်ခိုးကြီးတယ်။ စွမ်းအင်ကြီးမားလှပါတယ်။ အမြောက်တွေထက်ပြင်းထန်တယ်။

နောက်တစ်ချက်က ဗမာ့တပ်မတော်ဘက်မှာ ပြည်သူတစ်ရပ်လုံး စိတ်ရောကိုယ်ပါထောက်ခံအားပေးတာ။ လှည်းနေလှေအောင်းမြင်းစောင်းမကျန် လုံးဝဥဿုံ တစ်ခဲနက်အားပေးမှုဟာ မကုန်မခမ်းနိုင်တဲ့ ထောက်ပံ့ရေးအင်အားစု၊ ပို့ဆောင်ရေးစွမ်းအားစု၊ သတင်းစုဆောင်းတဲ့ ထောက်လှမ်းရေးအင်အားစု၊ လျင်မြန်စွာရွေ့လျားမှု၊ ဖုံးကွယ်မှု၊ တပ်ဖျောက်မှုတွေကို ဖြစ်စေတဲ့ အင်အားထုကြီးပဲ။

အင်္ဂလိပ်စစ်တပ်ရဲ့တင့်ကား တပ်မထက် ပစ်အားရော၊ စစ်ကစားမှုမှာ အင်အားသာလွန်စေတယ်။

တူမောင်၊ စစ်ရဲ့ အခြေခံအကျဆုံးအချက်ကတော့ ပစ်ခတ်မှုနဲ့ရွေ့လျားမှုပဲ။

## FIRE AND MOVEMENT

စစ်တိုက်တယ်ဆိုတာ လူချင်းပဲတိုက်တိုက်၊ ရေတပ်သင်္ဘောချင်းပဲ တိုက်တိုက်၊ လေယာဉ်ပျံချင်းပဲတိုက်တိုက် အခြေခံအကျဆုံးသိရမယ့်အရာက ပစ်ခတ်နိုင်စွမ်းနဲ့ ရွေ့လျားနိုင်စွမ်းမှာ ရန်သူထက်သာရင် ကောင်းတာပဲ။

တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်စီးချင်းမှနေပြီး အသင်းအစုနဲ့ စစ်ကစားကြရတဲ့အခါ ပင်မမူလအခြေခံ ၂ချက်ကနေပြီး ပိုမိုမြင့်မားလာတာပဲပေါ့ကွယ်-

(၁) ပစ်အား FIRE POWER

(၂) စစ်ကစားမှု MANEUVOUR

သာမန်ပြည်သူတစ်ယောက်အနေနဲ့ တူမောင် ဒီလောက်သိထားရင် ဗဟုသုတမဆိုးလှတော့ပါဘူး။ သည့်ထက်မြင့်တဲ့ စစ်ပညာတွေကတော့ လိုအပ်တဲ့အခါမှ သိအောင် တတ်အောင်ဖြန့်ဝေကြရမှာ ဖြစ်ပါတယ်။

တပ်မတော်သားတွေရဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ တပ်မတော်ကို အားပေးထောက်ခံတဲ့ ပြည်သူလူထုရဲ့ မကုန်မခမ်းနိုင်တဲ့ အင်အား။ ဒီ ၂ချက်ဟာ ဗြိတိသျှအစိုးရကိုလဲ စစ်ရေး၊ နိုင်ငံရေးအရ လုံးဝချေမှုန်းရှင်းလင်းပစ်နိုင်ခဲ့တယ်။ ဖက်ဆစ်ဂျပန်တို့ကိုလဲ စစ်ရေးအရ၊ နိုင်ငံရေးအရ အောင်မြင်စွာတွန်းလှန်တိုက်ထုတ်နိုင်ခဲ့တယ်။

တူမောင်ကပြောချင်ပြောမယ်။

ဦးဦးဒါတွေပြောပြနေတာ ဘာရည်ရွယ်ချက်လဲ၊ ဘာ့ကြောင့်လဲ။ လာမယ်။

ဦးဦးတို့ တူမောင်တို့ ကိုယ်တွေ့ အတွေ့အကြုံအရ မကြုံကြိုက်၊ မဖြတ်သန်းလိုက်ရပေမယ့် ရှေ့ကလူတွေရဲ့ သမိုင်းထဲက သင်ခန်းစာ ကိုတော့ ဆည်းပူးမှတ်သားကြရမှာပဲ။ သိသင့်သမျှ သိထားကြမှ အကျိုးရှိမှာပဲ။

ကြည့်။

၁၉၉၀မှာ အရှေ့အုပ်စုနဲ့ အနောက်အုပ်စုတို့ရဲ့ အားပြိုင်မှု စစ်အေးတိုက်ပွဲဟာ ပြီးဆုံးသွားခဲ့ပြီ။ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့ အချိန်ကစပြီး တစ်ဖက်နဲ့တစ်ဖက် သူလျှို စပိုင် စစ်ပွဲ၊ ဝါဒဖြန့်စစ်ပွဲ အကျိတ်အနယ် ကစားခဲ့တဲ့ ယှဉ်ပြိုင်မှုဟာ ပွဲသိမ်းသွားပြီ။

အဆုံးသတ်သွားခဲ့ပြီ။

ရုရှားကြီးဟာ အလဲလဲအကွဲကွဲနဲ့ နာလန်မထူနိုင်အောင်

ဒူးထောက်ကျသွားရှာပါတယ်။ အဓိကထိုးချက်က မီဒီယာတိုက်ကွက်တွေဖြစ်တယ်။

အမေရိကန်ခေါင်းဆောင်တဲ့ အရင်းရှင်စနစ် ကိုယ်စားပြုတဲ့ နိုင်ငံများအုပ်စုဟာ ပြိုင်သူမရှိ၊ တားရဲသူမရှိ၊ ကန့်ကွက်ပြောဆိုဝံ့သူမရှိ။ မိုက်တဲ့ကောင်ထွက်ခဲ့စမ်းကွ ဆိုပြီး ကမ္ဘာတစ်ဝှန်းကို ဗိုလ်ကျစိုးမိုးမယ့် အခြေအနေကို ရောက်လာပါတော့ တယ်။ ပါးစပ်ကပြောတာကတော့ ဒီမိုကရေစီထွန်းကားရေးတို့၊ လူ့ အခွင့်အရေးရရှိရေးတို့ သကာဖုံးထားတာပေါ့လေ။

သဲသဲကွဲကွဲသိချင်ရင်နောက်ကြောင်းကို ပြန်လှေ့လာကြည့်ပေတော့။ အနှစ်သာရကတော့ သူတို့ဩဇာနာခံရေးပဲ။ သူတို့ခိုင်းတာလုပ်။ ခေါ်ရင်လာခဲ့။ ခံမပြောနဲ့။ အဲဒီ (ခ)သုံးလုံးပေါ့ကွာ။

သူတို့မကြိုက်ပေမယ့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အကျိုးရှိတာလုပ်မယ်ဆိုရင် မရဘူး။ မလုပ်ရဘူး။ သူသဘောတူမှသာ လုပ်ရမယ်။ သူ့အမိန့်ရမှ ပြုရမယ်။ ဒီသဘောပေါ့ကွယ်။ ဩဇာခံ လက်ဝေခံဖြစ်စေရမယ်။

တကယ်တော့ အမေရိကန်ပြည်ထောင်စုဆိုတာ ပထမကမ္ဘာစစ်မှာရော၊ ဒုတိယကမ္ဘာစစ်မှာပါ စစ်ဘေး၊ စစ်ဒဏ်ကင်းဝေးတဲ့ မြောက် အမေရိကတိုက်မှာ တည်ရှိနေလို့ စစ်ပစ္စည်းတွေ ရောင်းပြီး ကြီးပွားချမ်း သာလာခဲ့တာ။

အမေရိကန်ပြည်ထောင်စုနဲ့ မိုင် ၉၀ပဲဝေးတဲ့ ကျွန်းကလေးပေါ်မှာ ကျူးဘားဆိုတဲ့ ဆိုရှယ်လစ်နိုင်ငံတစ်ခုရှိတယ်။ ကျူးဘားနိုင်ငံကို အမေရိကန်က သူ့တပည့်၊ သူ့လက်ဝေခံ အစိုးရဖြစ်အောင် ကြိုးစားတာအကြိမ် ၁၀၀၀ မကတော့ဘူး။ အာဏာသိမ်းဖို့လဲ လုပ်စေတယ်။ ကတ်စထရိုကို လုပ်ကြံဖို့လဲ လုပ်တယ်။ မအောင်မြင်ဘူး။

အမေရိကန်ရဲ့ ခနအင်အား၊ စစ်အင်အားနဲ့ယှဉ်ရင် ကျူးဘား

ဆိုတဲ့နိုင်ငံဟာ ဆင်နဲ့ ပုရွက်ဆိတ်လို ကွာတာပေါ့။ ဒါပေမယ့် ကျူးဘားမှ ပြည်သူတွေက မကြောက်ဘူး။

မျိုးချစ်စိတ်ရှိတယ်။

ပြည်သူတစ်ရပ်လုံး စည်းလုံးမှုရှိတယ်။

ကတ်စထရိုနဲ့ ချေဂွေဗားရားတို့ အထ္ထုပ္ပတ္တိတွေဖတ်ကြည့်ပါ။ အမေရိကန်ရဲ့ ယုတ်မာတဲ့ရာဇဝင်တွေ သိရလိမ့်မယ်။

ဗီယက်နမ်နိုင်ငံကိုလည်း အမေရိကန်ဟာ ၁၉၅၆ မှ ၇၅ခုအထိ အနှစ် ၂၀လုံးလုံးကြီးမားတဲ့ ရေတပ်၊ လေတပ်၊ အမြောက်တပ်၊ ကွန်မန်ဒို အထူးစစ်ဆင်ရေးတပ်တွေနဲ့ ကျူးကျော်သိမ်းပိုက်ခဲ့တာပဲ။ အညံ့မခံတဲ့ ဗီယက်နမ်တပ်မတော်ရဲ့ တော်လှန်ချေမှုန်းမှုကြောင့် ခွေးပြေး၊ ဝက်ပြေး အမေရိကန်စစ်သားတွေ ပြေးရတယ်။ အဖြစ်မှန်ပါ။

ဆော်လမွန်ဘုရင်ကြီးက မိန့်ကြားခဲ့သတဲ့ " ဒီကမ္ဘာလောကကြီးမှာ တစ်စုံတစ်ရာကို ငါတွေ့ခဲ့တယ်။ လျင်မြန်သူမှ အပြေးပြိုင်ပွဲမှာ နိုင်တာမဟုတ်သလို အားကြီးသူမှ တိုက်ပွဲမှာ နိုင်တာမဟုတ် " တဲ့။

ကဲ. . . ဘယ်သူဘယ်လောက်ပဲ အားကြီးကြီး ကြောက်စရာ မဟုတ်ဘူးဆိုတာ နားလည်ထားကြဖို့ လိုပါတယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
၁၆-၄-၂၀၀၀

☸ ☸ ☸ ☸

# လူတစ်ယောက်ရဲ့ တန်ဖိုး

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ . . .

" လူသားမျိုးနွယ်တို့ပြုလုပ်ကြံစည်ခဲ့သမျှ အရာခပ်သိမ်းသည် အလိုဆန္ဒပြည့်ဝရေး၊ ဆင်းရဲဒုက္ခပြေပျောက်ရေးတို့နှင့် ပတ်သက်ဆက်နွယ်နေပါသည်။ စိတ်ဓာတ်ရေးရာနှင့် သက်ဆိုင်သောလှုပ်ရှားမှုနှင့်ယင်းလှုပ်ရှားမှုတို့ တိုးတက်ဖြစ်ထွန်းလာမှုကို နားလည်လိုလျှင် အထက်ပါအချက်ကို စွဲစွဲမြဲမြဲ မှတ်သားထားဖို့ လိုပါသည်။ "

အိုင်းစတိုင်း (၁၈၇၉-၁၉၅၅) သိပ္ပံခေတ်တစ်ခုကို ကူးပြောင်းစေတဲ့ ရူပဗေဒ ပညာရှင်အိုင်းစတိုင်းက စိတ်ပိုင်းဆိုင်ရာနဲ့ပတ်သက်လို့ ပြောခဲ့ရေးခဲ့တာ များများစားစားမရှိလှပါဘူး။ သိပ္ပံပညာရှင်ရဲ့လောကအမြင် A Scientist's Cosmology ဆိုတဲ့ ဆောင်းပါး (စာတမ်း) မှာ သူကအထက်ပါ အဆိုအမိန့်ကိုရေးသားခဲ့ပါတယ်။

မှန်တယ် တူမောင်။

လူတွေဟာ သူကြိုက်ရာဆီကို ချဉ်းကပ်ရွေ့လျားနေကြတာပဲ။

အဲဒါက ပျော်ရွှင်သာယာမှု Pleasure။ လူတွေဟာ သူမလိုလားတာကို ကင်းဝေးဖို့၊ နည်းပါးဖို့ရှောင်ကွင်းနေကြတာပဲ။ အဲဒါကတော့ ဆင်းရဲဒုက္ခ Pain.

သုခချမ်းသာကိုရှာကြတယ်။

ဒုက္ခဆင်းရဲကို ရှောင်ကြတယ်။

အထက်ပါ နိယာမနဲ့ လူတွေက လှုပ်ရှားအသက်ရှင်နေကြတာပဲဖြစ်ပါတယ်။ ချမ်းသာချင်တယ်ဆိုရင် အရင် ပထမ အဆင်းရဲခံရမယ်ဆိုတာကိုတော့ လူတိုင်းမသိကြပါဘူး။ သိတယ်ထားဦး၊ လက်တွေ့လိုက်နာကျင့်ကြံဖို့ရာတော့ ဝန်လေးတတ်ကြတယ်။

No pain , no gain.

အနာမခံက အသာမစံရ။

ဦးဦးတို့တိုင်းပြည် ချမ်းသာချင်ရင် လူတွေကအဆင်းရဲ အပင်ပန်းခံပြီး အလုပ်ကိုကြိုးစားအားထုတ်ကြရမှာပဲ။ ဟုတ်ပြီနော်။ ချမ်းသာချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ချင်ပါတယ်ပြောနေပြီး လက်တွေ့ဘဝမှာ ရေသာခိုနေမယ်။ အလုပ်မလုပ်ဘဲ ပေါ့ပေါ့တန်တန် ဝတ်ကျေဝတ်ကုန် တို့တို့ထိထိလေးပဲ ဟန်ဆောင်ပန်ဆောင်လုပ်နေမယ်ဆိုရင် တကယ်ဖွံ့ဖြိုးတိုးတက်ပါ့မလား။

၁၈၂၄ခုမှ ၁၉၄၈ခုနှစ်အထိ ဗြိတိသျှနယ်ချဲ့ရဲ့ အဆက်မပြတ်ထိုးနှက်နှိပ်စက်မှု၊ ကျူးကျော်စော်ကား သိမ်းပိုက်ပြီး မတရားဖိနှိပ်သွေးစုတ် မှုကိုခံခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ သူ့ကျွန်ဘဝကလွတ်မြောက်ဖို့ရာတိုက်ပွဲပေါင်းများစွာ ဆင်နွှဲရပါတယ်။

နှစ်ပေါင်း ၁၀၀ကျော် တိုက်ခိုက်ဖိနှိပ်မှုကို အနိုင်မခံ ၊ အရှုံးမပေးတိုက်ပွဲဝင်ခဲ့ကြရတယ်။ အသက်စွန့်ရသူတွေ၊ ခန္ဓာကိုယ် အစိတ်အပိုင်း၊ ခြေ၊ လက်၊ မျက်စေ့ စတာတွေ စွန့်လွှတ်ရတာတွေ ဘယ်မှာရေတွက်နိုင်မှာလဲ။

သူတို့ဟာ ဘာကြောင့် အနစ်နာခံပြီး ဒီလိုစွန့်လွှတ်ဆန့်ကျင်ကြတာလဲ။ နောင်လာနောက်သားဖြစ်ကြတဲ့ ဦးဦးတို့ တူမောင်တို့ (သူတို့အချိန်အခါကတော့ အနာဂတ်မျိုးဆက်၊ မမြင်ရသေးတဲ့ သားစဉ်မြေးဆက်လူသားတွေ) အတွက်ပဲ မဟုတ်လား။

လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်တယ်ဆိုတာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့ လုပ်လို့ရတာမဟုတ်ဘူး။ ရဲဘော်ရဲဘက် သေဖော်ရှင်ဘက်တွေ စုပေါင်းပြီး တစ်ညီတစ်ညွတ်စုစည်းပြီး ညီညီညာညာတိုက်ခိုက်ရတာ။

မတရားစစ်၊ ကျူးကျော်စစ်ကို တရားတဲ့စစ်၊ တော်လှန်စစ်နဲ့ အဘိုးများ၊ အဘများဟာ ရဲရဲရင့်ရင့်ရင်ဆိုင်ကြရတာ။ အားမတန်ပေမယ့် မာန်မလျှော့ကြဘူး။ အသက်ပေါင်းများစွာ စွန့်လွှတ်ပေးဆပ်ရတာပေါ့။

သေတော့မယ့်ဆဲဆဲ ရဲဘော်တွေဟာ ဒဏ်ရာဒဏ်ချက်နဲ့ သွေး အလူးလူးကြားက နောက်ဆုံးစကားပြောကြားတဲ့အခါ သူတို့တော့ တိုင်းပြည်လွတ်မြောက်ရေးအတွက် အသက်ပေးလှူသွားပါပြီ။ ကျန်ရစ်ခဲ့တဲ့ လူတွေက ညီညီညွတ်ညွတ်နဲ့ လွတ်လပ်ရေးရတဲ့အထိဆက်ပြီး တိုက်ပေးပါ။ သူ့အတွက်တော့ လွတ်လပ်မှ အမျှဝေပါတဲ့။

ဘယ်လောက်စိတ်ထိခိုက်စရာ ကောင်းသလဲ။ သူတို့ဟာ မလွတ်မကျွတ်တဲ့ ဘဝကနေ ရန်သူကို ဆက်ပြီးအခဲမကျေ တိုက်ခိုက်နေချင်သေးတယ်။ လွတ်လပ်မှ အမျှဝေပါဆိုတာက လွတ်လပ်ရေး ရပါမှ သာခုခေါ်ပြီး ကောင်းမှုအမျှယူပြီးဘဝတစ်ပါးကို ကူးပြောင်းပါရစေ။

နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဆိုတာ လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန်ရရှိတာ မဟုတ်ဘူးတူမောင်။ လွတ်လပ်ရေးမဆုံးရှုံးအောင် လူမျိုးတိုင်း မထိန်းသိမ်းနိုင်ခဲ့ဘူး။ အင်အားကြီးမားတဲ့ အနောက်တိုင်းနယ်ချဲ့ရဲ့ ကျူးကျော်မှုဒဏ်ကို ၁၉ရာစုမှာ တရုတ်၊ အိန္ဒိယ၊ အရှေ့တောင်အာရှဒေသတစ်ခုလုံးပြားပြားဝပ်ခံကြရပါတယ်။ သမိုင်းဖြစ်ရပ်မှန်တွေ သိရမယ်။

၂၀ရာစုမှာ အမျိုးသားပညာရေးနိုးကြားမှုနဲ့အတူ ကိုလိုနီလက်အောက်ခံနိုင်ငံပေါင်းများစွာဟာ လွတ်မြောက်ရေးလှုပ်ရှားမှုတွေ ရဲရဲဝံ့ဝံ့လုပ်လာခဲ့တယ်။ အိန္ဒိယကလည်းအကြမ်းမဖက်ဝါဒနဲ့ဆန့်ကျင်လှုံ့ဆော်တယ်။ တရုတ်က ကွန်မြူနစ်ဝါဒ ကိုင်စွဲထားပြီး တိုက်တယ်။ အရှေ့တောင်အာရှနိုင်ငံတွေကိုလဲ နိုးကြားမှုတွေကူးစက်ပြန့်နှံ့စေခဲ့တယ်။နယ်ချဲ့ကမတတ်သာလွန်းလို့ နောက်ကိုခြေတစ်လှမ်းဆုတ်ခဲ့တာ။

၁၉၄၈ခုနှစ်(နှစ်ဆယ်ရာစုရဲ့ အလယ်လို့ အနီးစပ်ဆုံးပြောကြပါစို့) အချိန်မှာ လွတ်လပ်ရေးရတဲ့ ဦးဦးတို့နိုင်ငံဟာ အနှစ်၅၀ကာလ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ခိုင်ခိုင်မာမာ ကာကွယ်နိုင်ခဲ့ကြတယ်။ စစ်သည်တော်များ၊ ရဲရင့်သောပြည်သူ သူရဲကောင်းများ အတော်များများဟာ နိုင်ငံတော် လုံခြုံရေး၊ ခိုင်မာရေး၊ တည်တံ့ရေး အတွက် ကာကွယ်ရင်း အသက်ပေးခဲ့ကြရတာတွေတော့ ရှိသပေါ့။ သူတို့ကနိုင်ငံတော်ရဲ့ မြေ တစ်လက်မမျှ ရန်သူ ကျူးကျော်စော်ကားမှု မခံရအောင် ခုခံတိုက်ခိုက်ခဲ့လို့သာ အမိမြေဟာ လုံခြုံအေးချမ်းတာ။

၂၁ရာစုအနာဂတ်ကာလကို ဆက်လက် ဖြတ်သန်းကြရမယ့် အချိန်မှာ နိုင်ငံတကာအပေါ် ဩဇာအာဏာလွှမ်းမိုးလိုတဲ့ ခေတ်သစ်ကိုလိုနီနယ်ချဲ့က အစွယ်တဖွေးဖွေးပြလာတဲ့ အချိန်ဖြစ်နေလေရဲ့။ “ သူဖြတ်သန်းကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းပေးတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ လူတစ်ယောက်ရဲ့ တန်ဖိုးကိုတိုင်းတာရမှာပဲ ” လို့ ဆရာဗန်းမော်တင်အောင် (၁၉၂၀-၁၉၇၈) ကပြောခဲ့သတဲ့။ အဖိုးတန်တဲ့ လူတစ်ယောက်ဖြစ်ပါစေ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
သတင်းစုံဂျာနယ်၊ အတွဲ(၃)၊ အမှတ်(၃၇)

☸ ☸ ☸ ☸

# ချစ်လက်ဆောင်

ချစ်သူငယ်ချင်းကျော်ဇေယျ
ရွှင်လန်းချမ်းမြေ့ပါစေ . . .

ခရစ်နှစ် ၂၀၀၀၊ လွတ်လပ်ရေးနေ့မှာ နိုင်ငံတော်အစိုးရက ချီးမြှင့်တဲ့ ဆုတံဆိပ်ရရှိသူများစာရင်းထဲမှာ ကိုယ်ပါတာတွေ့ရလို့ အထူးဝမ်းသာကြောင်းရေးလိုက်တဲ့စာကို ကျေးဇူးတင်စွာရရှိပါတယ်။ သူငယ်ချင်းကခုလို ချီးကျူးတာကို အလွန်ကြည်နူးမိပါတယ်။

လုံးချင်းစာအုပ်တစ်အုပ်ပဲ စပြီးထုတ်ရသေးတယ်။ ၁၉၉၆ခုနှစ်မှာ အမျိုးသားစာပေဆု(လူငယ်ဆိုင်ရာ)ကို ဒီပထမဦးဆုံးစာအုပ်နဲ့ (ချစ်လို့ပြောတာမှတ်ပါ) ဆုရခဲ့တယ်။ ဝန်ထမ်းအဖွဲ့အစည်းတစ်ခုရဲ့ အကြီးအကဲတာဝန်ကို ၁၉၉၇ခုနှစ်၊ နိုဝင်ဘာလမှာ စတင်ခန့်အပ်ခြင်းခံရပြီး ၁၉၉၈မှာ အတည်ပြုခန့်အပ်ထားခဲ့တယ်။ ၁၉၉၉အတွက် “ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ” ကို ပေးအပ်ခြင်း ခံရတော့တာပဲ။ မင်းကတစ်သက်လုံးအမိအဘကို လုပ်ကျွေးခဲ့တော့ ကံကောင်းတာပေါ့ကွာလို့ မင်းပြောလေ့ရှိတယ်နော်။ အေး . . အဲဒါလည်း အကြောင်းတစ်ရပ်ပါမှာ ပေါ့ကွယ်။

ကံကောင်းအောင် အလုပ်ကောင်းရမယ်။

သူငယ်ချင်းပြောတာကို မငြင်းပါဘူး။

ကံကောင်းစေတဲ့ အခြေခံနည်း နိဿရည်းကိုတော့ မကွယ်မဝှက်ပြောပြချင်ပါတယ်။ ကျေးဇူးရှင်ဆရာတစ်ဦးပေးခဲ့တဲ့ ဆေးသုံးလုံးပါပဲ။

၁။ စိတ်ဓာတ်ကောင်းရမည်။

၂။ စည်းကမ်းကောင်းရမည်။

၃။ စေတနာကောင်းရမည်။

သူငယ်ချင်းက တစ်ထွာပြလျှင် တစ်လံမြင်တာမို့ အရိပ်ပြရင် အကောင်ထင်တဲ့လူပါ။ အကျယ်မရှင်းပြတော့ဘူးနော်။ မင်းကကွာ . . ချစ်သမီးမေလေး၊ ချစ်သူငယ်ချင်းမေခင်၊ ချစ်စွာသောတူမောင်စသည်ဖြင့် စာတွေရေးတာတွေ့ရပ့ါဗျာ။ ချစ်သူငယ်ချင်းဇေယျလို့တော့ တစ်ခါမှမရေးပါလားဟ။ မင်းပြောတာ။

အေး . . အေး . . ဟုတ်တယ်။ သူငယ်ချင်းပြောတာမှန်ပါတယ်။ ငါရေးသမျှ ဆောင်းပါးတွေကို ဂျာနယ်၊ မဂ္ဂဇင်း၊ အကြိုအကြားမကျန် မင်းရှာဖွေပြီးဖတ်တယ်ဆိုတာ ကိုယ်သိထားပါတယ်။ ဒါကြောင့်စကားပြောသလိုပဲ ရေးရေး၊ စကားပြေအနေနဲ့ရေးရေး၊ ကိုယ်ရေးခဲ့တဲ့ဆောင်းပါးတွေဟာ မင့်အမည်မတပ်ထားပေမဲ့ သူငယ်ချင်း မင့်အတွက်ဆိုတာပြောစရာလိုသေးလို့လားကွယ်။

ဒီစာမှာ သူငယ်ချင်းကိုကျေးဇူးဆပ်တဲ့အနေနဲ့ လုပ်ငန်းခွင်အောင်မြင်ရေးနဲ့ ဆိုင်တဲ့အချက်အချို့ကို ဖော်ပြဆွေးနွေးမယ်။ ကိုယ့်ဘဝကိုအထူးကျေးဇူးပြုခဲ့တဲ့ ငယ်ပေါင်းရောင်းရင်း သူငယ်ချင်းတွေရှိတယ်။ ရန်ကုန်မှာ တစ်နှစ်တာ အရိပ်ခိုခွင့်ပေးခဲ့တဲ့ သန်းနိုင်ဦး။ ကိုယ့်အပေါ်မှာ အစစအရာရာ အနစ်နာခံခဲ့တဲ့ မင်း(ကျော်ဇေယျ)နဲ့ အောင်သန်းမြင့်၊ အောင်ကျော်ဌေး စတဲ့ သူငယ်ချင်းတွေပေ့ါကွာ။

သူငယ်ချင်းတွေကို ကိုယ်ကကျေးဇူးတုံ့ပြန်နိုင်တဲ့ အချက်ကတော့ အတွေး(အိုင်ဒီယာ) လက်ဆင့်ကမ်းခြင်းပါပဲ။ သူငယ်ချင်း စဉ်းစားကြည့်ပေါ့။ ယုံကြည်ရင် လက်တွေ့သုံးကြည့်ပေါ့။ ဟုတ်တယ်ဟ။ ကောင်းတယ်ကွဆိုရင် ဆက်သုံးပေါ့။ တကယ်ပဲ ထိရောက်အောင်မြင်တယ်ဟေ့ဆိုရင် တစ်သက်လုံး လက်စွဲထားပေရော့။

အပ်ဖျားရေစက် အနက်ပင်လယ်နော်။

ဒီစာမှာတော့ တိုတိုပဲ ဖော်ပြမှာ။

သူငယ်ချင်းတို့က ဉာဏ်လည်းရှိပြီးသား၊ ပညာလည်း တတ်ပြီးသား။ အကျယ်ကို မိမိဘာသာဆက်ယူ။

## ၁။ MISSION ရည်မှန်းချက်တာဝန်

အထက်ကပေးအပ်တာပဲဖြစ်ဖြစ်၊ မိမိအဖွဲ့အစည်းအတွက် မိမိရဲ့သတ်မှတ်ချက်ပဲဖြစ်ဖြစ်၊ တိတိကျကျရေရေရာရာ ချမှတ်ပြီး အမြဲတစေရွတ်ဆိုနေရမယ်။ မထွေပြားရဘူး။ မသွေဖည်ရဘူး။ မဖြစ်ဖြစ်အောင်လုပ်မယ်။ မရောက်ရောက် အောင် သွားမယ်။ မရရအောင် ယူမယ်လို့ ခိုင်မာရမယ်နော်။

ရည်မှန်းချက်တာဝန် ထမြောက်အောင်မြင်ရေးဟာ ဘဝအောင်မြင်ရေးပါပဲ။ အရေးအကြီးဆုံး ဖြစ်ပါတယ်။ မအောင်မြင်သူများ၊ လွဲချော်သူများဟာ ရည်မှန်းချက်တာဝန်ကို အဖွဲ့အစည်းတစ်ခုလုံးက နားမရှင်းလို့၊ မသဲကွဲလို့၊ မရေလည်လို့ ဖြစ်တာကို တွေ့ရတတ်ပါတယ်။ ငါတို့ ဒီအလုပ်တွေကို ဘာရည်ရွယ်ချက်နဲ့ လုပ်နေကြရတာလဲ။ (WHY) ဆိုတဲ့ အဓိကအကြောင်းတရားကို အားလုံးနားလည်ပြီး စွဲမှတ်ထားကြရပါမယ်။

## ၂။ MANAGEMANT စီမံခန့်ခွဲရေး

ရည်မှန်းချက်ကို သိရုံသက်သက်နဲ့တော့ မပြီးသေးဘူး။ အသင်းအပင်း အဖွဲ့အစည်းအနေနဲ့ တာဝန်ကိုယ်စီခွဲဝေပြီး ခန့်ခွဲရတယ်။

အဆင့်ဆင့်ကွပ်ကဲရတယ်။ ကြီးကြပ်ရတယ်။ အဲဒါတွေကို ဆောင်ရွက်ကြရာမှာ စီမံခန့်ခွဲရေးပညာဟာ လိုအပ်တယ်။ အစီအမံကောင်းမှ လွယ်ကူချောမွေ့တယ်။ အစီအမံညံ့ဖျင်းရင် နှေးကွေးတတ်ပါတယ်။ မထိရောက်ဘူး။

ယခုခေတ်မှာ စီမံခန့်ခွဲရေးနှင့် ဆိုင်တဲ့ စာအုပ်ကောင်းတွေ ဟိုယခင်(၁၀)စုနှစ်များကထက် အများကြီးထွက်နေပါတယ်။

သို့သော် ဆူလိုက်ပူလိုက်၊ ဟိုအကွေ့ ဟိုတက်နဲ့လှော်လိုက်၊ လက်တန်းတွေ ဗရမ်းဗတာလုပ်လိုက်နဲ့၊ ကသောင်းကနင်းလုပ်နေကြတဲ့ (ပုဂ္ဂလိက ကုမ္ပဏီ စတဲ့) နေရာတွေလည်း လေ့လာသိရှိရပါတယ်။ နိဂုံးချုပ်တော့ ဖျက်သိမ်းသွားကြရရှာတယ်။ အရည်အသွေးပြည့်ဝတဲ့ စီမံခန့်ခွဲရေးကွင်းဆက် ဝန်ထမ်းတွေရှိအောင် လုပ်ရမယ်ကွ။ အထူးသဖြင့် အဆက်မပြတ် လေ့ကျင့်ပေးနေရမယ်။ ဒါပါပဲ။

## ၃။ MORALE စိတ်ဓာတ်မြှင့်တင်ရေး

စီမံမှုကောင်းတာနဲ့ စိတ်ဓာတ်မြင့်မားစေတာနဲ့ဟာ တိုက်ရိုက်အချိုးဆက်သွယ်နေပါတယ်။ ထို့ပြင် စိတ်ဓာတ်ကောင်းစေဖို့ ရုပ်ဝတ္ထုပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာအချက်တွေကို ဖြည့်တင်းပေးရပါမယ်။

အထူးသဖြင့်က အနုပညာသမားလို သီးခြားထူးချွန်တဲ့ ပညာရှင်လိုပုဂ္ဂိုလ်မျိုးတွေဟာ ကိုင်တွယ်ရာတာ ထူးခြားတယ်။

ရေတစ်ခွက်နဲ့ ရက်ပေါင်းများစွာ မိုးလင်းအောင် ကူညီဆောင်ရွက်ပေးတာမျိုးလည်း လုပ်ချင်လုပ်တတ်တယ်။ ရွှေတွေ၊ ငွေတွေ၊ ဒေါ်လာတွေ လှည်းတစ်စီးစာ ပုံပေးပါမယ်ပြောပေမဲ့လည်း နိုး။ လုံးလုံးမာမာ တင်းတင်းငြင်းပယ်တာမျိုးလည်း လုပ်ချင်လုပ်နိုင်တယ်။ မာနရှိတယ် သူငယ်ချင်း။ သူတို့ကို သာမန်လိုသဘောထားရင် မကြိုက်ဘူး။ ထူးချွန်သူတွေကိုး။

ဆီလျော်ထိုက်သင့်တဲ့ ဆက်ဆံရေးနဲ့မှ ရတယ်။ အံ့ဝင်ခွင်ကျ

မှ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်တယ်။ မာန်လိုက်၊ မဲလိုက်လို့တော့ ကြောက်မယ်မထင်နဲ့။ သူတို့စိတ်ထဲကကြိတ်ပြီးရယ်နေတာကွ။ တတ်နိုင်သမျှ ချော့ပြောကွာ။ ဒါပါပဲ။ ချိုချိုသာသာပျော့ပျော့ပြောင်းပြောင်း ပြောရင် ဘယ်လူမဆို နားဝင်တာပေါ့ကွယ်။ ဘုရားဟောဇာတ်တော်ရှိသမို့လား။ ဘုရားအလောင်းနွားတောင် ဆဲရင် မရွေ့ဘူး။ ဖေ့သားကြီး။ ဖေဖေ့ချစ်သား နွားလားဥသဖကြီး ရုန်းပါဦးကွယ့်ဆိုမှ လှည်းတွေဆယ်စီး တစ်သီတစ်တန်းကြီး ဆွဲသွားခဲ့တယ်မဟုတ်လား။

စိတ်ဓာတ်မြှင့်တင်ရေးကိုအလေးပေးပါ။ စိတ်ဓာတ်ကျအောင် လုပ်ရင်တော့ သူငယ်ချင်း ဘေးဖယ်ပေးရမယ်။ ၂၁ ရာစုဟာ အရှိန်အဟုန်အင်မတန်လျင်မြန်တယ်။ မင်းမစွမ်းရင် မင်းထက်သာတဲ့ လူငယ်တစ်ယောက်က အစားဝင်လိမ့်မယ်။ စိတ်ဓာတ်ကျတဲ့ အဖွဲ့အစည်းတော့မဖြစ်ပါစေနဲ့။

MOTIVATION စေ့ဆော်မှု၊ စိတ်ဆန္ဒထက်သန်အောင် အလေးထားဆောင် ရွက်ပါ။ ဒါဟာသူငယ်ချင်းအတွက် သော့ချက်ပါပဲ။

## ၄။ WELFARE **ပျော်ရွှင်ချမ်းမြေ့ရေး**

ဝဲလ်ဖဲယားကို သက်သာချောင်ချိရေးလို့ ဘာသာပြန်ပြီး ငွေကြေးထောက်ပံ့တာ။ ဆန်ဆယ့်လေးပြည်ဝေတာနဲ့ ကျေနပ်ရပ်တန့်နေတာမျိုးတွေ ရှိတတ်တယ်။ မပြည့်စုံသေးဘူး။ ကျောင်းဖွင့်ချိန်မှာ စာအုပ်စာတမ်းတွေဝယ်ပေးတာ၊ အားကစားလေ့ကျင့်ဖို့ စီမံပေးတာ၊ အနားယူအပမ်းဖြေဖို့ စီမံပေးတာ၊ နေထိုင်မကောင်း မကျန်းမာရင် သက်သက်သာသာနဲ့ ဆေးဝါးကုသခံရအောင် ဆောင်ရွက်ပေးတာ၊ အငြိမ်းစားယူသွားတဲ့အခါ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းတွေနဲ့ သံယောဇဉ်ဖွဲ့ချည်ပေးတာ စသည့်ဖြင့် အများကြီးပေါ့ကွယ်။

အေး . . မြစ်ကို အလျှားလိုက်ကူးရသလို ကျယ်ပါတယ်။ ပြည့်စုံပြီ။ ကုန်ပါပြီလို့ ဘယ်ရှိမှာလဲ။ သို့သော် မိမိနိုင်သမျှ စွမ်းသမျှ

ကိုယ့်ရဲ့လက်အောက် ငယ်သားတွေကို ပျော်ပျော်ရွှင်ရွှင် လန်းလန်းဆန်းဆန်းရှိအောင် မျက်ခြည်မပြတ်ကြည့်ပြီး ဖြည့်ဆည်းပေးရမယ်။ ဂရုစိုက်ကြရမယ်။ အတိတ်ရှေ့က အားနည်းချက်ဟာ သမိုင်းပဲ။

သမိုင်းဆိုတာ သင်ခန်းစာယူဖို့ လေ့လာကြရတာ။ သူငယ်ချင်းတို့ ကိုယ်တို့ဟာ မျက်စိအောက်မှာတင် ဖြစ်ပျက်ခဲ့တာတွေထဲမှာ သင်ခန်းစာမယူတတ်ဘဲ ထပ်ဖန်တလဲလဲ မှားလိုက် ချော်လိုက်ဖြစ်နေရင် ဘယ်ဟန်ကျပါ့မလဲ။ တို့လက်ထက်မှာ သည့်ထက်ကောင်းအောင် အထူးကြိုးစားပြီး ထမ်းဆောင်ကြရအောင်။

သူငယ်ချင်းရေ နိဂုံးချုပ်ပါရစေ။

၁။ ရည်မှန်းချက်တာဝန်။

၂။ စီမံခန့်ခွဲရေးတာဝန်။

၃။ စိတ်ဓာတ်မြှင့်တင်ရေး။

၄။ ပျော်ရွှင်ချမ်းမြေ့ရေး။

အလုပ်ခွင်မှာ စိုးရိမ်သောက ပူပန်စိတ်ဆင်းရဲရတာ မရှိဘဲ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ ရှိနေကြမှ အောင်မြင်ပါလိမ့်မယ်။ စီမံထူးချွန်တံဆိပ်(ပထမဆင့်) ရခဲ့တဲ့ ကိုယ့်ရဲ့ရင်ဖွင့်စကား။ အချစ်ဆုံးသူငယ်ချင်းမို့ပေးတဲ့ လက်ဆောင်စကား။

ချစ်စွာသော
ချစ်နိုင်(စိတ်ပညာ)

အပျိုမ မဂ္ဂဇင်း
မတ်လ၊ ၂၀၀၀

☸ ☸ ☸ ☸

# ခေါင်းဆောင်မှုအကြောင်းသိကောင်းစရာ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

ဗိုလ်လောင်းစာမေးပွဲ ရေးဖြေအောင်တယ်တဲ့။ ဗိုလ်ရွေးအဖွဲ့ကို လက်တွေ့၊ လူတွေ့သွားပြီးဖြေရဦးမယ်တဲ့။ အဲဒါဘယ်သူ့ကို ဆက်သွယ် ရမလဲ။ ဘယ်လောက်ကန်တော့ရမလဲလို့ လားမေးတဲ့သူရှိတယ်။ ဦးဦးကတော့ ရှင်းရှင်းပဲပြောလိုက်တယ်။ သွားချင်ရာသွား၊ ပေးချင်ရာပေး၊ အဲဒါက ကိုယ့်သဘောအတိုင်းပဲ။ တကယ်ကတော့ဖြေဆိုသူ ကိုယ်တိုင်က တပ်မတော်အရာရှိဘဝနဲ့ သင့်တော်ဆီလျော်မယ်ဆိုရင် မုချရွေးချယ်မှာပဲ။ ဘယ်သူ့ကိုမှ မျက်နှာမလိုက်ခဲ့ဘူး။

ခေါင်းဆောင်ဆိုတာ အုပ်စုတစ်ခုကို ဦးစီးရှေ့ဆောင်ပြီး ရည်မှန်းချက် တစ်ရပ်ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်ရတဲ့ လူပဲဖြစ်တယ်။ ခေါင်းဆောင်မှုဆိုတာ “ ကိုယ်လုပ်စေချင်တာကို သူတို့လုပ်ကာ ဖြစ်အောင်ဖန်တီးခြင်းဟာ ခေါင်းဆောင်မှုအနုပညာဖြစ်တယ် ” လို့ အမေရိကန်သမ္မတ (အငြိမ်းစားစစ်ဗိုလ်ချုပ်ကြီး) ဟိုက်ဆင်ဟာဝါက ပြောခဲ့ဖူးတယ်။

ခေါင်းဆောင်မှုယူနေတဲ့ အနောက်အုပ်စုရဲ့ လုပ်ပုံ၊ ကိုင်ပုံကို လေ့လာကြည့်ရင် ကမ္ဘာ့အနေအထားအပေါ် တစ်ဆင့်ထက်တစ်ဆင့် အတင့်ရဲလာတာတွေ့နိုင်တယ်။ ဒါကလည်း မဆန်းဘူး။ သူ့ကိုအံတုယှဉ်ပြိုင်နိုင်သူဟာ မရှိတော့ဘူး။ အဲ- မရှိသေးဘူး။ ဆိုဗီယက်ပြည်ထောင်စုကြီးဟာ တစ်စစီပြိုကွဲပြီး အင်အားချိနဲ့သေးငယ်သွားခဲ့ပြီ။ စစ်အေးကာလ အနေနဲ့ နှစ်ပေါင်း၅၀ကျော်မျှ သူတင်ကိုယ်တင် အားချင်းယှဉ်ခဲ့တဲ့ ပထမဦးဆုံးသော ကမ္ဘာပေါ်မှ ဆိုရှယ်လစ်စနစ်နိုင်ငံကြီးဟာ စီးပွားရေး၊ လူမှုရေး၊ ချွတ်ချုံကျပြီး ပြဿနာပေါင်းစုံ ထွေးလုံးရစ်ပတ်နဲ့ နာလန်မထူနိုင်အောင် လဲပြိုသွားရှာပြီ။

နိုင်ငံရေးအနှစ်သာရ ဆက်လက်ဆုတ်ကိုင်ပြီး၊ စီးပွားရေးကို ခေတ်မီအောင် လုပ်ဆောင်နိုင်ခဲ့တဲ့ တရုတ်ပြည်ကတော့ ယခုထိ အရှိန်ကောင်းကောင်းနဲ့ တက်လာနေဆဲပေါ့။ သို့သော် အမေရိကန်ပြည်ထောင်စုရဲ့ မဟာအင်အားလွန်အခြေအနေကိုတော့ မယှဉ်နိုင်သေးဘူး။ ဒီတော့ အမေရိကန်ပြည်ထောင်စုကို ဟန်ချက်ထိန်းညှိနိုင်မယ့် ပြိုင်ဘက် အနေနဲ့မရှိခဲ့ဘူး။ ၁၉၉၁ကစပြီး အနောက်အုပ်စုဟာ ပြိုင်ဘက်ကင်း၊ တစ်ဗိုလ်တစ်မင်းဖြစ်နေတယ်။ New World Order ဆိုတာ နှစ်ဆယ့်တစ်ရာစုမှာ အမေရိကန်ပြည်ထောင်စုရဲ့ ဩဇာအာဏာစက် အဖြန့်ကျက်နိုင်ဆုံးဖြစ်အောင် ဆောင်ရွက်မယ့် အစီအစဉ်ပဲ။

တူမောင်တို့ ဦးဦးတို့ မြန်မာနိုင်ငံဆိုတာ တိုက်ရိုက်အားဖြင့် သူတို့နဲ့အဝေးကြီးပါ။ ဘာမှ ထိတွေ့ဆက်ဆံစရာမရှိလှပါဘူး။ သို့သော် Global Village တဲ့။ ကမ္ဘာကြီးဟာ ရွာတစ်ရွာကဲ့သို့ ကျဉ်းကျုံးသွားပြီဆိုတာကိုး။ မခေါ်ချင်လို့လည်းမရဘူး။ မျက်နှာချင်းမဆိုင်ချင်လို့လည်း မရဘူး။ မဆက်ဆံချင်ပေမယ့် လည်းမရဘူး။ ကမ္ဘာသူ၊ ကမ္ဘာသားတွေဟာ ရွာသူရွာသားတွေလိုပဲ နီး ကပ်သွားအောင် ခေတ်ကမြန်နေပြီ။ I.T လို့ခေါ်တဲ့ သတင်းဆိုင်ရာ နည်းပညာကလည်း အံ့ဩလောက်အောင် တိုးတက်လျင်မြန်စေတယ်။

ဘယ်သူနဲ့မှကင်းလို့မရဘူး။

ဒီလိုအခြေအနေမျိုးမှာ တူမောင်တို့ အထူးဂရုပြုပြီးလေ့လာ ဆည်းပူးကြရမယ့် ပညာရပ် ၂ခုကတော့-

(၁) ခေါင်းဆောင်မှုပညာနဲ့

(၂) စီမံခန့်ခွဲမှုပညာတို့ဖြစ်တယ်။

ဦးဦးဟာ စစ်ဦးစီးတက္ကသိုလ် ၂ခုကို တက်ခဲ့ရဖူးတယ်။ နိုင်ငံ တော်ကာကွယ်ရေးတက္ကသိုလ်မှာလည်း သင်တန်းတက်ခဲ့ဖူးတယ်။ စစ် ဦးစီးတက္ကသိုလ်မှာ နည်းပြမှူးကြီးလည်း လုပ်ခဲ့ဖူးပါတယ်။

ခေါင်းဆောင်မှုပညာဆိုတာသင်ပေးလို့မရဘူး။ ခေါင်းဆောင် မှုပညာဆိုတာ မိမိက သင်ယူမှရတယ်။ လိုလိုချင်ချင်လေးလေးစားစား နဲ့ နာယူမှတ်သားပါမှ ရနိုင်တယ်။

ခေါင်းဆောင်တစ်ယောက်အနေနဲ့ ကြည့်ရှုရမယ့် အရပ် မျက်နှာက သုံးဘက်ရှိတယ်ဆိုရမယ်။

(၁) အခြေအနေ

(၂) လက်အောက်ငယ်သား

(၃) ရည်မှန်းချက်တာဝန်(သို့) ဦးတည်ချက်ပန်းတိုင်။

အကယ်၍ စစ်ရေးနိုင်ငံရေးနယ်ပယ်မျိုးမှာ ဆိုရင်အောက်ပါ အချက်(၂)ခု ထပ်ထည့်ရမယ်။

(၄) ရန်သူ

(၅) မဟာမိတ်

ဒီအင်အားစုတွေကို မိမိလိုရာရောက်အောင် ကစားရမှာ ခေါင်းဆောင်ရဲ့ တာဝန်ပဲ။

STRATEGY ခေါ်တဲ့ မဟာဗျူဟာရှိတယ်။ ဒီမဟာဗျူဟာ ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရတဲ့ နည်းဗျူဟာ TACTICS ဆိုတာ တွေ့ချမှတ်ရမယ်။

တူမောင်တို့ လူငယ်တွေဟာ အဘက်ဘက်ကစွမ်းရည်ပြည့်ဝ မြင့်မားနေကြရမယ်။ ရည်မှန်းချက်ပြီးမြောက်ရေးကို မိမိကိုယ်တိုင်က ဦးစီးခေါင်းဆောင် လုပ်ဆောင်ကြရမယ်။ စစ်တပ်မှာမှ စစ်သားကို စစ်ဗိုလ်ကခေါင်းဆောင်ရတာမဟုတ်ဘူး။ လူလူချင်းထိတွေ့ဆက်ဆံနေရသမျှ ခေါင်းဆောင်နဲ့ ငယ်သားဆိုတာ ရှိရမှာပဲ။ ကိုယ့်မြို့ကိုယ့်ရွာတင်မရှုမြင်နဲ့။ နိုင်ငံအပြင်ကို ဉာဏ်မျက်စေ့နဲ့ထွက်ပြီးကြည့်လိုက် ယှဉ်လိုက်စမ်းပါ။

နွေးနွေးကွေးကွေး၊ လေးလေးလံလံလုပ်နေရမယ့် အချိန်လား။

ပျင်းတိပျင်းတွဲနဲ့၊ စိတ်ပါမှလုပ်မယ်။ စိတ်မပါသေးရင် အေးအေးဆေးဆေးပျော်ပျော်ပေါ့လို့ နေရမယ့် အခြေအနေလား။

တူမောင်တို့ဟာ အနာဂတ်မှာ ဗိုလ်ချုပ်တွေ၊ ပါရဂူတွေ၊ ပညာရှင်တွေ၊ စာပေပညာရှင်တွေ၊ ကမ္ဘာကျော် အားကစားသမားတွေ မဖြစ်လာပေဘူးလား။

ဟ-မဖြစ်ဘူးလို့ ထင်ထားရင်တော့ ဗေဒင်မေးမနေနဲ့။ မဖြစ်ဘူး။

" သင့်အတွေးအကြံအတိုင်းသာ " ဆိုတဲ့ စာအုပ်တွေ့ဖူးပါလိမ့်မယ်။ ဆရာဖေမြင့် ဘာသာပြန်ထားပါတယ်။ အရာရာဟာ မိမိတွေးတော မြော်မှန်းတဲ့အတိုင်းသာလျှင် ဖြစ်ပေါ်လာကြရတာ ဓမ္မတာပါပဲ။

ဦးဦးဟာ တစ်ခါမှ သူဌေးသူကြွယ်ဖြစ်ဖို့ရာ စိတ်မကူးခဲ့ပါဘူး။ အဖိုးတန်တဲ့ပစ္စည်းတွေကိုကာကွယ်ခဲ့ရပေမယ့်လည်း လက်ဖျားနဲ့မထိခဲ့ပါဘူး။ ချမ်းသာအောင်လည်း မကြိုးစားခဲ့မိပါဘူး။ အေးဗျ။ ဒီတော့လည်း မချမ်းသာတဲ့ဘဝပဲနေရတာပေ့ါ။ ဒါပဲ၊ ဦးဦးဟာ ကျောင်းဆရာဖြစ်ချင်ခဲ့တယ်။ စာသင်ရတာကို ပျော်တယ်။ ဟောစစ်ဦးစီးတက္ကသိုလ်

မှာ နည်းပြတာဝန်(၅)နှစ်ကြာခဲ့တယ်။ ခုထိလည်း စာကြည့်တိုက်ဖွံ့ဖြိုး ရေးဝန်ထမ်းများ လုပ်ငန်းခွင်မှာ စိတ်ချမ်းသာရေးနဲ့ ပတ်သက်လို့ ဟောပြောပို့ချနေရဆဲပါ။

ဦးဦးဟာစစ်ဗိုလ်လုပ်ချင်တယ်။ ရဲဘော်သုံးကျိပ်ရဲ့စွန့်စားမှု တွေ၊ ဂျပန်ခေတ် ဗိုလ်သင်တန်းသားတွေရဲ့ မှတ်တမ်းတွေ၊ ဗိုလ်ဥာဏ် မောင်၊ ဗိုလ်မင်းညို၊ ဗိုလ်မင်းခေါင်၊ ဗိုလ်တာရာ၊ ဗိုလ်ဗလ စတဲ့ ပုဂ္ဂိုလ် များရဲ့ စာအုပ်တွေကိုဖတ်ပြီး စစ်ဗိုလ်ရူး ရူးခဲ့တယ်။ ရှစ်တန်း၊ ကိုးတန်း မှာ မိမိမှတ်စုမှာ အမည်ရေးထိုးတဲ့ခါ ဗိုလ်ကိုကိုနိုင်လို့ရေးထားတယ်။ ရူးပုံရူးပုံ။ ၁၉၆၂ကာလဆီက စိတ်ကူးတွေဟာ ၁၉၇၂မှာတော့ ဗိုလ်သင် တန်းဆင်းတဲ့ ဒုဗိုလ်ဖြစ်တာစေတာပဲ။

စိတ်ကူးပါ။

ခေါင်းဆောင်အနေနဲ့ စိတ်ကူးပါ။

ခေါင်းဆောင်လို့ မိမိကိုယ်ကို ခံယူပြီး ပြောဆိုပြုမူနေထိုင်ပါ။ လုပ်ကိုင်ဆောင်ရွက်စမ်းပါ။

နိုင်ငံတကာမှာ မိမိအပေါ် ဆရာလုပ်၊ ဗိုလ်ကျချင်တဲ့လူတွေ ကိုဟောက်ထုတ်နိုင်ပြီး၊ ဟေ့- ငါကမြန်မာကွ။ မင်းတို့ကို ခေါင်းဆောင် လုပ်မယ့်ကောင်ကွ ဆိုတာ နောင်(၁၀)နှစ်မှာ လက်တွေ့ပြလိုက်ပါ။

အေး၊ ဦးစွာ ပထမ စိတ်ကူးထဲမှာ အမြဲထည့်ထားတူမောင် ဟာ ခေါင်းဆောင်ကောင်းပဲဆိုတာ . . . . ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

ဗီဒီယိုရုပ်ရှင်ဂျာနယ်၊ အတွဲ(၄)၊ အမှတ်(၁)

☸ ☸ ☸ ☸

# ချစ်သောမောမြေက ရွာကလေးတွေ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

ယခုနှစ်ဖေဖော်ဝါရီလ ၁၅ရက်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှာ ရောက်ရှိနေတဲ့ ဦးဦးဟာလောက်ကိုင်၊ ချင်းရွှေဟော်၊ ကွမ်းလုံမြို့များမှပြန်လာပြီး ယခုတစ်ဖန် သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်မြို့များ သို့ တစ်ညအိပ်သွားရောက်ဖို့ ကားတစ်စီးနဲ့ ခရီးထွက်ခဲ့ရပြန်တယ်။ လားရှိုးဆိုတာ ရှမ်းပြည်နယ်မြောက်ပိုင်းရဲ့ စီးပွားရေး၊ လူမှုရေး၊လမ်းပန်း ဆက်သွယ်ရေး၊ ယဉ်ကျေးမှုစသည်တို့ ဆုံစည်းစုဝေးရာ အချက်အချာ မြို့တော်တစ်ခုဖြစ်ပါတယ်။ ကားလမ်းတွေလည်း ငါးလမ်းဆုံတယ်။ မန္တလေးနဲ့ရထားလမ်းလည်းပေါက်တယ်။ အသွားအပြန်နေ့စဉ်ရထား တွေရှိကြတယ်။ လေဆိပ်လည်းရှိတယ်။ နေ့စဉ်နီးနီး လေယာဉ်အဆင်း အတက်တွေရှိတယ်။ လားရှိုးဟာမျက်စိအောက်မှာတင် ကျယ်ပြန့်ဆန့် ကားပြီး ကြီးမားစည်ကားတဲ့ မြို့ကြီးဖြစ်လာပါတယ်။

၁၉၇၂မှ ၁၉၇၈ ကာလအထိ ဦးဦးဟာ လားရှိုးမြို့ကို ဗဟို

ထားပြီး ကွတ်ခိုင်၊ သိန္နီ၊ မိုးကျက်၊ မိုးယော်၊ တန့်ယန်း၊ မိုင်းယယ်၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ နမ့်ဟိုင်း၊ မန်တုံစတဲ့ ပတ်ဝန်းကျင်ဒေသ မရောက်ဖူးတဲ့ရွာ၊ မဖြတ်ဖူးတဲ့ချောင်းရယ်လို့ မရှိလှုပ်ရှားခဲ့ရတာပေါ့။ တပ်စုမှူး၊ တပ်ခွဲမှူးဘဝနဲ့ နေ့နေ့ညည လုံခြုံရေးလှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့ရတယ်။ ရန်သူကပြောက်ကျားစစ်ဆင်နွှဲတော့ ဦးဦးတို့ကလည်း တန်ပြန်ပြောက်ကျားစနစ်နဲ့ တုံ့ပြန်ကြရတယ်။ ထုံးစံအတိုင်းအဖွဲ့ငယ်လေးတွေနဲ့ ဝေးဝေးလံလံရဲရဲတင်းတင်း၊ စွန့်စွန့်စားစားအားပြိုင်ကြရတာပဲ။ သူ့ဘက်ကိုယ့်ဘက်အကျအဆုံးတွေလည်း များတယ်။ ဗိုလ်တင်မောင်ဝင်း ၊ ဗိုလ်ဝင်းကြည်၊ ဗိုလ်ခင်မောင်ဝင်း၊ ဗိုလ်သိန်းကျော်၊ ဗိုလ်ထွန်းကြည်၊ ဗိုလ်အွန်ရှင်းတောင်စည်ဖြင့် အရာရှိငယ်တွေဟာ မိမိ ရှေ့မှောက် တွင်ပဲ ကြယ်ကြွေသလို တဖြုတ်ဖြုတ်အသက်ပေးသွားကြရတယ်။ ရန်သူတွေကျေပြုန်းသွားတာလည်း အများကြီးပေါ့။ အင်အားချည့်နဲ့သွား အောင် ချေမှုန်းနိုင်ခဲ့တာ အမှန်ပေါ့။

စစ်ဆိုတဲ့သဘောကတော့နှစ်ဖက်စလုံးမှာ နစ်နာရတာချည်းပါပဲ။ လက်ဝှေ့ပွဲလိုပေါ့။ ရှုံးတဲ့လူလည်းနာတာပဲ။ နိုင်တဲ့လူလည်း ဒဏ်ရာနဲ့ပဲ။ ဒီတော့ မဖြစ်ကြရင်ကောင်းတယ်။ စစ်ရေးနည်းကို အသုံးမပြုဘဲ အခြားသောနည်းလမ်းတွေနဲ့ ဖြေရှင်းတာဟာ အကောင်းဆုံးပဲ။

လူမျိုးရေးအရပဲဖြစ်ဖြစ်၊ နိုင်ငံရေးအရပဲဖြစ်ဖြစ်၊ အငြင်းပွားမှုတွေ၊ သဘောထားမညီမျှမှုတွေ ရှိနိုင်ပါတယ်။ ရှိတတ်ပါတယ်။ ဖြေရှင်းမရနိုင်တဲ့ ပြဿနာဆိုတာမရှိပါဘူး။ စားပွဲဝိုင်းမှာ ထိုင်ပြီးအပြုသဘော ညှိနှိုင်းတိုင်ပင်လိုက်ရင် လွယ်လွယ်ကူကူပြီးပြတ်နိုင်တာတွေ အများကြီးပါ။ လက်နက်ကိုင် အန်တုဆန့်ကျင်တဲ့နည်းလမ်း ကတော့ ယခင်ကလည်းလွဲမှားတယ်။ ယခုထလုပ်ရင်လည်း မှားမှာပဲ။ နောင်လုပ်ရင်လည်း အမှန်မဖြစ်ဘူး။ နှစ်ပေါင်း(၄၀)ကျော်လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်

ခဲ့တဲ့ အလံနီကွန်မြူနစ်ပါတီနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက သက်သေပြခဲ့ပြီပဲ။ နှစ်ပေါင်း(၅၀)မျှ ဆက်လက်တိုက်ခိုက်နေတဲ့ ကေအန်ယူပါတီနဲ့ ကေအင်န်ဒီအိုတို့က သမိုင်းသင်ခန်းစာ ပေးနေကြပြီပဲ။

တိုင်းပြည်နဲ့လူမျိုးကို အကျိုးယုတ်နစ်နာစေခြင်းမှအပ ကောင်းကျိုးချမ်းသာလုံးဝမဖြစ်ပါဘူး။ အနုနည်း၊ အကြမ်းနည်းတွေနဲ့ အန်တုရေးဆိုပြီး အချို့သောအဖွဲ့အစည်းတွေက လှုံ့ဆော်နှိုးဆွနေတယ်။ ဒါဟာအေးချမ်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနှောင့်ယှက်ချင်တဲ့အနောက်နိုင်ငံက ကုလားဖြူမိစ္ဆာအချို့ရဲ့ နယ်ချဲ့လက်သစ် ခြေလှမ်းတွေဖြစ်ပါတယ်။ ဘယ်လိုပင် ပုံဖျက်ဖုံးကွယ်ပြီး နောက်ကကြိုးဆွဲပေမယ့် ခုခေတ်မှာတော့ မမြင်နိုင်တာမရှိပါဘူး။ ဘယ်သူ့လက်ရာလဲဆိုတာ ရေဆုံးရေဖျားမြင်နေရတဲ့ခေတ်ကာလပါ။

အဖျက်အန္တရာယ်ရန်စွယ် အမျိုးမျိုးရဲ့ကြားက လားရှိုးမြို့ဟာ တစ်စတစ်စနဲ့ စည်းကားဖွံ့ထွားလာခဲ့တယ်။ ၁၉၇၂ခု ဆီက နှစ်ထပ်တိုက်တွေ လောက်သာရှိခဲ့ရာက ၁၉၉၂နောက်ပိုင်းမှာ လေးထပ်၊ ငါးထပ် အဆောက်အအုံကြီးတွေပေါ်ထွန်းလာခဲ့တယ်။ မြို့ဟာလည်း ရပ်ကွက် (၅) အထက် မန်အိုင် မန်မိုင်ဘက်တောင်ကုန်းပေါ်ကရွာတွေနဲ့ အိမ်ချင်းဆက်သွားပြီ။ မြို့အနောက်ဘက်ဂေါက်ကွင်းဘက်ကိုလည်း အိမ်ချင်းဆက်သွားပြီ။ အရပ်ရှစ်မျက်နှာကို နှစ်မိုင်စီလောက်ဆန့်ကားပြီး ကျယ်ဝန်းသွားတော့တာပါလား။ လမ်းတွေဖြောင့်ဖို့၊ ကျယ်ဖို့၊ သန့်ရှင်းဖို့တော့ လုပ်ကြရဦးမှာပေါ့။ အနှစ် ၂၀ကာလအတွင်းမြို့နေလူဦးရေလည်း လေးဆ၊ ငါးဆ တိုးတက်လာခဲ့ပြီလို့ ခန့်မှန်းရပါတယ်။

လားရှိုးမြို့နဲ့ သိန္နီမြို့ဟာကားလမ်းအတိုင်း ၃၂မိုင်ဝေးပါတယ်။ ဦးဦးတို့ တပ်စုမှူး(ဒုဗိုလ်) ဘဝက တစ်လမ်းစာ ကတ္တရာလမ်းဟာ ခပ်ကြမ်းကြမ်းပါပဲကွယ်။ နယ်မြေဒေသမအေးချမ်းတော့ ကွေ့တွေ၊

အတက် တွေဆိုရင် ကားရပ်၊ ရဲဘော်တွေဆင်း၊ ဘေးနံတောင်ကြော၊ တောင်ကမ်းပါးယံတွေကို ဖြန့်ရှင်းခြေကျင်ဆင်းပြီးလျှောက်ကြရတာ များများပေါ့။

နံနက်စော ၃နာရီ၊ ၄နာရီကထပြီး လမ်းကိုရှင်းရင်းရှင်းရင်းနဲ့ လုံခြုံရေးကင်းတွေချလာလိုက်တာ နေ့လယ် ၁နာရီ၊ ၂နာရီလောက်မှာ မိုင် ၂၀နီးပါးပဲ ရောက်တာပေါ့။ ဟိုဘက်ကရှင်းလာတဲ့ အဖွဲ့နဲ့ဆုံ။ ယာဉ်တန်းတွေဖြတ်သန်းသွားကြ။ ညနေပိုင်းမှာ ချထားတဲ့ လုံခြုံရေးကင်းတွေကိုရှင်းရင်းရှင်းရင်းပြန်ကောက်။ တပ်ကိုပြန်လာ။ ည ၉နာရီ၊ ၁၀နာရီခန့်ပြန်ရောက်ကြ။ ပစ္စည်းစစ်၊ လူစစ်၊ ညစာစား။ အိပ်ကြ။ နောက်တစ်နေ့ နံနက် ၃နာရီလောက်ထ။ ယာဉ်တန်းအစောင့်လိုက်ကြရပြန်တယ်။

အဲဒီအချိန်က အဲဒီလို ဦးဦးတို့လုံခြုံရေးကို ပင်ပင်ပန်းပန်း အဆင်းရဲခံပြီး လုပ်ဆောင်ခဲ့ကြရတယ်။ ဒါတောင်မှ လားရှိုးပတ်ဝန်းကျင်မှာ ရန်သူနဲ့ထိတွေ့မှုတွေ မကြာခဏဖြစ်ပြီးသူသေ၊ ကိုယ်သေဖြစ်ခဲ့ကြပါတယ်။ ရန်သူကလည်း အမျိုးမျိုးပဲ။ ဓားပြလည်းပါ။ သူပုန်လည်းရှိ။ သောင်းကျန်းသူ အထွေထွေပေါ့။ ခုတော့ လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးဟာ တရားဥပဒေ အလင်းရောင်အောက်ကို ရောက်ရှိခဲ့ကြလေပြီမို့ စည်းကမ်းတကျရှိကြပြီ။

အေးချမ်းသာယာပြီ။

လုံခြုံတည်ငြိမ်ပြီ။

ပြည်သူတွေနားရွက်ပြားအောင် အိပ်လို့ရနေပြီ။ တထိတ်ထိတ် တလန့်လန့်၊ အသက်တစ်ချောင်းကို အချိန်မရွေး ဆွဲငင်သတ်ဖြတ်ခံရနိုင်တဲ့ ခေတ်မျိုးက လွန်မြောက်ခဲ့ချေပြီ။ တောရောမြို့ပါ။ ကျေးလက်နဲ့ရပ်ကွက်နေပြည်သူလူထုမှာ ဘယ်လောက်ဝမ်းသာ ကျေနပ်ကြမလဲ။ မပြောပြတတ်အောင် ကျေးဇူးတင်တာ အမှန်ပဲ။

ဟိုး . . . . တစ်ချိန်က (အနှစ်အစိတ်ဆီ) ဦးဦးခြေရာချင်း ထပ်အောင် တစ်တောဝင်၊ တစ်တောင်တက် လှုပ်ရှားခဲ့ရတဲ့ မြို့ရွာဒေသ တွေ။ (၇)နှစ်လုံးလုံး ဆင်းချီတက်ချီ ရင်းနှီးခဲ့ရတဲ့ တောင်တန်းတောင် ကြောတွေ။ အခုတစ်ခေါက်ပြန်လည်ရောက်တော့ အံ့သြစရာကောင်း အောင်စိမ်းစို လှပနေကြတာ တွေ့ရတယ်။

ဟုတ်တာပေါ့။ ယခင်တုန်းက တိုက်ဖို့ ခိုက်ဖို့ သတ်ဖို့ပဲ ကြည့် ခဲ့ရတဲ့ မျက်လုံး။ ကျီးကန်းမျက်စိ၊ သိန်းငှက်မျက်စိ။ အလှအပတွေ မမြင်နိုင်ခဲ့၊ မမြင်တတ်ခဲ့ဘူးပေါ့ကွယ်။

လားရှိုးမှ စထွက်စဉ်မှစပြီး လမ်းကြောင်းတစ်လျှောက်ရှိ ရွာ တွေ မိမိမအိပ်ဖူးခဲ့တဲ့ရွာ၊ မစားဖူးခဲ့တဲ့ရွာ မရှိခဲ့ပါ။ ဟိုပိတ်၊ နမ့်ဟူး၊ နမ့်တွန်း၊ ဟောင်လိတ်၊ ပန်ဖတ်၊ မုန်းလီ၊ ပန်ခမ်း၊ နားထွမ်၊ နားဆော့၊ နမ့်အွန်(ရေပူစမ်း)၊ နောင်ဆိုင်၊ စံလောင်း။

ဟိုတစ်ချိန်က ဦးဦးရွာသူရွာသားတွေစုပြီး ပြည်ထောင်စုစိတ် ဓာတ်အကြောင်း တရားဟောခဲ့တဲ့ ကချင်ရွာ၊ ရှမ်းရွာ၊ မူလတန်းကျောင်း သက်ငယ်မိုး ထရံကာ အဆောက်အအုံလေးတွေဟာ အခုတော့ သွပ်မိုး အုတ်ကာ၊ အခိုင်အမာတွေဖြစ်နေကြပြီကော။

ရန်သူကင်းဝေးအေးချမ်းလုံခြုံပြီမို့ ဖွံ့ဖြိုးတိုးတက်ဖို့ အရှိန်ယူ နေပြီပေါ့။ ကြည်နူးစရာကောင်းလိုက်တာ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း
အောက်တိုဘာ၊ ၂၀၀၀ပြည့်နှစ်

☸ ☸ ☸ ☸

# သမင်လော–ကျားလော

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ . . .

ခရစ်နှစ်(၂၀၀၁)ခုနှစ်ဆိုတဲ့ ပြက္ခဒိန်နှစ်သစ်တစ်ခုကိုတော့ ရောက်ရှိလာခဲ့ပြီ။ ၂၀၀၁ခုနှစ်ဟာကြီးမားတဲ့ပြောင်းလဲမှုတွေရှိစေတယ်။ (၁) ဆယ်စုနှစ်ရဲ့အစ(၂၀၀၁-၂၀၁၀)၊ ရာစုနှစ်ရဲ့ပထမ(၂၀၀၁-၂၁၀၀)၊ (၃) ထောင်စုနှစ်ရဲ့ အဦးဆုံးနှစ် (၂၀၀၁-၃၀၀၀)။

နှစ်ဆယ်ရာစုဆိုတဲ့အတိတ်ကာလနဲ့ အဟုန်ပြင်းစွာခုန်ပြီး ကူးပြောင်းလာတဲ့ ခရစ်နှစ်မှတ်တိုင်တစ်ခု ဖြစ်နေတော့ ထူးခြားတယ်။

၁၉၉၀နောက်ပိုင်းမှာ ကမ္ဘာကြီးရဲ့ နိုင်ငံရေးအခြေအနေမှာ စစ်ဆေးတိုက်ပွဲကာလပြီးဆုံးသွားတယ်။ အရှေ့အုပ်စုဟာပြိုကွဲကျဆင်းသွားတယ်။ အနောက်အုပ်စုဟာ ပြိုင်ဘက်ကင်းမဲ့စွာ ဗိုလ်ကျစိုးမိုးလာတယ်။ အင်အားချိန်ခွင်လျှာ တစ်ဘက်စောင်းနင်း ဖြစ်သွားတာနဲ့ အင်အားနည်းတဲ့ ဖွံ့ဖြိုးဆဲ၊ ဆင်းရဲတဲ့ နိုင်ငံအများအပြားအပေါ်မှာ အနိုင်ကျင့် စွက်ဖက်မှုတွေဟာ တဖြည်းဖြည်းနဲ့ အတင့်ရဲလာတယ်။

ဆိုင်ဆိုင်မဆိုင်ဆိုင် ငါ့အကျိုးစီးပွားအတွက် ငါနိုင်ရင်လုပ်မှာပဲ ဆိုတဲ့သဘောထားဟာ သိသာထင်ရှားလာတယ်။ မှန်မှန်မှားမှား ငါ့စကားကို နာခံလိုက်နာရမယ် ဆိုတာမျိုးတွေကို လုပ်လာတယ်။ တရားတာ၊ မတရားတာကပြောမနေနဲ့။ ငါ့ကိုမယှဉ်ပြိုင်နိုင်ရင် ခေါင်းငုံ့ခံရမယ် ဆိုတာတွေ လုပ်ချင်လာတယ်။

အမေရိကန်ပြည်ထောင်စုမှာ သမ္မတ(၄)ဆက်လောက်ဟာ လုပ်ကြံသတ်ဖြတ်ခြင်းခံရလို့ ကွယ်လွန်ခဲ့ကြရပါတယ်။ ရော်နယ်ရီဂင်ကတော့ ပစ်ခတ်ခံရပေမယ့် ဒဏ်ရာပဲရပြီး မသေလို့တော်သေးတယ်။ နိုင်ငံတော်ရဲ့အကြီးအကဲကိုတောင် အကြမ်းဖက်သတ်ဖြတ်တာ(၅)ကြိမ် အနည်းဆုံးရှိခဲ့တဲ့တိုင်းပြည်က ကမ္ဘာပေါ်မှာစစ်အင်အားအကြီးမားဆုံး ဖြစ်နေတယ်။ (၁) အေဘရာဟမ်လင်ကွန်း သမ္မတ(၁၈၆၀) လုပ်ကြံခံရ (ကွယ်လွန်)၊ (၂) ဂျိမ်းဂါဖီးသမ္မတ(၁၈၈၀) လုပ်ကြံခံရ(ကွယ်လွန်)၊ (၃) ဝီလျှံမက္ကင်လေးသမ္မတ(၁၉၀၀) လုပ်ကြံခံရ(ကွယ်လွန်)၊ (၄) ဂျွန်အပ်ဖ် ကနေဒီသမ္မတ(၁၉၆၀) လုပ်ကြံခံရ(ကွယ်လွန်)၊ (၅) ရော်နယ်ရီဂင် သမ္မတ(၁၉၈၀) လုပ်ကြံခံရ (ဒဏ်ရာရ)။

ဒီလိုအကြမ်းဖက်ရမ်းကားမှု အစဉ်အလာကြီးမားခဲ့တဲ့ နောက်ခံ ရာဇဝင်နဲ့လာတဲ့တိုင်းပြည်၊ သူတစ်ပါးအပေါ် ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့တင်ပို့ဖို့၊ သူ့ကိုသြဇာခံဖို့၊ သူ့ကိုခေါင်သူကြီးထားဖို့ ကြိုးစားနေပေမယ့် သူတို့နိုင်ငံအတွင်းမှာပင်လျှင် လူငယ်ပေါ့တန်ဆိုးသွမ်းမှုများ၊ ကျောင်းသားကျောင်းသူလေးများကို ဘုမသိ၊ ဘမသိသေနတ်ဖြင့် ရက်စက်စွာ အစုလိုက်အပြုံလိုက်ပစ်ခတ်သတ်ဖြတ်မှုများ၊ ရာဇဝတ်မှုထူပြောခြင်းစတဲ့ လူမှုရေးပြဿနာတွေ အများကြီးပဲ။ ဆင်းရဲချမ်းသာကွာဟမှုနဲ့ လူနေမှုအဆင့်အတန်း အဆပေါင်းများစွာ ကွာခြားတာ။ လူမျိုးအသွေးအရောင်ခွဲခြားဖိနှိပ်တာ အာဖရိကတိုက်သား၊ အာရှတိုက်သားတွေအပေါ် မတူမတန်သလို ဆက်ဆံနှိမ့်ချတာစတဲ့ ရေးမထားတဲ့

ပြဿနာတွေတော့ ဒုနဲ့ဒေးပေါ့။

အမေရိကန်ပြည်ထောင်စုကို ရှုမြင်ရာမှာ အကောင်းချည်းပဲ အထင်ကြီးလို့မရဘူး။ သူ့မှာအတုယူစရာအားသာချက်တွေ အများကြီးရှိပေမယ့် မြန်မာ့ဓလေ့စရိုက်နဲ့ မကိုက်တာတွေ အံမကျတာတွေလည်း မနည်းဘူး။

သူဟာလူစွာလုပ်လွန်းတယ်ဆိုပြီး ဝေးရာရှောင်ခွာနေလို့ မခေါ်တမ်းလုပ်လို့လည်း မဖြစ်နိုင်ပြန်ဘူး။ ကမ္ဘာလုံးကသိပ်ကျဉ်းနေပြီ။ မျက်နှာချင်းမဆိုင်လို့လည်းမရဘူး။ သူ့ကိုအလိုက်အထိုက် အဆင်ပြေအောင်ဆက်ဆံဖို့ရာ သူ့ရဲ့အကြိုက်နဲ့ သူ့ရဲ့မကြိုက်အချက်အလက်တွေကို ပါးရည်နပ်ရည်ရှိရှိ အသေးစိတ်လေ့လာကြည့်ထားရမှာပဲ။

သူတို့ထဲက ဘယ်သူတွေဟာ သဘောထားပျော့ပြောင်းနူးညံ့သလဲ။ သူတို့ထဲမယ် ဘယ်သူတွေကတစ်စောက်ကန်း၊ တစ်ဖက်သက်လုပ်ချင်တတ်သလဲ။ နားလည်အောင်ထောက်လှမ်းစုဆောင်းထားသင့်တယ်။ ဘယ်သူကဘယ်လောက်အမြင်ကျယ်ပြီး ဘယ်သူဟာဘယ်လောက်အမြင်ကျဉ်းတယ်ဆိုတာ ခုခေတ်မှာ အချက်အလက်စုဆောင်းဘို့ လွယ်ပါတယ်။

သူဟာအမြဲတမ်းရန်သူမဖြစ်နိုင်ဘူး။ အမြဲတမ်းမိတ်ဆွေလည်းမဖြစ်နိုင်ဘူး။ ဘယ်နိုင်ငံ၊ ဘယ်တိုင်းပြည်မဆို မိမိအကျိုးစီးပွားနဲ့ ယှဉ်ပြီးဆက်ဆံရေးအနီးအဝေး၊ အတင်းအလျော့ လုပ်ကြရတာပဲ။ အမေရိကန်လို၊ တရုတ်လို၊ အိန္ဒိယလိုနိုင်ငံကြီးတွေနဲ့ ဆက်ဆံရတဲ့အခါမှာ အထူးပဲသတိထားပြီး ကိုယ့်အတွက် အကျိုးရှိအောင် ပါးပါးနပ်နပ်နဲ့ပြောင်းလွယ်ပြင်လွယ် ကစားရမှာပဲ။

တူမောင်တို့ ဘယ်သူ့ကိုမှ ခါးခါးသီးသီးမုန်းတီးမထားနဲ့။ ဘယ်သူ့ကိုမှ အူလိုက်သည်းလိုက်ကြိုက်မနေနဲ့။

အေးကွယ်သေချာတာတစ်ခုကတော့ ငါတို့တိုင်းပြည်အင်အား

တောင့်တင်းလာတာနဲ့အမျှ ပတ်ဝန်းကျင် ပြည်ပနိုင်ငံတွေက လေးစား ရှိသေကြမှာပဲ။ မိမိတို့ပြည်တွင်းမှာ စီးပွားရေး၊ နိုင်ငံရေးခိုင်မာမှုမရှိရင် ဟိုလူကခါးတို့၊ ဒီလူကကလိထိုး၊ ထိပ်ပုတ်၊ ခေါင်းပုတ် လုပ်တာကို ခံရတတ်တယ်ဗျ။

၁၈၂၄ခုနှစ်မှ ၁၉၄၈ခုနှစ်အထိ နှစ်၁၂၀လုံးလုံး ခေါင်းငုံ့ပြီး မချိနှလုံးမရွှင်ပြုံးစွာ ခံစားခဲ့ရတာကြည့်ပေါ့။ ပထမအာသန်မဏိပူရယူ၊ နောက်တနင်္သာရီ၊ ရခိုင်သိမ်း။ နောက်တစ်ခါ အောက်မြန်မာပြည် ကိုသိမ်း။ အဆုံးကျ ၁၈၈၅မှာ တစ်နိုင်ငံလုံး ဗြိတိသျှဘုရင်မရဲ့ ကျေးကျွန် ဘဝရောက်ခဲ့ရ။

ထားတော့။ ၁၉ရာစု၊ ၂၀ရာစုက ဖြစ်စဉ်ဖြစ်ရပ်တွေဟာ သမိုင်းသင်ခန်းစာတွေ အနေနဲ့ ရှိခဲ့ပြီ။

၂၁ရာစု

ကမ္ဘာ့စီးပွားရေးစနစ်သစ်ဆိုတာတကယ်တော့ လည်သူစားစ တမ်းပါပဲ။ ညံ့သူများ၊ အ သူများကတော့ ခံပေရော့။ New World Order ဆိုပြီးပြောဆိုနေကြတာတွေဟာ Information Technology ကိုအကြောင်းပြုပြီး စီးပွားရေးအထက်စီးရနေတဲ့ နိုင်ငံကြီးတွေက ပိုမိုချယ်လှယ်ချင်တဲ့ လက္ခဏာပါပဲ။

Globalization တဲ့။ ကမ္ဘာပြုမယ်။ ခေတ်နောက်ကျတဲ့ လူ့အဖွဲ့အစည်းတွေဟာ သူတို့ရှေ့ဆောင်ဦးရွက်ဆွဲခေါ်ရာကို ဒရွတ် တိုက် နောက်ကလိုက်ပါကြရမယ်။ နိုင်ငံသူနိုင်ငံသားများရဲ့ ပါးနပ်လိမ္မာ ခြင်းဟာ အထူးအရေးပါလှပါတယ်ကွယ်။ လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးမှ နာလန်ထမှာ။ ဉာဏ်ပညာဗဟုသုတကြွယ်ဝတဲ့ လူတွေနဲ့မှ နိုင်ငံ တော်ကို ၂၁ရာစုထဲမှာ ချမ်းသာကြွယ်ဝအောင် လုပ်ဆောင်နိုင်ပါမယ်။ Human Resource Development (H.R.D)ဆိုတာ လူတွေကြိုး စားကြရမှာ။

လူတစ်ချို့ဟာ ထီထိုးလိုက်ကြတာ။

လူတစ်ချို့ကလည်း သဲကြီးမဲကြီး ချဲကိုထိုးရဲ့။ ကံကိုယုံလို့ ဆုံးပုံနင်းတဲ့လူတွေပါကလား။

ဉာဏ်နဲ့ ဝီရိယကို အသုံးချပါမှခေတ်နောက်ကျတဲ့ အခြေအနေမှ ရုန်းထွက်လွတ်မြောက်နိုင်မှာ ဖြစ်ပါတယ်။

စာဖတ်ပါ။

တူမောင်။ အခမဲ့ရတဲ့ စာကြည့်တိုက်တွေမှာ စာပေဗဟုသုတရအောင် စာများများဖတ်ပါ။

ကမ္ဘာ့အခြေအနေကို ရေရှည်ရှုမြင်နိုင်စွမ်းရှိတဲ့ လူငယ်တွေဖြစ်ရမယ်။

သိပ္ပံ၊ နည်းပညာ၊ စီးပွားရေး၊ ဥပဒေ၊ နိုင်ငံတကာဆက်ဆံရေးနဲ့ အတွေးအခေါ်မှာ ဘယ်သူနဲ့ယှဉ်ယှဉ် အောက်တန်းမကျ ကျွမ်းကျင်တတ်မြောက်ကြတဲ့ နိုင်ငံသား၊ နိုင်ငံသူ တူမောင်တို့ လူငယ်တွေရှိရပါမယ်။

ဟောင်ကောင်တို့၊ စင်္ကာပူတို့ဟာ စီးပွားရေးထူထောင်အောင်မြင်လို့ ကျားတွေတဲ့ခေါ်ကြလေရဲ့။ အေးကွာ . . . သူတို့လို ကျားဖြစ်ရင်ကောင်းတာပေါ့။ မဖြစ်ချင်လည်းနေပါ။ သမင်တော့ မဖြစ်စေနဲ့။ ကျားတွေ၊ ခြသေ့ တွေပေါတဲ့ တောမှာ အစားမခံရအောင် ဉာဏ်နဲ့ ဝီရိယ အသုံးချရမယ်နော်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

မြက်ခင်းသစ်မဂ္ဂဇင်း
ဖေဖော်ဝါရီ၊ ၂၀၀၁

☸ ☸ ☸ ☸

# အလုပ်ခွင်မှာ ပျော်ရွှင်ပါစေ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ စာစောင်တစ်ခုမှာ အယ်ဒီတာ မစ္စစ်ဂျွန်ဟူပါးဆိုတဲ့ အမျိုးသမီးက ခေါင်းကြီးရေးရာတွင် အောက်ပါပုံပြင်လေးကို သဘောကျလို့ဆိုပြီး ကောက်နှုတ်ချက် ကိုးကားဖော်ပြထားပါတယ်-

" A great Italian psychiatrist, Roberto Assagiolo, wrote a parable about interviewing three stonecutters building a cathedral in the fourteenth century. The effect of their sense of personal meaning on their experience of their work is the same as the effect meaning has for us today. When he ask the first stonecutter what heis doing, the man replies with bitterness that he is cutting stones into blocks, a foot by a foot by three quarters of a foot. With frustration, he describes a life in which he has done this over and over and will continue to do it until he dies.

The second stonecutter is also cutting stones into blocks, a foot by a foot by three quarters of a foot, but he replies in a somewhat different way. With warmth, he tells the interviewer that he is earning a living for his beloved family, that through this work his childrenhave clothes and food to grow strong, he and his wife have a home which they have filled with love. Butit is the third man whose response gives us pause. In a joyous voice, he tells us of the privilege of participating in the building of this great cathedral, so strong that it will stand as a holy lighthouse for a thousand years."

(Quoted from " Kitchen Table Wisdom, " by Rachel Naomi Remen, Riverhead Books, New York, 1996).

အီတလီလူမျိုး၊ ကုခန်းစိတ်ပညာရှင် ရောဘတ်တို အဆာဂီယာလို ကပုံပြင်တစ်ပုဒ်ရေးပြဖူးပါတယ်။ ဆယ့်လေးရာစုကာလဆီက ဘုရားကျောင်းဆောင်ကြီးတစ်ခုဆောက်လုပ်နေကြတဲ့ ကျောက်ဆစ်သမားသုံးဦးကို တွေ့ဆုံမေးမြန်းကြည့်ခဲ့သတဲ့-

ပထမလူကို ဘာလုပ်နေတာပါလဲလို့မေးတဲ့အခါ အငေါ်တူးတဲ့ ချဉ်စူးစူးလေသံနဲ့ " မမြင်ဘူးလားဗျ။ ကျောက်တုံးတွေဖြတ်ပြီးအုတ်ခဲတုံးအရွယ်ညီညီစီလို့ရအောင် လုပ်နေတာ။ အလကားပါဗျာ၊ ဘာမှအသုံးကျတဲ့အလုပ်လဲမဟုတ်ပါဘူး။ မပြီးနိုင်ဘူး။ ဒီဘဝမှာတော့ ဒီလိုပဲနုံချာစုတ်ပြတ်ပြီး ဘဝဇာတ်သိမ်းသွားရမှာပါ။ တစ်နေ့လာလဲဒါပဲ၊ တစ်နေ့လာလဲ ဒါပဲ " စသည်ဖြင့် မကျေမနပ်ရေရွတ်ညည်းတွားပြီး ကျိန်ဆဲနေသတဲ့။ သူ့မှာ ဘဝကို အလိုမကျရှာဘူး။

ဒုတိယလူတစ်ယောက်ကို မေးကြည့်ပြန်တယ်။ ဒါပေမယ့် သူက ပထမလူနဲ့ ရှုထောင့်အမြင်က မတူဘူးကွဲ့-

မေးတဲ့လူကို နွေးနွေးထွေးထွေးချိုသာစွာ ကြိုဆိုတယ်။ စိတ်ပါလက်ပါဖြေတယ်။ သူဘာလုပ်နေတာလဲဆိုတော့ သူ့ရဲ့ ချစ်ခင်တွယ်တာရတဲ့မိသားစုအတွက် စားဝတ်နေရေးဖြည့်ဆည်းပေးဖို့ အလုပ်လုပ်တာပါတဲ့။ သူဒီအလုပ်နဲ့ ရှာဖွေကျွေးနေရတဲ့အတွက် သူ့သားသမီးတွေ ဝဝလင်လင်စားရတယ်။ လူတန်းစေ့ဝတ်ဆင်နိုင်တယ်။ အားပြည့်ဝပြီး တစ်စတစ်စ လူသားမြောက်ကြီးထွားလာကြတယ်လို့ ဆိုတယ်။ ပြီးတော့ ရှုမငြီးတဲ့ ချစ်ဇနီးကလည်း အိမ်ထောင်စုကို လှပသာယာအောင် ဖြည့်စွမ်းပေးနေသတဲ့။ သူ့ဘဝ သူ နေပျော်ကျေနပ်နေပုံပါ။

တတိယလူကို မေးပြန်တယ်။

တတိယလူဟာလည်း ကျောက်ဆစ်သမားပါပဲ။ သူက ဖြေတဲ့အခါတစ်မျိုး။ တည်ငြိမ်ရင့်ကျက်ပြီး အေးချမ်းချိုသာသောလေသံနဲ့ ဖြေကြားတယ်။

ဒီလိုကြီးကျယ်ခမ်းနားပြီး ရည်ရွယ်ချက်မွန်မြတ်လှတဲ့ ဘုရားကျောင်းတော်ကြီးကို နောင်အရှည်အကြာ ကာလပေါင်းများစွာ တည်ရှိစိမ့်သောအကျိုးငှာ တည်ဆောက်ရတဲ့ နေရာမှာ သူဟာ တစ်ယောက်အပါအဝင်အဖြစ်နဲ့ ပါဝင်ခွင့်ရတာ အထူးပဲ ကြည်နူးဝမ်းမြောက်စရာဖြစ်ပါသတဲ့။ သူက တက်တက်ကြွကြွနဲ့ ကောင်းမွန်အောင်၊ ခိုင်မာအောင်၊ လှပအောင် လုပ်ဆောင်နေရတာ အလွန်ပျော်ရွှင်ပါသတဲ့။ ကဲ. . . နှိုင်းယှဉ်ကြည့်-

(၁) မပျော်မရွှင်နဲ့ အချဉ်ပေါက်စိတ်တိုနေတဲ့လူ။

(၂) ပျော်ပျော်ရွှင်ရွှင်နဲ့ သူ့မိသားစုအကျိုးအတွက် ဆောင်ရွက်နေတဲ့လူ။

(၃) အနာဂတ်မျိုးဆက်သစ်လူသားတွေအတွက် ဖြူစင်တဲ့မေတ္တာသက်သက်နဲ့ ကြည်နူးချမ်းမြေ့စွာဖြင့် လက်တွေ့အလုပ်ကို မြတ်မြတ်နိုးနိုးရိုရိုသေသေ လုပ်ဆောင်နေတဲ့လူ။

ကျောက်မှုန့်ဖုန်မှုန့်တွေကြားမှာ ပင်ပင်ပန်းပန်းခက်ခက်ခဲခဲ ထုနှက်နေကြတဲ့ကျောက်ထုသမားချင်းကတော့ အတူတူပဲ။ သူတို့ရဲ့ စိတ်ညစ်ခြင်း၊ ပျော်ရွှင်ခြင်း၊ အလိုမကျခြင်း တွေဟာ ဘယ်အပေါ်မှာ မူတည်ပြီး ဖြစ်တည်ခံစားခဲ့ရပါသလဲ။

တူမောင်တိတိကျကျသေသေချာချာမြင်ရပြီ။

လောကကြီးအပေါ် ဘယ်လိုရှုမြင်သလဲ။

မိမိရဲ့အလုပ်ကို ဘယ်လိုမြင်သလဲ။ ဘယ်လိုသဘောထားသလဲ။ အဲဒီသဘောထားဟာ ကြည်ကြည်လင်လင်နဲ့ တန်ဖိုးထားတတ်တဲ့ အမြင်ရှိနေရမယ်။ ဒါကအခြေခံအကျဆုံးပဲ။

ကျောင်းတက်ရတာ အလကားပါပဲ။ စာသင်ရတာ အဓိပ္ပါယ်မရှိပါဘူး။ စာကျက်ရတာ ဘာများပိုက်ဆံရမှာမို့လို့လဲ။ စာတော်ရင်ကော ဘာခံစားရမှာမို့လဲ စသည်ဖြင့် ပညာဆည်းပူးရတာကို တန်ဖိုးမထားတတ်တဲ့ လမ်းမှားလူငယ်တချို့ရှိတတ်တယ်။ သူတို့မပျော်ရွှင်နိုင်ဘူး။ သူရဲ့ သဘောထားအမြင်ကိုယ်၌က ပညာအပေါ် စိတ်ပါဝင်စားတန်ဖိုးထားဖို့ လိုအပ်နေတာဖြစ်တယ်။

ဝန်ထမ်းတစ်ယောက်။

ရုံးတက်မကြာခဏနောက်ကျ။ ခွင့်လည်းမကြာခဏယူ။ ရုံးရောက်ပြီးမကြာခင် လဖက်ရည်သောက်ဆင်း၊ မိတ်ဆွေတွေနဲ့ လက်ဖက်ရည်ဆိုင်မှာတစ်နာရီ။ တစ်နာရီခွဲထိုင်။ ရုံးစာရွက်တစ်ရွက်၊ နှစ်ရွက်ဖတ်၊ ပြီးရင် ဘေးစားပွဲသွားပြီးလေကန်။

မောလာတော့ မိမိစားပွဲခုံမှာ မှောက်လျက်အိပ်။ အိပ်ရာနိုးတော့ ရုံးဆင်းချိန်မရောက်သေးဘူး။ သို့ပေမယ့် ဘတ်စ်ကားတိုးရတာ ကျပ်မှာစိုးလို့ဆိုပြီး ရုံးကနေပြန်ရော။ နောက်ကျမှလာ၊ စောစောပြန်၊ ဒါပဲ။

ရာထူးတိုးစရာရှိတော့ သူမပါဘူး။ လုပ်သက်သူက ရင့်ပါလျက်နဲ့ သူ့ကိုရာထူးတစ်ဆင့်တက်မပေးရကောင်းလားဆိုပြီး စိတ်တွေ

ဆိုး။ ဟို့လူ့ရန်လုပ် ဒီလူ့ရန်တွေ့။ လူတကာကို အပြစ်ရှာပြီး ချိုးနှိမ် ပုတ်ခတ်။ ချဉ်ပတ်စော်နံလို့ သူ့ကို ဘယ်အပေါင်းအသင်းကမှ သူ့အနား မကပ်ချင်တော့ဘူး။

ကျဆုံးရခြင်း၊ မအောင်မြင်ရခြင်း၊ နှိမ်ကျပျက်စီးရခြင်းဟူသမျှ ဟာ မှားတဲ့၊ မကောင်းတဲ့ မူလအရင်းခံ " သဘာအမြင် " မှာ မြစ်ဖျား ခံတယ်။

အောင်မြင်ခြင်း၊ တိုးတက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ချီးကျူးမြှောက် စားခံရခြင်းများအားလုံးဟာ ကောင်းမွန်သေသပ်တဲ့ လုပ်ဆောင်ချက်၊ တက်ကြွရွှင်လန်းတဲ့အပြုအမူ၊ ချိုသာယဉ်ကျေးတဲ့ အပြောအဆိုတို့ရဲ့ အကျိုးရလဒ်တွေပဲတူမောင်။

အဲဒီကံသုံးပါးကို ပြုစုပျိုးထောင်ရာမှာ မနောကံဆိုတဲ့ စိတ်ထဲ က " သဘောထားအမြင် " ဟာ အရင်းအမြစ်ပင်မရေစီးကြောင်းပါပဲ။ အမြင်တိမ်းတဲ့လူတွေဟာ သနားစရာကောင်းလောက်အောင် အတိဒုက္ခ ရောက်ကြရတယ်။ အမြင်မှန်တဲ့လူတွေဟာ တစ်နေ့ထက်တစ်နေ့ ပွင့် သစ်စလဝန်းလို တိုး၍တိုး၍ လင်းလက်ပေါ်ထွက်လာကြတယ်။

အလုပ်ကို ရိုသေပါ။

အလုပ်ခွင်ကို ချစ်ခင်ပါ။

မင်္ဂလာတရားတော်ထဲမှာ အချက်တစ်ခုပါတယ်-

အနာကုလာစကမ္မန္တာ။ အပြစ်ကင်းတဲ့ အလုပ်ကို လုပ်ဆောင် ပါလို့ပဲ ယခင်က နားလည်ခဲ့တယ်။ သေရည်သေရက်ရောင်းတဲ့အလုပ်၊ လက်နက်ကုန်ကူးတဲ့အလုပ်၊ မူးယစ်ဆေးဝါးစိုက်ပျိုးသယ်ဆောင်ခြင်း စတဲ့ အလုပ်မျိုးတွေကို ရှောင်ရမယ်ဆိုတာကို သိရှိခံယူခဲ့ပါတယ်။ ဒီ ထက်ပိုပြီး ကျယ်ဝန်းတယ်။

အနာကုလစကမ္မန္တာ။ မိမိလုပ်ဆောင်နေတဲ့အလုပ်ကို မြတ် မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး အပြစ်အနာအဆာ၊ ချွတ်ယွင်းချက်နည်း နိုင်သမျှနည်းအောင် စေတနာအပြည့်အဝ၊ သတိဝီရိယနဲ့ လုပ်ကိုင်

တာကိုပါ ပြောခြင်းဖြစ်ပါတယ်။

တူမောင်တို့ ဦးဦးတို့ ကိုယ်ကျရာနေရာ၊ ပေးအပ်လာတဲ့ တာဝန်ဝတ္တရားတွေကို ရိုရိုသေသေလေးလေးနက်နက် ထမ်းရွက်ကြရမယ်။ ဦးဦးတို့ရဲ့ ဆရာသမားတစ်ယောက်က " အလုပ် " နဲ့ ပတ်သက်လို့ ဘယ်လိုသဘောထားခံယူချက်နဲ့ လုပ်ကိုင်ကြရမလဲ။

လင်္ကာစီထားတာလေးရှိတယ်ကွ။ တူမောင်တို့ ကျက်မှတ်ပြီး ကျင့်သုံးရင် ထူးထူးခြားခြား အကျိုးရပါစေမယ်ဗျာ။ ဟောဒီလေးလုံးစပ်ကဗျာ-

ရှင်သန်တက်ကြွ၊ နိုးထလှုပ်ရှား
စွမ်းအားထက်မြက်၊ သွက်လက်ရွှင်လန်း
အပင်ပန်းခံ
အားမာန်အပြည့်၊ သိမ်မွေ့ချိုသာ
ပျူငှာယဉ်ကျေး၊ ပြည်သူ့ဆက်ဆံရေး။ ။
မကောင်းပေဘူးလား။
လက်တွေ့သုံးကြည့်၊ အကျိုးရှိလိမ့်မယ်ဗျာ။

စိတ်ချမ်းသာချင်ရင်၊ ဘဝမှာပျော်ရွှင်ချင်ရင် မိမိလုပ်ရတဲ့ အလုပ်ရဲ့ တန်ဖိုးကိုနားလည်အောင် ရှုမြင်ဆင်ခြင်ပါ။ မိမိရဲ့အလုပ်ကို မြတ်နိုးပါ။ ရိုသေပါ။ အလုပ်ကိုစိတ်ပါလက်ပါ။ လေးလေးစားစားလုပ်ပါ။ ထိုအလုပ်ကမိမိကို ပြန်လည် အကျိုးပေးမှာမလွဲပါ။ လုပ်သာလုပ်ရတယ် စိတ်ကမပါဘူးဆိုတာမျိုးဖြစ်နေရင် မိမိရဲ့သဘောထားအမြင်ကို ပြုပြင်။ အမြင်ကြည်လင်အောင် ပညာပြည့်ဝနှလုံးလှသူတွေရဲ့ အဆုံးအမကို ခံယူ။ နာခံပြီးပြုပြင်။ ပျက်အစဉ်ပြင်ခဏပါပဲ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)
နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၀၀ပြည့်နှစ်

☸ ☸ ☸ ☸

# ယှဉ်ပြိုင်မှု ရှင်သန်မည်

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

တူမောင်ဟာ အခါအားလျော်စွာဖြစ်စေ၊ တမင်စိတ်ပါဝင်စားလို့ပဲဖြစ်စေ၊ မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီရုပ်သံတို့ကပြသတဲ့တရားသူကြီး ပေါင်ချိန်ပါဝင်တဲ့ ဇာတ်ကားအချို့ကို ကြည့်ရှုဖူးပါသလား။ ဦးဦးလည်းအစအဆုံးအခန်းဆက်တွေ စုံလင်အောင်တော့ မကြည့်ဖူးပါဘူး။ သို့သော်အဲဒီဇာတ်လမ်းတွဲတွေထဲက ကြုံကြိုက်စွာ တွေ့ရမြင်ရတဲ့ အချက်တစ်ချက်ကိုတော့ သတိပြုမိခဲ့တယ်ကွယ်။

ဂုဏ်သရေရှိမျိုးရိုးတဲ့။

သူတို့ရဲ့ မျိုးနွယ်ရဲ့ မျိုးဆက်သားသမီးတဲ့။

ဇာတ်လမ်းထဲမှာပါတဲ့ မင်းမျိုးမင်းနွယ်ပဲဖြစ်စေ၊ ဆေးဝါးသမားတော်ရဲ့သားပဲဖြစ်စေ၊ ဆင်းရဲသား လင်မယားပဲဖြစ်စေ၊ ဇာတ်ကောင်တွေရဲ့သွေးသားကို အလွန်အရေး ထားတာကို တူမောင်သတိပြုမိရဲ့လား။ မှန်တာပြောရရင် ဦးဦးဟာ အရင်ကအဲဒီ လောက်

လေးနက်စွာ မသိခဲ့တာ ဝန်ခံပါရစေ။

ဦးဦးမှာ သားလေးတစ်ယောက်ရှိပါတယ်။

သူဟာ ဦးဦးရဲ့အဖေ ဦးမာတင်နဲ့ အမေဒေါ်အေးသတို့ရဲ့ တစ်ဦးတည်းသော မြေးယောက်ျားလေးပါ။ ဦးဦးတို့မှာ မွေးချင်းညီအစ်ကို သုံးယောက်ရှိကြပါတယ်။ ညီအလတ်က သားသမီးမရရှာပါဘူး။ ညီအငယ်ထွေးက မကြာမီကမှ အိမ်ထောင်ကျရာမှာ သမီးနှစ်ဦးပါတဲ့ မုဆိုးမနဲ့ အိမ်ထောင်ကျရှာပါတယ်။ သူ့ဇနီးဟာလည်း အသက်(၄၀) နီးပြီမို့ သားသမီးရမယ်လို့ မမျှော်လင့်ရတော့ပါ။ ဒီတော့ ဦးဦးရဲ့ အဖေ အမေအတွက် ဦးဦးရဲ့ တစ်ဦးတည်းသောသားဟာ သူတို့ရဲ့ (အဖေဟာ ကွယ်လွန်ခဲ့ပါပြီ) တစ်ဦးတည်းသော မျိုးဆက်ယောက်ျားလေးပါ။

ဦးဦးရဲ့ဇနီးမှာလည်း မွေးချင်းတွေရှိပေမယ့် အိမ်ထောင်မကျတဲ့အစ်မကြီး၊ အပျိုကြီးများနဲ့ လူပျိုကြီးများပဲဖြစ်ကြပြီး သူတစ်ယောက်သာ ဦးဦးနဲ့ အိမ်ထောင်ပြုတာပါ။ ယောက္ခမ ဦးထွန်းအောင်ကျော်နဲ့ ဒေါ်မြသန်းတို့ (နှစ်ဦးစလုံးကွယ်လွန်သွားကြရှာပါပြီ) အတွက် ဦးဦးရဲ့ သားလေးဟာ တစ်ဦးတည်းသော မျိုးဆက်သွေးယောက်ျားလေးပါ ကလား။

အလို . . . ကွယ်လွန်သွားကြတဲ့ လူကြီးသူမများရဲ့ မြေး။ သက်ရှိထင်ရှား အမေဒေါ်အေးသရဲ့မြေး (၁၅)နှစ် သားလေးမောင် ကောင်းထိုက်ဟာ ရှားရှားပါးပါး သူတို့ကိုယ်စား ဟောဒီကမ္ဘာမြေမှာ ဆက်လက်ရှင်သန်သွားရမယ့် မျိုးရိုးလူသားပါလားကွယ်။

လူဟာ ကိုယ့်ရင်သွေးကို ကိုယ့်ထက်တောင်မှ ဦးစားပေး အရေးထားတတ်ကြပါတယ်။ သားသမီးအချစ်၊ မြေးအနှစ်ဆိုတဲ့ ဆိုရိုးစကားရှိတယ်မဟုတ်လား တူမောင်ရယ်။ ဖြူဖြူစင်စင်နဲ့ချစ်ခင်တွယ်တာကြတဲ့ ကိုယ့်သွေး၊ ကိုယ့်မျိုးရိုးဆိုတဲ့ အတ္တတော့ပါသပေါ့ကွယ်။ တမလွန်ဘဝရောက်ရှိသွားကြတဲ့ အဘိုးအဘွား၊ အမိအဘတို့ကို သားတွေ မြေး

တွေက ဂုဏ်သိက္ခာပျက်ပြီး အရှက်ရအောင် လုပ်နိုင်သလို ဂုဏ်သိက္ခာ တက်ပြီး ကြည်နူးအားရအောင်လည်း လုပ်နိုင်တယ်။

သူဟာ အထက်မျိုးရိုးရဲ့ အမွေခံပဲ။

သူတိုးတက်ချမ်းသာရင် ရှေးအဆက်ဆက်က ဘိုးဘွားဘီဘင် တွေ ပျော်ရွှင်မှာပဲ။

အကယ်၍ သူဟာ ဆင်းရဲနွမ်းပါးပြီး နိမ့်ကျနေရင် ရှေ့က လူတွေဘယ်လိုခံစားရမလဲ။

တူမောင်ရေ မခေါ်ချင်ရင်နေလို့ရပါတယ်တဲ့။ မတော်ချင်လို့ တော့ နေလို့မရပါဘူး ဆိုတဲ့ ဆိုရိုးစကားရှိတယ်နော်။ ဆွေမျိုးဆိုတာ မိမိက ရွေးချယ်ပိုင်ခွင့် မရှိဘူး။ သွေးတော်သားစပ်ဖြစ်ခဲ့တဲ့ဖြစ်ရပ်က တော့ ပစ္စုပ္ပန်မှာ ပြုပြင်ပြောင်းလဲချင်လို့ မရနိုင်တော့ပါဘူး။ အေး . . မဖြစ်ခင်က ကြိုတင်မြော်မြင်ကာ ဆင်ခြင်ရင်တော့ ရတာပေါ့။ လွန်ပြီး မှတော့ မရဘူးနော်။ ပြီးတာတွေဟာပြီးသွားပြီ။

စည်းဆိုတာကတော့ ရှိရတယ်တူမောင်။

နိုင်ငံဆိုတာ နယ်နမိတ်မျဉ်းနဲ့ စည်းခြားထားရတယ်။ အိမ်နီး နားချင်းတိုင်းပြည်များနဲ့ ခင်မင်ရင်းနှီးစွာ အကျိုးတူပူးပေါင်းဆောင်ရွက် ကြရမှာဖြစ်သော်လည်း သူ့တိုင်းပြည်ဟာ သူ့တိုင်းပြည်ပဲ။ ကိုယ့်တိုင်း ပြည်ဟာ ကိုယ့်တိုင်းပြည်ပဲ။

လူမျိုးဆိုတာဟာလည်း တစ်မျိုးနဲ့တစ်မျိုး ဘာသာ၊ စာပေ၊ စကား၊ မျိုးရိုးမတူဘဲ ကွဲပြားကြလေတော့ ခွဲခြားကြရတာပါပဲ။ ကိုယ့် လူမျိုးမှ ကိုယ့်လူမျိုး အယူအစွဲသန်ပြီး လူမျိုးရေးအစွန်းရောက်တာ မကောင်းပေမယ့် ကမ္ဘာပေါ်မှာ လူသားအားလုံး သွေးနှောရမှာပေါ့။ အားလုံးရောလို့ရပါတယ်ဆိုလို့တော့ သင့်မသင့်စဉ်းစား။ အထူးသဖြင့် လူဦးရေသန်းပေါင်း (၁၃၀၀) နီးပါးရှိတဲ့ နိုင်ငံကြီးနဲ့ လူဦးရေသန်းပေါင်း (၉၀၀)ကျော်တဲ့ နိုင်ငံကြီးတို့နဲ့ ထိစပ်နေတဲ့တိုင်းပြည်က လူမျိုး(လူဦး

ရေ (၄၈)သန်းပင်မပြည့်သေး)ဟာ ရောမွေခံနိုင်ပါ့မလား။ ဒါက အနီး ဆုံးပြောရတာ။ လူဦးရေ သန်း(၁၂၀)ကျော်ရှိပြီး ပေါက်ကွဲနေတဲ့ ပြန့် ဖြာထွက်နေတဲ့ အိမ်နီးချင်းတိုင်းပြည်ကလူတွေ လှိမ့်ဝင်လာပြီး ပေါင်း ဖော်သွေးနှောရင်ကော လက်ခံသွားမလား။

ဒါက အိမ်နီးချင်းတွေနဲ့ပဲ ယှဉ်ပြတာ။

ရိုးရာယဉ်ကျေးမှု၊ အတွေးအခေါ်၊ အမူအကျင့် လုံးဝမတူ ခြားနားတဲ့ အနောက်တိုင်းသားများနဲ့ သွေးရောဖို့ဆိုတာကတော့ ဖြစ် သင့်မဖြစ်သင့် ပိုပြီးအလေးအနက် စဉ်းစားရမယ့် ပြဿနာ။

တံခါးတွေဖွင့်ပါ။ ပြတင်းပေါက်တွေလှပ်ပါလို့ပြောရင် သင့် တော်တဲ့အချိန်အခါ အခြေအနေမှာ ဖွင့်မှာပေါ့။ ညအခါ တံခါးဖွင့် ထားပါလို့ပြောလာတာကို လက်ခံလိုက်နာရင်တော့ သူခိုးဓားပြဝင်လာ ရင် ဘယ်နှယ့်လုပ်မလဲ။ တံခါးဆိုတာ ပိတ်သင့်ရင်ပိတ်ရမှာပေါ့။ ခိုင် ခိုင်မာမာမင်းတုတ်ချ။ သော့ခတ်ပြီး ပိတ်ရမှာပဲ။ ညအိပ်ချိန်ကိုးကွယ့်။

တံခါးတွေလည်း အားလုံးဖွင့်ထားစမ်းပါ။

ခြံစည်းရိုးတွေလည်း ဖြိုဖျက်ပစ်ထားပါ။

ဘာအကာအကွယ် ဘာအတားအဆီးမှ မလုပ်ရ။

ကျုပ်တို့ဝင်ချင်ဝင်မယ်၊ ထွက်ချင်ထွက်မှာပေါ့။

ဒီလိုမျိုး အမိန့်ဩဇာပေးလာခဲ့ရင်တော့ တူမောင်တို့ ဦးဦးတို့ သည်းခံလျှော့ပေးနေလို့ရပါ့မလား။

လူဆိုတာ ကိုယ့်ဇာတိ ကိုယ့်မျိုးရိုးနဲ့ တည်တံ့ခိုင်မြဲဖို့ လိုတယ် မဟုတ်လား တူမောင်။

ကိုယ့်ရဲ့ ဘိုးဘေးမိဘတွေဟာ နယ်ချဲ့ဗြိတိသျှတို့က နှစ်ပေါင်း များစွာ မတရားသဖြင့် ကျူးကျော်သိမ်းပိုက်အနိုင်ကျင့် ဖိနှိပ်ခဲ့တာကို အနိုင်မခံ အရှုံးမပေး အဆက်မပြတ် တိုက်ခိုက်တွန်းလှန်ပြီးသမိုင်းပေး တာဝန်တွေကျေခဲ့တယ်။ သားစဉ်မြေးမြစ် လူညွန့်မတုံးရအောင် ရဲရဲ

နီစွေးတဲ့ သွေးသတ္တိနဲ့ အသေအကြေ တော်လှန်ခဲ့ကြတာကွယ့်။ လွတ်လပ်ရေးဟာ လွယ်လွယ်ကူကူ ချောချောမွေ့မွေ့နဲ့ ရခဲ့တာမဟုတ်ဘူး။

နည်းမျိုးစုံနဲ့ ညစ်ပတ်ကောက်ကျစ်အရစ်ရှည်ပြီး ဒုက္ခပေးနေတာ ခုချိန်အထိပဲ။

ပထမတော့ Missionary ဆိုတဲ့ သာသနာပြုတွေ ဝင်လာတယ်။ ဘာသာရေးနဲ့အစပြုခဲ့တယ်။

Marchant ကုန်သည်တွေ ရောက်လာပြီး ကုန်သွယ်တယ်။ ကုန်ချောတွေ ရောင်းတယ်။ ကုန်ကြမ်းတွေ ဈေးချိုချိုနဲ့ ဝယ်သွားတယ်။

အမြတ်ရတာများပေမယ့် လောဘကမသတ်ဘူး။ ဆက်ပြီး Military စစ်ရေးအင်အားနဲ့ မတရားတိုက်ခိုက်ပြီး အလုအယက် နှိမ်နင်းသိမ်းပိုက်ခဲ့တာပဲ။

နယ်ချဲ့အနောက်တိုင်းသားတွေဟာ လက်တော့မလျှော့ဘူး။ လွတ်လပ်တဲ့ နှစ်ပေါင်း (၅၀)လုံးလုံးမှာ တစ်နည်းမဟုတ်တစ်နည်း၊ တစ်မျိုးမရတစ်မျိုး အညွန့်အထွက်အောင် ဒုက္ခပေးသွေးခွဲတာကို လုပ်နေခဲ့တယ်။ နိုင်ငံတကာ အခြေအနေတွေကို တူမောင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိမြင်ရင် အထင်အရှားတွေ့ရမယ်။

မျက်မှောက်ကာလ (၁၀)စုနှစ်ကာလမှာတော့ Mass Media Warfare လူထုဆက်သွယ်ရေးစစ်ဆင်မှုတွေကို အင်နဲ့အားနဲ့ ထုထည်ကြီးမားစွာပဲ ဖိအားပေးနေပါတော့တယ်။ သူတို့ပြောတာမှ အမှန်၊ သူတို့ပြောတာလက်ခံ။ ဘာမှ ဆင်ခြေမကန်နဲ့။ ဘာမှ ပြန်မပြောနဲ့။ ခေါင်းငုံ့၊ လက်ခံ။

အထူးသဖြင့် ဂီတယဉ်ကျေးမှုနဲ့ အဆက်မပြတ်ထိုးဖောက်သိမ်းသွင်းခြင်းဟာ အရှိန်အဟုန်အထူးပြင်းထန်တယ်။ ဥပမာ M.T.V (၂၄)နာရီ လွှင့်ပေးနေတာမျိုးတွေပေါ့။

အတွေးအခေါ် အယူအဆက သူတို့ကို အထင်ကြီးပြီး သူတို့

ကို အရာရာမှာဆရာတင်ဖို့။ သခင်ခေါ်ဖို့၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့အစိုးရများအပေါ် အထင်အမြင်သေးကဲ့ရဲ့ ရှုံ့ချလုပ်ကြဖို့ဟာ သူတို့ရဲ့အဓိက ရည်ရွယ်ချက်ပဲ။

အရှေ့တောင်အာရှ တိုင်းပြည်အားလုံးကို စီမံချက်ရှိရှိနဲ့ ထိုးနက်ဖျက်ဆီးနေတဲ့ ရေရှည်လုပ်ငန်းစဉ်ပဲ။ စာပေအနေနဲ့ မလွှမ်းမိုးနိုင်ဘူး။ စာပေက ရေသောက်မြစ်သိပ်ခိုင်မာတယ်။ ယဉ်ကျေးမှုတွေကို ဖြိုဖျက်တိုက်စားအောင် နည်းမျိုးစုံနဲ့ ထိုးဖောက်တယ်။

ဟောင်ကောင်၊ ဂျပန်၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နဲ့ ထိုင်းစတဲ့နေရာဒေသများအပါအဝင် အာရှနဲ့ ပစိဖိတ်ဒေရိယာကို အနောက်တိုင်းအင်အားကြီးအုပ်စုဟာ စီးပွားရေးမှာ ပြိုင်ဖက်အဖြစ် ရန်လိုတဲ့သဘောထားနဲ့ နှောင့်ယှက်ဖျက်ဆီး(ကောက်ကျစ်ညစ်ပတ်)သကဲ့သို့ ယဉ်ကျေးမှုတွေကိုပါ ဖျက်ဆီးဖို့ Mass Media အမျိုးမျိုးက စီမံဆောင်ရွက်နေကြပါတယ်။

သားစဉ်မြေးဆက် ရှင်သန်ပြီး ခိုင်မာစွာ ရပ်တည်နိုင်ဖို့ဟာ ကိုယ်ခံအား ကောင်းရပါမယ်။ သူတစ်ပါးကို ဘယ်တော့မှ လျှော့မတွက်နဲ့ တူမောင်။

အောက်ပါအချက်များကို ဦးနှောက်ထဲမှာသတိမလပ်အောင် အမြဲစဉ်းစားတတ်ပါစေ-

၁။ အင်းအားနှိုင်းယှဉ်ချက်၊
၂။ မြေပြင်ဝေဟင် ပကတိအခြေအနေ၊
၃။ ချဉ်းလမ်းများ ( Mass Media ထိုးဖောက်များအပါ အဝင်)
၄။ အချိန်နဲ့အကွာအဝေး
၅။ ရာသီဥတု
၆။ ဆက်သွယ်မှု
၇။ ရွေ့ပြောင်းလွယ်ကူမှု (Mobility)

ဟာဗျာ။ ဒါက စစ်သား၊ စစ်ဗိုလ်၊ စစ်ခေါင်းဆောင်တွေပဲ သုံးသပ်ရမှာမဟုတ်ဘူးလားလို့ တူမောင်က မေးချင်မေးပါလိမ့်မယ်။ ဦးဦးတို့လို လူဦးရေအလွန်တရာနည်းပါးပြီး မြေဧရိယာ အသင့်အတင့်ကျယ်တဲ့ နိုင်ငံမျိုးမှာ ယောကျ်ားသားအားလုံးဟာ စစ်ရေးသတိရှိရမယ်။

မြန်မာလူမျိုးတွေ ဟိုး နှစ်ပေါင်းထောင်ချီပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီးပေါ်မှာ အောင်လံတလူလူနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ ခိုင်ခိုင်ခံ့ခံ့၊ ခမ်းခမ်းနားနား နေနိုင်ခဲ့တာဟာ (ပြည်သူ့စစ်မဟာဗျူဟာသဘော)ပြည်သူပြည်သားတိုင်း သိုင်းပညာ၊ စစ်အတတ်ကျွမ်းကျင်တဲ့ မြန်မာကြီးတွေမို့ပဲကွယ့်။ ရှေးကာလယခုထက်ပင် အဆပေါင်းများစွာ လူဦးရေနည်းပါးပါလျက်နဲ့ ယခုထက်ပိုကျယ်တဲ့ နယ်မြေတွေကို စိုးမိုးနိုင်ခဲ့တယ်နော်။

ထိုင်းနိုင်ငံ အယုဒ္ဓယမြို့တော်ဆိုတာ မကြာခဏ သွားသွားပြီး စစ်ထိုးခဲ့တာပဲ။ မြန်မာပြည်က လယ်ထွန်နေတဲ့ လယ်သမား၊ ရွာသား၊ တောသားတွေပေါ့ကွယ်။ ဆင်တပ်တွေ၊ မြင်းတပ်တွေနဲ့ ချီတက်သွားတဲ့ စစ်သားတွေဟာ ကိုယ့်ရွာသူ့ရွာက သာမန်ပြည်သူတွေပဲဗျ။ (အမြဲတမ်းတပ်မတော်ချည်းမဟုတ်ခဲ့) တူမောင်နားလည်ပါပြီနော်။ တို့ခေတ်ကျမှ ညံ့ကြတော့မှာလား။

မညံ့ပါစေနဲ့ တူမောင်။ ဒါပါပဲ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

ရုပ်ရှင်အောင်လံ ရသစုံမဂ္ဂဇင်း
နိုဝင်ဘာ၊ ၁၉၉၉ခုနှစ်

☸ ☸ ☸ ☸

# သင်ပါပြင်ပါ

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

အကြောင်းအရာတစ်ခုကို အထောက်အထားခိုင်ခိုင်လုံလုံနဲ့ တင်ပြမှ ဘဝင်ကျတဲ့ သဘာဝမို့ ဦးဦးက တူမောင်ကိုပြောပြရမယ့် အကြောင်းအရာကို ကိုယ်တွေ့ဘဝဖြတ်သန်းမှုမှ သာဓကဆောင်ပြီး စ ရမှာပဲကွယ်။

၁၉၉၆ခုနှစ်မှာ ဦးဦးရေးတဲ့ ပထမဦးဆုံးစာအုပ် စတင်ထုတ်ဝေခဲ့ပါတယ်။ တူမောင်သိတဲ့အတိုင်း "ချစ်လို့ပြောတာမှတ်ပါ " ဆိုတဲ့ လူငယ်ဆိုင်ရာ အကြံပေးစိတ်ပညာ ဆောင်းပါးပေါင်းချုပ်ပါ။ စာပေပုံ သဏ္ဍာန်နဲ့ ရေးဖွဲ့ထားပါတယ်။ ဒီစာအုပ်ဟာ ၁၉၉၆ခုနှစ် ဇူလိုင်လ မှာထွက်ပါတယ်။ ၁၉၉၆ခုနှစ်ထဲမှာပင် (၄)ကြိမ်ပုံနှိပ်ရပါတယ်။ အခု ဆိုရင် (၁၂)ကြိမ်မြောက် ထပ်မံပုံနှိပ် ထုတ်ဝေခဲ့ပါပြီ။ စာဖတ်ပရိသတ်ရဲ့ အားပေးမှု ကောင်းစွာရတဲ့စာအုပ်လို့ ဆိုနိုင်ပါရဲ့။

၁၉၉၆ခုနှစ်မှာ လူငယ်ဆိုင်ရာ "အမျိုးသားစာပေဆု"ကို

ဒီစာအုပ်အတွက် ဦးဦးရရှိခဲ့ပါတယ်။ နိုင်ငံတော်အစိုးရက ဆုငွေကျပ်တစ်သိန်းချီးမြှင့်ပါတယ်။

ပထမဦးဆုံးစာအုပ်နဲ့တင် ပေါက်သွားတယ်လို့ ပြောကြတာပဲ။ ဈေးကွက်မှာ ရောင်းလို့ကောင်းတာနဲ့ အမျိုးသားစာပေဆုရတာတွေကြောင့် အောင်မြင်မှုရတယ်လို့ ဆိုနိုင်ပေတာပေါ့။ ဘာကြောင့်အခုလို အောင်မြင်မှုရသလဲလို့ ဦးဦးကိုမေးလာရင် (အတိုဆုံးဖြေရရင်တော့) သင်ယူပြုပြင်မှုနဲ့ လေ့ကျင့်ဆည်းပူးခဲ့လို့ပါ။ ဒီလိုဆိုချင်တယ်။

ဒီလိုပဲ အလားတူအောင်မြင်မှုမျိုးကို ရချင်သူများအတွက် သင်ခန်းစာယူစရာ ပြောရရင်တော့ စကားနှစ်ခွန်းပဲ ဦးဦးတင်ပြချင်ပါတယ်။

(၁) သင်ပါ။

(၂) ပြင်ပါ။

၁၉၉၅ခုနှစ် ဇူလိုင်လမှာ ဦးဦးဟာ စစ်ဦးစီးတက္ကသိုလ်နည်းပြရာထူးတာဝန်မှ မြဝတီစာပေတိုက်ရဲ့ စာတည်းမှူးချုပ်နေရာကို ပြောင်းရွှေ့ခန့်အပ်ခြင်း ခံရပါတယ်။ ဦးဦးဟာ ၁၉၈၄ခုနှစ် အောက်တိုဘာလမှစပြီး ဆောင်းပါးတွေ၊ မဂ္ဂဇင်းမျိုးစုံမှာ အဆက်မပြတ်ရေးသားခဲ့ပြီမို့ သာမန်ဆောင်းပါးရှင်တော့ဟုတ်ပါရဲ့။ လုံးချင်းစာအုပ်အနေနဲ့ ရေးသားထုတ်ဝေနိုင်တဲ့ ကလောင်တစ်ချောင်းတော့ မဖြစ်လာသေးပါ။

မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ တေဇစာစောင်၊ တို့ကျောင်းသားစာစောင်၊ မိုးသောက်ပန်းနဲ့ မြဝတီဂျာနယ်(နှစ်ပတ်တစ်ကြိမ်ထုတ်)၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကို အမျှင်မပြတ်ပုံနှိပ်ထုတ်ဝေနေရတဲ့ စာပေတိုက် တစ်ခုကို ဦးစီးဦးဆောင် ကွပ်ကဲရပြီဆိုတော့ ဆောင်းပါးရှင်ဘဝသာမက စာတည်းမှူးချုပ်ရဲ့ ပုံနှိပ်ထုတ်ဝေသူအလုပ်ကိုပါ ဆောင်ရွက်ရပါတယ်။ ရောက်စ အချိန်မှစပြီး မြဝတီစာပေတိုက်မှာ မူလရှိကြတဲ့ ဆရာဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ ဆရာဦးလှကြွယ်

(တက္ကသိုလ် လှကြွယ်)၊ ဗိုလ်ကြီး သောင်းဖေ စတဲ့ ဆရာသမားများထံမှာ ဦးဦးက လေးစားစွာနဲ့ သူတို့ကို မေတ္တာရပ်ခံပြီး ပညာသင်ယူပါတယ်။ Please

(၁) Teach Me ကျွန်တော့ကို သင်ပါ။

(၂) Correct Me ကျွန်တော့ကို ပြင်ပါ။

ပညာမပြည့်ဝပဲနဲ့ ခေါင်းဆောင်မှုကိုမရနိုင်သေးပါ။

၁၉၆၄ခုနှစ်လောက်ကစပြီး မဂ္ဂဇင်း၊ ဂျာနယ်တွေကို ဝါသနာထက်သန်သန်နဲ့ လေ့လာဖတ်ရှုခဲ့တာမို့ စာပေလေ့လာဖတ်ရှုမှုအနေနဲ့ အနှစ်၃၀ရှိပြီလို့တော့ ပြောလျှင်ပြောနိုင်တာပေါ့။ သို့သော် အပေါ်ယံပါ။

၁၉၈၄ခုနှစ်မှစပြီး မိုးဝေ၊ သောင်းပြောင်းထွေလာ၊ ရှုမဝ၊ စံပယ်ဖြူ၊ မြတ်လေး၊ လုံမလေး စတဲ့မဂ္ဂဇင်းတွေမှာ အဆက်မပြတ်ရေးနေခဲ့ပြီမို့ ဆောင်းပါးရှင်အနေနဲ့ စာပေရေးသားမှုအလေ့အကျင့် (၁၀) နှစ်ကျော် ရှိခဲ့ပါပြီလို့ ဆိုချင်ဆိုနိုင်တာပေါ့လေ။ ဒါပေမယ့် ဒါဟာလည်း တစ်ကယ့်စာပေနယ်ထဲ အတွင်းကျကျရောက်ခဲ့တယ်တော့ မဆိုနိုင်ပါဘူး။ နယ်အဝေးကဆောင်းပါးရှင်ပဲလေ။

လစဉ် ငွေကျပ်သိန်းပေါင်းများစွာရောင်းချဖို့၊ စောင်ရေသောင်းနဲ့ချီပြီးထုတ်ဝေနိုင်အောင် ကိုယ်တိုင်စီမံအုပ်ချုပ် ရတဲ့အလုပ်ကို နဖူးတွေ့၊ ဒူးတွေ့ လုပ်ရပြီ။ ဒီအချိန်မှာတော့ တစ်နှစ်တာကာလ အတွင်းမှာပဲ လက်တွေ့လုပ်ငန်းခွင်က ပညာတွေ အများကြီးရရှိခဲ့ပါတယ်။

ဆရာဦးမြင့်ကြွယ်၊ ဆရာဦးလှကြွယ် စတဲ့ ဝါရင့်အယ်ဒီတာကြီးနဲ့တစ်ကွ ဦးလေးမြိုင်၊ ဦးဌေးမောင်၊ ဦးကျော်အောင် စတဲ့ဆရာများရဲ့ အနီးကပ် သင်ကြားပြသမှုတွေရဲ့ကျေးဇူးပါပဲ။

အပတ်စဉ်သုံးသပ် အစည်းအဝေးလုပ်တယ်။

လစဉ် ဝေဖန်လမ်းညွှန်မှုနာခံခြင်း လုပ်ခဲ့ပါတယ်။ အကောင်း

အဆိုး၊ အကျိုးအပြစ် ဝေဖန်သုံးသပ်ပြီး နည်းပညာ၊ အတတ်ပညာဆိုင်ရာသိစရာတွေကို လေ့လာဆည်းပူးရပါတယ်။ ဒါကြောင့် “ဆရာမပြနည်းမကျ”ဆိုတဲ့စကားကို လက်ခံကျင့်သုံးတော့ “ဆရာပြမှ နည်းစနစ်ကျမယ်” ဆိုတဲ့ ကျင့်စဉ်နဲ့ မှတ်သားနာယူပြီး ဆောင်ရွက်တာပေါ့။ အထိုက်အလျောက်အောင်မြင်တိုးတက်မှုတွေ ရပါတယ်။ လုံးချင်းစာအုပ်ကောင်းတွေ(၅၀)လောက် ထုတ်ဝေနိုင်ခဲ့တာကိုပဲ ကြည့်ပေတော့။

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကိုလည်း အထောက်အကူ ပြုပေးရာရောက်တယ်။ စာကောင်းပေကောင်းတွေကို တန်ဖိုးဈေးနှုန်းချိုချိုနဲ့ ဖြန့်ဝေပေးနိုင်ခဲ့တယ်။ စာရေးဆရာ၊ ပန်းချီဆရာ၊ ကဗျာဆရာတွေကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်နိုင်ခဲ့တယ်။ ဝန်ထမ်းတွေရဲ့စိတ်ဓာတ်နဲ့ သက်သာချောင်ချိရေးတွေကိုလည်း ပိုမိုကောင်းမွန်အောင် မြှင့်တင်ပေးခဲ့တယ်။ ထားပါတော့။

ပထမဦးဆုံးစာအုပ်ဟာ ဝတ္ထုလဲမဟုတ်။

ဒါပေမယ့် လူငယ်ကြိုက်ဖြစ်ခဲ့တယ်။

စွဲမက်လောက်စရာ ကဗျာလည်းမဟုတ်။

ဒါပေမယ့် လူငယ်တွေကြားမှာ ရေပန်းစားခဲ့ပါရဲ့။ ဘာမှလဲ မထူးခြားဘဲနဲ့။

သုတပေးတယ်ဆိုပေမယ့် အတွေးအခေါ် အသစ်အဆန်း မပါပါဘူး။

အနုပညာရသမြောက်လောက်အောင်လဲ လွမ်းစရာ၊ ရယ်စရာ မပါလှပါဘူး။ အမှန်ပါ။

ဒါဖြင့် အဘယ့်ကြောင့် အောင်မြင်သလဲ။

“စေတနာ”ကောင်းမွန်တဲ့ အရေးအသား။

လူငယ်တွေ တိုးတက်စေချင်တဲ့၊ စိတ်အားထက်သန်လှတဲ့

မေတ္တာ၊ စေတနာ ထင်ရှားလို့ပါ။

အခုဆိုရင် ဦးဦးရေးသားထုတ်ဝေတဲ့ စာအုပ်တွေဟာ (၁၁) အုပ် လောက်ရှိပါပြီ။ စာဖတ်ပရိသတ် အတန်အသင့်တို့က ဒီကလောင် တစ်ချောင်းဟာဖြင့် အကျိုးပြုတဲ့စာပေအမျိုးအစားကို သူသိသမျှ၊ နားလည်သမျှ ရိုးရိုးသားသားနဲ့ ကြိုးစားပြီး အလုပ်အကျွေး ပြုနေတာ ပါကလားဆိုတဲ့ "ယုံကြည်အားကိုးမှု"ကို အနည်းငယ်တော့ ရခဲ့ပြီ။

နေ့ချင်း၊ ညချင်းဖြစ်ထွန်းပေါ်ပေါက်လာနိုင်တာမျိုးတော့ မဟုတ်ဘူး။ စိတ်ရှည်ရှည်နဲ့ ဇွဲရှိရပါတယ်။ အချိန်ရဲ့စမ်းသပ်စစ်ဆေး မှုကို ခံယူနိုင်ရတယ်။

ဦးဦးဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံထဲက အနှစ်သာရကို တိုတိုနဲ့ အကြံပြုရရင် -

(၁) သင်ပါ။ ဆည်းပူးလေ့လာ နာယူပါ။

(၂) ပြင်ပါ။ မှားလျှင်ပြုပြင် အစဉ်လေ့ကျင့်ပါ။ ဒါပါပဲ။

တူမောင်ဟာ သူများတကာထက် ထိရောက်စွာနဲ့ အောင်မြင် လွယ်သူဖြစ်လာမှာ မုချသေချာပါတယ်။ လက်တွေ့ကျင့်သုံးကြည့်ပါ။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

မိုးဂျာနယ်
ဇွန်လ၊ ၁၉၉၉ခုနှစ်

# ခေါင်းဆောင်မှာရှိအပ်သော အရည်အချင်း

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ . . .

အနောက်နိုင်ငံများမှာ ပညာရေးဆိုင်ရာဆိုရိုးစကားတစ်ခွန်း ရှိတယ်။ စိတ်ကိုမသင်ကြားမီ နှလုံးသားကိုသင်ပါတဲ့။

"Before you tech the mind, You teach the heart."

သိပ်အဖိုးတန်တဲ့စကားပါပဲတူမောင် ဦးဦးတို့ငယ်ငယ်၊ သူငယ်တန်းကျောင်းသားဘဝမှာ တစ်တန်း၊ နှစ်တန်း စသည့် ကျောင်းစာသင်ခန်းများကို ဖြတ်သန်းခဲ့ရာမှ မန္တလေးတက္ကသိုလ် ၁၄-တန်း၊ ရန်ကုန်တက္ကသိုလ်(အသုံးချစိတ်ပညာ)၁၆-တန်းအထိ ဆိုပါတော့။ ဆရာအမျိုးမျိုးတို့ထံမှ ဘာသာရပ်နဲ့ သင်ခန်းစာအမျိုးမျိုးတို့ကို လေ့လာနာယူခဲ့ရပါတယ်။ မှတ်သားခဲ့ရပါတယ်။

နှလုံးသားကိုပုတ်နှိုးပြီး သင်ပြတဲ့ဆရာ၊ ဆရာမတို့ရဲ့စကားတွေဟာ ရာသက်ပန်စွဲမြဲနစ်ဝင် ထင်ကျန်ရစ်နေကြပြီး သူပြောချင်ရာပြော သူသင်ချင်ရာသင် တပည့်ရင်ထဲမှာ ဘာတွေခံစားနေရသလဲ၊

မမြင်တတ်ရှာတဲ့ ဆရာတစ်ချို့ရဲ့သင်ကြားမှုတွေကိုတော့ မေ့လျော့ခဲ့ပါပြီ။ ပြန်လည်စဉ်းစားတဲ့အခါ စာတွေဟာ ကျောင်းကိုပြန်ကုန်ပြီ။ စာတွေဟာ ကျောင်းကိုပြန်သွားခဲ့ကြပြီလို့ အချင်းချင်း ရယ်ပွဲဖွဲ့ကြရပါပြီ။ အေးလေ. . . မမှတ်မိတာလည်းမပြောနဲ့ သင်ပြတဲ့ဆရာကိုယ်တိုင်၌က “စိတ်ကိုမသင်ကြားမီ နှလုံးသားကိုဦးစွာ သင်ပြရမည်” ဆိုတဲ့ သဘောသဘာဝလေးကို မသိခဲ့လေပဲကိုး။ သို့မဟုတ် သိပင်သိငြား သော်လည်း လက်တွေ့မှာအသုံးမချရှာတော့ ထိရောက်သင့်သလောက် မထိရောက်ဘူးပေ့ါနော်။

ဦးဦးအဖေက ကျောင်းဆရာ။

စာသင်ကောင်းတဲ့ကျောင်းဆရာအဖြစ် တပည့်အများက အသိအမှတ်ပြုထားကြပါတယ်။ စေတနာထားတဲ့ဆရာအဖြစ် အားလုံးက လေးစားခြင်းကိုခံယူရပါတယ်။

ဦးဦးလည်း စစ်ဦးစီးတက္ကသိုလ်မှာ ငါးနှစ်၊ (၁၉၉၀-၉၅) စစ်ပညာတွေကို သင်ကြားပြသခဲ့ရဖူးပါတယ်။ စစ်တက္ကသိုလ် ဗိုလ်လောင်းတွေကိုသင်တာမဟုတ်ဘူးနော်။ အဆင့်မြင့်တပ်မှူးကြီးတွေကို စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာသင်ကြားရတာပါ။ဝါသနာပါတဲ့အလုပ်၊ စိတ်ပါဝင်စားတဲ့အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် ငါးနှစ်တာမျှ ပျော်ပျော်ရွှင်ရွှင်လုပ်ဆောင်ခဲ့ပါတယ်။ စေတနာပြည့်ဝတယ်၊ အသင်ပြကောင်းတယ်လို့ အနီးအဝေးမှာ ထင်ရှားခဲ့ပါတယ်။ မယုံလျှင်မေးကြည့်နိုင်ပါတယ်။

သင်ယူသူလူမှာ ဦးနှောက်သာမက နှလုံးသားရှိတယ်ဆိုတာ နားလည်ရမယ်။ နှလုံးသားချင်းစကားပြောမှ ထိရောက်တယ်။ တိုက်စစ်အကြောင်းပြောရင် တကယ်ပဲစားတော့ ဝါးတော့မယ် ဘီလူးသူရဲလို အနေအထားနဲ့ အားမာန်ပါပါ စျာန်ဝင်ပြီးသင်ရတယ်။ခံစစ်အကြောင်း ပြောရင် ခံစစ်အနေအထားမှာ ရန်သူကပတ်ချာလည်ဝိုင်းတိုက်နေပေ

မယ့် တည်တည်ငြိမ်ငြိမ်နဲ့ “တပ်၊ တား၊ ပစ်၊ လုံ၊ အုပ်၊ ဆက်၊ တန်”ဆိုတဲ့ စီမံချက်(၇)ခုကို သေသေချာချာနားဝင်သဘောပေါက်အောင် သင်ပြပါတယ်။

(၁) တပ်များစုဖွဲ့ခြင်းစီမံချက်
(၂) အတားအဆီးစီမံချက်
(၃) ပစ်ခတ်မှုစီမံချက်
(၄) လုံခြုံရေးစီမံချက်
(၅) အုပ်ချုပ်ထောက်ပံ့ရေးစီမံချက်
(၆) ဆက်သွယ်ရေးနှင့်ကွပ်ကဲမှုစီမံချက်
(၇) တန်ပြန်တိုက်စစ်စီမံချက်

ဒါကနမူနာပြောတာပါ။ သေနင်္ဂဗျူဟာ စစ်ပညာဆိုတာ လူတကာကိုသင်ရ ပြရတာမျိုးမဟုတ်ပါဘူး။ အံ့ဝှက်တွေ၊ အနက်ကောက်ရတာတွေ၊ ပဟေဠိတွေ အများကြီးရှိပါသေးတယ်။ အခုတူမောင်တို့ကို ဖွင့်ပြောတာက လူတိုင်းသိပြီးသားယေဘုယျအချက်မျိုးနဲ့ သာဓကဆောင်တာပါ။ (ဒီခုနှစ်ချက်ကိုကြားဖူးရုံနဲ့ ဘာမျှသုံးလို့မရသေးပါ)။ ထားတော့။

သင်ကြားပြသမှုဆိုတာ အတတ်ပညာရပ်တစ်ခုဖြစ်ပါတယ်။ ခေါင်းဆောင်လုပ်ရတဲ့လူဟာ မိမိရဲ့လက်အောက်ခံ ငယ်သားတွေကို အစဉ်မပြတ်အကဲခတ်ပြီး လေ့ကျင့်ပြုးထောင်ပေးနေဖို့ရာ တာဝန်ရှိပါတယ်။ တိုက်ပွဲအတွေ့အကြုံကို ဓမ္မဓိဋ္ဌာန်ကျကျပြန်လည်သုံးသပ်ပြီး အားနည်းတာတွေကို ပပျောက်အောင်လုပ်ဆောင်နေရမယ်။ ဒါမှ အရည်အသွေးမြင့်လာမယ်။

ငါ့တပ်စုဟာ ညချီတက်မှုမှာ မျက်စေ့လည်ပြီး ရည်မှန်းချက်ကို နှစ်ရက်နောက်ကျပြီးမှ ရောက်သွားခဲ့ရတယ်။ အရပ် မျက်နှာထိန်းသိမ်းခြင်းသင်္ခန်းစာ၊ မြေပုံဖတ်သင်္ခန်းစာ၊ ညလှုပ်ရှားခြင်း သင်္ခန်းစာ

တွေကို ပိုမိုကျေညက်ဖို့လိုနေတယ်။ ဒီဘာသာရပ်တွေကို လေ့ကျင့်မယ်။

ငါ့တပ်ခွဲဟာ ပြီးခဲ့တဲ့တိုက်ပွဲမှာ ကျည်ဆန်တွေအရေအတွက် အများကြီး သုံးစွဲပစ်ခတ်ခဲ့ပေမယ့် ရန်သူအသေအကြေ အလွန်နဲတယ်။ ကျည်ဆန်တွေလေထဲမှာ ပျံ့ဝဲနေတယ်။ ပစ်မှတ်ကိုမထိခဲ့ဘူး။ လက်နက်ငယ်သင်္ခန်းစာ၊ လက်နက်ကြီးသင်္ခန်းစာ၊ "ကျည်တစ်တောင့် -ရန်သူတစ်ယောက်" ရအောင်ပစ်ခတ်နည်းတွေ ပြန်လည်လေ့ကျင့် ပေးသင့်တယ်။

ရွာထဲမှာနေစဉ် ပြည်သူလူထုနဲ့ ဆက်ဆံရေးပိုမိုပြေပြစ်ဖို့ လိုတယ်။ စစ်စည်းကမ်းပိုပြီးကောင်းလာအောင် စစ်ရေးပြလေ့ကျင့်မယ်။ ပြည်သူ့ဆက်ဆံရေးဘာသာရပ် ဆွေးနွေးပေးရမယ်။ ဒါမျိုးတွေစဉ်းစား လုပ်ဆောင်ရမယ်။ ဒါဟာ ဘယ်အဆင့်ဖြစ်ဖြစ် ငယ်ငယ်ကြီးကြီး ခေါင်းဆောင်ရဲ့တာဝန်ပဲ။

ကောင်းပြီ။

ခေါင်းဆောင်ဟာ နည်းပြလုပ်ရမယ်။

ခေါင်းဆောင်လုပ်သူမှာ သင်ကြားပြသဖို့တာဝန်ရှိနေသည်။ ဒါကိုနားလည်ပြီ။ လက်ခံပြီ။

သင်ကြားပို့ချမှု အခြေခံသဘောတရားတွေရှိတယ်။ အဲဒါတွေကို လိုက်နာလုပ်ဆောင်ရပါမယ်။

"ရည်ပြင်သင်နား၊ စစ်ဆေးပါ၊ ပညာတိုးတက်မည်။ "

ဒီအတိုကောက်လက်ာလေးရဲ့အဓိပ္ပာယ်က ဘာလဲ။

(၁) ရည်-ရည်ရွယ်ချက်ကို ဦးစွာအသိပေး၊ ဘာသာရပ် သင်္ခန်းစာရဲ့ ရည်ရွယ်ချက်ပြောကြ။

(၂) ပြင်-ပြင်ဆင်ပြီးမှသင်၊ မသင်ခင် သေချာစွာပြင်။

(၃) သင်-သင်ကြားမှုနည်းနာတွေရွေး၊ ပို့ချ၊ သရုပ်ပြ

(၄) နာ-နာယူမှု၊ နားလည်မှုရှေးရှု

(၅) စစ်ဆေးပါ-အကဲဖြတ်ခြင်း၊ အပတ်စဉ်စစ်ဆေးခြင်း၊ လစဉ်သုံးသပ်ပြုပြင်ခြင်း။

ကဲဗျာ၊ ဒီငါးချက်နဲ့ မကိုက်ညီဘဲ သင်ပြနေတယ်မရဘူးလား။ ရပါတယ်။ ဒါပေမယ့် ထိရောက်အောင်မြင်မယ်တော့ မဟုတ်ဘူး။ သေချာတယ်။ ရေခွက်တစ်ခုချထား။

နှုတ်ခမ်းချင်းတော့ပြီး သေသေချာချာလောင်းထည့်တဲ့နည်း ဆိုတာရှိတယ်။ PRINCIPLE အခြေခံသဘော၊ မလိုချင်ဘူး။ မလိုပါဘူး။ ဟဲ. . . ဟဲ. . . ။

အဝေးကနေလှမ်းပတ်လည်း ရတာပဲ။

ကဲ. . . ပက်ပါ. . . ပက်ပါ။ ရေခွက်ထဲတော့ ရေတစ်စက်၊ နှစ်စက်သာ ရောက်ရှာတာပေါ့။ တွေ့ပြီမဟုတ်လား။

၂၀၀၁ခုနှစ်ဟာ ခရစ်သက္ကရာဇ် ၂၀၀၀ကာလရဲ့အလွန်ဖြစ်ပါတယ်။ ပညာအရေးပါလာတယ်။ ပညာကိုအသုံးချကြဖို့ နိုင်ငံတကာမှာ ခုန်ပြန်ကျော်လွှားပြီး ဖွံ့ဖြိုးတိုးတက်နေကြတယ်။ ပညာကိုအသုံးချကြရပါမယ်။ ပညာတတ်အောင်ကြိုးစားကြရမယ်။ အသက်မွေးဝမ်းကြောင်းအနေနဲ့ ကျွမ်းကျွမ်းကျင်ကျင် နှံ့နှံ့စပ်စပ်ဖြစ်အောင် အထူးပဲ အားထုတ်ကြရပါလိမ့်မယ်။

ပထမ။ ။သင်ယူသူများမှာ ပညာလိုလားတဲ့စိတ်ထား ရှိရပါမယ်။ ဟုတ်တယ်။ တပည့်အရေးကြီးတယ်။

ဒုတိယ။ ။သင်ကြားသူများမှာ စေတနာ၊ ဝါသနာအပြင် ကျွမ်းကျင်တတ်မြောက်စွာ သင်တတ်သူများဖြစ်အောင် ပျိုးထောင်ထားရပါလိမ့်မယ်။

ဆရာကပို၍အခြေခံကျတယ်။

ဆရာတွေကိုသင်ပြမယ့် ဆရာ့ဆရာက ပိုပြီးအရေးကြီးပြန်ရော။ ဒါမှသာ ပညာတိုးတက်မယ်။

“ Before you teach the mind, You teach the heart”

စိတ်ကိုမသင်ကြားမီ နှလုံးသားကိုအရင်ဦးစွာသင်ပါတဲ့။ ဒီစကားကို သေသေချာချာကျင့်သုံးလိုက်နာကြည့်ရင် လက်တွေ့ထိရောက်အောင်မြင်တာကို ကိုယ်တိုင်သိရပါလိမ့်မယ်။ စမ်းကြည့်ကြစေလိုပါတယ်။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း
ဧပြီ၊ ၂၀၀၁ခုနှစ်

☸ ☸ ☸ ☸

# လက်ဆင့်ကမ်းတာဝန်

ချစ်စွာသောတူမောင်
ရှင်လန်းချမ်းမြေ့ပါစေ . . .

သစ်ပင်မှန်ရင် အမြစ်နဲ့မကင်းဘူးတဲ့။
လူမှန်ရင်လဲ အချစ်နဲ့မကင်းဘူးဆိုပဲ။
တိုင်းပြည်မှန်ရင်လည်း စစ်နဲ့မကင်းဘူးလို့ ဆိုကြတယ်။

ဟုတ်တာ၊ မဟုတ်တာ ငြင်းခုန်စရာမလိုပါဘူး။ ဆိုရိုးစကား ကြားဘူးတာပြောတာနော်။ စစ်ပွဲဆိုတာကတော့ လူတွေ၊ ခေးတို့၊ လှံတို့ လက်နက်အမျိုးမျိုး ကိုင်တွယ်တတ်တဲ့အချိန်ကစပြီး ဖြစ်ခဲ့ကြတာပဲ။ ဆင်တွေ၊ မြင်းတွေစီးနှင်းပြီး ဆင်တပ်၊ မြင်းတပ်တွေနဲ့လဲ တိုက်ခိုက်ကြပြီးပြီ။ လှေတပ်၊ သဘောင်္တပ်၊ ရေတပ်တွေနဲ့လဲ တိုက်ခဲ့ဖူးတာပဲ။

အမြောက်တွေ တင့်ကားတွေပေါ်ပေါက်လာပြီးတဲ့ နောက်မှာတော့ အသေအကြေပိုများအောင် တိုက်ခိုက်ကြပြန်တာပေါ့။ လေယာဉ်ပျံတွေ လေတပ်တွေနဲ့ တိုက်ခိုက်တဲ့ခေတ်ရောက်တော့ လေကြောင်းအကဲသာမှုဟာ အရေးကြီးလှတာပေါ့ကွယ်။

ကမ္ဘာ့မျက်နှာပြင်မှာ ရေပြင်သမုဒ္ဒရာက ၇၀ရာခိုင်နှုန်းကျော် ကျယ်ဝန်းတာမဟုတ်လား။ ရေပြင်ပိုင်နက်ကို စိုးမိုးလွှမ်းမိုးဖို့က ကြာလေလေအရေးပါလေလေဖြစ်ပါတယ်။ ဒီတော့ လေယာဉ်တင်စစ်သင်္ဘောကြီးတွေဟာ အရေးပါတဲ့ မဟာဗျူဟာရေယာဉ်ကြီးတွေဖြစ်လာတယ်။ ရွေ့လျားနေတဲ့လေယာဉ်အခြေစိုက်စခန်းတွေ သင်္ဘောပေါ့။

စစ်ရဲ့အခြေခံသဘောတရားက များများမရှိပါဘူး။ အခြေခံအကျဆုံးအချက်က တူမောင်သိတဲ့အတိုင်း ပစ်ခတ်မှုနဲ့ရွေ့လျားခြင်းပဲ။

၁။ Fire ပစ်ခတ်မှု

၂။ Movement ရွေ့လျားခြင်း

စစ်သေနင်္ဂဗျူဟာအဆင့်ဆင့် မြင့်မားလာတဲ့အခါမှာတော့ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့အင်အားမှနေပြီးပစ်အားနဲ့စစ်ကစားမှုဖြစ်လာပါတယ်။ ကြည်းတပ်ဖြစ်စေ၊ ရေတပ်ဖြစ်စေ၊ လေတပ်ဖြစ်စေ ပစ်အားနဲ့ စစ်ကစားမှုဟာ အခြေခံပါပဲ။

၁။ Fire Power ပစ်အား

၂။ Mobility စစ်ကစားမှု

စစ်ပညာကို လူပြိန်းနားလည်အောင် အတိုဆုံးနဲ့ အရှင်းဆုံးပြောပြလိုက်လို့ မြန်မြန်သဘောပေါက်အောင် တူမောင်ရေ။ သက်သေသာဓကတွေ ဖော်ပြကိုးကားရရင်တော့ စစ်သမိုင်းတစ်လျှောက်မှာ ကောက်နှုတ်ပြောချင်စရာတွေ အများကြီး ပေါ့။ ထားတော့။

အရိပ်ပြလျှင်အကောင်မြင်ပြီး တစ်ထွာပြရင် တစ်လံမြင်တဲ့ မောင်ရင်တို့ခေတ်လူငယ်တွေအဖို့ အကျယ်ချဲ့ပြီး မတင်ပြလိုပါဘူး။

ပစ်အားကောင်းတဲ့ အသံထက်မြန်တဲ့ ဆူပါဆောနစ် ဂျက်တိုက်လေယာဉ်တွေတင်ထားတဲ့ လေယာဉ်တင်သင်္ဘောကြီးတွေ စုဖွဲ့ထားတဲ့ အမေရိကန်အမှတ်(၇)ရေတပ်မတော်၊ အမှတ်(၁၁)ရေတပ်

မတော် ဆိုတာတွေဟာ သမုဒ္ဒရာ နေရာအနှံ့ စိုးမိုးနိုင်ကြတယ် ပြောပါတော့။

သူများစစ်အင်အားကို ကြောက်စရာဖြစ်အောင်ပြောတာ မဟုတ်ပါဘူး။ အဖြစ်မှန်၊ အခြေအနေမှန်သိအောင်ပြောတာပါ။ ၁၉၆၅ခုနှစ်ကနေ ၁၉၇၅ခုနှစ်ထိ အမေရိကန်ဟာ အင်အားကြီးမားတဲ့ ကြည်း၊ရေ၊ လေတပ်များနဲ့ ဗီယက်နမ်နိုင်ငံကို (၁၀)နှစ်တိတိ ဖိနှိပ်ကျူးကျော် တိုက်ခိုက်ခဲ့ဖူးပါတယ်။ နောက်ဆုံးအဖြေကတော့ မရှုမလှရှုံးနိမ့်ပြီး ခွေးပြေး၊ ဝက်ပြေးထွက်ပြေးရခြင်းနဲ့ အဆုံးသပ်ခဲ့ပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ (၂၅)နှစ်က စစ်သမိုင်းမှာအထင်အရှားရှိခဲ့တဲ့ သင်ခန်းစာပါ။ ချစ်ခြင်း၊ မုန်းခြင်း ဆန္ဒစွဲမပါပါ။

အမေရိကန်ပြည်ထောင်စုကနေ အရှေ့အာရှအထိလာပြီး ကျူးကျော်စော်ကားရတာဆိုတော့ ဘယ်လွယ်မှာလဲ။ အကွာအဝေးက ကွာလှမ်းလွန်းတာကိုး။ ဒီလိုမြင်ကောင်းမြင်မယ်။ ဝေးတာမှန်ပေတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ တောင်ဘက်မိုင်(၉၀)အကွာမှာ ရှိတဲ့ကျူးဘားကျွန်းပေါ်က ကျူးဘားဆိုရှယ်လစ်သမ္မတနိုင်ငံကို နိုင်ငံရေး ဝါဒအရ သူ့ရဲ့ဩဇာ မခံရကောင်းလား ဆိုပြီး ၁၉၆၀ကာလများမှ ယနေ့ ထိနှစ်ပေါင်း (၄၀)လုံးလုံး စစ်ရေး၊ စီးပွားရေး၊ သံတမန်ရေး၊ ဘက်ပေါင်းစုံမှ ဖိနှိပ်၊ ပိတ်ဆို့ အမျိုးမျိုး ကြိုးစားဆန့်ကျင်ခဲ့ပေမယ့် အမေရိကန် သမ္မတတွေသာ (၁၀)ယောက် (၁၂)ယောက် ပြောင်းလဲသွားတယ်။ ကျူးဘားခေါင်းဆောင်သမ္မတကတ်စထရိုကတော့ ပန်းပန်လျက်ပါပဲ။ မက်ဆီကိုပင်လယ်ကွေ့တစ်ခုပဲခြားပြီး ခဲနဲ့ပစ်ရင် ရောက်လောက်တဲ့ နိုင်ငံငယ်လေး တစ်ခုကိုတောင် ကိုယ့်အလိုကြိုက်လိုက်လျောအောင် အနိုင်ကျင့်လို့ မရဘူးဆိုတာ တူမောင်သိအောင် ပြောပြတာပါ။ စစ်အင်အား များတိုင်း စိုးမိုးလို့မရဘူးဆိုတဲ့ သာဓက ထင်ရှားစွာ တွေ့ရမှာပေါ့။ ယန်းကီးတွေဟာ အီးဘောလောကြီးတွေပါ။

ကြောက်စရာမလိုဘူး ဆိုတာ သိပြီနော်။

သတိတော့ရှိရမယ်။ အထင်မကြီးပေမယ့် အထင်လဲမသေးနဲ့။

၁၉၉၁ခုနှစ်မှာ လက်ဝဲအင်အားကြီးနိုင်ငံတစ်ခုကို သေနတ်တစ်ချက်မှ မဖောက်ဘဲ အနိုင်ယူခဲ့တယ်။

အရှေ့အနောက်အရှည်လျားအကျယ်ဝန်းဆုံးနိုင်ငံကြီး တစ်ခုကိုအမြောက်တစ်ချက်မှ မပစ်ရဘဲ ယိမ်းယိုင်ပြိုလဲသွားအောင် တွန်းဖြိုဖျက်ဆီးပစ်နိုင်ခဲ့တယ်။ မျက်စိရှေ့မှောက်(၁၀)နှစ်လောက်မှာ ကိုယ်တွေ့မျက်မြင်ပဲ။

ဘာနဲ့တိုက်သလဲတဲ့။

လေနဲ့တိုက်တာ။ ရေဒီယို၊ တီဗီနဲ့။

စက္ကူကျည်ဆံနဲ့တိုက်တာ။ စာနယ်ဇင်း၊ လူထုဆက်သွယ်ရေးနည်းနာ MEDIA WARFARE စစ်ဆင်ရေးနဲ့ အဆက်မပြတ် အရှိန်အဟုန်ပြင်းစွာ ဖြိုခွဲတာ။ စိတ်ဓာတ်စစ်ဆင်ရေးပေါ့။ အတိုဆုံးနဲ့ အကျဉ်းဆုံးပြောရရင် (၂) ချက်ပါပဲ။

၁။ Demolation ဖြိုခွဲခြင်း

၂။ Demoralization စိတ်ဓာတ်ပျက်ပြားစေခြင်း

ဂေါ်ဘာချော့ဗ်ကို ငြိမ်းချမ်းရေးနိုဗယ်လ်ဆုပေးခြင်းလိုဟာမျိုးအပါအဝင်ပေါ့ကွယ်။ ဒါပါပဲ။

နှစ်ပေါင်း(၇၀)ကျော်မျှ အားပြိုင်ပြီး သူနိုင်ကိုယ်နိုင် ဗိုလ်လုခဲ့တဲ့ စစ်အေးတိုက်ပွဲဟာ ၁၉၉၁နောက်ပိုင်းမှာ ပြီးဆုံးသွားပြီး အရှေ့အုပ်စု ဟာစီးပွားရေး၊ နိုင်ငံရေးပြဿနာတွေဖိစီးပြီး ဘုံးဘုံးလဲကျရှုံးသွားရပါတယ်။ အနောက်အုပ်စုဟာ ပြိုင်ဘက်ကင်းစွာ မဟာအင်အားလွန်ဖြစ်လာတယ်။ ကမ္ဘာပေါ်မှာ အင်အားချိန်ခွင်ညှာတစ်ဖက်စောင်းနင်းဖြစ်သွားတယ်။ ဟန်ချက်ပျက်ယွင်းသွားပြီ။

ဒီတော့ လွတ်လပ်စနိုင်ငံတွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဘက်မလိုက်

နိုင်ငံတွေကို သူ့ရဲ့ လက်ဝေခံသြဇာခံ၊ လက်အောက်ခံဖြစ်လာအောင် နည်းအမျိုးမျိုးနဲ့ ထိုးဖောက်ဖို့ကြိုးစားနေတော့တာပဲ။

ဘယ်လိုနည်းပရိယာယ်တွေသုံးနေသလဲ။ အခြေခံကျကျ မျိုးတူရာ စုစည်းလိုက်ရင် မြန်မာ့ရိုးရာစစ်ပညာမှာ ဖော်ပြထားတဲ့ ပရိယာယ်(၄) မျိုးကို ကျင့်သုံးချေမှုန်းနေကြောင်း တွေ့ရပါတယ်။

၁။ ဘေဒဥပါယ်။ သွေးခွဲခြင်း၊ စည်းလုံးညီညွတ်မှု ပျက်ပြားအောင် ဘက်ပေါင်းစုံက ဖြိုခွဲခြင်း၊ ဂုံးချောခြင်း၊ သပ်လျှိုခြင်း၊ အမုန်းပွားအောင်လုပ်ခြင်း၊ မမှန်မကန်နည်းနဲ့ ထိပ်တိုက်ဖြစ်အောင် မြှောက်ပေးခြင်း၊ သွေးထိုးခြင်း။

၂။ ဒဏ္ဍဥပါယ်။ ပုတ်ခတ်ခြင်း၊ ရှုံ့ချခြင်း၊ အပြစ်ပြောခြင်း၊ ဝိုင်းပယ်ခြင်း၊ ပိတ်ဆို့ခြင်း၊ ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ဖောက်ခွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ သိက္ခာချခြင်း၊ မဟုတ်မမှန်စွပ်စွဲခြင်း၊ တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အင်အားပြခြင်း၊ ပမာမခန့်လုပ်ခြင်း၊ စော်ကားခြင်း၊ ဖိနှိပ်ခြင်း စသည် စသည် . . .

၃။ သာမဥပါယ်။ သူ့အလိုကျလိုက်လျောအောင် အခြားတစ်ဖက်ကချော့မော့ခြင်း၊ သူ့တပည့်ခံသူတွေကို ထောက်ခံခြင်း၊ သူ့ရုပ်သေးဖြစ်နိုင်သူတွေကို မြှူဆွယ်အားပေးခြင်း၊ ပုဆိန်ရိုးများကို အမွှန်းတင်ခြင်း၊ သူ့ရဲ့လက်ဝေခံတွေကို ထောက်ပံ့ခြင်း၊ သူ့သြဇာခံနာခံမယ့် အုပ်စုကို ချီးကျူးဂုဏ်ပြုတင်ပြခြင်း စသည် စသည် . . .

၄။ ဒါနဥပါယ်။ လက်နက်ခဲယမ်း၊ ရိက္ခာငွေကြေးစသည်တို့ပေးကမ်းခြင်း၊ သံရုံးမှတစ်ဆင့်ကိရိယာပစ္စည်းများ ပေးပို့ခြင်းစသည် စသည် . . .

ဒီနည်းတွေကို ကမ္ဘာမြေအနှံ့လုပ်နေတာပဲ။ ကမ္ဘာတစ်ဝှမ်းကိုမြင်ကွင်းကျယ် ဖြန့်ကျက်ပြီး ကြည့်မြင်လိုက်ရင် တွေ့မြင်နိုင်တယ်။ ဘာမျက်နှာဖုံးပဲတပ်ထားထား၊ ဘာအကာအကွယ်ပဲယူနေနေ" ကြောင်

သူတော်ဆို၊ ယိုတော့ကြွက်မွေး ” ဆိုတဲ့ မြန်မာစကားပုံလိုပါပဲ။ သိသာပါတယ်။ ဘယ်မှာညာလို့ရမှာလဲ တူမောင်ရယ်။

ဦးဦးက ဘယ်နိုင်ငံကိုမှ မမုန်းပါဘူးနော်။ ကမ္ဘာပေါ်ရှိ ဘယ်တိုင်းပြည်၊ ဘယ်အုပ်စုကိုမှ ရန်သူလို့မမှတ်ယူဘူး။ ရန်သူဆိုတာ အမြဲမရှိဘူး။ မိတ်ဆွေဆိုတာလဲ အမြဲမရှိဘူး။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကိုတိုးတက်အောင် အကျိုးဆောင်သူဟာ မိတ်ဆွေပဲ။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို အကျိုး ဖျက်ဆီးလာမယ်ဆိုရင် ရန်သူပဲ။

မြန်မာ့သမိုင်းကို အနှစ်ချုပ်ကြည့်လိုက်။

(၁) ပျူခေတ်မှာ ကျူးကျော်သူတွေဟာ မြောက်ဘက်က ဝင်လာပြီး ဖျက်ဆီးခဲ့ကြတယ်။

(၂) ပုဂံခေတ်ကြီး ပျက်စီးနိမ့်ပါးသွားခဲ့ရတာမှာ မြောက်ဘက်က ကျူးကျော်သူတွေကြောင့်ပဲ။

(၃) ကုန်းဘောင်ခေတ်၊ ဆင်ဖြူရှင်လက်ထက်မှာ ကျူးကျော်မှုခံရပေမယ့် ဗန်းမော်၊ သိန္နီ၊ ကျိုင်းတုံစတဲ့ စစ်မျက်နှာအသီးသီးမှာ အောင်မြင်စွာ တွန်းလှန်ခုခံပြီး တိုက်ထုတ်နိုင်ခဲ့တယ်။

၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅၊ အင်္ဂလိပ်မြန်မာစစ်ပွဲ သုံးကြိမ်မှာတော့ အိန္ဒိယသမုဒ္ဒရာဘက်က ဝင်လာတဲ့ ရန်သူက တစတစဝါးမြိုသိမ်းပိုက်တာခံခဲ့ရတယ်။ ၁၈၂၄မှ ၁၉၄၈ခုနှစ်အထိ နှစ်ပေါင်း(၁၂၄)နှစ်ဟာ ဗြိတိသျှကိုလိုနီနယ်ချဲ့ကို မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်လက်ဆင့်ကမ်းပြီး အသက်ပေါင်းများစွာပေး၍ တိုက်ခိုက်တွန်းလှန်ခဲ့ကြရတဲ့ “ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲ၊ တိုက်ပွဲစဉ်ကြီး ” ပဲပေါ့နော်။ နှစ်ပေါင်း(၁၀၀)ကျော်။

၁၉၄၈၊ ဇန်နဝါရီလ(၄)ရက် လွတ်လပ်ရေးရပြီး ယနေ့အထိ ကာလကတော့ “ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းကြရတဲ့ အမျိုးသားကာကွယ်ရေးတိုက်ပွဲစဉ် ” ပေါ့ကွယ်။ နှစ်ပေါင်း(၅၀)ကျော် တူ

မောင်တို့ ဦးဦးတို့ရဲ့ အဘိုး၊ အဘွား၊ အဘ၊ အမေတို့က ကာကွယ်ခဲ့ကြတယ်။

ကောင်းပြီ။ သူ့ခေတ်နဲ့သူတာဝန်ယူခဲ့ကြပြီးပြီ။

ယနေ့(၂၁)ရာစုအစမှာတော့ ဒီလွတ်လပ်ရေးကို ဘယ်သူတွေက ဆက်လက်ကာကွယ်သယ်ဆောင်သွားကြရမှာလဲ။ ဘယ်လို ရန်စွယ်အန္တရာယ်တွေရှိနိုင်သလဲ။ အတိတ်သမိုင်းကို ဦးဦးက အမြွက်မျှဖော်ပြခဲ့ပြီ။ အနာဂတ်သမိုင်းစာမျက်နှာကို တူမောင်တို့ ကိုယ်တိုင်လှုပ်ရှားကပြပြီး ဆက်လက်(လက်တွေ့)ရေးသားကြရမှာ။

အေးချမ်းတဲ့ကာလမှာ စစ်အင်အား တောင့်တင်းအောင် ထူထောင် ဖြည့်တင်းအသင့်ပြင်ကြရတယ်။ စစ်မက်ထူပြောတဲ့ကာလမှာ အေးချမ်းရင်ဘာတွေထူထောင်မလဲဆိုတာ ကြိုတင်စီစဉ်ကြရတယ်။

ခုတော့ နိုင်ငံအဝှမ်းအေးချမ်းလုံခြုံပြီ။ ဘေးမသီရန်မခ၊ ငြိမ်းချမ်း သာယာပြီ။ သတိဝီရိယတော့ မပေါ့ဆနဲ့နော်။

ရန်စွယ်အသွယ်သွယ်ကို မပြတ်သောသတိနဲ့ အစဉ်ကြည့်နေကြရမှာပဲ။ ပြည်ပပြည်တွင်းအဖျက်သမားတွေ ရှိနေဆဲ။ လွတ်လပ်တဲ့တိုင်းပြည်ကို ကာကွယ်ဖို့ရာ ဒီနိုင်ငံသားတွေမှာ တာဝန်ရှိတယ် မဟုတ်လား ． ． ． ．။

ချစ်စွာသောဦးဦး
ချစ်နိုင်(စိတ်ပညာ)

မြက်ခင်းသစ်မဂ္ဂဇင်း
ဇူလိုင်၊ ၂၀၀၀ခုနှစ်

☸ ☸ ☸ ☸

# ချစ်နိုင်(စိတ်ပညာ) ရေးသားထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁။ ချစ်လို့ပြောတာမှတ်ပါ | မြဝတီစာပေတိုက် | ၁၉၉၆ |
| ၂။ လက်တစ်ကမ်းရှိတက်လမ်း | ပတ္တမြားငမောက်စာပေ | ၁၉၉၆ |
| ၃။ အောင်မြင်မှုနှင့်စိတ်ခွန်အား | မြဝတီစာပေတိုက် | ၁၉၉၆ |
| ၄။ လောကကိုအလှမြင်ပါ | မြဝတီစာပေတိုက် | ၁၉၉၇ |
| ၅။ ပညာသည် တန်ခိုးကို ဖန်ဆင်း၏ | ဝါမိုးအောင်စာပေ | ၁၉၉၇ |
| ၆။ မိမိကိုယ်ကိုတည်ဆောက်ခြင်း | စာပေလောက | ၁၉၉၇ |
| ၇။ လျှက်တစ်ပြက်အတွေးများ | မြဝတီစာပေတိုက် | ၁၉၉၇ |
| ၈။ သားအတွက် ဓါးတစ်လက် | အားမာန်သစ်စာပေ | ၁၉၉၈ |
| ၉။ ကံအဟုန်သတ္တိ | ယောစာပေ | ၁၉၉၈ |
| ၁၀။ လူ့သဘာဝတရား(၁၄)ပါး (အခြားဆရာများနှင့်) | ပန်းရွှေပြည်စာပေ | ၁၉၉၈ |
| ၁၁။ မသိစိတ်၏အစွမ်းသတ္တိ (အခြားဆရာများနှင့်) | ရာပြည့်စာပေ | ၁၉၉၈ |
| ၁၂။ ဘာဖြစ်ချင်သလဲ ဖြစ်ရမယ် | ရွှေအောင်လံစာပေ | ၁၉၉၈ |
| ၁၃။ အမေ့အတွက်လက်ဆောင် | ပါရမီစာပေ | ၁၉၉၉ |
| ၁၄။ သွေးကြောထဲမှ ခွန်အားများ | ပညာရွှေတောင်စာပေ | ၁၉၉၉ |
| ၁၅။ ပြိုင်သမျှ အနိုင်ရမှ | အားမာန်သစ်စာပေ | ၁၉၉၉ |
| ၁၆။ ရသအနုခံစားမှု | ရွှေတံတားစာပေ | ၁၉၉၉ |
| ၁၇။ ချစ်လို့ပြောတာမှတ်ပါ(၂) | ဖိုးဝစံစာပေ | ၁၉၉၉ |

| | | |
|---|---|---|
| ၁၈။ ထူထောင်ကြပါ တူမောင်တို့ရာ | ဂုဏ်ထူးစာပေ | ၂၀၀၀ |
| ၁၉။ စက္ကန့်တိုင်းကို စိန်စီထားတယ် | ပါရမီစာပေ | ၂၀၀၀ |
| ၂၀။ စေတနာသည် ကံဖြစ်၏ | အားမာန်သစ်စာပေ | ၂၀၀၀ |
| ၂၁။ အောင်မြင်လိုသလား ? | အပျိုမစာပေတိုက် | ၂၀၀၀ |
| ၂၂။ အောင်မြင်ခြင်းရွှေစည်းမျဉ်း | ပါရမီစာပေ | ၂၀၀၀ |
| ၂၃။ ခေါင်းဆောင်မှုအရည်အသွေးနှင့် စိတ်ပညာဆောင်းပါးများ | ပုံနှိပ်လုပ်ငန်း | ၂၀၀၀ |
| ၂၄။ ကျွန်တော်တို့အမေ (အခြားဆရာများနှင့်) | အားမာန်သစ်စာပေ | ၂၀၀၀ |
| ၂၅။ ကိုယ်ချင်းစာတရား (အခြားဆရာများနှင့်) | စကြာဝဠာမီဒီယာ | ၂၀၀၁ |
| ၂၆။ အနာဂတ်ကိုပိုင်စိုးသူများ | ပါရမီစာပေ | ၂၀၀၁ |
| ၂၇။ ၂၁ရာစုစစ်မျက်နှာ | ပြန်/ဆက်ဦးစီးဌာန | ၂၀၀၁ |
| ၂၈။ သိပ္ပံမောင်ဝရာပြည့်စာတမ်းများ (အခြားဆရာများနှင့်) | ရွှေစာပေတိုက် | ၂၀၀၁ |
| ၂၉။ ချစ်စွာသောတူမောင် | ပါရမီစာပေ | ၂၀၀၁ |
| ၃၀။ ချမ်းသာပျော်ရွှင်ရေးအတွက် မဟာဗျူဟာခုနှစ်ချက် | တူဒေးစာအုပ်တိုက် | ၂၀၀၁ |